# နာဂစ်မုန်တိုင်းလွန်ကာလ
# လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု
# နိဝင်ဘာလ ၂၀၀၈ ခုနှစ်







ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ကမ္ဘာ့ကုလသမဂ္ဂ တို့မှ ကိုယ်စားလှယ်များ
ပါဝင်သော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့က လူသားချင်းစာနာထောက်ထားရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့်
ရေးသားပြုစုထားသည့် အစီရင်ခံစာ

မေလ ၂၀၀၉ ခုနှစ်

# ဥယျောဇဉ်

၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသသို့ စတင်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ နှစ်ရက်ကြာကာလအတွင်း ဆိုင်ကလုန်းသည် မြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းတောင်ပိုင်းတို့ကို ဖြတ်ကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အသက်အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးပျက်စီးခဲ့သည်။ နာဂစ်ကပ်ဆိုးကြီးသည် စုစုပေါင်းလူဦးရေ ၇.၆ သန်းနေထိုင်ရာမြို့နယ်များကို ဝင်ရောက်တိုက်ခိုက်သွားခြင်းဖြစ်ပါသည်။ နာဂစ်မုန်တိုင်းဒဏ်ခံရသူအများစုမှာ မိမိတို့၏မိသားစုဝင်များ နေအိမ်များနှင့်အတူ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ ဆုံးရှုံးသွားခဲ့ကြပါသည်။

နာဂစ်အဖြစ်ဆိုးကြီးကို တုံ့ပြန်ရင်ဆိုင်ကြရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဘာသာရေးအစုအဖွဲ့များ၊ ပြည်တွင်းပြည်ပ အကူအညီပေးရေးအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ကြီးနှင့် အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ ဒေသခံနှင့်နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအလှူရှင်များအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြပါသည်။ ပူးပေါင်းဆောင်ရွက်ကြသည့် အသင်းအဖွဲ့အစည်းအားလုံးက ပေးအပ်သော ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအထောက်အပံ့များသည် မုန်တိုင်းဒဏ်ခံမြစ်ဝကျွန်းပေါ်ဒေသမှ ပြည်သူများ၏လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်စွမ်းပေးနိုင်ရေးကို ရည်ရွယ်လျက် စောင့်ကြည့်စစ်ဆေးရေးစနစ်တစ်ခုနှင့် တိကျသေချာသောရလဒ်များ ထုတ်ပြန်ပေးနိုင်သော လုပ်ငန်းစဉ်တစ်ရပ်ကို သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ကြီးမှ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် အတည်ပြုဆောင်ရွက်စေခဲ့ပါသည်။ အထက်ပါလုပ်ငန်း စဉ်ကို အပိုင်းသုံးရပ်ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ ရလဒ်စောင့်ကြည့်စစ်ဆေးခြင်း (Result monitoring) ထောက်ပံ့ရေးလမ်းကြောင်းခြေရာခံခြင်း (Aid tracking) နှင့် ဒေသအစုအဖွဲ့များကို စောင့်ကြည့်လေ့လာခြင်း (Community monitoring) တို့ဖြစ်သည်။ ဒေသအစုအဖွဲ့များကို စောင့်ကြည့်လေ့လာခြင်းအပိုင်းတွင် လုပ်ငန်းစဉ်နှစ်ရပ် ပါဝင်ပါသည်။ (၁) နာဂစ်လွန်ကာလ ပုံမှန်သုံးသပ် အစီရင်ခံစာပြုစုခြင်း (ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ မုန်တိုင်းဒဏ်ကို အဆိုးဝါးဆုံးခံစားခဲ့ရသော ဒေသရှိအိမ်ထောင်စုများနှင့် ဒေသအစုအဖွဲ့များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် တိုးတက်မှုအခြေအနေကို ကိန်းဂဏန်းအချက်အလက်များဖြင့် လေ့လာသုံးသပ်ရန် ဖြစ်ပါသည်။) (၂) နာဂစ်လွန်ကာလ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု အစီရင်ခံစာတို့ ဖြစ်ပါသည်။ လုပ်ငန်းစဉ် အပိုင်း ၂ သည် လုပ်ငန်းစဉ် အပိုင်း ၁ ကို ပိုမိုပြည့်စုံစေရန် ရည်ရွယ်၍ qualitative social monitoring နည်းလမ်းကို အသုံးပြုလေ့လာမည် ဖြစ်ပါသည်။

ယခုအစီရင်ခံစာသည် အထက်ပါလုပ်ငန်းစဉ် အပိုင်း ၂ ၏ ပထမအဆင့် အစီရင်ခံစာ ဖြစ်ပါသည်။ ယခုအစီရင်ခံစာ၏ရည်ရွယ်ချက်မှာ နာဂစ်ဖြစ်ပြီး ၆ လအကြာတွင် မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူများ၏လူမှုဘဝအခြေအနေအရပ်ရပ်ပေါ်တွင် နာဂစ်မုန်တိုင်း၏ရိုက်ခတ်မှုနှင့် အကူအညီ၊ အထောက်အပံ့များ၏သက်ရောက်မှုနှင့် ရလဒ်များကို လေ့လာအကဲခတ်ရန်ဖြစ်ပါသည်။

ဤအစီရင်ခံစာသည် (၁) အထောက်အပံ့များ၏ထိရောက်မှု (၂) နာဂစ်ကပ်ဆိုး၏ လူမှုစီးပွားဘဝအပေါ် အကျိုးသက်ရောက်မှုနှင့် (၃) ဒေသအတွင်းနှင့် ဒေသတစ်ခုနှင့်တစ်ခုအကြား လူအချင်းချင်းဆက်ဆံရေးအပေါ် အကျိုးသက်ရောက်မှုများကို အဓိကထားလေ့လာခဲ့ပါသည်။

သွားရောက်လေ့လာခဲ့သော ကျေးရွာများ၏ ၄၀ ရာခိုင်နှုန်းမှာ မုန်တိုင်းဖြစ်ပြီး နှစ်ပတ်အကြာတွင် အကူအညီအထောက်အပံ့များကို ခက်ခဲကြမ်းတမ်းသောရေမြေအနေအထားနှင့် အခြေအနေများကြားမှပင် ရရှိခဲ့ကြပါသည်။ လေ့လာခဲ့သောရွာများ၏ ၈၀ ရာခိုင်နှုန်းမှာ အထောက်အပံ့များကို တစ်လအကြာတွင် ရရှိခဲ့ကြပါသည်။ လေ့လာခဲ့သောကျေးရွာများအားလုံးသို့ နောက်ဆုံးတွင် အကူအညီအထောက်အပံ့များ ရောက်ရှိခဲ့ပြီး ဝေးလံသီခေါင်

၍ ခရီးလမ်းပန်းခက်ခဲပါသည်ဆိုသော ကျေးရွာများသို့ပင် အထောက်အပံ့များ အရောက်ပေးပို့နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့သည်။

အကူအညီအထောက်အပံ့များကို အထိရောက်ဆုံးနည်းလမ်းနှင့် လမ်းကြောင်းများဖြင့် အမြဲတစေ မပို့နိုင်လင့်ကစား၊ လူထု၏လိုအပ်ချက်အားလုံးကို အမြဲတစေ မဖြည့်စွမ်းနိုင်လင့်ကစား အကူအညီများသည် မုန်တိုင်းဒဏ်ခံလူထုအား ငတ်မွတ်မှုဘေးမှ လျော့ပါးသက်သာရာရ၍ အသက်ဘေးမှလွတ်မြောက်စေကြောင်း အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ ယနေ့ရင်ဆိုင်နေရသော စိန်ခေါ်မှုများမှာ မုန်တိုင်းပြီးခါစအချိန် စိန်ခေါ်မှုများနှင့် ကွာခြားခဲ့ပြီဖြစ်ပါသည်။ အစီရင်ခံစာတွင် လေ့လာတွေ့ရှိချက်များအရ မုန်တိုင်းဒဏ်ခံပြည်သူများမှာ ၎င်းတို့၏အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များကို ပြန်လည်စတင်နိုင်ရေးအတွက် အကူအညီများ လိုအပ်လျက်ရှိနေပါသည်။ ထို့ပြင် ဒေသခံများကိုယ်တိုင် မိမိတို့လိုအပ်ချက်ကို သိရှိဆုံးဖြတ်နိုင်မှသာလျှင် ရေရှည်အတွက် ပိုမိုထိရောက်သော အကူအညီ အထောက်အပံ့များ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ဤအစီရင်ခံစာအရ သိရှိနိုင်ပေသည်။

ဤသုတေသနအစီရင်ခံစာကို သုံးပွင့်ဆိုင်အဖွဲ့ကြီး၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် အာဆီယံအဖွဲ့ကြီး၊ ဒေသခံနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ ကမ္ဘာ့ဘဏ်နှင့် ဒေသခံများ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဒေသခံရပ်ရွာများ၏ တက်ကြွစွာပါဝင်ကူညီမှုတို့ဖြင့် ပြုစုခဲ့ခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာသည် နာဂစ်ဆိုက်ကလုန်းဒဏ်ခံစားရသူများ ပြန်လည်ထူထောင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ပါကြောင်း။

**သုံးပွင့်ဆိုင်အဖွဲ့ကြီး၏ ကိုယ်စား**

မစ္စတာ ဘန်ဆန် ဘန်နက် (Mr. Bansarn Bunnag)
မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့အတွက် အဆင့်မြင့်အာဆီယံအဖွဲ့ဝင်

ဦးကျော်သူ
ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဥက္ကဋ္ဌ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့

မစ္စတာ ဘီရှိုး ဘီ၊ ပရာဂျူလီ
(Mr. Bishow B. Parajuli)
ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်/
လူသားချင်းစာနာမှု အကူအညီဆိုင်ရာ
ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးမှူး
မြန်မာနိုင်ငံရှိ ကုလသမဂ္ဂရုံး
သုံးပွင့်ဆိုင်ဗဟိုအဖွဲ့အတွက်
ကုလသမဂ္ဂ၏ ကိုယ်စားလှယ်

# " ကျေးဇူးတင်ဂုဏ်ပြုလွှာ "

ဤ "နာဂစ်လွန်ကာလ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု အစီရင်ခံစာ" ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီကြသူများအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း သုံးပွင့်ဆိုင်အဖွဲ့ကြီးမှ ဖော်ပြလိုပါသည်။ အထူးသဖြင့် ဤအစီရင်ခံစာအတွက် ကွင်းဆင်းလေ့လာစဉ်က ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့သော၊ ဧည့်ဝတ်ကျေပွန်ခဲ့ကြသော၊ အချိန်ပေး၍ ပြန်လည်ဖြေကြားပေးခဲ့သော ရွာသားပေါင်း ၁၅၀၀ ကျော်ကို များစွာ ကျေးဇူးတင်ရှိပါသည်။ နာဂစ်ဆိုင်ကလုန်းဒဏ်မှ အသက်ရှင်လွတ်မြောက်ခဲ့သော မြစ်ဝကျွန်းပေါ်သားများသည် နာဂစ်လွန်ကာလ၌လည်း ၎င်းတို့၏အားမာန်နှင့် ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းတို့ကို သက်သေထူခဲ့ကြသည်။ ဤသုတေသန အစီရင်ခံစာသည် ထိုသူတို့အား ရည်ညွှန်းပါသည်။

# မာတိကာ


ဥယျောဇဉ် — က
ကျေးဇူးတင်ဂုဏ်ပြုလွှာ — ဂ
မာတိကာ — ဃ
သာဓကများ — ဃ
ပုံများ — င
ဇယားများ — င
မြေပုံ — စ
နောက်ဆက်တွဲစာရင်း — စ
အကျဉ်းချုပ် — ဆ

**အခန်း ၁။ နိဒါန်း** — ၁
၁။ ပဓာနပြုအကြောင်းအရာများ — ၁
၂။ သုတေသနပြုနည်းလမ်းများ — ၂
၃။ အစီရင်ခံစာဖွဲ့စည်းပုံ — ၃

**အခန်း ၂။ ထောက်ပံ့ကူညီရေးထိရောက်မှု** — ၄
၁။ ရရှိသောအထောက်အပံ့အပေါ် ထင်မြင်ယူဆချက်များ — ၄
၂။ လိုအပ်ချက်များ၊ အားနည်းချက်များနှင့် လစ်ဟင်းမှုများ — ၁၀
၃။ အထောက်အပံ့လျာထားမှုနှင့် ဖြန့်ဝေမှုပုံစံ — ၁၆
၄။ ထောက်ပံ့ရေးမျှတမှု — ၂၁
၅။ တိုင်ကြားမှုစနစ်များ — ၂၃

**အခန်း ၃။ လူမှုစီးပွားဘဝအပေါ် သက်ရောက်မှုများ** — ၂၅
၁။ လယ်သမားများကို ထိခိုက်စေမှု — ၂၅
၂။ ရေလုပ်ငန်းအပေါ်ထိခိုက်မှု — ၂၉
၃။ ကျပန်းသမားများအပေါ် အကျိုးသက်ရောက်မှုများ — ၃၁
၄။ ကြွေးမြီတင်ရှိမှု — ၃၃
၅။ ရွှေ့ပြောင်းအခြေချမှု — ၃၈

**အခန်း ၄။ လူမှုဘဝအပေါ်သက်ရောက်မှုများ** — ၄၀
၁။ လူမှုအင်အားစုများ၊ စုပေါင်းဆောင်ရွက်ခြင်းနှင့် ပဋိပက္ခများ — ၄၀
၂။ ကျေးရွာအချင်းချင်းဆက်ဆံရေး — ၄၈
၃။ ရွာသားများနှင့် ရွာလူကြီးများကြားဆက်ဆံရေး — ၄၉

**အခန်း ၅။ သုံးသပ်ချက်** — ၅၁
၁။ အထောက်အပံ့များ — ၅၁
၂။ အထောက်အပံ့ပေးပုံပေးနည်းများ — ၅၄


## သာဓကများ


သာဓက ၁။ အသုံးမတည့်သော အထောက်အပံ့များ — ၆
သာဓက ၂။ နာဂစ်ကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ရခြင်း — ၁၁
သာဓက ၃။ ကျောင်းစရိတ် မတတ်နိုင်တော့ခြင်း — ၁၄

| | | | |
|---|---|---|---|
| သာဓက | ၄။ | ရောဂါကြောင့်အကူအညီအထောက်အပံ့ ထိရောက်မှုမရှိပုံ | ၁၆ |
| သာဓက | ၅။ | အထောက်အပံ့လက်ခံရမည့်သူကို ခွဲခြင်းသတ်မှတ်ပုံ | ၁၇ |
| သာဓက | ၆။ | ရပ်ရွာအလိုက်အထောက်အပံ့ ပြန်လည်ဝေငှပုံ | ၂၂ |
| သာဓက | ၇။ | ရေရာခိုင်လုံသောသတင်းရရှိရန်လိုအပ်ပုံ | ၂၂ |
| သာဓက | ၈။ | ထောက်ပံ့ရေးနှင့်ပတ်သက်၍ တိုင်ကြားအသိပေးခြင်း | ၂၃ |
| သာဓက | ၉။ | ရေလုပ်ငန်းပြန်လည်ထူထောင်ရာတွင် ကြုံတွေ့ရသောအခက်အခဲများ | ၃၀ |
| သာဓက | ၁၀။ | ငွေအရင်းအနှီးမဲ့သော မုဆိုးမတစ်ဦး ပြန်လည်ထူထောင်နိုင်ရန်ခက်ခဲပုံ | ၃၁ |
| သာဓက | ၁၁။ | လိုအပ်ချက်များမပြည့်စုံနိုင်သောအခါ | ၃၆ |
| သာဓက | ၁၂။ | ကြွေးနွံနစ်သူ | ၃၇ |
| သာဓက | ၁၃။ | ဘိုကလေးမြို့နယ်ရှိရွာတစ်ရွာမှ ရန်ကုန်သို့အလုပ်ရှာရန် ရွှေ့ပြောင်းသူအမျိုးသမီးများ | ၃၈ |
| သာဓက | ၁၄။ | ဌာနေပြန်မရောက်သေးသော ရေမျောကမ်းတင်များ | ၃၉ |
| သာဓက | ၁၅။ | ဒေသတွင်းရွှေ့ပြောင်းနေထိုင်ခြင်း | ၃၉ |
| သာဓက | ၁၆။ | အထောက်အပံ့များကိုမျှဝေသုံးစွဲကြပုံ | ၄၁ |
| သာဓက | ၁၇။ | မညီမျှသောအထောက်အပံ့များကြောင့်ညီညွတ်မှုပျက်ခြင်း | ၄၂ |
| သာဓက | ၁၈။ | လူသေခဲ့သည့်မြေပိုင်ဆိုင်မှုအငြင်းအခုံ | ၄၂ |
| သာဓက | ၁၉။ | မိသားစုဝင်များဆုံးရှုံးမှုကြောင့် အိမ်ထောင်တာဝန်များပြောင်းလဲလာခြင်း | ၄၄ |
| သာဓက | ၂၀။ | လိုင်အကြမ်းဖက်မှုများနှင့် အိမ်ထောင်စုပုံစံအပြောင်းအလဲများ | ၄၅ |
| သာဓက | ၂၁။ | ရပ်ခံရဟန်းတစ်ပါး၏ ရပ်ကျိုးရွာကျိုးသယ်ပိုးပုံ | ၄၇ |
| သာဓက | ၂၂။ | အနီးအနားရွာအားကူညီခြင်း | ၄၈ |
| သာဓက | ၂၃။ | ဘုံအရင်းအမြစ်များကိုမျှဝေသုံးစွဲကြခြင်း | ၄၉ |


## ပုံများ


| | | | |
|---|---|---|---|
| ပုံ (၁)။ | ။ | ကျေးရွာများအထောက်အပံ့မည်မျှရရှိကြသနည်း။ | ၅ |
| ပုံ (၂)။ | ။ | ကျေးရွာများရရှိလျက်ရှိသော အထောက်အပံ့အမျိုးအစားများ | ၅ |
| ပုံ (၃)။ | ။ | ထောက်ပံ့ရေးမြန်ဆန်နှုန်း | ၇ |
| ပုံ (၄)။ | ။ | ကျေးရွာဝေခြမ်းရေးနှင့် စီမံခန့်ခွဲရေးတွင် ပါဝင်ဆောင်ရွက်သူများ | ၁၈ |
| ပုံ (၅)။ | ။ | အမျိုးသားနှင့် အမျိုးသမီးများအကြားဆက်ဆံရေး | ၄၃ |
| ပုံ (၆)။ | ။ | လူကြီးနှင့်လူငယ်ဆက်ဆံရေး | ၄၆ |


## ဇယားများ


| | | | |
|---|---|---|---|
| ဇယား – | ၁။ | ထိခိုက်ပျက်စီးမှုအတိုင်းအတာအလိုက် ထောက်ပံ့ရေးရရှိမှုပမာဏ | ၇ |
| ဇယား – | ၂။ | ဝေးလံခေါင်သီမှုအတိုင်းအတာအလိုက် ထောက်ပံ့ရေးရရှိမှုပမာဏ | ၈ |
| ဇယား – | ၃။ | အဓိကအသက်မွေးမှုလုပ်ငန်းအလိုက် ပြန်လည်ထူထောင်နိုင်မှုအမြန်နှုန်း | ၉ |
| ဇယား – | ၄။ | ထိခိုက်ပျက်စီးမှုအတိုင်းအတာအလိုက် ပြန်လည်ထူထောင်နိုင်မှုအမြန်နှုန်း | ၉ |
| ဇယား – | ၅။ | ပြန်လည်ထူထောင်နိုင်မှုအပေါ် ထောက်ပံ့ရေး၏အကျိုးသက်ရောက်မှု | ၉ |
| ဇယား – | ၆။ | အထောက်အပံ့ဝေငှမှုပုံစံအမျိုးမျိုး | ၂၀ |
| ဇယား – | ၇။ | အဓိကအသက်မွေးမှုလုပ်ငန်းအလိုက် ပျက်စီးဆုံးရှုံးမှုအခြေအနေ | ၂၅ |
| ဇယား – | ၈။ | စပါးအထွက်နှုန်းကျဆင်းမှု | ၂၇ |
| ဇယား – | ၉။ | ငါးဖမ်းကိရိယာများပေးဝေမှု | ၃၀ |
| ဇယား – | ၁၀။ | အဓိကကြွေးမြီပြဿနာများ | ၃၄ |

ဇယား – ၁၁။ ကျေးရွာအလိုက်ကူမျိုးဘာသာတွေ့ရှိရမှု ၄၆
ဇယား – ၁၂။ မုန်တိုင်းသင့်ဒေသရှိ ရွာလူထုနှင့်ရွာလူကြီးများအကြားဆက်ဆံရေး ၅၀

## မြေပုံ

မြေပုံ (က–၁)။ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုအတွင်း လေ့လာခဲ့သော ကျေးရွာများ၏တည်နေရာပြမြေပုံ ၆၃

## နောက်ဆက်တွဲစာရင်း

**နောက်ဆက်တွဲ (က) လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု၏သုတေသနပြုနည်းနာများ** ၅၆

၁။ လက်တွေ့ကွင်းဆင်းသုတေသနပြုခြင်း ၅၆
၂။ ကိုယ်စားပြုကျေးရွာသတ်မှတ်ရွေးချယ်ခြင်း ၅၇
၃။ သုတေသနပြုမေးခွန်းများနှင့် အကြောင်းအရာအပေါ် ခြုံငုံသုံးသပ်ချက် ၅၉
၄။ ပါဝင်ဖြေကြားသတင်းအချက်အလက်ပေးသူများ ၆၀
၅။ သုတေသနပြုရာတွင် အသုံးပြုသောအထောက်အကူပစ္စည်းများ ၆၀

**နောက်ဆက်တွဲ (ခ) အချက်အလက်ဇယားများ** ၆၂

ဇယား (က–၁)။ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုတွင် ပါဝင်ခဲ့သည့်ကျေးရွာများ ၆၂
ဇယား (ခ–၁)။ အသက်မွေးမှုလုပ်ငန်းများ အမျိုးမျိုးရောနှောတည်ရှိမှုပုံစံနှင့် ဘာသာရေးနှင့် လူမျိုးစုများ ကွဲပြားမှုပုံစံ ၆၄
ဇယား (ခ–၂)။ ဆိုင်ကလုန်းကြောင့် ထိခိုက်ဆုံးရှုံးမှုနှင့် အထောက်ပံ့ပေးမှုပုံစံများ ၆၇
ဇယား (ခ–၃)။ ရရှိသောထောက်ပံ့ရေးပစ္စည်းအမျိုးအစားများ ၇၀

## အကျဉ်းချုပ်

သဘာဝဘေးအန္တရာယ်တို့မည်သည် ရိုက်ခတ်ခံရသောနေရာဒေသများရှိ လူမှုဘဝအပေါ်တွင် ထိပါး သက်ရောက်မှုများရှိမြဲဖြစ်သည်။ ထိုသက်ရောက်မှုများကို ကောင်းစွာနားလည်သဘောပေါက်မှသာလျှင် ကပ်ဘေး လွန်ကာလ အထောက်အပံ့များကို ထိရောက်စွာပေးအပ်နိုင်မည်ဖြစ်သည်။ နာဂစ်လွန်ကာလ လူမှုဘဝအကျိုးဆက် များလေ့လာဆန်းစစ်မှုသည် မြန်မာနိုင်ငံကို နာဂစ်ရိုက်ခတ်ပြီး (၆) လအကြာကာလတွင် ကျေးရွာလူမှုဘဝ၏ အဓိကကျောရိုးများ မည်သို့ပြောင်းလဲသွားနိုင်ဖွယ်ရှိသည် (သို့မဟုတ်) ရှိမြဲအတိုင်းရှိနေသည်ကို လေ့လာဆန်းစစ် ထားခြင်း ဖြစ်ပါသည်။ ဤလေ့လာဆန်းစစ်မှုသည် နာဂစ်လွန်ကာလ ပူးပေါင်းဆန်းစစ်မှု (Post-Nargis Joint Assessment-PONJA) က ချမှတ်ထားသော မူဘောင်သုံးချက်ပေါ်တွင် အခြေတည်၍ အောက်ပါ အကြောင်းအရာများကို လေ့လာရန် ရည်ရွယ်ပါသည်။

**ပထမ**

နာဂစ်ဒဏ်ခံရွာသားများကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို လေ့လာ မှတ်တမ်းပြုရန်ဖြစ်ပါသည်။ ထိုသို့ဆိုရာတွင် မည်သည့်ကူညီထောက်ပံ့မှုများကို ရွာသားများ မည်မျှရရှိသည်၊ လိုအပ်ချက်နှင့်ကွာဟမှုများ၊ ထောက်ပံ့လျာထားပုံနှင့် ဖြန့်ဝေမှုများစသည်တို့ကို လေ့လာရန်ရည်ရွယ်ပါသည်။

**ဒုတိယ**

လူမှုစီးပွားဘဝအပေါ်တွင် နာဂစ်၏သက်ရောက်မှုများကို လေ့လာရန်ရည်ရွယ်ပါသည်။ ဤသို့ဆိုရာတွင် လယ်သမားများ၊ တံငါသည်များနှင့် ကျပန်းသမားများအပေါ်သက်ရောက်မှုများ ရှိသည်ကိုလည်းကောင်း၊ ထိုသူများ မည်သို့ ပြန်လည်ထူထောင်နေကြသည်ကိုလည်းကောင်း၊ ကြွေးမြီနှင့်ပြောင်းရွှေ့အခြေချမှုပြဿနာများကို လည်းကောင်း လေ့လာရန် ဖြစ်သည်။

**တတိယ**

လူမှုဆက်ဆံရေးနှင့် သဟဇာတရှိမှုအပေါ် အကျိုးသက်ရောက်မှုများကိုလေ့လာရန် ရည်ရွယ်ပါသည်။ ဆိုလိုသည်မှာ ရွာလူကြီးများနှင့် ရွာသားများ၊ ကျေးရွာအတွင်းနှင့် ကျေးရွာအချင်းချင်းဆက်ဆံရေးနှင့် သဟဇာတရှိမှု အခြေအနေကို လေ့လာဆန်းစစ်ရန်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်ရှိ ကျေးရွာပေါင်း ၄၀ ကျော်တွင်နေထိုင်သော လူဦးရေ ၁၅၀၀ ကျော်နှင့် တွေ့ဆုံ၍ အသေးစိတ် qualitative အင်တာဗျူးများ၊ အုပ်စုလိုက်ဆွေးနွေးပွဲများ ပြုလုပ် လေ့လာခဲ့ပါသည်။ ဤသုတေသနပြု အစီရင်ခံစာအတွက် လေ့လာခဲ့သောကျေးရွာများကို မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာများ၏ကိုယ်စားပြုကျေးရွာများအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့လေ့လာရေးကျေးရွာများ ရွေးချယ်ခဲ့ ရာတွင် မြို့နယ်အလိုက် ပျက်စီးဆုံးရှုံးမှု အတိုင်းအတာပေါ်တွင် အခြေခံ၍ရွေးချယ်ခဲ့ရာ မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံး ထိခိုက်ခံစားရသော မြို့နယ်များမှကျေးရွာများ ပိုမိုပါဝင်စေရန် ရွေးချယ်ခဲ့ပါသည်။ ကိုယ်စားပြုကျေးရွာများ အမျိုးမျိုးအပြားပြား ပြည့်စုံပါစေရန်အတွက် ကျေးရွာများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း၊ အချက်အချာ ကျမြို့ပြနှင့်အလှမ်းကွာဝေးမှု၊ ဆိုင်ကလုန်းကြောင့် ထိခိုက်မှုအတိုင်းအတာ စသည်တို့ကို အခြေခံ၍ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ကိုယ်စားပြုကျေးရွာများ၏ တစ်ဝက်ခန့်မှာ ပုံမှန်သုံးသပ်အစီရင်ခံစာ (၁) ရွေးချယ်ကျေးရွာများနှင့် အတူတူဖြစ်အောင်ရွေးချယ်ထားပါသည်။ ဤနည်းဖြင့် နှိုင်းယှဉ်သုံးသပ်မှုများပြုနိုင်ခြင်း၊ ယခုရရှိထားသော အချက်အလက်များကို အတည်ပြုနိုင်ခြင်းတို့အပြင် ကိုယ်စားပြုကျေးရွာများ၏အကွာအဝေးကို ယေဘုယျအားဖြင့် နေရာအနှံ့ပါဝင်စေရန် ရွေးချယ်နိုင်ခဲ့သည်။ (ပူးတွဲ စာမျက်နှာရှိ မြေပုံ-၁ တွင်ရှုပါရန်။)

လူမှုဘဝအပေါ် နာဂစ်ဆိုင်ကလုန်း၏အကျိုးသက်ရောက်မှုများမှာ အချိန်နှင့်အမျှ ပြောင်းလဲနိုင်ပါသည်။ သို့ဖြစ်ပါ၍ နာဂစ်၏သက်ရောက်မှုများအနက် မည်သည့်သက်ရောက်မှုများ ဆက်လက်တည်ရှိနေသည်ကို လေ့လာနိုင်ရန်နှင့် အသစ်ပေါ်ပေါက်လာသည့် အခြေအနေများ ဖေါ်ထုတ်မှတ်တမ်းတင်နိုင်စေရန် ယခုကဲ့သို့ လေ့လာဆန်းစစ်မှုကို နာဂစ်ဖြစ်ပြီး တစ်နှစ်အကြာတွင် ထပ်မံဆောင်ရွက်ဦးမည်ဖြစ်သည်။

## အထောက်အပံ့များ၏ထိရောက်မှု

အလှမ်းဝေး၍ ဆက်သွယ်မှုခက်ခဲလှပါသည်ဟုဆိုသောကျေးရွာများပင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအထောက်အပံ့များကို ရရှိခဲ့ကြပါသည်။ လေ့လာရေးတွင် ထည့်သွင်းထားသည့် မုန်တိုင်းဒဏ်ခံကိုယ်စားပြုကျေးရွာများအားလုံး ကူညီထောက်ပံ့မှုများရရှိခဲ့သည်။ လေ့လာခဲ့သောကျေးရွာများ၏ ၄၀ ရာခိုင်နှုန်းမှာ ထောက်ပံ့မှုများကို (၂) ပတ်အတွင်းရရှိခဲ့ပြီး၊ ၈၀ ရာခိုင်နှုန်းမှာ တစ်လအတွင်းရရှိခဲ့ပါသည်။ အလှူရှင်အမျိုးမျိုးထံမှ ထောက်ပံ့ကူညီမှုအဖုံဖုံ ရရှိခဲ့သည်။ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကအလှူရှင်တစ်ဦးချင်းစီနှင့် အစုအဖွဲ့များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ဒေသခံနှင့်နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ အာဆီယံအဖွဲ့ကြီးနှင့်အဖွဲ့ဝင်နိုင်ငံများနှင့် အခြားအလှူရှင်နိုင်ငံစသည်ဖြင့် အလှူရှင်အမျိုးမျိုးထံမှ ထောက်ပံ့မှုများရရှိခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်အနှံ့ထောက်ပံ့ရေး ဆောင်ရွက်ချက်များနှင့် အောင်မြင်မှုများအကြောင်း အသေးစိတ်အချက်အလက်များကို သုံးပွင့်ဆိုင်အဖွဲ့ကြီးမှထုတ်ပြန်သော နာဂစ်လွန်ကာလ အချိန်မှန်လေ့လာဆန်းစစ်မှုအစီရင်ခံစာ (Post Nargis Period Review 1) နှင့် နာဂစ်လွန်ကာလပြန်လည်ထူထောင်ရေးနှင့် အသင့်ရှိရေးစီမံချက်စာတမ်း (Post Nargis Recovery and Preparedness Plan) တို့တွင် အသေးစိတ်လေ့လာနိုင်ပါသည်။

ကျေးရွာအတွင်းနှင့် ကျေးရွာအချင်းချင်းကြားတွင် အထောက်အပံ့ရရှိမှုပမာဏမှာ အမျိုးမျိုးကွဲပြားမှုများရှိနေပါသည်။ ထိခိုက်ပျက်စီးဆုံးရှုံးမှုအတိုင်းအတာနှင့် ထောက်ပံ့ရေးရရှိမှုပမာဏမှာ ကျယ်ပြန့်စွာ ဆက်စပ်မှုရှိနေသည်ကို တွေ့ရှိရသော်လည်း အချက်အချာမြို့မှ အလှမ်းကွာဝေးမှုအခြေအနေနှင့် ထောက်ပံ့ရေးရရှိမှုပမာဏတို့ပြောင်းပြန်ဆက်စပ်မှု ရှိနေကြောင်းတွေ့ရသည်။ မုန်တိုင်းဒဏ်ကြီးမားစွာမခံခဲ့ရသော်လည်း မြို့နှင့်နီးသည့် ကျေးရွာအတော်များများတွင် ထောက်ပံ့ကူညီမှုများစွာ ရရှိခဲ့ကြောင်းတွေ့ရသည်။

အများဆုံးရလေ့ရှိသော ထောက်ပံ့ရေးပစ္စည်းအမျိုးအစားများမှာ အစားအစာ၊ အိမ်ထောင်သုံးပစ္စည်းများ၊ အမိုးအကာနှင့် လယ်ယာသုံးပစ္စည်းများဖြစ်ကာ လေ့လာခဲ့သောကျေးရွာအများစုမှာ အထက်ပါပစ္စည်းများရရှိကြောင်းတွေ့ရှိရသည်။ ကျန်းမာရေးထောက်ပံ့မှုနှင့် ငါးဖမ်းပစ္စည်းများကို ရရှိသောကျေးရွာ နည်းပါးပါသည်။ ရရှိသောထောက်ပံ့ရေးပမာဏနှင့် ပြန်လည်ထူထောင်နိုင်မှုနှုန်း ဆက်စပ်မှုရှိကြောင်းတွေ့ရှိရသဖြင့် ထောက်ပံ့မှုမှာ ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူဖြစ်ခဲ့သည်ဟု ယူဆရပါသည်။ သို့သော် ပြန်လည်ထူထောင်နိုင်မှု အခြေအနေသည် ပျက်စီးဆုံးရှုံးမှုအတိုင်းအတာပေါ် ပိုမိုမူတည်သည်ကို တွေ့ရှိရသည်။ ဆိုးဆိုးရွားရွားထိခိုက်ခဲ့သော ကျေးရွာများနှင့် အတန်အသင့်ဆိုးရွားစွာ ထိခိုက်ခဲ့သောကျေးရွာအများစုမှာ အခြားရွာများနှင့် နှိုင်းစာလျင် အထောက်အပံ့များစွာ ရရှိခဲ့သည့်တိုင်အောင် ပြန်လည်ထူထောင်ရေးတွင် မြန်ဆန်မှုမရှိကြောင်းတွေ့ရသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ယခုလက်ရှိထောက်ပံ့ရေးပမာဏနှင့် ထိရောက်မှုပမာဏမှာ လိုအပ်ချက်များရှိနေသေးကြောင်း ကောက်ချက်ချနိုင်ပါသည်။ ကျေးရွာများ၏အမြင်အရ ထောက်ပံ့မှုများတစထက်တစ ပိုမိုနည်းပါးလာကြောင်းတွေ့ရသည်။ လိုအပ်ချက်များမှာတော့ လျော့ပါးသွားခြင်းမရှိသေးပါ။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အပံ့များမှာ နည်းပညာလိုအပ်ချက်များ ရှိသော်လည်း အရေးပါကြောင်းတွေ့ရသည်။ ရွာသားများ၏အဆိုအရ အထောက်အပံ့ ဖြစ်စေခဲ့သော အသက်မွေးမှုလုပ်ငန်းအတွက် အထောက်အပံ့ရရှိခဲ့ခြင်းအတွက် ရွာသားများမှာ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ဖေါ်ပြကြပါသည်။ သို့သော် ဒေသလယ်မြေနှင့် မဆီလျော်သောမျိုးစေ့များနှင့် ဒေသလယ်မြေနှင့် အလုပ်မဖြစ်သောထွန်ဘီးများဆင်ထားသည့် လယ်ထွန်စက်များစသည်ဖြင့် ရရှိသောလယ်ယာသုံးပစ္စည်းများ၏ အသုံးမတည့်မှု ပြဿနာများကို တင်ပြမှုများ

လည်းရှိနေပါသည်။ လှေ၊ ပိုက် အစရှိသော ငါးဖမ်းကိရိယာထောက်ပံ့မှုမှာလည်း လိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်ရန် များစွာလိုအပ်လျက်ရှိနေသေးကြောင်း တွေ့ရှိပါသည်။ ကျပန်းလုပ်သားများရရှိသော အသက်မွေးမှုလုပ်ငန်း အထောက်အပံ့သည် အခြားအသက်မွေးမှု အထောက်အပံ့များနှင့်နှိုင်းစာလျှင် နည်းပါးလျက်ရှိနေပါသည်။ လေ့လာခဲ့သော ရွာတစ်ဝက်ကျော်တွင် နေထိုင်သူဦးရေ၏ တစ်ဝက်ကျော်မှာ ကျပန်းလုပ်သားများ ဖြစ်ကြသည်။ မိသားစုများမှာ မိမိတို့လိုအပ်ချက်များကို ဦးစားပေးရွေးချယ်နိုင်မှုကို ငွေသားကများစွာအထောက်အပံ့ဖြစ်သည့်အတွက် ငွေသားထောက်ပံ့မှုမှာ အထိရောက်ဆုံး ကူညီပံ့ပိုးမှုဖြစ်ကြောင်း သုတေသနပြုခဲ့သော ကျေးရွာတဝက်ခန့်တွင် တွေ့ရှိရသည်။

အချိန်နှင့်အမျှ လိုအပ်ချက်များပြောင်းလဲနေသည်။ ရွာသားများ၏အဆိုအရ ယနေ့အဓိကလိုအပ်ချက်မှာ အသက်မွေးမှုလုပ်ငန်း ပြန်လည်စတင်နိုင်ရေးနှင့် အစားအစာဖူလုံမှု ရရှိရေးပင်ဖြစ်သည်။ လိုအပ်ချက်ရှိနေသူများအား ငွေသားအထောက်အပံ့ပေးခြင်းမှာ စားရေရိက္ခာ မဖူလုံနိုင်မှုကို အထိရောက်ဆုံးလျှော့ချပေးနိုင်သည့်နည်းလမ်းဖြစ်သလို လယ်သမားများအား တိုးချဲ့စိုက်ပျိုးရန် တွန်းအားတစ်ရပ်ဖြစ်စေကြောင်း အရေးပေါ်ကယ်ဆယ်ရေးကာလ အတွေ့အကြုံများအရ သိရှိနိုင်သည်။

နာဂစ်လွန်ကာလ ကယ်ဆယ်ရေးအကူအညီများပေးရာတွင် အခြားသဘာဝဘေးဒဏ်ခံနေရာများ ကဲ့သို့ပင် အလှူရှင်များအဖွဲ့အစည်းများက ထောက်ပံ့ရေးလျာထားမှုနှင့် ဖြန့်ဝေမှုစနစ်အမျိုးမျိုး အသုံးပြုခဲ့ကြသည်။ ထိုစနစ်များမှာ ကျေးရွာအချင်းချင်းနှင့် ကျေးရွာတွင်းပင်လျှင် ကွဲပြားလျက်ရှိကြသည်။ ဤအခြေအနေကြောင့် ကျေးရွာအတွင်းရှုပ်ထွေးမှုများနှင့် ရွာသားများအမြင်တွင်မမျှတမှုများ ဖြစ်ပေါ်စေပြီး ဒေသအဆင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို အားနည်းစေခဲ့သည်။ မည်သူ့ကို မည်သည့်ထောက်ပံ့မှုပေးမည်ဆိုသည့်အချက်ကို လက်ခံရရှိသူများက ဆုံးဖြတ်ခြင်းမဟုတ်ဘဲ ပေးဝေသူများကသာ ဆုံးဖြတ်လေ့ရှိကြောင်း တွေ့ရသည်။

လေ့လာခဲ့သော ကျေးရွာအားလုံးနီးနီးတွင် ရွာသားအများအပြားသည် မုန်တိုင်းဘေးကို ကြောက်ရွံ့ကြသော်လည်း နောင်လာမည့် သဘာဝဘေးဒဏ်များမှ မည်သို့ကာကွယ်ရမည်ကို ဦးစားပေးစဉ်းစားမထားကြပါ။ ဒေသခံများသည် မိမိတို့၏လတ်တလောအသက်ရှင်ရပ်တည်မှုနှင့် ပြန်လည်ထူထောင်ရေးကိုသာ အာရုံထားလျက်ရှိကြပြီး မိမိတို့ရွာများကို ရာသီဥတုဆိုင်ရာ သဘာဝဘေးအန္တရာယ်မှ လျှော့ချရန် စီစဉ်ဆောင်ရွက်မှုများ မရှိသေးကြောင်း တွေ့ရှိရသည်။ ထောက်ပံ့မှုနှင့်ပတ်သက်၍ မကျေနပ်ချက်များရှိလာပါက မည်သူထံဆက်သွယ်တိုင်ကြားရမည်ကို မည်သည့်လေ့လာခဲ့သောကျေးရွာမှ သိရှိခြင်းမရှိပါ။

## လူမှုစီးပွားဆိုင်ရာသက်ရောက်မှုများ (Socioeconomic Impact)

လယ်ယာထွက်ကုန်ထုတ်လုပ်မှုနှင့် သီးနှံအထွက်နှုန်းမှာ ခန့်မှန်းထားသည့်အတိုင်း သိသိသာသာ ကျဆင်းသွားကြောင်း ဤလေ့လာဆန်းစစ်မှုအရသိရှိရသည်။ အချက်အလက်များအရ ရရှိနိုင်သည့်ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းတွင် စပါးထုတ်လုပ်မှုကျဆင်းဖွယ်ရာရှိပြီး လယ်သမားအများစုမှာ ၁၃–၄၀ ရာခိုင်နှုန်းအထိ စပါးအထွက်နှုန်းကျဆင်းမှုနှင့် ရင်ဆိုင်နေရသည်။ ဤသို့ဖြစ်ရခြင်းအကြောင်းများမှာ လယ်မြေများအတွင်းသို့ ရေငန်ဝင်ရောက်ခြင်းနှင့် လယ်ယာသွင်းအားစုများဖြစ်သောကျွဲ၊ နွား၊ ထွန်စက်၊ မျိုးစပါးနှင့် ချေးငွေစသည်တို့ ပျောက်ဆုံးပျက်စီးရခြင်းကြောင့်ဖြစ်သည်။ အထွက်နှုန်းကျဆင်းခြင်းက လယ်သမားများကို ကြွေးဝန်ပိစေခဲ့သည်။ ထိုသူများမှာ ယခင်ကြွေးဟောင်းများကိုပင် ပေးဆပ်ရန်ကျန်ရှိနေပြီး မိမိတို့တစ်ဝမ်းတစ်ခါးအတွက်ပင် ချေးငှားစားသောက် နေရခြင်းပင်ဖြစ်သည်။

ရေလုပ်ငန်းများမှာလည်း ဆိုးရွားစွာထိခိုက်လျက်ရှိသည်။ ငါးဖမ်းလုပ်သားများမှာ ပြန်လည်ထူထောင်ရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည်။ ငါးဖမ်းဆီးမှုမှ ထုတ်လုပ်ရောင်းချမှုအထိ ရေလုပ်ငန်းတစ်ခုလုံးအဆင့်တိုင်းတွင် ထိခိုက်နေခြင်းဖြစ်သည်။ ငါးဖမ်းလှေနှင့်ငါးဖမ်းပိုက်မရှိခြင်း ငါးဖမ်းဆီးရရှိမှုလျော့နည်းခြင်း စသည်တို့ကြောင့် ရေလုပ်သားများလည်း မိမိတို့အကြွေးကို ပြန်မဆပ်နိုင်ပါ။ ကြွေးဟောင်းမဆပ်နိုင်ခြင်းကြောင့် ကြွေးသစ်လည်း မရနိုင်ချေ။ ဤကဲ့သို့လုပ်ငန်းကျဆင်းမှုကြောင့် ရေလုပ်ငန်းတစ်ခုလုံးကို မှီခို၍လုပ်ကိုင်စားသောက်နေကြသော နေ့စား၊ ကျပန်းသမားများ၏ စီးပွားရေးကို တစ်နွယ်ငင်တစ်စင်ပါ ထိခိုက်မှုများ ရှိလာပါသည်။

နာဂစ်ဆိုင်ကလုန်းသည် မြေယာမဲ့ကျပန်းသမားများ၏ ဝင်ငွေရရှိနိုင်မည့် အလုပ်အကိုင် အခွင့်အလမ်းများကို များစွာလျော့ပါးစေခဲ့သည်။ မြေယာမဲ့ကျပန်းသမားများကို ငှားရမ်းလုပ်ကိုင်လေ့ရှိကြသော လယ်သမားကြီးများနှင့် ရေလုပ်ငန်းရှင်ကြီးများက ယခုအချိန်တွင် ယင်းတို့ကို ငှားရမ်းသုံးစွဲနိုင်ခြင်းမရှိသောကြောင့် ကျပန်းသမားတို့မှာ အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ ကျပန်းသမားများကိုပေးသော အကူအညီထောက်ပံ့မှုများမှာ အခြားအသက်မွေးမှုလုပ်ငန်းများနှင့်စာလျှင် နည်းပါးကြောင်းတွေ့ရသည်။ ထို့ကြောင့်အများစုမှာ တစ်နေ့တစ်နေ့ အလျဉ်မီအောင်ပင် မနည်းရုန်းကန်နေရပါသည်။

လေ့လာခဲ့သော ဆိုင်ကလုန်းဒဏ်ခံကျေးရွာများအားလုံး ထပ်တလဲလဲကြုံတွေ့နေရသော ပြဿနာမှာ မြင့်တက်လာနေသော ကြွေးမြီဝန်ထုပ်ဝန်ပိုးပင်ဖြစ်သည်။ ဆိုင်ကလုန်းမတိုင်မီကပင် အကြွေးထူထပ်စွာ တင်ရှိနေခဲ့ကြသော်လည်း ရွာသားများကိုင်တွယ်ဖြေရှင်းနိုင်ကြသည်ဟု ဆိုသည်။ သို့သော် နာဂစ်နောက်ပိုင်းတွင် ရွာသားများ မိမိတို့အကြွေးကို အလျဉ်မီအောင် ပေးဆပ်နိုင်ခြင်းမရှိတော့ချေ။ ထိုအချက်သည် လူနေမှုဘဝအတွက် ထိတ်လန့်တုန်လှုပ်ဖွယ်ပင် ဖြစ်သည်။ လေ့လာခဲ့သောကျေးရွာတိုင်းရှိ ရွာသားများမှာ ကြွေးပူမိလျက်ရှိကြပြီး နောင်လာမည့်နှစ်စားဝတ်နေရေးအတွက် ပူပန်နေကြသည်။ စီးပွားရေးလုပ်ငန်းငယ်အများအပြား ထိခိုက်မှုများ ရှိနေသည်။ ဆန်စက်များနှင့်ငါးပိ၊ ငံပြာရည်လုပ်ငန်းတချို့မှာ ဆိုးဆိုးရွားရွားထိခိုက်လျက်ရှိပြီး အချို့မှာ မုန်တိုင်းကြောင့် လုံးဝပျက်စီးခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းငယ်လေးများထံမှ ချေးယူထားသော ချေးငွေများကို လယ်သမားများနှင့် ရေလုပ်ငန်းသမားများကလည်း ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသောကိစ္စရပ်များလည်း များစွာရှိနေပါသည်။

နာဂစ်မတိုင်မီ ကာလတစ်လျှောက်လုံး ကျင့်သုံးခဲ့သော စပါးပေါ်ပေးချေးငွေစနစ်မှာ ပျက်သုန်းသွားခဲ့ပြီဖြစ်သည်။ အလျင်အမြန်မြင့်တက်လာနေသော အတိုးနှင့်အရင်းပေါင်းများကြောင့် ယခင်ကရှိခဲ့သောစနစ်ကို ပြန်လည်အသက်သွင်းရန် ခက်ခဲလှသည်။ ဤအခြေအနေကို ကောင်းစွာကုစားခြင်းမရှိပါက ဒေသစီးပွားရေး ဆက်လက်ကျဆင်းနေပြီး ဒေသခံများ မိမိတို့ကျေးရွာနှင့်ဒေသကို စွန့်ခွာရွှေ့ပြောင်းနိုင်ခြေရှိပြီး လယ်သမားနှင့် ရေလုပ်သားများ မိမိတို့လယ်မြေနှင့် ငါးဖမ်းလိုင်စင်များ ဆုံးရှုံးရမည့်အပြင် ဓနဥစ္စာပစ္စည်းများ လူနည်းစုထံသို့ ပိုမိုရောက်ရှိသွားဖွယ် ရှိနေသည်။ သို့သော် ဤသုတေသနအစီရင်ခံစာပြုစုစဉ်အတွင်း မြေယာများတရားဝင် ရောင်းချခြင်းနှင့် မြေယာပိုင်ဆိုင်ခွင့်နှင့် ငါးဖမ်းခွင့်ဆုံးရှုံးမှုများကို တွေ့မြင်ခဲ့ရခြင်းမရှိသေးပါ။

## လူမှုဘဝသက်ရောက်မှုများ

မြစ်ဝကျွန်းပေါ်ဒေသကျေးရွာများတွင် လူမှုဆက်ဆံရေးနှင့် အချင်းချင်းပေါင်းစည်းညီညွတ်မှုသည် နာဂစ်မုန်တိုင်းမတိုင်မီက လွန်စွာအားကောင်းခဲ့ပါသည်။ နာဂစ်အပြီးမှစ၍ လူမှုအရင်းအနှီးများ ဆက်လက်အားကောင်းသည့်အပြင် ပိုမိုဖြစ်ထွန်းလာသည်ကို ယခု "လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု" မှတွေ့ရှိခဲ့ရပါသည်။ လတ်တလော ပေါ်ပေါက်လာသောအခက်အခဲများကို ကျော်လွှားနိုင်ရန် ရွာသားများအချင်းချင်း အတူလက်တွဲဆောင်ရွက်ကြသဖြင့် လူမှုဆက်ဆံရေးများ ပိုမိုခိုင်မာလာစေပါသည်။ နေအိမ်များပြန်လည်တည်ဆောက်ခြင်း၊ အများသူငှါအသုံးပြုရန် ပစ္စည်းများကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်း အထောက်အပံ့အကူအညီများ မျှဝေသုံးစွဲခြင်းနှင့် အခြားလိုအပ်ချက်များကို ကျေးရွာသားများ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။ ဤလေ့လာဆန်းစစ်မှုတွင် ပါဝင်ခဲ့သော ကျေးရွာအားလုံးနီးနီးတွင် ဒုစရိုက်မှုနှင့် အကြမ်းဖက်မှုများ နာဂစ်အပြီးတွင် တိုးမြင့်လာခြင်း မရှိခဲ့ပါ။

အမျိုးသားနှင့် အမျိုးသမီးများအကြား ဆက်ဆံရေးအခြေအနေများသည်လည်း နာဂစ်အပြီးတွင် မူလအတိုင်းဆက်လက်တည်ရှိနေသည် (သို့) ပိုမိုကောင်းမွန်လာသည်ဟု ရွာသားများက ယူဆကြပါသည်။ အချို့နေရာများတွင် ကျား/မ မူလအခြေသည် အပြောင်းအလဲများ ရှိလာသောကြောင့် ကျား/မများအကြား အလုပ်အကိုင်ခွဲဝေလုပ်ကိုင်မှုအပေါ်တွင် အကျိုးသက်ရောက်ခဲ့ပါသည်။ မုဆိုးမနှင့် မုဆိုးဖိုများအတွက် အိမ်ထောင်ဖက်များ မရှိတော့၍ တာဝန်များ ပိုယူလာရသည်။

မုန်တိုင်းသင့်ဒေသကျေးရွာများရှိ လူငယ်များသည် မုန်တိုင်းဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ အချို့သောကိစ္စရပ်များတွင် ၎င်းတို့၏ ဘက်စုံအရေးပါမှုမှာ ပိုမိုပေါ်လွင်လာခဲ့သည်။ ကျေးရွာသားအများစု၏ ကျေနပ်လက်ခံမှုကိုလည်း တွေ့ရသည်။

ယခုလေ့လာဆန်းစစ်မှု အစီရင်ခံစာတွင် လူမျိုးစုံ၊ ဘာသာစုံကျေးရွာများပါဝင်မှု အလွန်နည်းပါးနေသောကြောင့် လူမျိုးကွဲ၊ ဘာသာကွဲများအကြား ဆက်ဆံရေးများအပေါ် နာဂစ်ဆိုင်ကလုန်းနှင့် ထောက်ပံ့ရေးဆောင်ရွက်ချက်များ၏သက်ရောက်မှုကို ကောက်ချက်ချနိုင်ရန် မလွယ်ပါ။ ခြုံငုံ၍သုံးသပ်ရလျှင် လူမျိုးကွဲ၊ ဘာသာကွဲဆက်ဆံရေးမှာ ဆက်လက်ခိုင်မာကောင်းမွန်နေပါသည်။ ဘာသာကွဲလူနည်းစုက မိမိတို့ဘာသာဝင်များကိုသာ ကူညီထောက်ပံ့မှုပေးသည့်ဖြစ်ရပ်နှင့် ၎င်းဖြစ်ရပ်ကြောင့် တင်းမာမှုအချို့ဖြစ်ခဲ့သည်ကို ကျေးရွာနှစ်ရွာတွင်သာ တွေ့ခဲ့ရသည်။ ဤဖြစ်ရပ်သည် လူမျိုးစုနှင့် ဘာသာဝင်အလိုက် သီးသန့်ခွဲခြားကူညီမှုသည် လူမှုပေါင်းစည်းညီညွတ်မှုကို ထိခိုက်ပျက်စီးနိုင်ချေရှိကြောင်းညွှန်ပြနေပါသည်။

ကျေးရွာများအကြား အပြန်အလှန်ဆက်ဆံရေးကို နာဂစ်ဆိုင်ကလုန်းမုန်တိုင်းက ကြီးကြီးမားမား ထိခိုက်သက်ရောက်မှုရှိသည်ကို မတွေ့ရပါ။ ကျေးရွာအချင်းချင်း အပြန်အလှန်အမှီသဟဲ အထောက်အပံ့ပြုသည့် လက္ခဏာများကိုတွေ့ရဆဲပင်ဖြစ်ပါသည်။ ကျေးရွာအတော်များများသည် အခြေအနေပိုမိုဆိုးရွားသော အိမ်နီးချင်းကျေးရွာများကို ဂရုဏာထားကူညီခဲ့ကြသည်။ သဘာဝအရင်းအမြစ်များနှင့်ပတ်သက်၍ ကျေးရွာအချင်းချင်းပဋိပက္ခဖြစ်မှုကို ယခုသုတေသနပြုမှုမှ မတွေ့ရှိခဲ့ရပါ။

ကျေးရွာအများစုတွင် ကျေးရွာကော်မတီများမှအစပြု၍ အရေးပါထိရောက်သော ရပ်ရွာစုပေါင်းခေါင်းဆောင်မှုပုံစံပေါ်ထွက်လာခဲ့သည်။ နာဂစ်အပြီးမှစ၍ ကျေးရွာခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ ဘုန်းတော်ကြီးများ၊ အမျိုးသားလူငယ်လူရွယ်များနှင့် အမျိုးသမီးအချို့သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတာဝန်များ ရယူဆောင်ရွက်လာကြပါသည်။

ကျေးရွာများ၏သုံးပုံတစ်ပုံခန့်တွင် အုပ်ချုပ်ရေးပိုင်းခေါင်းဆောင်များနှင့် အုပ်ချုပ်ရေးပိုင်းမဟုတ်သော ရပ်ရွာအသိအမှတ်ပြုခေါင်းဆောင်များ (ဥပမာ – ဘာသာရေးခေါင်းဆောင်၊ သက်ကြီးပုဂ္ဂိုလ်များ) အကြား ဆက်ဆံရေးမှာ တိုးတက်ခဲ့ပြီး ကျေးရွာများတစ်ဝက်ခန့်တွင်မူ ၎င်းတို့ကြားဆက်ဆံရေးမှာသိသာစွာပြောင်းလဲခဲ့ခြင်းမရှိပါ။ အချို့သောအဖြစ်အပျက်များတွင် အထောက်အပံ့ဖြန့်ဝေရေးနှင့် ပတ်သက်သော သံသယပွားမှုများသည် ကျေးရွာခေါင်းဆောင်များအပေါ် မကျေမနပ်ဖြစ်မှုများ တိုးပွားစေခဲ့သည်။ သို့သော်ယေဘုယျအားဖြင့် ကျေးရွာများရှိ အုပ်ချုပ်ရေးပိုင်းနှင့် အုပ်ချုပ်ရေးပိုင်းမဟုတ်သောခေါင်းဆောင်များဆက်ဆံရေးမှာ ကောင်းမွန်ပါသည်။

## ကောက်ချက်ချခြင်း

ဆိုင်ကလုန်းနာဂစ်သည် မြစ်ဝကျွန်းပေါ်ဒေသများ၏လူမှုစီးပွားဘဝအပေါ်၌ ကြီးမားသောအကျိုးသက်ရောက်မှု ရှိစေခဲ့ပါသည်။ ဤသို့သော အကြီးအကျယ်စိတ်တုန်လှုပ်ဖွယ်ရာ ဖြစ်ရပ်ဆိုးကိုကြုံခဲ့ရသော်လည်း ဒေသအတွင်းလူမှုဆက်ဆံရေးနှင့် ဒေသ၏စွမ်းဆောင်ရည်တို့မှာ ခိုင်မာကောင်းမွန်ဆဲ ဖြစ်ပါသည်။ ကယ်ဆယ်ရေးအကူအညီများ ကျေးရွာအားလုံးသို့ ရောက်ရှိခဲ့သော်လည်း ရပ်ရွာများပြန်လည်ထူထောင်ရေးအတွက် နောက်ထပ်ပံ့ပိုးကူညီမှုများစွာ လိုအပ်လျက်ရှိပါသည်။ အကယ်၍ကျေးရွာလူထု၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် ကျေးရွာစီးပွားရေးသည် မကြာမီအချိန်အတွင်း ပြန်လည်ထူထောင်နိုင်မှုမရှိပါက ကြီးမားသော ရေရှည်အကျိုးသက်ရောက်မှုများ ရှိလာနိုင်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသမှ လူအများပြောင်းရွှေ့ထွက်ခွာမှုနှင့် လူမှုဖွဲ့စည်းပုံပြောင်းလဲခြင်းများကဲ့သို့သော ရေရှည်သက်ရောက်မှုများ ဖြစ်နိုင်ချေရှိသည်။ ကျေးရွာလူထုအတွက် နာဂစ်အကြွေးနွံမှ ထွင်းဖောက်ထွက်ရန် လမ်းရှာဖွေမပေးနိုင်ခဲ့လျှင် လူနည်းစုသို့လူများစုထံမှ ပိုင်ဆိုင်မှုများစီးဆင်းသွားရန် အလားအလာများ ရှိနေပါသည်။

အထောက်အပံ့များ မည်သို့ဖြန့်ဝေမည်ဆိုသည်မှာ အလားတူအရေးကြီးသောအချက် ဖြစ်ပါသည်။ ထောက်ပံ့ကူညီဖြန့်ဝေရေးသည် ဒေသ၏စွမ်းဆောင်နိုင်မှုအပေါ်တွင် အခြေခံကာ ဆောင်ရွက်သင့်ပါသည်။ ဆိုင်ကလုန်းဒဏ်သင့်ရပ်ရွာများရှိ ရွာသားများသည် ၄င်းတို့၏လိုအပ်ချက်များကို ၄င်းတို့ကိုယ်တိုင် ကောင်းစွာ သိရှိကြသော်လည်း ကူညီထောက်ပံ့ရေးလုပ်ငန်းစဉ်များတွင် ယခုအချိန်ထိ ပြောဆိုပိုင်ခွင့်အနည်းငယ်သာရှိသေးသည်။ ဤအတွက်ကြောင့် မြစ်ဝကျွန်းပေါ်၏ အမှန်တကယ်လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိသော ထောက်ပံ့မှုအချို့ ရှိလာပါသည်။ ဤသည်မှာအနာဂတ်တွင်ထောက်ပံ့ကူညီဖြန့်ဝေမှုသည် ဒေသ၏စွမ်းဆောင်နိုင်မှုအပေါ်တွင် အဓိက အခြေခံရန်လိုအပ်ကြောင်း ပေါ်လွင်နေပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ဒေသခံများ၏ အကူအညီ အထောက်အပံ့များကို ကိုင်တွယ်ဖြန့်ဝေအသုံးချမှုစွမ်းရည်အား မြှင့်ပေးရာရောက်ပါသည်။ တစ်ဆက်တည်းမှာပင် ဒေသလိုအပ်ချက်များသိရှိရန် သတင်းအချက်အလက်စီးဆင်းမှုစနစ်နှင့် မကျေနပ်ချက်များကို တိုင်ကြားရန်စနစ်တို့လည်း ရှိသင့်ပါသည်။

* * *

# အခန်း(၁)

## နိဒါန်း

သဘာဝဘေးအန္တရာယ်များသည် ရပ်ရွာများ၏ "လူမှုအဆောက်အဦး" အပေါ်တွင် သက်ရောက်မှုများ ရှိစေပါသည်။ ထောက်ပံ့ကူညီသည့်ပင်ရင်းအဖွဲ့အစည်း၊ ထောက်ပံ့ရေးအတိုင်းအတာနှင့်ပုံစံများ၊ အစိုးရမူဝါဒများနှင့် ဆောင်ရွက်ချက်များ၊ မုန်တိုင်းဒဏ်သင့်ရပ်ရွာနှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ ရွေးချယ်မှုများစသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် မုန်တိုင်းနောက်ဆက်တွဲသက်ရောက်မှုများသည် ပုံသေမဟုတ်ဘဲ ပြောင်းလဲလျက်ရှိသည်။ ထိုသက်ရောက်မှုများနှင့်သက်ရောက်မှုများအကြား အပြန်အလှန်ဆက်စပ်ပုံစံများကို ကောင်းစွာနားလည်ခြင်းသည် နာဂစ်အပြီး အထောက်အပံ့ကူညီမှုကို ထိရောက်စွာဖြန့်ဝေရေးအတွက် လွန်စွာအရေးပါသည်။ သက်ဆိုင်ရာ ရပ်ရွာ၏ အစွမ်းအစပေါ်တွင်အခြေတည်ကာ၊ ယင်းရပ်ရွာများ အမှန်တကယ်ရင်ဆိုင်နေရသော အခြေအနေများကို နားလည်သဘောပေါက်လျက် ရေးဆွဲထားသောလုပ်ငန်းအစီအစဉ်များသည် ကျေးရွာ၏အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး ဒေသခံအဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုခိုင်မာကောင်းမွန်လာစေပါသည်။ ဤနည်းအားဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုပေါင်းစည်းညီညွတ်မှုကိုလည်း မြင့်တင်ရာရောက်ပါသည်။ သို့ဖြစ်ပါ၍ မုန်တိုင်းကြောင့်ဖြစ်ပေါ်လာသော ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် လုပ်ဆောင်နေစဉ်အတွင်း လူမှုရေးအကျိုးသက်ရောက်မှုများကို ခြေရာကောက်ဆန်းစစ်ရန် လွန်စွာအရေးကြီးပါသည်။

နာဂစ်ဆိုင်ကလုန်းအပြီး လအနည်းငယ်အကြာတွင် "နာဂစ်အလွန် ပူးတွဲအကဲဖြတ်ခြင်း" ကိုဆောင်ရွက်ခဲ့ပြီး ၂၀၀၈ ခုနှစ်၊ ဇူလိုင်လတွင် ထိုအစီရင်ခံစာကို ထုတ်ဝေခဲ့သည်။ ထိုလေ့လာမှုတွင် မုန်တိုင်း၏ကနဦးလူမှုရေး သက်ရောက်မှုများကို ရပ်ရွာအဆင့်ဆန်းစစ်လေ့လာခြင်း ပါဝင်ခဲ့ပါသည်။[၁] အဆိုပါလေ့လာမှုသည် နာဂစ်မတိုင်မီနှင့် နာဂစ်အပြီး ကျေးရွာလူမှုဘဝ၏ အဓိကအကြောင်းအရာအချို့၊ ကျေးရွာများအတွင်း ပေါင်းစည်းညီညွတ်မှုနှင့် လူမှုဆက်ဆံရေး၊ ဒေသခံအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကို အဓိကထားခဲ့ပါသည်။ ရှေ့အနာဂတ်တွင် ယခု သက်ရောက်မှုများက မည်သို့သောအကြောင်းများ ဖန်တီးလာနိုင်ကြောင်း မှန်းဆကောက်ချက်ဆွဲမှု အမျိုးမျိုးကို ထိုလေ့လာမှုမှရရှိခဲ့ပါသည်။ ထို့ပြင် ရေရှည်ပြန်လည်ထူထောင်ရေး အစီအစဉ်များကြောင့် မြစ်ဝကျွန်းပေါ်ဒေသ ကျေးရွာများ၏ လူမှုအဆောက်အဦအပေါ်တွင် မည်သို့သောသက်ရောက်မှုများ ဖြစ်လာနိုင်သည်ကိုလည်း ထိုလေ့လာမှုက ရှုမြင်သုံးသပ်ခဲ့ပါသည်။

ယခု "နာဂစ်လွန်ကာလ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု" သည် ပထမဦးစွာ စတင်ခဲ့သည့် PONJA အစီရင်ခံစာအပေါ်တွင် အခြေပြုထားပါသည်။ ယခုလေ့လာမှုသည် PONJA ကျောရိုးကို အခြေခံ၍ မုန်တိုင်းလွန်ကာလခြောက်လအတွင်း သဘာဝဘေးအန္တရာယ်၏ လူမှုရေးသက်ရောက်မှုကို အကဲဖြတ်ရန်အတွက် လေ့လာခဲ့ခြင်းဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ အခြေအနေများသည် အစဉ်ပြောင်းလဲလျက်ရှိသဖြင့် ကနဦးရရှိခဲ့သော သုတေသနတွေ့ရှိချက်များသည် အချိန်ကာလအလိုက် မည်မျှခိုင်မာမှန်ကန်သည်ကိုသိရှိရန်နှင့် ထပ်မံပေါ်ပေါက်လာသော အပြောင်းအလဲများကိုသိရှိရန် နာဂစ်အပြီး ၁ နှစ်ကြာတွင် စောင့်ကြည့်လေ့လာမှုတစ်ခု ထပ်မံဆောင်ရွက်ရမည်ဖြစ်သည်။

### ၁။ ပဓာနပြုအကြောင်းအရာများ

ယခုအစီရင်ခံစာသည် အကြောင်းအရာသုံးခုအပေါ်တွင် ပဓာနထားရှိပါသည်။

**ထောက်ပံ့ရေးထိရောက်မှု။** ။ ယခုလူမှုဘဝလေ့လာဆန်းစစ်မှုသည် မုန်တိုင်းဒဏ်သင့် ရွာသားများကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ကျေးရွာအဆင့်ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများကို အကဲဖြတ်ရန် ဖြစ်သည်။ ကျေးရွာလူထု

၁။ သုံးပွင့်ဆိုင်အဖွဲ့ (၂၀၀၈ က) နာဂစ်ကာလပူးတွဲအကဲဖြတ်ခြင်း၊ နောက်ဆက်တွဲ ၁၅။ ဆိုင်ကလုန်းနာဂစ်၏ လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှု

အနေဖြင့် မည်သို့သောထောက်ပံ့ကူညီမှုကို မည်မျှရရှိနေသည်၊ လိုအပ်ချက်များနှင့် ရည်ရွယ်ချက် ကွာဟမှုများ၊ ထောက်ပံ့ကူညီမှုကို လျာထားပုံ၊ ဖြန့်ဝေပေးပုံ၊ ထောက်ပံ့ကူညီမှု၊ ဖြန့်ဝေရေးလုပ်ငန်းစဉ်နှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများကို လေ့လာဆန်းစစ်ခဲ့ပါသည်။

**လူမှုစီးပွားဆိုင်ရာသက်ရောက်မှုများ**။ ။ယခုလေ့လာမှုသည် အဓိကအသက်မွေးဝမ်းကျောင်းအုပ်စုများ ဖြစ်သည့် လယ်သမားများ၊ တံငါသည်များနှင့် လက်လုပ်လက်စားများအပေါ်တွင် မုန်တိုင်း၏သက်ရောက်မှုကို လေ့လာပါသည်။ ၎င်းအသက်မွေးဝမ်းကျောင်းအုပ်စုများ မည်သည့်အတိုင်းအတာအထိ ပြန်လည်ထူထောင်မှု ပြုလာနိုင်သည်ကိုလည်း လေ့လာပါသည်။ ထို့ပြင် ကျေးရွာလူနေမှုဘဝ၏ အဓိကလူမှုစီးပွားကိစ္စရပ်များဖြစ်သည့် အကြွေးနှင့် ရွှေ့ပြောင်းအခြေအနေချမှုများကိုလည်း ယခုလေ့လာမှုတွင် ထည့်သွင်းထားပါသည်။

**လူမှုဘဝသက်ရောက်မှုများ**။ ။ နောက်ဆုံးအချက်အနေဖြင့် ယခုလေ့လာမှုသည် နာဂစ်ဆိုင်ကလုန်းနှင့် နောက်ဆက်တွဲထောက်ပံ့မှုများက ရွာများအတွင်းနှင့် ရွာအချင်းချင်းဆက်ဆံရေး၊ ရွာသားများနှင့် ၎င်းတို့၏ ခေါင်းဆောင်များအကြား ဆက်ဆံရေးကို မည်သို့ပြောင်းလဲစေသည်ကို လေ့လာပါသည်။ ထို့ပြင် နာဂစ်ဆိုင်ကလုန်းသည် ဒေသလူမှုအရင်းအနှီးများနှင့် ဒေသ၏စုပေါင်းလုပ်ဆောင်နိုင်မှုစွမ်းရည်အပေါ်တွင် မည်သို့သက်ရောက်မှု ရှိသည်ကို လေ့လာပါသည်။

## ၂။ သုတေသနပြုနည်းလမ်းများ

အသေးစိတ်နက်နက်နဲနဲ ကွင်းဆင်းမေးမြန်းမှုများကို ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလနှောင်းပိုင်းနှင့် နိုဝင်ဘာလနှောင်းပိုင်းကာလအတွင်း မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့နယ်ရှစ်ခုတွင် ကျေးရွာပေါင်းလေးဆယ်ကျော်၌ လူပေါင်း ၁၅၀၀ ကျော်အားမေးမြန်း၍ ဆောင်ရွက်ခဲ့ပါသည်။ (နောက်ဆက်တွဲ (က) ရှိ မြေပုံ ၁ (က) ကို ကြည့်ပါ။) သုတေသနပြုမှုကို အဆင့် ၃ ဆင့်ဖြင့် ပြုလုပ်ခဲ့ပါသည်။ ပထမအဆင့်အဖြစ် ပဏာမသုတေသနကို ရွာ ၈ ရွာတွင် ပြုလုပ်ခဲ့ပြီး သုတေသနနည်းများကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်မွမ်းမံခဲ့ပါသည်။ ထို့နောက်တွင် ဒုတိယနှင့် တတိယအဆင့်များကို ကျေးရွာပေါင်း ၁၆ ရွာစီ အသီးသီးဆောင်ရွက်ခဲ့ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာများကို တတ်နိုင်သမျှ ကိုယ်စားပြုသော လေ့လာမှုဖြစ်စေရန် သုတေသနပြုမှုတွင် ပါဝင်မည့်ကျေးရွာများကို စံနှုန်းများစွာဖြင့် သတ်မှတ်ရွေးချယ်ခဲ့ပါသည်။ ပထမဦးစွာ၊ မုန်တိုင်းဒဏ်အပြင်းထန် ဆုံးခံခဲ့သည့်မြို့နယ် ၈ ခုမှ ကျေးရွာများကို ရွေးချယ်ပါသည်။ မြို့နယ်တစ်ခုစီတွင် ပါဝင်သောကျေးရွာများသည် သက်ဆိုင်ရာမြို့နယ်၏ မုန်တိုင်းသင့်ခဲ့သော အတိုင်းအတာနှင့်ဆုံးရှုံးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်နွယ်ကိုယ်စားပြုပါသည်။ ဒုတိယအနေဖြင့် ကိုယ်စားပြုကျေးရွာများကို ရွာသားများ၏ အခြေခံအသက်မွေးဝမ်းကြောင်းပြုမှုများအလိုက် (ဥပမာ လယ်ယာစိုက်ပျိုးရေး (သို့) ငါးဖမ်းလုပ်ငန်း) ခွဲခြားပါသည်။ ထပ်မံ၍ ကုန်သွယ်မှုလုပ်ငန်း ပို၍တွင်ကျယ်စွာလုပ်ကိုင်သော မြို့ဆင်ခြေဖုံးကျေးရွာများ ဟုတ်မဟုတ်ခွဲခြားပါသည်။ တတိယအနေဖြင့် (မြို့နယ်တစ်ခုချင်းစီတွင် မဟုတ်သော်လည်း) လေ့လာရာတွင် နာဂစ်မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော ပစ္စည်းဆုံးရှုံးမှု အတိုင်းအတာ အဆင့်မျိုးစုံ သေချာစွာပါဝင်စေရန် ဆောင်ရွက်ခဲ့ပါသည်။ နာဂစ်အပြီး ပုံမှန်လေ့လာသုံးသပ်ချက် (၁) နှင့် တတ်နိုင်သမျှ ချိတ်ဆက်စေရန်၊ နှိုင်းယှဉ်လေ့လာမှုပြုနိုင်ရန်နှင့် ယခင်ယူထားသောသတင်းအချက်အလက်များကို ထပ်မံအတည်ပြုနိုင်ရန်၊ ပုံ့ပုံ့နှံ့နှံ့တည်ရှိမှုကို သေချာရန်အတွက် လေ့လာမှုပြုခဲ့သောကျေးရွာအချို့အား ကိုယ်စားပြုကျေးရွာအဖြစ် ရွေးချယ်ခဲ့ပါသည်။ နာဂစ်မုန်တိုင်းဒဏ်လျော့ပါးစွာ ကျရောက်ခဲ့သောကျေးရွာ (၄) ရွာကိုလည်း နှိုင်းယှဉ်ခံကျေးရွာများအဖြစ် ထည့်သွင်းလေ့လာခဲ့ပါသည်။[၂]

ကျေးရွာတိုင်းတွင် သုတေသနပြုသူများသည် ၂ ရက်တာ တစ်ည (သို့) နှစ်ည နေထိုင်၍ လူအမျိုးမျိုးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ခြုံငုံ၍ပြောရလျှင် သုတေသနအဖွဲ့များအနေဖြင့် အဓိကသတင်းအချက်အလက်ပေးသူ

၂။ အခြားကျေးရွာများနှင့်စာလျှင် မုန်တိုင်းဒဏ်ကို များစွာလျော့နည်းခံစားခဲ့ရသော်လည်း ထိုကျေးရွာ လေးရွာစလုံး မုန်တိုင်းဒဏ် သင့်ခဲ့ပါသည်။

များနှင့် စနစ်တကျတွေ့ဆုံမေးမြန်းမှုပေါင်း ၂၂၂ ခု၊ စကားဝိုင်းပေါင်း ၁၅၉ ခု (စကားဝိုင်းတစ်ခုစီတွင်ပျမ်းမျှအားဖြင့် လူ ၇ ယောက်မှ ၈ ယောက် အသီးသီးပါဝင်သည်။) နှင့် အလွတ်သဘောဆွေးနွေးမှုပေါင်း ၁၀၂ ခုတို့ကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ယခုလေ့လာမှုတွင် ပါဝင်သောရပ်ရွာများတွင်နေထိုင်သည့် လူအမျိုးမျိုးအထွေထွေတို့ ပါဝင်ဖြေကြားဆွေးနွေးခဲ့ပါသည်။ ကျေးရွာခေါင်းဆောင်နှင့် အခြားသောကျေးရွာအဆင့် အုပ်ချုပ်ရေးခေါင်းဆောင်များ၊ ရွာမိရွာဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ ထောက်ပံ့ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခဲ့ကြသူများ၊ တောင်သူလယ်သမားများ၊ တံငါသည်များ၊ လက်လုပ်လက်စားများနှင့် အခြားသော သက်မွေးမှုလုပ်ကိုင်သူများ၊ ထိခိုက်လွယ်အုပ်စုများ၊ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများ၊ ထိခိုက်ဒဏ်ရာရထားသူများနှင့် မသန်စွမ်းသူများ၊ လူငယ်လူရွယ်အမျိုးသားအမျိုးသမီးများ ပါဝင်ဖြေကြားဆွေးနွေးခဲ့ကြပါသည်။ ရရှိလာသော သတင်းအချက်အလက်များကို တိုက်ဆိုင်ညီညွတ်မှုရှိစေရန် သုတေသီများအနေဖြင့် တူညီသော အကြောင်းအရာများအပေါ်တွင် အုပ်စုအသီးသီးထံမှ ထင်မြင်ယူဆချက်များ ပေါ်ထွက်လာအောင် အတတ်နိုင်ဆုံးကြိုးပမ်းခဲ့ပါသည်။

ယခုအစီရင်ခံစာအတွက် ပဓာနပြုလေ့လာသည့် အကြောင်းအရာများကို PONJA အစီရင်ခံစာ၏ တစ်စိတ်တစ်ဒေသအဖြစ် ကနဦးပြုစုခဲ့သည့် လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုကို အခြေခံကာရွေးချယ်ခဲ့သည်။ ယခုအစီရင်ခံစာသည် ထောက်ပံ့ရေးဆိုင်ရာ ထိရောက်မှုအကြောင်းအရာများကိုအလေးထားလေ့လာခဲ့သည်။ ယခုသုတေသနအစီရင်ခံစာတွင် ပဓာနပြုလေ့လာသော အကြောင်းအရာ ၃ ခုပါဝင်သည်။ **၁။** ထောက်ပံ့ရေး ထိရောက်မှု၊ ထောက်ပံ့ရေးဆောင်ရွက်ချက်၊ လိုအပ်ချက်များနှင့် မှန်းချက်ကွာဟမှုများ၊ ထောက်ပံ့ရာတွင် မျှမျှတတ ရှိမှုနှင့် မပြေလည်မှုများ၊ တိုင်ကြားမှုနည်းစနစ်စသည့် အကြောင်းအရာများ၊ **၂။** စီးပွားရေးအခြေခံ ဆောက်တည်မှု၊ ကြွေးမြီနှင့်ရွှေ့ပြောင်းလုပ်သားအပါအဝင် လူမှုစီးပွားဘဝအပေါ် အကျိုးသက်ရောက်မှုများ၊ **၃။** လူမှုရေးစွမ်းအား ပူးပေါင်းဆောင်ရွက်မှု၊ လူမှုအဖွဲ့များအကြားဆက်ဆံရေး၊ ကျေးရွာတွင်းနှင့် ကျေးရွာအချင်းချင်းဆက်ဆံရေးများနှင့် အုပ်ချုပ်ရေးအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့မဟုတ်သော ဆက်ဆံရေးအပါအဝင် လူမှုဆက်ဆံရေးနှင့် လူမှုပေါင်းစည်း ညီညွတ်မှုများကို လေ့လာခဲ့ပါသည်။

မုန်တိုင်းဒဏ်ခံစားခဲ့ရသူများ၏ ကိုယ်တွေ့အဖြစ်အပျက်များအပေါ်တွင် အဓိကထားသုံးသပ်သော သာဓကပြုလေ့လာချက်များကိုလည်း သုတေသနပြုသူများက စုဆောင်းခဲ့ကြသည်။ ထိုသာဓကပြုလေ့လာချက်များသည် ယခုလေ့လာမှုတွင် ပါဝင်သောအကြောင်းအရာများကို ပိုမိုနက်နဲစွာ စူးစမ်းနိုင်ရန်လည်း အထောက်အကူဖြစ်စေပါသည်။ ယခုအစီရင်ခံစာတစ်စောင်လုံးတွင်လည်း နာဂစ်ဒဏ်ခံစားခဲ့ရသော ရွာသားများ၏ တွေ့ကြုံခံစားနေရသော အခြေအနေများကို ထည့်သွင်းဖော်ပြထားပါသည်။ ကျေးရွာများအချင်းချင်းနှိုင်းယှဉ်သုံးသပ်ချက်များပြုလုပ်နိုင်ရန် စံပြုသတ်မှတ်ထားသော သတင်းအချက်အလက်များကိုလည်း ကျေးရွာတစ်ခုချင်းစီတွင် ကောက်ယူစုဆောင်းခဲ့သည်။

ယခုလေ့လာမှုတွင် သုတေသနပြုနည်းများနှင့်ပတ်သက်၍ ပိုမိုပြည့်စုံသောဆွေးနွေးတင်ပြမှုများကို ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။

## ၃။ အစီရင်ခံစာဖွဲ့စည်းပုံ

ဤအစီရင်ခံစာတွင် အဓိကအပိုင်းသုံးပိုင်းကို အခြေခံ၍ တင်ပြသွားမည်ဖြစ်ပါသည်။ အပိုင်း (၂) တွင် ထောက်ပံ့ရေးထိရောက်မှု၊ အပိုင်း (၃) တွင် လူမှုစီးပွားဘဝအပေါ်အကျိုးသက်ရောက်မှု အပိုင်း (၄) တွင် လူမှုဆက်ဆံရေးနှင့် လူမှုပေါင်းစည်းညီညွတ်မှုနှင့် အပိုင်း (၅) တွင် ကောက်ချက်ချသုံးသပ်မှုကို ဖော်ပြထားပါသည်။

ယခုလေ့လာမှုတွင် အသုံးပြုထားသော သုတေသနပြုနည်းများနှင့် ကျေးရွာလေးဆယ်၏ အနှစ်ချုပ်ဇယား အချက်အလက်များကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

# အခန်း(၂)

## ထောက်ပံ့ကူညီရေးထိရောက်မှု

သုတေသနပြုအဖွဲ့များသည် ရွာသားများနှင့်တွေ့ဆုံ၍ ထောက်ပံ့ရေးရရှိမှုအတိုင်းအတာ၊ လိုအပ်ချက်နှင့် ကွာဟချက်များ၊ လျာထားမှုနည်းလမ်းများ၊ ထောက်ပံ့ရေးဖြန့်ဖြူးမှု၊ သတင်းအချက်အလက် မျှဝေခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ပုံစသည့် အကြောင်းအရာများကို မေးမြန်းစုံစမ်းခဲ့ကြသည်။ ဤသုတေသနပြုမှုမှာ ထောက်ပံ့ရေးဆောင်ရွက် ကြိုးပမ်းမှုများအပေါ် မုန်တိုင်းဒဏ်ခံစားရသူများက မည်သို့ရှုမြင်ကြသည်ဆိုသည်ကို သိရှိစေရန်ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာတွင် **အထောက်အပံ့** ဆိုသည်မှာ ရရှိသောအထောက်အပံ့ အကူအညီများအားလုံး (ငွေ သို့ ပစ္စည်း) ကို ဆိုလိုပြီး၊ **ထောက်ပံ့သူ**ဆိုသည်မှာ အစိုးရ၊ ဒေသခံနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဘာသာရေးအဖွဲ့အစည်းများစသည့် ကျေးရွာပြင်ပမှ ထောက်ပံ့သူအမျိုးမျိုးဟု အဓိပ္ပါယ်ဖွင့်ပါသည်။ အကြောင်းမှာ ရွာသားများက ထောက်ပံ့သူများ အားလုံးကို အမျိုးအစားခွဲခြားခြင်းမရှိဘဲ ခြုံ၍ရည်ညွှန်းလေ့ ရှိကြခြင်းကြောင့် ဖြစ်သည်။[၃]

ဤသုတေသနပြုမှုမှ ထောက်ပံ့ရေးထိရောက်မှုကို သဏ္ဍာန်မျိုးစုံဖြင့် တွေ့ရှိရပါသည်။ မုန်တိုင်းဒဏ်ခံ ကျေးရွာများအားလုံး ထောက်ပံ့ရေးရရှိခဲ့ပြီး မုန်တိုင်းလွန်ကာလတွင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသော သေပျောက်မှု ကပ်ဆိုးကြီးအန္တရာယ်မှ ရှောင်လွှဲနိုင်စေရန် အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ သို့သော်ထောက်ပံ့ရေးမှာ အချို့ ဒေသများတွင် အရှိန်အဟုန်ဖြင့် ပြန်လည်ထူထောင်နိုင်စေရန်အတွက် လုံလောက်မှုမရှိသေးကြောင်း တွေ့ရှိရသည်။ အဓိကကျသောလစ်ဟာကွက်များမှာ အသက်မွေးမှုလုပ်ငန်းအထောက်အပံ့ပေးရာတွင် လိုအပ်ချက်များရှိနေဆဲ ဖြစ်သည်။ ယခုထက်ပိုမိုကောင်းမွန်သော သတင်းအချက်အလက်ဝေမျှခြင်းနှင့် ထောက်ပံ့ရေးဆုံးဖြတ်ချက်ချရာတွင် ဒေသခံများပါဝင်ဆောင်ရွက်ခြင်းများကလည်း လိုအပ်ကြောင်းတွေ့ရသည်။ မြစ်ဝကျွန်းပေါ်ဒေသအနှံ့ရှိ ထောက်ပံ့ ရေးကြိုးပမ်းမှုများနှင့် အရေးပါသောစွမ်းဆောင်မှုများအကြောင်းကို "နာဂစ်လွန်ကာလ ပုံမှန်သုံးသပ်ချက် ၁" နှင့် "နာဂစ်လွန်ကာလပြန်လည်ထူထောင်ရေးနှင့် အသင့်ရှိစေခြင်းစီမံချက်" အစီရင်ခံစာတို့တွင် လေ့လာနိုင်ပါ သည်။[၄]

### ၁။ ရရှိသောအထောက်အပံ့များအပေါ် ထင်မြင်ယူဆချက်များ

### အထောက်အပံ့များမည်မျှရရှိကြသနည်း။

ကျေးရွာတစ်ရွာချင်းစီရရှိလျက်ရှိသော အထောက်အပံ့အမျိုးအစားများ၏အရေအတွက်ကို သုတေသန ပြုပါသည်။ မတူညီသောထောက်ပံ့ရေးပစ္စည်းအုပ်စု ၉ မျိုးနှင့် ပတ်သက်သောအချက်အလက်များ ကောက်ယူပါသည်။ (ပုံ ၂ ကိုကြည့်ပါ) ရရှိသောထောက်ပံ့ရေးပစ္စည်းအမျိုးမျိုး၏ အရေအတွက်တစ်ခုကို စုစုပေါင်း ထောက်ပံ့ကူညီမှုအားလုံး၏ ကိုယ်စားပြုပမာဏအဖြစ် သတ်မှတ်ပါသည်။[၅] (ပုံ ၁)


---

၃။ သုတေသနပြုအဖွဲ့တိုင်း

၄။ သုံးပွင့်ဆိုင်အဖွဲ့ (၂၀၀၈ ခ) နာဂစ်လွန်ကာလ ပုံမှန်သုံးသပ်ချက် ၁ နှင့် သုံးပွင့်ဆိုင်အဖွဲ့ (၂၀၀၈ င) နာဂစ်လွန်ကာလ ပြန်လည် ထူထောင်ရေးနှင့် အသင့်ရှိရေးစီမံချက်

၅။ ကျေးရွာအဆင့်၌ အသေးစိတ်မှတ်တမ်းတင်မှုများမရှိသောကြောင့် တစ်ရွာချင်းစီအလိုက် ရရှိသောအထောက်အပံ့ တစ်မျိုးစီကို အရေအတွက်သတ်မှတ်ရန်မလွယ်ကူပါ။ ထောက်ပံ့ရေးအမျိုးအစားတစ်ခုစီ၏ ယေဘုယျပမာဏမှာ ကျေးရွာများအချင်းချင်း အမျိုးမျိုး ကွဲပြားလျက်ရှိပါသည်။ သို့ဖြစ်၍ ရရှိသောထောက်ပံရေးအမျိုးအစား၊ အရေအတွက်သည်သာ ပျမ်းမျှထောက်ပံ့ကူညီမှု အတိုင်းအတာအတွက် ဆီလျော်သော တိုင်တာရေးကြားခံဖြစ်နေပါသည်။

### ပုံ ၁။ ကျေးရွာများအထောက်အပံ့များမည်မျှရရှိကြသနည်း။





လေ့လာခဲ့သောရွာ ၄၀ အနက် ၁၄ ရွာမှာ အထောက်အပံ့ရရှိမှုအတိုင်းအတာ မြင့်မားပါသည်။ (အထောက်အပံ့ ၈ မျိုး (သို့) ၉ မျိုး)၊ ၁၈ ရွာမှာ ထောက်ပံ့ရေးကို သင့်တင့်သောပမာဏရရှိပါသည်။ (၆ မျိုး (သို့) ၇ မျိုး)၊ ၇ ရွာမှာ ထောက်ပံ့ရေးကို အနည်းငယ်သာရရှိကြသည်။ (၆ မျိုးအောက်လျော့၊) ငပုတောမြို့နယ်ရှိ ရွာတစ်ရွာသာ မည်သည့်ထောက်ပံ့မှုမျိုးကိုမှ မရရှိခဲ့ကြောင်းတွေ့ရသည်။ ထိုရွာမှာလည်း ဆိုင်ကလုန်းဒဏ်ထိပါးခြင်း မရှိခဲ့သောကျေးရွာဖြစ်သည်။

လိုအပ်နေသောကျေးရွာများသို့ အကူအညီအထောက်အပံ့များရောက်မှ ရောက်ပါ၏လေဟု စိတ်ပူပန်မှုများ ရှိခဲ့ကြသော်လည်း လေ့လာခဲ့သောမုန်တိုင်းဒဏ်ခံကျေးရွာအားလုံး အထောက်အပံ့ ရခဲ့ကြပါသည်။ မလုံလောက်မှုရှိခဲ့သည်ဟု ကျေးရွာသားများမှ ပြောကြားခဲ့သော်လည်း အထောက်အပံ့များ ပြန့်ပြန့်နှံ့နှံ့ရောက်ရှိခဲ့ပါသည်။

## ကျေးရွာများက မည်သည့်အထောက်အပံ့မျိုးကို ရရှိနေပါသနည်း။

အများဆုံးရရှိလေ့ရှိသော ထောက်ပံ့ရေးအမျိုးအစားများမှာ အစားအစာ၊ အိမ်ထောင်သုံးပစ္စည်း၊ အမိုးအကာ နှင့် လယ်ယာသုံးပစ္စည်းများဖြစ်သည်။ (ပုံ ၂) မုန်တိုင်းဒဏ်ခံကျေးရွာအားလုံး အစားအစာရရှိကြပြီး၊ ရွာတစ်ရွာမှအပ ကျန်ရွာအားလုံး အိမ်ထောင်သုံးပစ္စည်းနှင့် အမိုးအကာများ ရရှိခဲ့သည်။ လေ့လာခဲ့သောရွာများအနက် လယ်သမားရှိသောရွာတိုင်း လယ်ယာသုံးပစ္စည်းများ ရရှိကြသည်။

### ပုံ (၂)။ ကျေးရွာများရရှိလျက်ရှိသော အထောက်အပံ့အမျိုးအစားများ



အခြားအထောက်အပံ့များရရှိသောရွာ နည်းပါးပါသည်။ လေ့လာခဲ့သောရွာများ၏ သုံးပုံတစ်ပုံသာ ကျန်းမာရေးအထောက်အပံ့ကို ရရှိပါသည်။ ရေလုပ်သားမရှိသော ရွာ ၂ ရွာအပါအဝင် လေ့လာခဲ့သောရွာထက်ဝက်မှာ ငါးဖမ်းကိရိယာများကို ရရှိခဲ့ပါသည်။ သို့သော် ရေလုပ်ငန်းအဓိကလုပ်ကိုင်သူများစွာ နေထိုင်ကြသော မုန်တိုင်းဒဏ်ခံကျေးရွာ ၆ ရွာသည် ငါးဖမ်းကိရိယာထောက်ပံ့မှု တစ်စုံတစ်ရာ မရရှိခဲ့ကြပါ။[၆] ရရှိသော အထောက်အပံ့အချို့မှာလည်း ဒေသလိုအပ်ချက်နှင့် ဆီလျော်မှုမရှိသည်ကိုလည်း တွေ့ရှိရသည်။ ရွာသားများပြောပြချက်အရ အထောက်အပံ့ရရှိသောကျေးရွာအားလုံးတွင် ရရှိသောအထောက်အပံ့ပမာဏနှင့် အကြိမ်အရေအတွက်မှာ နာဂစ်ပြီးစ ကာလထက်စာလျှင် များစွာလျော့နည်းသွားကြောင်း သိရှိရပါသည်။

**သာဓက ၁။ အသုံးမတည့်သောအထောက်အပံ့များ**

ရွာတစ်ရွာကို ပြည်ပထောက်ပံ့သူများက ယာယီတဲနှင့် စောင်များပါဝင်သော အမိုးအကာနှင့် ပစ္စည်းစုံကို ထောက်ပံ့ခဲ့ပါသည်။ PONJA အစီရင်ခံစာအတွက် ကွင်းဆင်းလေ့လာစဉ်က ယာယီတဲများကို ထောင်ထားခြင်းသာတွေ့ရပြီး အသုံးပြုသည်ကို မတွေ့ရပါ။ ရွာသားများက ၄င်းတို့သည် ဝါးကပ်မိုးတဲများတွင်သာ နေထိုင်လိုကြောင်းပြောကြသည်။ လေ့လာရေးအဖွဲ့ အောက်တိုဘာလအနှောင်းပိုင်းတွင် ထိုရွာသို့ ရောက်ရှိသောအခါ ယာယီတဲများကို ထုတ်ပိုးသိမ်းဆည်းထားသည်ကို တွေ့ရသည်။ ပစ္စည်းရရှိသူများက ထိုယာယီတဲများမှာ လေဒဏ်မခံနိုင်ကြောင်း ပြောကြသည်။ ရရှိသောမီးဖိုမှာလည်း လောင်စာဆီမရှိ၍ အသုံးမပြုနိုင်ကြောင်း၊ စောင်မှာလည်း မြစ်ဝကျွန်းပေါ်ရာသီဥတုတွင်အသုံးပြုရန် ထူလွန်းကြောင်း ပြောကြသည်။ ပစ္စည်းစုံထောက်ပံ့မှုနှင့် အတူပါလာသော ကိရိယာတန်ဆာပလာကိုသာ အသုံးပြုနေကြပြီး ယာယီတဲနှင့်တကွ အတူပါဝင်သောပစ္စည်းစုံကိုမူ ရွာသားများက သေသပ်စွာထုတ်ပိုးသိမ်းဆည်းထားကြသည်ကို တွေ့ရှိရပါသည်။

## ကျေးရွာများအထောက်အပံ့ကို မည်မျှမြန်ဆန်စွာရရှိသနည်း။


လေ့လာခဲ့သောမုန်တိုင်းဒဏ်ခံရွာများ၏ ၈၀% မှာ အထောက်အပံ့ကို တစ်လအတွင်း ရရှိကြသည်။ ကျေးရွာများ၏တစ်ဝက်ကျော်မှာ ပထမသီတင်းနှစ်ပတ်အတွင်း ထောက်ပံ့ကူညီမှုများကို ရရှိကြသည်။ (ပုံ ၃) ရွာတစ်ရွာမှအပ ပထမတစ်လအတွင်း ထောက်ပံ့ရေးမရရှိခဲ့ကြသော ကျေးရွာများအားလုံးသည် မုန်တိုင်းဒဏ်ကို အနည်းငယ်သာ ခံစားခဲ့ရသောရွာများဖြစ်သည်။[၇] ပထမတစ်ပတ်အတွင်း ထောက်ပံ့ကူညီမှုရရှိခဲ့သောကျေးရွာများသည် မုန်တိုင်းဒဏ်ဆိုးဆိုးရွားရွားခံခဲ့ရသောရွာများဖြစ်သည်ဟု မဆိုလိုပါ။ မုန်တိုင်းဒဏ်ဆိုးရွားစွာခံခဲ့ရသော ရွာရှစ်ရွာအနက် သုံးရွာတွင်သာ ထောက်ပံ့ကူညီမှုပမာဏများစွာ ရရှိသည်ကို တွေ့ရသည်။ မြို့ပြနှင့်နီးကပ်မှုက ထောက်ပံ့ရေးကို ပိုမိုမြန်ဆန်စွာ ရရှိစေခဲ့သည်။ မြို့နှင့်နီးသောကျေးရွာ ၈ ရွာအနက် ၇ ရွာမှာ တစ်ပတ်အတွင်း ထောက်ပံ့ရေး ရရှိခဲ့သည်ကို တွေ့ရှိရသည်။

---

၆။ အဆိုပါကျေးရွာများတွင် ရွာလူဦးရေ၏အများစုမှာ ရေလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြဖွယ်ရာရှိသည်။ ဥပမာအားဖြင့် ပိုက်လုပ်ပိုက်ပြင်ခြင်းနှင့် ငါးပိ၊ ငံပြာရည်လုပ်ငန်း အဓိက ငါးဖမ်းကိရိယာပြန်လည်အစားထိုးပေးနိုင်ခြင်း မရှိသောကြောင့် တံငါလုပ်ငန်းနှင့် ဆက်နွယ်သည့် အခြားစီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်မှုများ ရှိနေပါသည်။

၇။ ကျေးရွာများကို မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အတိုင်းအတာအလိုက် အမျိုးအစားခွဲခြားသတ်မှတ်ထားပါသည်။ တိုင်းတာရေးစံမှာ လူအသေအပျောက်အရေအတွက် ဖြစ်ပါသည်။ ကျေးရွာတိုင်းလိုလို ရွာရှိအိမ်ခြေအများစု ပြိုကျပျက်စီးခဲ့ရသောကြောင့် အိမ်ခြေပြိုပျက်မှုကို တိုင်းတာရေးစံအဖြစ် သတ်မှတ်ရန်မလွယ်ကူပါ။ အသေအပျောက်ကင်းသောရွာကို အပေါ်ယံမုန်တိုင်းသင့် ကျေးရွာအဖြစ်လည်းကောင်း၊ ရွာလူဦးရေ၏တစ်ရာခိုင်နှုန်းသေပျောက်ခဲ့လျှင် မုန်တိုင်းဒဏ်အနည်းငယ်သင့်သော ကျေးရွာအဖြစ် လည်းကောင်း၊ တစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိသေပျောက်မှုရှိပါက မုန်တိုင်းဒဏ်အတော်အသင့်ဆိုးရွားစွာသင့်ခဲ့သော ကျေးရွာအဖြစ်လည်းကောင်း၊ ငါးရာခိုင်နှုန်းထက်ပို၍ သေပျောက်ခဲ့ပါက မုန်တိုင်းဒဏ်ဆိုးရွားစွာသင့်သော ကျေးရွာအဖြစ်လည်းကောင်း သတ်မှတ်ခွဲခြားခဲ့ပါသည်။

## ပုံ (၃)။ ထောက်ပံ့ရေးမြန်ဆန်နှုန်း




## အဘယ်ကြောင့်အချို့ရွာများက အထောက်ပံ့ပိုရကြသနည်း။

ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏနှင့် ထောက်ပံ့ရေးရရှိမှုပမာဏမှာ များစွာဆက်စပ်မှုရှိပါသည်။ ဇယား (၁) တွင် မြင်ရသည့်အတိုင်း ဆိုးဆိုးရွားရွားထိခိုက်ခံစားခဲ့ရသော ကျေးရွာ ၉ ရွာအနက် ၇ ရွာမှာထောက်ပံ့ရေးပမာဏ မြင့်မားစွာရရှိခဲ့ပြီး၊ ကျန် ၂ ရွာမှာ သင့်တင့်သောထောက်ပံ့ရေးပမာဏကို ရရှိခဲ့ပါသည်။ အသင့်အတင့်မုန်တိုင်းဒဏ် ခံစားခဲ့ရသော ကျေးရွာ ၆ ရွာမှာ သင့်တင့်သော (သို့) မြင့်မားသောထောက်ပံ့မှုပမာဏကို ရရှိခဲ့ကြသည်။

### ဇယား ၁။ ထိခိုက်ပျက်စီးမှုအတိုင်းအတာအလိုက် ထောက်ပံ့ရေးရရှိမှုပမာဏ

| | | ပျက်စီးဆုံးရှုံးမှုပမာဏ | | | |
|---|---|---|---|---|---|
| | | မြင့် | အလယ်အလတ် | နိမ့် | မဆိုစလောက် |
| ထောက်ပံ့ရေးရရှိမှု ပမာဏ | မြင့် | ၇ | ၄ | ၂ | ၁ |
| | အလယ်အလတ် | ၂ | ၂ | ၉ | ၅ |
| | နိမ့် | ၀ | ၀ | ၃ | ၄ |

## ထိခိုက်ပျက်စီးဆုံးရှုံးမှုအတိုင်းအတာ

နာဂစ်ဒဏ်ကို အပေါ်ယံမျှသာ ခံစားခဲ့ရသောကျေးရွာများပင် အထောက်အပံ့ကို ရရှိခဲ့သည်။ အနည်းငယ်သာထိခိုက်ခံစားရသော ကျေးရွာအချို့မှာ အခြားကျေးရွာများထက် ထောက်ပံ့ရေးကို ပိုမိုရရှိခဲ့ကြသည်။ မုန်တိုင်းဒဏ်ကို အသင့်အတင့်၊ ဆိုးရွားစွာ (သို့) နည်းစွာခံစားခဲ့ကြရသောကျေးရွာ ၃ ရွာတွင် ထောက်ပံ့မှုအတိုင်းအတာ မြင့်မားစွာရရှိခဲ့ကြသည်ကို တွေ့ရသည်။ ထိုရွာအားလုံးမှာ မြို့နယ်မြို့တော်များနှင့် နီးကပ်စွာတည်ရှိကြသည်။ ရွာ ၂ ရွာမှာ ကွမ်းခြံကုန်းမြို့နယ်မှဖြစ်ကြပြီး ဖျာပုံမြို့နယ်တွင်တည်ရှိသော ကျန်ရွာတစ်ရွာမှာ လူအသေအပျောက် တစ်ယောက်သာရှိသော်လည်း ထောက်ပံ့ရေးအဖွဲ့အစည်း ၁၁ ခုထံမှ ထောက်ပံ့မှုများစွာရရှိသည်ကို တွေ့ရသည်။

အလွန်ဝေးလံခေါင်သီသောနေရာအချို့မှာ ထောက်ပံ့ကူညီမှု မြင့်မားစွာရရှိခဲ့သော်လည်း အထောက်အပံ့ရရှိမှုနှင့် မြို့နှင့်ဝေးကွာမှုမှာ ဆက်စပ်မှုရှိကြောင်းတွေ့ရသည်။ (ဇယား ၂)" ဆိုးဆိုးရွားရွားထိခိုက်ခံစားခဲ့ရသော

ကျေးရွာ ၉ ရွာအနက် ၂ ရွာသာမြို့နယ်နှင့် နီးကပ်မှုရှိကြောင်းတွေ့ရသည်။ ထောက်ပံ့ရေးပမာဏ မြင့်မားစွာရရှိသော ကျေးရွာများ၏ ထက်ဝက်ကျော်မှာ (၇ ရွာ) မြို့ပြအချက်အချာနှင့်နီးသော နေရာများမှဖြစ်သည်။

### ဇယား ၂။ ဝေးလံခေါင်သီမှုအတိုင်းအတာအလိုက် ထောက်ပံ့ရေးရရှိမှုပမာဏ

| | | လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု | | |
|---|---|---|---|---|
| | | အလွန်ခက်ခဲ | ခက်ခဲ | မခက်ခဲ |
| ထောက်ပံ့ရေးရရှိမှု ပမာဏ | မြင့် | ၂ | ၅ | ၇ |
| | အလယ်အလတ် | ၂ | ၇ | ၉ |
| | နိမ့် | ၂ | ၀ | ၅ |

## ကျေးရွာများဘယ်လောက်မြန်ဆန်စွာ ပြန်လည်ထူထောင်နိုင်ကြသလဲ။

လေ့လာခဲ့သောကျေးရွာများ၏ လေးပုံတစ်ပုံက ၎င်းတို့ကျေးရွာသည် အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်သည်ဟုထင်မြင်ကြသည်။ လေ့လာခဲ့သောကျေးရွာများ၏ တစ်ဝက်နီးပါးက အသင့်အတင့်မြန်ဆန်စွာ ပြန်လည်ထူထောင်နိုင်သည်ဟု ယူဆပြီး၊ ကျန်သုံးပုံတစ်ပုံခန့်က ပြန်လည်ထူထောင်နိုင်မှုနှေးကွေးသည်ဟု ယူဆကြသည်။ (ဇယား၃)[၉] မြို့ပြနှင့်နီးကပ်သော ကျေးရွာများမှာ သိသိသာသာမြန်ဆန်စွာ ပြန်လည်ထူထောင်နိုင်သည်ကို တွေ့ရသည်။ လယ်ယာလုပ်ငန်း အဓိကလုပ်ကိုင်သော ကျေးရွာများမှာ ရေလုပ်ငန်းဖြင့် အသက်မွေးသောရွာများထက် ပြန်လည်ထူထောင်နိုင်မှု နှေးကွေးပုံရသည်။ လယ်လုပ်ငန်းကျေးရွာအားလုံးသည် အထောက်အပံ့များ ရရှိခဲ့ကြသည်။ ၎င်းအနက်ထိခိုက်မှုနည်းသောရွာ (၂) ရွာမှာ အထောက်အပံ့ရရှိမှု နည်းပါးခဲ့သည်။[၁၀]

၈။ ရေကြောင်းကုန်းကြောင်းဖြင့်သွားလျှင် နှစ်နာရီခရီးပင်မရှိသော ကျေးရွာများကို ခရီးနီးသောကျေးရွာများအဖြစ် ယေဘုယျအားဖြင့်သတ်မှတ်ပါသည်။ နှစ်နာရီမှသုံးနာရီကြာခရီးရှိလျှင် ဝေးလံသောကျေးရွာများအဖြစ်လည်းကောင်း၊ သုံးနာရီထက်ပို၍ ခရီးရှိသော ရွာများကို အလွန်ဝေးလံသောရွာများအဖြစ်လည်းကောင်း သတ်မှတ်ပါသည်။ လေ့လာခဲ့သော ရွာများအနက် အဝေးလံဆုံးမှာ ခုနစ်နာရီကြာခရီးရှိပါသည်။

၉။ အကြောင်းအရာမျိုးစုံကို ထည့်သွင်းစဉ်းစားရမည့်သဘောရှိသောကြောင့် ပြန်လည်ထူထောင်နိုင်မှုမြန်ဆန်နှုန်းကို တိကျစွာတိုင်းတာနိုင်ရန် မလွယ်ကူပါ။ ဥပမာအားဖြင့် အချို့ကျေးရွာများ၌ ကျေးရွာအိမ်ခြေအများစုမှာ ပြန်လည်ပြင်ဆင်ပြီးစီးခဲ့သော်လည်း အဓိကအသက်မွေးမှုလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးနှင့်ပါတ်သက်၍ ပြဿနာများစွာရှိနေပါသည်။ အသက်မွေးမှုလုပ်ငန်း ပြန်လည်ထူထောင်နိုင်သော ကျေးရွာများတွင်လည်း အခြားအခက်အခဲပေါင်းများစွာကို ရင်ဆိုင်နေရသည်။ ယခုပြန်လည်ထူထောင်နိုင်မှုအမြန်နှုန်းကိုတိုင်းတာမှုမှာ ပြန်လည်ထူထောင်နိုင်ရေးဆိုင်ရာ အခြေခံအချက်အလက်များစွာကို ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်ပါသည်။ သုတေသနပြုအဖွဲ့များမှာ မိမိတို့ရွာ၏ပြန်လည်ထူထောင်နိုင်မှုအပေါ် ရွာသားများ၏အမြင်နှင့်ခံစားချက်ကို မေးမြန်းရယူပါသည်။ ထို့နောက်သုတေသနပြုအဖွဲ့များသည် မိမိတို့မျက်မြင်တွေ့ရှိချက်ဖြင့် ချိန်ဆသုံးသပ်မှုပြုပါသည်။ ထို့ပြင်အခြားအဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်၍ အဆင့်ခွဲခြားသတ်မှတ်ခြင်းကို တစ်ပြေးညီရှိစေရေးရန် ဆောင်ရွက်ပါသည်။

၁၀။ လယ်ယာလုပ်ငန်းလုပ်ကိုင်သောရွာများမှာ ပြန်လည်ထူထောင်မှုမစတင်နိုင်မီ ရိတ်သိမ်းရန်အတွက် စောင့်ဆိုင်းရပါသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများမှာ ပြန်လည်ထူထောင်မှုမစတင်မီကပင် ငါးဖမ်းခြင်းကို ပြုလုပ်နိုင်ကြသည်။ လှေမရှိ၍ ကမ်းဝေးငါးဖမ်းမှု မလုပ်နိုင်ပါက ကမ်းနီးငါးဖမ်းမှု ပြုလုပ်ကြသည်။

**ဇယား ၃။ အဓိကအသက်မွေးမှုလုပ်ငန်းအလိုက် ပြန်လည်ထူထောင်နိုင်မှုအမြန်နှုန်း**

| | | ပြန်လည်နလန်ထူနိုင်မှု | | |
|---|---|---|---|---|
| | | မြန် | အလယ်အလတ် | နှေး |
| သက်မွေးလုပ်ငန်း | လယ်လုပ်ငန်း | ၄ | ၆ | ၆ |
| | ရေလုပ်ငန်း | ၂ | ၆ | ၃ |
| | မြို့ဆင်ခြေဖုံး | ၂ | ၅ | ၁ |
| | အထိန်း | ၂ | ၀ | ၂ |

ပြန်လည်ထူထောင်နိုင်မှုမြန်ဆန်နှုန်းသည် အထောက်အပံ့ရရှိမှုထက် ထိခိုက်ပျက်စီးဆုံးရှုံးမှု အတိုင်းအတာ အပေါ်ပို၍ မူတည်သည်။ ဇယား (၄) တွင် တွေ့မြင်ရသည့်အတိုင်း ကျေးရွာ ၁၀ ရွာသည် လျင်မြန်စွာပြန်လည် ထူထောင်နိုင်ကြသည်။ ထိုကျေးရွာ ၁၀ ရွာအနက် ၈ ရွာမှာ အသင့်အတင့် (သို့) အနည်းငယ်သာ ထိခိုက်ပျက်စီး ဆုံးရှုံးမှုကို ခံစားရကြောင်းတွေ့ရသည်။

**ဇယား ၄။ ထိခိုက်ပျက်စီးဆုံးရှုံးမှုအတိုင်းအတာအလိုက် ပြန်လည်ထူထောင်နိုင်မှုအခြေအနေ**

| | | ပြန်လည်ထူထောင်မှုနှုန်း | | |
|---|---|---|---|---|
| | | မြန် | အလယ်အလတ် | နှေး |
| ပျက်စီးဆုံးရှုံးမှု ပမာဏ | မြင့် | ၁ | ၅ | ၃ |
| | အလယ်အလတ် | ၁ | ၂ | ၃ |
| | နိမ့် | ၅ | ၈ | ၁ |
| | မဆိုသလောက် | ၃ | ၂ | ၅ |

ကွဲလွဲချက်တစ်ခု ရှိနေသည်။ စုစုပေါင်းပမာဏကိုကြည့်လျှင် ထောက်ပံ့ရေးရရှိမှုပမာဏနှင့် ပြန်လည် ထူထောင်နိုင်မှုမြန်ဆန်နှုန်းတို့၏ဆက်စပ်မှုမှာ မခိုင်လုံကြောင်းတွေ့ရသည်။ (ဇယား ၅) သို့သော် ထောက်ပံ့ရေး ကြောင့် အကျိုးသက်ရောက်မှုများစွာ အမှန်တကယ်ရှိပါသည်။ ဆိုးဆိုးရွားရွားထိခိုက်ခံစားခဲ့ရသော ရွာတစ်ရွာသည် ထောက်ပံ့ရေးပမာဏ မြင့်မားစွာရရှိပြီး လျှင်မြန်စွာပြန်လည်ထူထောင်နိုင်ခဲ့ကြောင်းတွေ့ရသည်။

**ဇယား ၅။ ပြန်လည်ထူထောင်နိုင်မှုအပေါ် ထောက်ပံ့ရေး၏အကျိုးသက်ရောက်မှု**

| | | ပြန်လည်ထူထောင်မှုနှုန်း | | |
|---|---|---|---|---|
| | | မြန် | အလယ်အလတ် | နှေး |
| ထောက်ပံ့ရေးရရှိမှု ပမာဏ | မြင့် | ၁ | ၅ | ၃ |
| | အလယ်အလတ် | ၁ | ၂ | ၃ |
| | နိမ့် | ၅ | ၈ | ၁ |

သို့သော် ယခုလက်ရှိရရှိနေသော ထောက်ပံ့မှုပမာဏဖြင့် ဆိုးရွားစွာ (သို့) အတော်အတန် ထိခိုက်ပျက်စီး ခဲ့သောကျေးရွာများအဖို့ လျင်မြန်စွာပြန်လည်ထူထောင်နိုင်ရန် မဖြစ်နိုင်ပေ။ ထောက်ပံ့ရေးအမျိုးအစားအုပ်စု ၆ မျိုးစလုံးရရှိသည်ဟုဆိုလျှင်ပင် တစ်မျိုးစီအတွက်ရရှိသောပမာဏမှာ လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်စေရန် များစွာ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

## ၂။ လိုအပ်ချက်များ၊ အားနည်းချက်များနှင့် လစ်ဟင်းမှုများ

### ရွာသားများ၏လိုအပ်ချက်များနှင့် ယင်းလိုအပ်ချက်ပြောင်းလဲနေပုံ

ရွာသားများနှင့် တွေ့ဆုံမေးမြန်းချက်များအရ ဆိုင်ကလုန်းပြီးပြီးချင်းကာလ လိုအပ်ချက်များမှာ အစားအစာ၊ အမိုးအကာ၊ ရေ၊ ဆေးဝါးနှင့် အိုးခွက်ပန်းကန်၊ ခြုံစောင်နှင့်ဖျာ အစရှိသော အိမ်ထောင်သုံးပစ္စည်းများဖြစ်ကြောင်း သိရသည်။ အထက်တွင်ဖော်ပြထားသည့်အတိုင်း သောက်သုံးရေနှင့်သန့်ရှင်းမှုအထောက်အပံ့မှလွဲ၍ အခြားထောက်ပံ့ရေးပစ္စည်းအားလုံးကို ကျေးရွာအများစု ရရှိခဲ့ကြသည်။ အရေးပေါ်အကူအညီနှင့် ကိုယ်ထူကိုယ်ထ ပြန်လည်ထူထောင်ရေး ဦးဆောင်လှုပ်ရှားမှုများပေါင်း၍ နာဂစ်ပြီးပြီးချင်းကာလ မလိုလားအပ်သော လူသေပျောက်မှုကိစ္စရပ်များကို ထိရောက်စွာတားဆီးနိုင်ခဲ့ကြောင်း ရွာများသို့ လက်တွေ့ကွင်းဆင်းလေ့လာမှုအရ သိရှိရသည်။

စားနပ်ရိက္ခာထောက်ပံ့မှုမှာ နာဂစ်အပြီး ရွာသားများအသက်ရှင်ရပ်တည်နိုင်ရေးအတွက် များစွာအထောက်အကူဖြစ်ခဲ့ပြီး ယခုကွင်းဆင်းလေ့လာချိန်၌ပင် အချို့ရွာများအတွက် စားနပ်ရိက္ခာထောက်ပံ့မှုမှာ အရေးပါလျက်ရှိဆဲဖြစ်ကြောင်း တွေ့ရှိရသည်။ လေ့လာခဲ့သော ကျေးရွာအများစုတွင် စားနပ်ရိက္ခာထောက်ပံ့မှုမှာ မကြာသေးမီကာလအတွင်း များစွာလျော့နည်းသွားကြောင်းသိရသည်။ စားနပ်ရိက္ခာပေးဝေမှု စတင်လျှော့ချစပြုသောကာလတွင် ဤကွင်းဆင်းလေ့လာမှုပြုခဲ့ခြင်းဖြစ်၍ ယခုကဲ့သို့ရိက္ခာထောက်ပံ့မှုများလျှော့ချခြင်းကြောင့် ကျေးရွာများ၏ စားနပ်ရိက္ခာဖူလုံမှုအပေါ် အကျိုးသက်ရောက်မည်ကိုဖော်ပြရန် မဖြစ်နိုင်ပါ။[၁၁] ပြန်လည်ထူထောင်နိုင်မှုနှေးကွေးသော ကျပန်းအလုပ်သမားများမှာမူ စားနပ်ရိက္ခာပြဿနာမှာ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

အချိန်နှင့်အမျှ လိုအပ်ချက်များပြောင်းလဲလျက်ရှိသည်။ လေ့လာခဲ့သော ရွာ ၄၀ တွင် ရွာသားအများစုမှာ မိမိတို့၏နေအိမ်များကို ပြန်လည်တည်ဆောက်ပြီးဖြစ်သည်။ သို့သော် အိမ်အများစုမှာ ယခင်ကထက်ပို၍ အခြေအနေနိမ့်ကျသွားကြသည်။[၁၂] ဒေသခံပုဂ္ဂလိကအလှူရှင်များ၏ ထောက်ပံ့မှုကို တစ်ခါတစ်ရံရတတ်သော်လည်း နေအိမ်အများစုကို ကျေးရွာ၏ဦးဆောင်လှုပ်ရှားမှုဖြင့်သာ ပြန်လည်တည်ဆောက်ထားကြခြင်းဖြစ်သည်။ ကျန်းမာရေးလိုအပ်ချက်များ ကျန်ရှိနေဆဲဖြစ်ပြီး နာဂစ်မဖြစ်ခင်ကပင် ထိုလိုအပ်ချက်များ ရှိနေခြင်းဖြစ်သည်။ ကျောင်းအတော်များများမှာ ပြန်လည်တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဖြစ်ကြကာ ကျောင်းအလှူရှင်အများစုမှာ ဒေသခံပုဂ္ဂလိက ထောက်ပံ့သူများဖြစ်ကြသည်။[၁၃]

အခြားလိုအပ်သောအကူအညီများတွင် သောက်ရေသန့်ရရှိရေးသည်လည်း အပါအဝင်ဖြစ်ပါသည်။ စစ်တမ်းကောက်ယူခဲ့သောရွာများအနက် တစ်ဝက်ခန့်မှာ ရေသို့ အခြားသန့်ရှင်းရေးအသုံးအဆောင်များ အထောက်အပံ့ရရှိကြသော်လည်း ဧရိယာတစ်ခုလုံးအတိုင်းအတာဖြင့် လိုအပ်ချက်များစွာ ရှိနေပါသေးသည်။ ရွာသားများက ၄င်းတို့၏အနီးပတ်ဝန်းကျင်မှ ရေရရှိရာအရင်းအမြစ်များကို ပြန်လည်သန့်စင်ကောင်းမွန်လာရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ကြသော်လည်း အချို့ကျေးရွာများရှိရေများမှာ ဆားငန်ဓာတ် မပျောက်တတ်သေးပေ။ အကျိုးဆက်မှာ လာမည့်နွေရာသီတွင် သောက်ရေအလွန်ရှားပါးခြင်းနှင့် ကြုံတွေ့ရဖွယ် ရှိသည်။[၁၄]

---

၁၁။ ရိက္ခာထောက်ပံ့မှု လျှော့ချလိုက်ခြင်းကြောင့် အချို့ထိခိုက်လွယ်လူထုအတွက် ငတ်မွတ်မှုမှာ နာဂစ်လွန်ကာလကထက်ပင်လျှင် ပိုမိုကြီးကျယ်သော ပြဿနာတစ်ရပ်ဖြစ်လာနေသည်။ နာဂစ်လွန်ကာလ ပုံမှန်သုံးသပ်ချက်အစီရင်ခံစာ (၁) ကလည်း ဤအချက်ကို ဖြစ်လာနိုင်ဖွယ်ရာရှိသော ပြဿနာတစ်ခုအဖြစ် တင်ပြခဲ့သည်။

၁၂။ နာဂစ်လွန်ကာလ ပုံမှန်သုံးသပ်ချက် အစီရင်ခံစာ အမှတ် (၁) မှ ဒေသ ၁၀၈ ခုအနက် လေ့လာခဲ့သော ၄၅% တွင် ၅% ထက်ပိုသော အိမ်ထောင်စုများမှာ ယာယီပလပ်စတစ်အမိုးအကာအိမ်များတွင် နေကြသည်။

၁၃။ သုတေသနအဖွဲ့၏လေ့လာတွေ့ရှိချက်အရ ယာယီကျောင်းအများစုမှာ မိုးသည်းထန်စွာရွာသောအချိန်ထိ ဆက်လက်ဖွင့်လှစ်ဆဲဖြစ်သည်။

၁၄။ သုတေသနပြုလုပ်ချိန်မှာ ခြောက်သွေ့ရာသီအစ၌ဖြစ်သည်။ ထိုအချိန်၌ လူများသည် မြေအိုး၊ ပလပ်စတစ်အိုးများဖြင့် စုဆောင်းထားသောမိုးရေကို ဆက်လက်သုံးစွဲဆဲဖြစ်သည်။ ထို့ကြောင့် လာမည့်အချိန်တိုကာလအတွင်း ပေါ်ပေါက်လာနိုင်သော ရေပြဿနာကို ခန့်မှန်းရန် ခက်ခဲလျက်ရှိသည်။

ရွာသားအများအပြားတွင် မုန်တိုင်းကပေးသော စိတ်ဒဏ်ရာဒဏ်ချက်များ ကျန်ရစ်ခဲ့သည်။ [၁၅] နောက်ထပ်တစ်ဖန် မုန်တိုင်းတိုက်လာမည်ကို စိုးထိတ်နေကြကာ မိုးအုံ့ပြီး မိုးသည်းထန်မည့် အရိပ်အယောင်ကိုတွေ့ ယုံမျှနှင့်ပင် အမိုးအကာရှာဖွေခိုအောင်းနေကြဆဲဖြစ်သည်။ ထိုကဲ့သို့ ထိတ်လန့်မှုများက အလွန်အမင်းစိတ်ဓာတ်ကျဆင်းခြင်းနှင့် အခြားလူမှုရေးပြဿနာများသို့ ဦးတည်သွားစေသည်။ (သာဓက ၂) ကိုကြည့်ပါ။ အလုပ်အကိုင်မရှိခြင်းက ထိုအခြေအနေကို ပိုဆိုးသွားစေသည်။ အလုပ်အကိုင်မရှိသောကြောင့် မုန်တိုင်းအတွင်းက ကြုံခဲ့ရသော အနိဋ္ဌာရုံများနှင့် ဆုံးရှုံးခဲ့ရသော သံယောဇဉ်တွယ်ရသူများ၏အကြောင်းကို မိတ်ဆွေများ၊မိသားစုဝင်များကြား ပြန်ပြောင်းအောင့်မေ့၍ သတိတရပြောဆိုနေရန် အချိန်ပိုရလာကာ စိတ်ဆင်းရဲမှုကို ပို၍ဖြစ်စေပါသည်။ ထိုအခြေအနေက ၄င်းတို့အလုပ်လုပ်နိုင်မှုစွမ်းရည်ကို ယခင်ကထက်ပို၍ ကျဆင်းသွားစေသည်။ [၁၆] ပိုဆိုးသည်မှာ စစ်တမ်းကောက်ယူခဲ့သောရွာများအားလုံးတွင် တစ်ရွာတစ်လေကမျှ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေး အကူအညီများမရခဲ့ကြပါ။

## သာဓက ၂။ နာဂစ်ကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ရခြင်း

ဘိုကလေးမြို့နယ်ရှိ အပျက်အစီးများသော ကျေးရွာတစ်ခုတွင်နေထိုင်သည့် အသက် ၆၀ အရွယ်ရှိ အဘိုးအိုတစ်ဦးသည် မုန်တိုင်းအတွင်း၌ ဇနီးသည်၊ သားတစ်ဦးနှင့်မြေးသုံးဦးတို့ကို ဆုံးရှုံးခဲ့ရသည်။ ၄င်းအနေဖြင့် ထိုမိသားစုဝင်များ၏အလောင်းကိုလည်း စနစ်တကျသင်္ဂြိုလ်ခြင်း မပြုနိုင်ခဲ့ပေ။ စိတ်ဆင်းရဲမှုကိုအကြောင်းပြု၍ အရက်ဖြင့်စိတ်ထွက်ပေါက်ရရန်ကြိုးပမ်းခဲ့ရာ အခြေအနေပိုဆိုးလာခဲ့ပြီး နောက်ဆုံးတွင်မိမိကိုယ်ကို အဆုံးစီရင်ရန် ကြိုးပမ်းသည်အထိ ဖြစ်လာသည်။ သို့သော် မြေးတစ်ဦးက အဘိုး၏လုပ်ရပ်ကိုသတိထားမိပြီး အချိန်မှီကယ်ဆယ်နိုင်ခဲ့သည်။ ထိုအချိန်မှစ၍ နီးစပ်သောဆွေမျိုးများ၏ အရေးယူစောင့်ရှောက်မှုဖြင့် ၄င်း၏အခြေအနေမှာ တဖြည်းဖြည်း တိုးတက်လာခဲ့ပြီးဖြစ်သည်။

ဘိုကလေးမြို့ရှိ အခြားကျေးရွာတစ်ခုတွင်လည်း ကြေကွဲဖွယ်နှစ်လောင်းပြိုင်လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့ပါသည်။ ရွာသားတစ်ဦးမှာ မုန်တိုင်းအတွင်း၌ ၄င်း၏မိခင်၊ ဇနီးနှင့် ရင်သွေးကို ဆုံးရှုံးခဲ့ရသည်။ နာဂစ်မုန်တိုင်းပြီးလျှင်ပြီးချင်း သေဆုံးသူများ၏အလောင်းကို အခြားတွေ့ရှိရသော အလောင်းများကြား၌ လိုက်လံရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေစဉ် ရွာသားတစ်ယောက်က ငါးရှာနေသလား၊ ဟင်းစားလိုလျှင်လည်း ငါးနှစ်ကောင်ပေးမည်ဟုဆို၏။ ထိုသူများ၏ဆိုလိုရင်းမှာ မုဆိုးဖိုကို အလောင်းနှစ်လောင်းပေးမည်ဟု ကျီစယ်လိုက်ခြင်းဖြစ်သည်။ ထိုသို့မလျော်ကန်သော ကျီစယ်မှုကြောင့် မုဆိုးဖိုမှာ ဒေါသထွက်သွားပြီး ညနေနေညိုချိန်၌ အရက်နှင့် မိတ်ဆွေအချို့၏ မြှောက်ပေးမှုကြောင့်သွေးကြွလာပြီး ဒေါသအရှိန် ပိုမြင့်လာကာ ၄င်းကို စနောက်ခဲ့သောသူထံသွား၍ လည်မျိုကိုလှီးပစ်လိုက်သည်။ တစ်ဆက်တည်းတွင် ထိုသေဆုံးသူ၏ယောက္ခမကိုပါ သတ်ပစ်လိုက်ရာ နှစ်လောင်းပြိုင်လူသတ်မှုဖြင့် ယခုအခါ ထောင်ဒဏ်ကျခံနေရသည်။

စစ်တမ်းကောက်ယူခဲ့သောရွာများတွင် ရွာသားများက ၄င်းတို့၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် အထောက်အကူဖြစ်နိုင်မည့် အကူအညီအမျိုးအစားများကို ဦးစားပေးတင်ပြကြပါသည်။ သုတေသနပြုစဉ်ကာလအတွင်း ၄င်းတို့၏အရေးအကြီးဆုံး လိုလားချက်မှာ လယ်သမား၊ ရေလုပ်သားများနှင့် အလုပ်သမားလူတန်းစားများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအထောက်အကူများနှင့် ကျေးရွာလုံးဆိုင်ရာ အများပိုင်ပစ္စည်းများ ပြန်လည်ထူထောင်ရေး လိုအပ်ချက်များဖြစ်ကြသည်။ လယ်သမားများအတွက် အဓိကတောင်းဆိုသောအကူအညီများမှာ ဒီဇယ်ဆီ၊ ဓာတ်မြေသြဇာ၊ ထွန်စက်၊

---

၁၅။ နာဂစ်ဖြစ်ပွားပြီး ၂ လအကြာတွင် လေ့လာခဲ့သောဒေသများ၏ ၂၃ ရာခိုင်နှုန်းသောအိမ်ထောင်စုများသည် နာဂစ်မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသောစိတ်ပိုင်းဆိုင်ရာပြဿနာများ ခံစားကြရသည်။ PONJA စာတမ်းမှလည်း ဤအချက်ကို တင်ပြဆွေးနွေးခဲ့သည်။

၁၆။ လူမှုဘဝအပေါ် အကျိုးသက်ရောက်မှု လေ့လာရေးအဖွဲ့၏ ပြောကြားချက်အရ နာဂစ်မုန်တိုင်းအပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွင် အသက်ရှင်လျက်ကျန်ခဲ့သောလူများသာမက ကျွဲနွားများပါ ပါဝင်သည်။ တိရစ္ဆာန်များသည် မိုးရိပ်လေရိပ်မြင်လျှင် ကြောက်လန့်၍ အလုပ်ပင် ဆက်၍မလုပ်နိုင်တော့ပေ။

ခိုင်းကျွဲခိုင်းနွားများ၊ ငွေအရင်းအနှီးနှင့် မျိုးစေ့တို့ ဖြစ်ကြသည်။ ရေလုပ်သားများအဓိကထားတင်ပြကြသော လိုအပ်ချက်များမှာ လှေ၊ ငါးဖမ်းပိုက်၊ မြှုံး အစရှိသည့် ငါးဖမ်းကိရိယာများနှင့် ငွေအရင်းအနှီးတို့ဖြစ်ကြသည်။ အလုပ်သမားများကမူ အစားအသောက်၊ ကြက်ဘဲအစရှိသည့် မွေးမြူရေးတိရစ္ဆာန်များနှင့် ဝင်ငွေရရှိသော အလုပ်အကိုင်တို့ဖြစ်ကြသည်။ ရွာသားများမှာ ကျေးရွာလုံးဆိုင်ရာ အများပိုင်ပစ္စည်းများ ပြန်လည်ထူထောင်ရေးကိုလည်း အဓိကထား တောင်းဆိုကြပါသည်။ အထူးအဖြင့် ရေတွင်းရေကန်များ၊ ဘုန်းကြီးကျောင်းများ၊ တာဘောင်များ၊ စာသင်ကျောင်းများ (ထိုအဆောက်အဦးများ အများအပြားအသုံးပြု၍ရယုံ ပြန်လည်ပြုပြင်ပြီး ဖြစ်သော်လည်း) ပြန်လည်တည်ဆောက်ရန်၊ ပြုပြင်ရန် အကူအညီများကို ဦးစားပေးတင်ပြလာကြပါသည်။

ရွာများကိုပေးအပ်နိုင်ခဲ့သော အထောက်အပံ့ပမာဏမှာ နည်းလွန်းသည့်အတွက်ကြောင့် ဒေသခံများ၏ အခြေခံလိုအပ်ချက်ကိုပင် လုံလောက်အောင် ဖြည့်စွမ်းပေးနိုင်ခြင်းမရှိကြောင်းကို စစ်တမ်းကောက်ယူခဲ့သော ရွာများအားလုံး၌ တွေ့ရပါသည်။ နေရာအတော်များများ၌ အထောက်အပံ့ပေးမှုများကို ပုံစံမျိုးစုံဖြင့်တွေ့ရသော်လည်း ထိုအထောက်အပံ့များမှာ ဧရိယာတစ်ခုလုံး၌ရှိသော မုန်တိုင်းသင့် ဒေသခံများအားလုံး၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်လောက်သည့်ပမာဏကို လုံးဝပြည့်မှီခဲ့ခြင်း မရှိပေ။ အထောက်အပံ့မလုံလောက်မှုနှင့် ကြန့်ကြာမှုများကို ကျေးရွာသားများမှ မျှဝေသုံးစွဲသည့်စနစ်ဖြင့် ကြိုးစားဖြေရှင်းလျက်ရှိကြောင်းတွေ့ရပါသည်။ အချိန်ကြာလာသည်နှင့်အမျှ အထောက်အပံ့များပေးအပ်နိုင်သည့်ပမာဏနှင့် ပေးနိုင်သည့်ခေါက်ရေများမှာ လျော့ကျလျက်ရှိရာ ချွင်းချက်အဖြစ် ယူဆနိုင်သောဒေသခံအနည်းငယ်မှလွဲ၍ အများစုမှာ ရှိသမျှအင်အားဖြင့် အသက်ရှင်နေထိုင်ရန် ခက်ခက်ခဲခဲ ရုန်းကန်နေကြရပါသည်။

## ဒေသခံများ၏အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူပစ္စည်းများ မည်မျှထိရောက်မှုရှိသနည်း။

ကူညီထောက်ပံ့သူများက ဒေသခံများအတွက် အချို့သောအသက်မွေးဝမ်းကျောင်း အစီအစဉ်များ ဆောင်ရွက်ပေးခဲ့ကြပါသည်။[၁၇] အများအားဖြင့် ဝင်ငွေရရှိစေမည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်ဖြစ်သည်။ သို့ရာတွင် ကူညီနိုင်မှုအတိုင်းအတာမှာ တကယ်လိုအပ်ချက်နှင့် များစွာကွာဟနေရာ ထိရောက်မှု နည်းပါးလှသည်။[၁၈]

## စိုက်ပျိုးရေးထောက်အကူများ

လယ်သမားများမှာမျိုးစေ့၊ ခိုင်းကျွဲနွားနှင့် လက်တွန်းလယ်ထွန်စက်များကို အထောက်အပံ့အဖြစ် ရရှိကြပါသည်။ ထိုသို့လယ်ယာသုံးပစ္စည်းများအကူအညီပေးခြင်းမှာ လယ်သမားများအတွက် အသုံးဝင်ပါသည်။သို့သော် အချို့သော စိုက်ပျိုးရေးအထောက်အကူများမှာမူ အဆင်မပြေကြောင်း တင်ပြလာကြပါသည်။ မျိုးစေ့အကူအညီ ရကြသောလယ်သမားများ တင်ပြလာကြသည့် အဆင်မပြေမှုတွင် ရရှိလာသော မျိုးစေ့များမှာ မြစ်ဝကျွန်းပေါ် ရေမြေသဘာဝနှင့် မသင့်တော်ခြင်း၊ မျိုးမသန့်ခြင်း (မျိုးရောခြင်း)၊ အပင်ပေါက်နှုန်းအားနည်းခြင်းနှင့် စိုက်ပျိုးချိန်အမီ လက်ဝယ်သို့မရောက်ရှိခြင်း တို့ပါဝင်ကြသည်။ လယ်သမားများသည် တစ်ဧကစီ၌ လုံလောက်သောပျိုးပင်များ ရှင်သန်လာရန်အတွက် အနည်းဆုံးသုံးကြိမ်ခန့် ပျိုးကြဲကြရကြောင်း တင်ပြလာပါသည်။ ထိုကဲ့သို့သော အဆင်မပြေမှုများ နေရာအနှံ့အပြား၌ ကြားသိခဲ့ရပါသည်။

၁၇။ အကူအညီပေးသောအဖွဲ့တွင် အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့ (ပြည်တွင်း၊ ပြည်ပ) နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဘာသာရေးအဖွဲ့အစည်းနှင့် တစ်သီးပုဂ္ဂလအလှူရှင်များ ပါဝင်ပါသည်။

၁၈။ ရှေ့တွင်ဆိုခဲ့သည့်အတိုင်း ထောက်ပံ့ပေးသူဟုဆိုရာတွင် ရွာအပြင်မှ ကူညီထောက်ပံ့သူ မည်သူမဆိုပါဝင်သည်။ ဥပမာ – နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တစ်ဦးချင်းအလှူရှင်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များ ပါဝင်သည်။

အကူအညီပေးသူတော်တော်များများက လက်တွန်းလယ်ထွန်စက်များ ပံ့ပိုးကူညီပေးခဲ့ကြပါသည်။ သို့သော် ရွာတော်တော်များများ၌တွေ့ရသည်မှာ အထောက်အပံ့ပေးခဲ့သော လယ်ထွန်စက်၏ဘီးများမှာ မြစ်ဝကျွန်းပေါ်ဒေသ၏ လယ်မြေအနေအထားနှင့် အသုံးမတည့်သဖြင့် လယ်သမားများမှာ ပြန်လဲခဲ့ကြရပြီး ဘီးတစ်စုံလျှင် ပျမ်းမျှ နှစ်သိန်းခန့် ကုန်ကျသူများပင် ရှိခဲ့ကြပါသည်။ အစိုးရမှအရစ်ကျရောင်းချပေးသော ထွန်စက်များကို သုံးနှစ်အတွင်း သုံးကြိမ် ငွေပြန်သွင်းရသည့်စနစ်ဖြင့် ဝယ်ယူနိုင်ကြပါသည်။ သို့သော်ပြဿနာမှာ ထွန်စက်ဝယ်ထားသော လယ်သမားများအနေဖြင့် မည်သည့်အချိန်တွင် ငွေပြန်ပေးရမည်ကိုလည်းကောင်း၊ အတိုးပေးရမည် မပေးရမည်ကို လည်းကောင်း တိတိကျကျမသိကြပါ။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) ကထောက်ပံ့သော လက်တွန်းလယ်ထွန်စက်များမှာ လယ်သမားအစုအဖွဲ့များသို့ ပေးအပ်ကြခြင်းဖြစ်ပါသည်။ သို့သော်ကွင်းဆင်းလေ့လာချက်များအရ လယ်သမားအစုအဖွဲ့အတွင်းမှအဖွဲ့ဝင်များသည် လယ်ထွန်စက်ကို အလှည့်ကျသုံးစွဲရာတွင် အဆင်မပြေမှုများမကြာခဏ ရှိကြောင်းသိရသည်။ ငွေကြေးတတ်နိုင်သောလယ်သမားများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့်ဆက်စပ်နေသူ၊ ထိုအဖွဲ့နှင့် ရင်းနှီးသူများက လယ်ထွန်စက်ကိုသုံးခွင့်ရပြီးမှ ဆင်းရဲသောလယ်သမားများထံသို့ အလှည့်ရောက်လေ့ ရှိပါသည်။

## ရေလုပ်ငန်းအထောက်အပံ့များ

အမျိုးစုံလင်လှသော အကူအညီပေးရေးအစီအစဉ်များက ရေလုပ်သားတို့ကို လှေနှင့် ငါးဖမ်းပိုက်များ ပေးအပ်ခဲ့ကြပါသည်။ သို့သော် ရေလုပ်သားများအနေဖြင့် ၎င်းတို့၏လုပ်ငန်းများကို အပြည့်အဝ ပြန်လည်စတင်နိုင်ရန်အတွက် လိုအပ်သော ပိုက်၊ လှေ၊ စက်နှင့် အခြားကိရိယာများ ပါဝင်သော ငါးဖမ်းပစ္စည်းအစုံလိုက်ကို မည်သည့်တံငါမိသားစုကမှ ရရှိခဲ့ခြင်းမရှိခဲ့ကြောင်း ရေလုပ်သားအားလုံးက တစ်ညီတစ်ညွတ်တည်း ပြောဆိုကြပါသည်။ ရေလုပ်သားများနေထိုင်သော ရွာပေါင်း ၂၆ ရွာတွင် တဝက်ခန့်သာ ရေလုပ်ငန်းသုံးပစ္စည်းအထောက်အပံ့ရရှိကြသည်။ ၎င်းတို့အနက် ရွာအနည်းငယ်ကသာ လှေရောငါးဖမ်းပိုက်ပါ ရရှိကြသည်။ ရေလုပ်ငန်းအထောက်အပံ့ရရှိသော ရွာအားလုံးတွင် ရွာသားများအားလုံးသို့ အစေ့အငထောက်ပံ့ရခဲ့သော ရွာတစ်ရွာမှ မပါဝင်ပါ။ အကျိုးဆက်မှာ တစိတ်တပိုင်းသာ အထောက်အပံ့ရရှိသော ရေလုပ်သားများအနေဖြင့် ငါးဖမ်းထွက်နိုင်ရေးအတွက် အခြားရွာသားများနှင့် ပေါင်း၍ဆောင်ရွက်ကြရသည်။ မိမိတို့ရရှိထားသောခွဲတမ်းများကို အတူအကွသုံးစွဲခြင်း၊ အလှည့်ကျ ငါးဖမ်းခြင်း အစရှိသည့်နည်းလမ်းများသုံး၍ ငါးဖမ်းနိုင်သော်လည်း မိသားစုတစ်ခုစီအတွက်ရရှိသော ငါးအရေအတွက်မှာမူ အများနှင့်ဝေစုခွဲယူရသောကြောင့် နည်းပါးသွားခဲ့သည်။

ရွာတော်တော်များများတွင် ရွာသားများရရှိထားသောလှေများ၏အရွယ်အစား၊ စက်တပ်လှေများ၏အားနှင့် ငါးဖမ်းပိုက်အမျိုးအစားများမှာ ဒေသလိုအပ်ချက်နှင့်မကိုက်ညီကြပါ။ ငါးဖမ်းပိုက်များသည် အများအားဖြင့် ငါးဖမ်းလှေထက်လေးဆခန့် ပိုဈေးကြီးလေ့ရှိရာ ရွာသားများအတွက် ပိုက်ကိုပြန်ဝယ်ဖြည့်ရန်မှာ မတတ်နိုင်သော အနေအထားရှိသည်။ အထူးသဖြင့် တနိုင်ငါးဖမ်းသူများမှာ ထိုစရိတ်ကို မတတ်နိုင်ကြပါ။[၁၉] ထို့ပြင် ရာသီကို လိုက်၍လည်းကောင်း၊ ငါးအမျိုးအစားကိုလိုက်၍လည်းကောင်း၊ ရေလုပ်သားများလိုအပ်သော ငါးဖမ်းပိုက် အမျိုးအစားများ ကွဲပြားပါသည်။ ဤအခြေအနေက ကွင်းဆင်းလေ့လာခဲ့သော တံငါရွာ ၂၆ ရွာအနက် ၈ ရွာသာ လျင်မြန်စွာ ပြန်လည်နာလန်ထူနိုင်သည့်အဖြစ်သို့ တွန်းပို့နေပေသည်။

၁၉။ အကျိုးသက်ရောက်မှုများကိုအပိုင်း (၃) တွင် ပို၍ကျယ်ပြန့်စွာဆွေးနွေးထားသည်။ အသေးစားငါးလုပ်ငန်းဆိုသည်မှာ နေ့စားတံငါများနှင့်အတူ ၎င်းတို့မိသားစုများပါ လုပ်ငန်းတွင်ပါဝင်ပြီး အနီးအနားရေတွင်ဖမ်းကာ ရွာရှိအလယ်လူကုန်သည်ကို ရောင်းချသူဖြစ်သည်။ အလယ်အလတ်နှင့် အကြီးစားတံငါသည်များ၊ ၎င်းတို့၏ခြားနားချက်မှာ အသေးစားတံငါသည်များ စက်လှေများ အသုံးမပြုခြင်းဖြစ်သည်။

## အလုပ်သမားများအတွက်ထောက်ပံ့မှုများ

အလုပ်သမားများလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ရေး ကူညီပေးသည့်အထောက်အပံ့များမှာ နည်းပါးလှသည်။ မုန်တိုင်းပြီးကာစကာလများတွင် အစားအသောက်၊ အမိုးအကာနှင့် အခြားအိမ်အသုံးအဆောင်များကို ရေလုပ်သားများ၊ လယ်သမားများနှင့် အချို့တူ အထောက်အပံ့ရရှိကြပါသော်လည်း ရေရှည်ရပ်တည်နိုင်လောက်သည့် လုပ်ငန်းသုံးပစ္စည်း မရရှိခဲ့ကြပါ။ မြစ်ဝကျွန်းပေါ်ရွာများ၏ စီးပွားရေးတန့်သွားသော အခြေအနေမျိုးတွင် အလုပ်သမားများအနေဖြင့် အရေအတွက်နည်းသွားသော ရာသီပေါ်ကျပန်းအလုပ်သမားများထက်စာလျှင် အရင်းအနှီးအနည်းငယ်ဖြင့် ပုံမှန်ဝင်ငွေရရှိနိုင်သော တနိုင်တပိုင်စီးပွားရေးလုပ်ငန်းကလေးများထူထောင်ရန် ငွေကြေးအထောက်အပံ့လိုအပ်လာကြသည်။

ငွေကြေးအကူအညီသာရရှိပါက ၄င်းတို့အနေဖြင့် အရောင်းအဝယ်လုပ်ခြင်း၊ အသေးစားမွေးမြူရေးလုပ်ငန်းများစတင်ခြင်း၊ တနိုင်ငါးဖမ်းလုပ်ငန်းများစတင်ခြင်း အစရှိသည်တို့ကို လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ သို့သော် ထိုကဲ့သို့သောအထောက်အပံ့များမှာ နည်းပါးလှပြီး အင်အားချိနဲ့သော မိသားစုတော်တော်များများမှာ သက်ဆိုင်ရာမှပေးဝေသည့် ရိက္ခာအထောက်အပံ့များကို အားကိုးနေရဆဲဖြစ်သည်။ စစ်တမ်းကောက်ယူချိန်၌ ထိုရိက္ခာအထောက်အပံ့ပမာဏနှင့် အကြိမ်ရေလည်း လျော့ကျလာခဲ့ပြီ ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရန် နှေးကွေးခြင်းက အခြားလူမှုဘဝများအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိစေခဲ့ပါသည်။ (သာဓက ၃ ကို ကြည့်ပါ။)

### သာဓက ၃။ ကျောင်းစရိတ်မတတ်နိုင်တော့ခြင်း

မော်လမြိုင်ကျွန်းရှိရွာတစ်ရွာတွင် ကျောင်းထွက်လိုက်ရသော ကလေးအရေအတွက်မှာ ယခင်ကထက်ပိုများလာခဲ့သည်။ ဤသို့ကျောင်းထွက်လိုက်ရသူများပြားလာခြင်းမှာ ကျောင်းစရိတ် အကုန်အကျပိုများလာခြင်းကြောင့်မဟုတ်ဘဲ အလုပ်မရှိသောမိဘများအနေဖြင့် အသက်ဆက်နိုင်ယုံရုန်းကန်နေရသောကြောင့် ဖြစ်သည်။ နာဂစ်မဖြစ်ပွားမီနှစ်များတွင် ကျောင်းသို့ပို့ဆောင်ရန် လှေခကိုရှင်းပေးရာ၌ လှေပိုင်ရှင်ကို တစ်နှစ်မည်မျှ စပါးပေးမည်ဟူသော သဘောတူညီချက်ဖြင့် ရှင်းလေ့ရှိကြသည်။ သို့သော် ယခုနှစ်တွင် လှေခပေးရန်အတွက် စပါးမကျန်နိုင်သည်ကို သဘောပေါက်သောမိဘများက ကလေးများကို ကျောင်းမပို့တော့ခြင်း ဖြစ်သည်။

## ငွေသားအထောက်အပံ့

အသက်မွေးဝမ်းကျောင်းမှုများ ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပေးရာတွင် ကျေးရွာရှိ အိမ်ထောင်စုများသို့ ငွေသားအကူအညီပေးခြင်းက အထိရောက်ဆုံးဖြစ်သည်။ စစ်တမ်းကောက်ယူရာတွင် ပါဝင်သော ရွာသားများအားလုံးက ပြောကြားသည်မှာ ၄င်းတို့အနေဖြင့် မရှိမဖြစ်ပစ္စည်းများဝယ်ယူရန်နှင့် ဝင်ငွေရရှိသော လုပ်ငန်းများ ပြန်လည်ထူထောင်ရန် အရင်းအနှီးငွေသား လိုအပ်သည်ဟူ၍ဖြစ်သည်။ ရွာသားများအနေဖြင့် ငွေကိုတကယ်လိုအပ်သည့်နေရာတွင် အသုံးချနိုင်ခြင်းကြောင့် ငွေရလာသောအခါ အိမ်သုံးစရိတ်အတွက် သုံးမည်လော လုပ်ငန်းအရင်းအနှီးအတွက်သုံးမည်လောဟူ၍ ၄င်းတို့အတွက် အကျိုးအရှိဆုံးအသုံးပြုပုံကို ဦးစားပေးစဉ်းစားနိုင်ကြောင်း သိရသည်။ [၂၀]

[၂၀]။ ကွင်းဆင်းလေ့လာသူများ၏တွေ့ရှိချက်အရ လူအချို့၏ရရှိလာသော ထောက်ပံ့ပစ္စည်းများမှာ ၄င်းတို့၏ လိုအပ်ချက်နှင့် မကိုက်ညီ၍ လဲလှယ်ခြင်းရောင်းချခြင်းများ ပြုလုပ်ကြသည်။

သို့သော်လေ့လာခဲ့သောကျေးရွာများ၏ ထက်ဝက်ခန့်သာ ငွေကြေးအထောက်အပံ့ရရှိကြပြီး အချို့ကျေးရွာများမှာမူ ချေးငွေစနစ်ဖြင့် ထောက်ပံ့သောကြောင့် လက်ခံရသူတို့အနေဖြင့် ကြွေးနွံတွင်ပို၍ နစ်လာပါသည်။ ငွေသားအထောက်အပံ့ခွဲဝေပေးရေးနှင့် အထောက်အပံ့ရရှိသင့်သူကို ရွေးချယ်ရေးအတွက် သတ်မှတ်ထားသောစနစ်ကျသည့် လုပ်ထုံးလုပ်နည်းများလည်းမရှိပါ။ ကျေးရွာများတွင် NGO အဖွဲ့အစည်းတစ်ခုက အိမ်ထောင်စုအားလုံးကို မုန်တိုင်းအထိနာသူ၊ မနာသူဟူ၍ မခွဲခြားဘဲ ငွေများပေးဝေသွားခဲ့သည်။ အချို့ရွာများတွင်မူ အလွန်အထိနာသည်ဟုယူဆရသော အိမ်ထောင်စုများကိုသာရွေး၍ ပေးဝေသွားခဲ့သည်။ ရွာသားများမှာ ရရှိသောငွေများကို အိမ်အသုံးအဆောင်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ ငါးဖမ်းကိရိယာများ၊ ဝက်၊ ဘဲ အစရှိသည်များနှင့် အခြားဝင်ငွေ လည်ပတ်နိုင်မည့်လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူရန်သုံးစွဲကြသည်။ ကျေးရွာအချို့တွင်[၂၂] အထောက်အပံ့ရရှိသောငွေများကြောင့် ကုန်ပစ္စည်းဈေးနှုန်း အနည်းငယ်တက်သွားသည်မှအပ ရွာသားများက ငွေသားအထောက်အပံ့ကို အလွန်လိုလားကြောင်း၊ အသုံးတည့်ကြောင်း တင်ပြလာကြပါသည်။

## ကူညီထောက်ပံ့မှုက ကျေးရွာလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသလား။

ယေဘုယျအားဖြင့် ရွာသားများသည် ပေးအပ်သောအထောက်အပံ့များကို လက်ကမ်းကြိုဆိုကြပြီး ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်တတ်ပါ။ စစ်တမ်းကောက်ယူချိန်မတိုင်မီအချိန်ထိ လက်တွန်းလယ်ထွန်စက်များမှလွဲ၍ ပေးအပ်ခဲ့သော အကူအညီအထောက်အပံ့များမှာမွမ်းမံထိန်းသိမ်းရန် မလိုအပ်ပါ။

ရွာသားများသည် NGO များနှင့် ပူးပေါင်းဆောင်ရွက်၍သော်လည်းကောင်း၊ ကိုယ်ထူကိုယ်ထစနစ်ဖြင့်သော်လည်းကောင်း၊ ၎င်းတို့ရပ်ရွာအတွင်းရှိအိမ်များ၊ စာသင်ကျောင်းများ၊ ရေတွင်းရေကန်များ၊ လမ်းများ၊ ရပ်ရွာနှင့်ဆိုင်သော အခြေခံအဆောက်အဦးများကို ပြင်ဆင်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ကျေးရွာအများစုတွင် ထိုကဲ့သို့လုပ်အားပေးရခြင်းမှာ အခမဲ့ဖြစ်ပါသည်။ လုပ်အားခမရသော်လည်း ရွာသားများက ၎င်းတို့ကိုယ်တိုင်နှင့် ရပ်ရွာ၌နာဂစ်အပြီး ကြုံတွေ့ရသော လိုအပ်ချက်များ အလွန်ကြီးမား၍ မိမိအသိစိတ်ဖြင့် ဝင်ရောက်လုပ်အားပေးကြခြင်းဖြစ်သည်။

အချို့အဆင်မပြေသောလူတန်းစားများအတွက်မူ စားဝတ်နေရေး အခက်အခဲရှိခဲ့ပါသည်။ ကွင်းဆင်းလေ့လာမှုများအရ အချို့သောကျေးရွာများတွင် ခပ်စိပ်စိပ်ကျင်းပသော စုပေါင်းအစည်းအဝေးများကို ဝန်ထုတ်ဝန်ပိုးသဖွယ် ထင်မှတ်ကြကြောင်းတွေ့ရသည်။ ရွာတစ်ရွာတွင် အမျိုးသမီးများက အချိန်ကြာသည့်အပြင် မကြာခဏဆိုသလိုကျင်းပလာသော အစည်းအဝေးများကို မပါဝင်လို၍ အသေးစားငွေချေးအစီအစဉ်၏ အဖွဲ့ဝင်များအဖြစ်မှ နုတ်ထွက်လိုက်ကြသည်။

မည်သည့်နေရာ၌မဆို ဘေးအန္တရာယ်ကျရောက်ပြီးနောက်ပိုင်းတွင် ဒေသခံများအနေဖြင့် ရရှိနေသော အထောက်အပံ့များကြောင့် ရေသာခိုခြင်းများ ရှိလာပါသည်။ သို့သော် ယေဘုယျ အားဖြင့်လေ့လာခဲ့သော ကျေးရွာများ၌တွေ့ရှိရသည်မှာ အထောက်အပံ့မှာ ရွာသားများ ရေသာခိုနိုင်လောက်အောင်မများဘဲ မလောက်မငဖြစ်နေခြင်းသာ ဖြစ်သည်။

လူမှုဘဝသက်ရောက်မှု စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ရွာသားများကို ကောင်းကျိုးမပေးသည့်အပြင် ဒုက္ခရောက်စေသောအထောက်အပံ့တစ်ရပ်အကြောင်း ကိုလည်းကြားသိခဲ့ရသည်။ (သာဓက ၄ ကိုကြည့်ပါ။) သို့သော်ဤကဲ့သို့ရွာသားများအကူအညီကြောင့် ဒုက္ခရောက်ရခြင်းမှာ ရှားရှားပါးပါးသီးခြားဖြစ်စဉ်တစ်ခုသာဖြစ်လျက် အများအားဖြင့် ရွာသားများမှာ အကူအညီရရှိသည့်အတွက် ကျေနပ်ကြကြောင်း ပြောကြားကြပါသည်။

---

၂၂။ ဒေးဒရဲမြို့နယ်ရှိ ရွာတစ်ရွာတွင် ဘဲဈေးမှာ ငွေကျပ် ၃,၀၀၀ မှ ၄,၀၀၀ အထိတက်၍ ဝက်ဈေးမှာ ငွေကျပ် ၃၅,၀၀၀ မှ ၄၀,၀၀၀ သို့ အသီးသီးမြင့်မားလာသည်။

**သာဓက ၄။ ။ ရောဂါကြောင့်အကူအညီထောက်ပံ့မှု ထိရောက်မှုမရှိပုံ**

ကျိုက်လတ်မြို့နယ်အတွင်းရှိ ရွာတစ်ရွာ၌ ရွာသားများအတွက် ကူညီထောက်ပံ့သူများက ကြက်များ ဝေပေးသွားသည်။ ရွာရှိအိမ်ထောင်စုသုံးဆယ်စလုံး ကြက်သုံးကောင်နှုန်းဖြင့် ရရှိခဲ့သည်။ အိမ်ထောင်စုတိုင်း အညီအမျှရရှိသောကြောင့် ရွာသားများမှာပျော်ရွှင်ခဲ့ကြသည်။ သို့သော်ပျော်ရွှင်မှုမှာ ကြာကြာမခံ။ ပေးဝေခဲ့သော ကြက်အချို့မှာကြက်နာကျကာ သေဆုံးသွားကြသည်။ ထို့နောက် ရွာသားများ မူလကတည်း ပိုင်ဆိုင်သောကြက်များကိုပါ ကူးစက်၍ အများအပြား သေဆုံးသွားကြသည်။ ရွာသားများအားလုံးမှာ စုစုပေါင်း ကြက် ၉၀ ကောင် ရရှိခဲ့သော်လည်း ထိုအရေအတွက်မက ဆုံးရှုံးလိုက်ရသည်။

**ကူညီထောက်ပံ့မှုများက နောင်ဖြစ်လာနိုင်သည့်ဘေးအန္တရာယ်ဆိုးများကြောင့် ဒေသခံများ ဒုက္ခရောက်စေနိုင်သည့်အတိုင်းအတာကို လျှော့ချပေးနိုင်ပါသလား။**

စစ်တမ်းကောက်ယူခဲ့သောရွာများ၌ နောင်ဖြစ်လာနိုင်သည့်ဘေးဆိုးကပ်ဆိုးများမှ ကြိုတင်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်ဆိုးလျှော့ချရေး အစီအစဉ်များ ပေါ်ပေါက်လာခဲ့ခြင်း မရှိကြောင်းတွေ့ရသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများနှင့် ကျေးရွာခေါင်းဆောင်များက ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိအမြင်နိုးကြားလာအောင် ဆောင်ရွက်ခဲ့ပါသည်။ NGO များကလည်း သက်ကြီးရွယ်အိုများအပါအဝင် ရွာသားများ၌ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိအမြင်များ နိုးကြားလာစေရန်ဆောင်ရွက်နေကြသည်။ သို့သော် သက်ဆိုင်ရာတို့၏ ကြိုးပမ်းအားထုတ်မှုများမှာ ဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အမူအကျင့်များ သိသိသာသာပြောင်းလဲသွားခြင်း မရှိသေးပါ။ ထို့အတူ အနာဂတ်တွင် ဘေးဆိုးများကို တုန့်ပြန်ရင်ဆိုင်ရန် ဗျူဟာများချမှတ်ရာတွင်လည်းကောင်း ထူးထူးခြားခြားပြောင်းလဲမှု မရှိပါ။

စစ်တမ်းတွင်ဖြေကြားခဲ့သော ရွာသားအများစုက ဘေးဆိုးများကို ကြိုတင်ကာကွယ်ရေးဆိုသည်ကို ၄င်းတို့အနေဖြင့် မတတ်နိုင်သောအရာတစ်ခုအဖြစ် ရှုမြင်ကြပြီး အထူးသဖြင့် ယခုကဲ့သို့ ခက်ခဲသောကာလတွင် နောင်ဖြစ်လာမည့်အရေးကိုကာကွယ်ရန် ပစ္စည်းအင်အား၊ လူအင်အားမပြည့်စုံဟု လက်ခံထားကြသည်။ ခြွင်းချက်အနေဖြင့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်ထူကိုယ်ထဆောင်ရွက်ကြသော ရွာသားအချို့ရှိပါသည်။ ကျေးရွာသုံးခု၌ ရွာသားများကရေမြင့်တက်လာလျှင် မိမိတို့မိသားစုများ တက်ရောက်နေထိုင်နိုင်ရန် သစ်သားစင်မြင့်များတည်ဆောက်ခြင်း၊ ကြိုးများ၊ လက်နှိပ်ဓာတ်မီးများ အစရှိသည့် အရေးပေါ်လိုအပ်လေ့ရှိသည့်ပစ္စည်းများကို အဆင်သင့်ပြင်ဆင်ထားခြင်း၊ ရေပေါ်ပေါ်လောမျောနိုင်သော ပလပ်စတစ်ပုံးလွတ်များကို ရေကြီးလျှင် ဖက်တွယ်ရာအဖြစ် အသုံးပြုနိုင်ရန် ဆောင်ထားခြင်းအစရှိသည့် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားကြသည်။ ထီထွင်ကြံဆမှုအားသန်သော ရွာသားအချို့ကမူ ၄င်းတို့၏အိမ်များကို ခိုင်မာသောသစ်ပင်ကြီးများနှင့် ပူးချည်ထားခြင်း၊ အရေးကြီးသောစာရွက်စာတမ်းများနှင့် ရိက္ခာများကို ပလပ်စတစ်အိတ်အတွင်းထည့်၍ မြေကျင်းထဲ၌ မြှုပ်ထားခြင်းတို့ကို ပြုလုပ်ထားသည်။ မည်သို့ပင်ဖြစ်စေ သွားရောက်ခဲ့သောရွာများအားလုံးနီးပါး၌ နောင်ဖြစ်လာမည့် ဘေးအန္တရာယ်ဆိုးများကြောင့် ဒုက္ခရောက်နိုင်ခြေအတိုင်းအတာကို လျှော့ချနိုင်ရေးမှာ ရွာသားများ၏ဦးစားပေး လုပ်ငန်းမဟုတ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ၄င်းတို့အဖို့ ဆက်လက်အသက်ရှင်နေထိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးက ပို၍အရေးကြီးနေပေသည်။

## ၃။ အထောက်အပံ့လျာထားမှုနှင့် ဖြန့်ဝေမှုပုံစံ

**အထောက်အပံ့ရထိုက်သူများကို မည်သို့ခွဲခြားသတ်မှတ်သနည်း။**

အထောက်အပံ့များကို မည်သူမည်ဝါရသင့်သည်ဟု ခွဲခြားသတ်မှတ်ရာတွင် နည်းစနစ်ပေါင်း များစွာသုံးစွဲခဲ့ကြသည်ကို တွေ့ရသည်။ ထိုသို့ခွဲခြားသတ်မှတ်သည့်နည်းစနစ်များမှ တစ်ရွာနှင့်တစ်ရွာ ကွာခြားမှုရှိသလို

တစ်ရွာတည်း၌လည်း ကွဲပြားမှုများရှိပါသည်။[၂၂] ဤသို့ ကွဲပြားသောနည်းလမ်းများစွာကို သုံးစွဲခဲ့ကြသော်လည်း အဓိကရွေးချယ်ရေးနည်းလမ်းအချို့ကို အမျိုးအစား သတ်မှတ်ဖော်ပြနိုင်ခဲ့ပါသည်။ (သာဓက ၅ ကိုကြည့်ပါ။)

ကျေးရွာသုံးခုမှအပ မုန်တိုင်းဒဏ်ခံရသောရွာအားလုံးရှိ အိမ်ထောင်စုများအားလုံး တစ်နည်းမဟုတ် တစ်နည်းဖြင့် ကူညီထောက်ပံ့မှုများ ရရှိကြပါသည်။ အောက်တွင်ဖော်ပြထားသော အကူအညီခွဲဝေပေးရေးအစီအမံများကို တစ်ရွာတည်း၌ အားလုံးစုပေါင်းတွေ့ရခြင်းမျိုးလည်း ရှိသည်။ အထောက်အပံ့ပေးသူ အမျိုးမျိုးတွင် လူရွေးချယ်ပုံ အမျိုးမျိုးကွဲပြားကြောင်းလည်း တွေ့ရှိရပါသည်။ အထောက်အပံ့အစီအစဉ်အမျိုးမျိုးတွင် ကွဲပြားသောချဉ်းကပ်ပုံ အမျိုးမျိုးရှိကြသည်။ ထို့ပြင် အလှူရှင်မျိုးစုံက ရွာတစ်ရွာတည်း၌ အကူအညီတစ်မျိုးတည်းကိုပင် ပေးပုံပေးနည်း အမျိုးမျိုးဖြင့် ပေးခဲ့ကြသည်ကိုလည်း တွေ့ရသည်။ (ဥပမာ – စားစရာ) တစ်ခါတစ်ရံ အလှူရှင်တူရုံ၊ ပစ္စည်းတူရုံမျှမက အချိန်ပါတူပါသည်။ သို့သော် နည်းလမ်းများ မတူညီကြပါ။

**သာဓက ၅။ ။ အထောက်အပံ့လက်ခံရမည့်သူကို ခွဲခြားသတ်မှတ်ပုံ**

ကူညီထောက်ပံ့သူများသည် အချို့နေရာများတွင် အကူအညီအထောက်အပံ့ရမည့်သူကို တစ်အိမ်တက်ဆင်းရွေးချယ်ကြသည်။ အခြားနေရာများတွင်မူ အကူအညီလက်ခံရရှိသင့်သူများကို ရွေးချယ်ရန် သတ်မှတ်ချက်များပြဋ္ဌာန်း၍ ကျေးရွာခေါင်းဆောင်များ (သို့) ရွာ၌ဖွဲ့စည်းထားသည့် ကျေးရွာအခြေပြု အရေးပေါ်ကော်မတီအပါအဝင် ကော်မတီများမှတစ်ဆင့် ရွေးချယ်ကြသည်။ အထောက်အပံ့များကို ကျေးရွာအုပ်ချုပ်ရေး အစီအစဉ်မှတစ်ဆင့် ပေးမည်လော သို့တည်းမဟုတ် လက်ခံမည့်ရွာသားများထံ တိုက်ရိုက်လွှဲပြောင်းပေးမည်လောဟူသော ဆုံးဖြတ်ချက်က အကူအညီပေးသူတို့၏ ပေါ်လစီနှင့် များစွာသက်ဆိုင်ပါသည်။ အထောက်အပံ့များကို ကျေးရွာအုပ်ချုပ်ရေးမှတစ်ဆင့် လွှဲပြောင်းပေးသောအခါ တကယ်အင်အားချိနဲ့၍ လိုအပ်ချက်ကြီးကြီးမားမားရှိသူများအနေဖြင့် ထိုက်သင့်သောဝေစုကို မရခဲ့ကြဟု တင်ပြသည့်အမှုများ ပိုများကြောင်းတွေ့ရသည်။ ဤကဲ့သို့ နစ်နာမှုများပေါ်ပေါက်ပါက တိုင်ကြားနိုင်သည့် အစီအစဉ်များချမှတ်ထားသည်ဆိုသည့်ကြားမှ ပေါ်ပေါက်လာကြခြင်းဖြစ်သည်။ (သာဓက ၈ ကိုကြည့်ပါ။)

ရိက္ခာမှစ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အပံ့များအထိ ပါဝင်သော အရေးပေါ်နှင့် ပြန်လည်ထူထောင်ရေးအကူအညီများမှာ ကျေးရွာအတွင်းရှိ ဒုက္ခရောက်နေသူ အားလုံးကိုခွဲဝေပေးရန် လုံလောက်အောင် ပေးပို့ခဲ့ကြခြင်းမရှိပါ။ အချို့ကမူအထောက်အပံ့ခွဲဝေရာတွင် ကျေးရွာအုပ်ချုပ်ရေးပိုင်းနှင့် နီးစပ်သူများအတွက် ဘက်လိုက်မှုများရှိကြောင်း တင်ပြကြပါသည်။ အချို့နေရာများတွင်မူ ကျေးရွာခေါင်းဆောင်များကို ထောက်ပံ့ရေးပစ္စည်းများ ဝေခိုင်းသောအခါမျိုးတွင် မည်သူရသင့်သည်ကို ဆုံးဖြတ်ရန်အတွက် မဲနှိုက်သည့်စနစ်ကို သုံးလေ့ရှိကြသည်။ စစ်တမ်းကောက်ယူခဲ့သောအဖွဲ့နှင့် တွေ့ဆုံခဲ့သော ရွာသားများကမူ ဤအစီအစဉ်မျိုးကို ကျေနပ်ကြသည်။

လုပ်ငန်းဆက်စပ်ပစ္စည်းများကို ရေလုပ်သားနှင့် လယ်သမားများက နေ့စားကျပန်းလုပ်သားများထက်ပို ရရှိလေ့ရှိသည်။ ဤသို့ အသက်မွေးမှု အထောက်အပံ့ပေးရာတွင် စီမံကိန်းအလိုက်ဆိုင်ရာကော်မတီများဖွဲ့ကာ ဆောင်ရွက်လေ့ရှိသည်။ ကော်မတီဝင်များမှာ အခြားအဖွဲ့တွင်ပါဝင်သူများ ဖြစ်လေ့ရှိသော်လည်း ကော်မတီမှာ အသစ်ပေါ်ပေါက်လာသော ကော်မတီဖြစ်သည်။

အစိုးရ၏အထောက်အပံ့များမှာမူ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ကျေးရွာခေါင်းဆောင်များပါဝင်သည့် အုပ်ချုပ်ရေးစနစ်အတွင်းမှ တစ်ဆင့်လွှဲပြောင်းပေးသည်။ ဒုက္ခတွင်းသို့ အလွယ်တကူရောက်သွားနိုင်သည့် အမှန်တကယ်လိုအပ်သူများထံ အထောက်အပံ့ရောက်ရှိသည့်ပမာဏမှာ ထိုရပ်ရွာမှ ခေါင်းဆောင်များပေါ်တွင် မူတည်နေပေသည်။

၂၂။ အထောက်အပံ့မရရှိသော ရွာတစ်ရွာကို ထည့်မတွက်ချန်လုပ်ထားခဲ့ပါသည်။

လေ့လာခဲ့သည့်ရွာ ၃၉ ရွာအနက် အားလုံးနီးနီးတွင် အထောက်အပံ့ရရှိသူများထက်စာလျှင် ထောက်ပံ့ပေးသူများကသာ မည်သည့်အထောက်အပံ့အမျိုးအစားများကို ဦးစားပေးသင့်သည်ကို ဆုံးဖြတ်ခဲ့ကြသည်။ NGO များနှင့် အခြားအလှူရှင်များသည် အများအားဖြင့် မည်သည့်အထောက်အပံ့အမျိုးအစားများ ထောက်ပံ့မည်၊ မည်သည့် အစုအဖွဲ့များရသင့်သည်ကို ကြိုတင်သတ်မှတ်ကြလေ့ရှိသည်။

ကျေးရွာကော်မတီများနှင့် ရွာသားများမှ တောင်းဆိုသောလိုအပ်ချက်များနှင့် ဦးစားပေးအစီအစဉ်များကို အလှူရှင်များ၊ ထောက်ပံ့သူများကထည့်သွင်းစဉ်းစားခြင်းမှာ ရှားပါးလှသည်။ ရွာသားများအကူအညီဖြင့် ပြုလုပ်သော လိုအပ်ချက်လေ့လာဆန်းစစ်မှုများမှာမူ အလွန့်အလွန်ရှားပါးကြောင်း သုတေသနအဖွဲ့ကတွေ့ရှိခဲ့သည်။[၂၃] ကျေးရွာသားများ၏ပြောကြားချက်အရ အထောက်အပံ့ပေးအပ်သော အဖွဲ့အစည်းများသည် အထောက်အပံ့ပေးရန် ပြင်ဆင်သောကာလတွင် ဒေသခံများနှင့် ဆွေးနွေးတိုင်ပင်မှုမရှိသည့်အတွက် အမှန်တကယ် လိုအပ်သူများအတွက် ဦးတည်သောအထောက်အပံ့မျိုး မဖြစ်လာခဲ့ကြောင်း တွေ့ရသည်။


တစ်ဦးချင်းနှင့် ပုဂ္ဂလိကအလှူရှင်များကမူ မလှူဒါန်းမီဒေသ၏လိုအပ်ချက်များ၊ ဦးစားပေးအစီအစဉ်များကို ရွာသားများနှင့် ကော်မတီများအား မေးမြန်းခြင်းကို ပို၍ပြုလုပ်လေ့ရှိပြီး အကူအညီများကို ရွာသားများထံ တိုက်ရိုက်ပေးအပ်ကြသည်။ ၎င်းတို့မှလှူသောရွာအရေအတွက် ပို၍နည်းသောကြောင့် တစ်ရွာချင်းဆွေးနွေး တိုင်ပင်ခြင်းကို ပိုဂရုစိုက်နိုင်ခြင်းလည်း ဖြစ်နိုင်ပေသည်။ ထို့အပြင်၎င်းတို့သည် အလွတ်သဘောလာရောက်သည့် အလှူရှင်များဖြစ်သည့်အတွက်ကြောင့် ရှုပ်ထွေးရှည်လျားသော အဖွဲ့အစည်း၏စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် မလိုအပ်သည့်အတွက် ပို၍လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။

အထောက်ပံ့ရရှိထိုက်သူ ရွေးချယ်သည့်စနစ်များပြားခြင်း၏ အကျိုးသက်ရောက်မှုမှာ မည်သည့်အထောက်အပံ့ မည်သူတို့ထံ ရောက်သွားသည်ကိုသိရှိရန် ခက်ခဲသွားခြင်း ဖြစ်သည်။ အကျိုးဆက်မှာ ထောက်ပံ့ရေးအစီအစဉ်များ ခွဲဝေပေးရာ၌ အလှူရှင်များအနေဖြင့် အခြားအလှူရှင်များကပေးအပ်ခဲ့ပြီးသား အကူအညီများကို ထည့်သွင်း စဉ်းစားခွင့် နည်းသွားလေသည်။

## ကျေးရွာဝေခြမ်းရေးကော်မတီနှင့် ကျေးရွာခေါင်းဆောင်များ၏အခန်းကဏ္ဍ

လေ့လာခဲ့သောမုန်တိုင်းဒဏ်သင့်ကျေးရွာ ၃၉ ရွာ၏ထောက်ပံ့ရေးစီမံခန့်ခွဲမှုနှင့် ဝေခြမ်းရေးကိစ္စရပ်များတွင် အဓိကပါဝင်ဆောင်ရွက်နေသူများကို ပုံ ၄ တွင် ဖော်ပြထားပါသည်။[၂၄]

**ပုံ ၄။ ကျေးရွာဝေခြမ်းရေးနှင့် စီမံခန့်ခွဲရေးတွင် ပါဝင်ဆောင်ရွက်သူများ**




၂၃။ အရေးပေါ်ဆောင်ရွက်ရသော မုန်တိုင်းပြီးပြီးချင်းကာလများ၌ အကူအညီပေးရန်အစီအစဉ်များတွင် လူတိုင်းပါဝင်နိုင်သော ချဉ်းကပ်ပုံမျိုးသုံးရန် ပိုခက်ခဲပါလိမ့်မည်။ သို့သော် မုန်တိုင်းဖြစ်ပြီး ခြောက်လတာကြာမြင့်ခဲ့သည့် ကာလတွင်ပင် ဤချဉ်းကပ်ပုံမျိုး မသုံးကြသည်ကို စောင့်ကြည့်လေ့လာရေးအဖွဲ့များက တွေ့ရှိခဲ့ကြသည်။

၂၄။ ရွာအများစုတွင် အရေးပါသောနေရာတွင် လှုပ်ရှားသူရွာသူရွာသားများကို အမျိုးအစား တစ်ခုမက တွေ့ရပါသည်။

ထောက်ပံ့ရေးရရှိသော ကျေးရွာ ၃၉ ရွာအနက် ၂၇ ရွာတွင် ဝေခြမ်းရေးကော်မတီများ ဖွဲ့စည်းထားသည်ကိုတွေ့ရသည်။ ရွာတစ်ရွာမှအပ ကျန်ကျေးရွာအားလုံးတွင် အဖွဲ့တစ်ဖွဲ့သာ ထားရှိသည်။[၂၅] ဝေခြမ်းရေးကော်မတီဝင်သည် လိုအပ်ချက်များဖေါ်ထုတ်ခြင်း၊ အကူအညီရသင့်သူ ရွေးချယ်ခြင်းထက် ဝေခြမ်းရေးတာဝန်များကို ပို၍ဆောင်ရွက်ရလေ့ရှိသည်။

ဝေခြမ်းရေးကော်မတီများ ဖွဲ့စည်းထားရှိမှုမှာ တစ်ရွာနှင့်တစ်ရွာ ကွဲပြားခြားနားကြောင်း တွေ့ရှိရသည်။ အချို့ကျေးရွာများတွင် (နာဂစ်ပြီးပြီးချင်းကျေးရွာသို့ဝင်ရောက်လာသော) အထောက်အပံ့ပေးသော အဖွဲ့အစည်းတစ်ခုခုက ထောက်ပံ့ရေးကိစ္စရပ်များဆောင်ရွက်ရန် ဝေခြမ်းရေးကော်မတီကိုဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းဝင်ရောက်လာသော အထောက်အပံ့ပေးရေးအဖွဲ့အစည်းများကလည်း တည်ဆဲကော်မတီအဖွဲ့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက် ကြသည်သာများသည်။ အချို့ကျေးရွာများသည် ကျန်ကျေးရွာများတွင် ဝေခြမ်းရေးကော်မတီဖွဲ့စည်းထားရှိသည်ကို အတုယူ၍ အလားတူအဖွဲ့အစည်းမျိုး ဖွဲ့စည်းကြသည်ကို တွေ့ရှိရသည်။ ထိုဝေခြမ်းရေးကော်မတီများကိုလည်း နောက်ပိုင်းဝင်ရောက်လာသော အစိုးရမဟုတ်သောအဖွဲ့များက ဆက်လက်၍ ဆက်ဆံဆောင်ရွက်ကြသည်။ အထောက်အပံ့ပေးရေးအဖွဲ့အစည်းအများစုမှာ ကျေးရွာခေါင်းဆောင်များထက် ဝေခြမ်းရေးအဖွဲ့များနှင့်သာ ပို၍ဆက်ဆံဆောင်ရွက်လိုကြသည်။ အကြောင်းမှာ ဝေခြမ်းရေးအဖွဲ့မှာ ထောက်ပံ့ရေးနှင့်ပြန်လည်ထူထောင်ရေးရည်ရွယ်ချက်သက်သက်ဖြင့် ဖွဲ့စည်းထားသော ကျေးရွာကိုယ်စားပြုအဖွဲ့ဖြစ်သောကြောင့်ဖြစ်သည်။

ဝေခြမ်းရေးအဖွဲ့များကို ဘာသာရေးခေါင်းဆောင်များနှင့် လူငယ်များပါဝင်သော ကျေးရွာရှိအစုအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အချို့ကျေးရွာများတွင် မုန်တိုင်းပြီးကာစဖွဲ့စည်းထားသော ဝေခြမ်းရေးအဖွဲ့ကို ပြောင်းလဲဖွဲ့စည်းမှုများရှိခဲ့ပြီး ပြောင်းလဲဖွဲ့စည်းလိုက်သော ဝေခြမ်းရေးအဖွဲ့များတွင် ကျေးရွာခေါင်းဆောင်များ[၂၆] နှင့် ထိုသူများနှင့်ရင်းနှီးသူများ ဝင်ရောက်နေရာယူဆောင်ရွက်လာကြကြောင်း တွေ့ရသည်။ ဝေခြမ်းရေးအဖွဲ့ ဖွဲ့စည်းမှုပုံစံအမျိုးမျိုးကို ဤလူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်မှု အစီရင်ခံစာတွင်တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။ အချို့ကျေးရွာများတွင် ဝေခြမ်းရေးအဖွဲ့ဝင်များကို ရဟန်းသံဃာများ၊ ရပ်မိရပ်ဖများနှင့် ကာလသားများစသည့် ကျေးရွာလူမှုအဖွဲ့အစည်းအသီးသီးမှ ရွေးချယ်ခဲ့ကြသည်။ အမျိုးသမီးအစုအဖွဲ့များ ပါဝင်ရွေးချယ်ခြင်းမှာ ရှားပါးသည်။ အချို့ကျေးရွာများ၏ ဝေခြမ်းရေးကော်မတီမှာ ကျေးရွာခေါင်းဆောင်များကိုသာ နေရာပေးထားသည်ကို တွေ့ရှိရသည်။ ထောက်ပံ့ရေးအဖွဲ့အစည်းအများစုမှာ ကျေးရွာဝေခြမ်းရေးကော်မတီများကို ဝေခြမ်းရေးနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာရေးတာဝန်များ ပေးအပ်ဆောင်ရွက်စေခြင်းမရှိကြောင်း ဤလေ့လာဆန်းစစ်မှုအရ သိရှိရပါသည်။

---

၂၅။ ထိုရွာတွင် ယခုအခါ အရေးပေါ် ကော်မတီနှစ်ခုဖွဲ့စည်းထားသည်။ တစ်ခုမှာ တစ်ရွာလုံးကို ကိုယ်စားပြုသော ကော်မတီဖြစ်ပြီး နောက်တစ်ခုမှာ ဘာသာရေးအဖွဲ့အစည်းမှလာသော အထောက်အပံ့များကို ၎င်းတို့၏ ဘာသာဝင်များကို ခွဲဝေပေးရန် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။

၂၆။ "တရားဝင်(အုပ်ချုပ်ရေးပိုင်း)ခေါင်းဆောင်" ဆိုသည်မှာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များကို ဆိုလိုခြင်းဖြစ်သည်။ ထိုခေါင်းဆောင်ပိုင်းများမှာ လယ်ယာလုပ်ငန်းနှင့်ဆိုင်သောကိစ္စများ၊ ငါးဖမ်းခွင့်သဘောတူညီချက်များ၊ စာရင်းအင်းထိန်းသိမ်းခြင်းများ၊ မြေယာလက်ပြောင်းလက်လွှဲများကို မှတ်တမ်းတင်ခြင်းများနှင့် မွေးသေစာရင်းနှင့် အိမ်ထောင်ပြုသူများစာရင်းကို မှတ်ပုံတင်ပေးခြင်း အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးကြသူများဖြစ်ကြသည်။ ထိုရွာလူကြီးများကို ရွေးကောက်တင်မြှောက်ရာတွင် မူလကသတ်မှတ်ထားသောစာရင်းတွင် ပါရှိသူများကို အများသဘောတူညီချက်ဖြင့် တရားဝင်ခန့်အပ်ခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် ရွာ၌သတ်မှတ်ထားသောစာရင်းတွင် ပါရှိသူများကို အများသဘောတူညီချက်ဖြင့် တရားဝင်ခန့်အပ်ခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် ရွာ၌ ဇာတိချက်မြှုတ်ဖြစ်သူများကိုသာ ခန့်ထားလေ့ရှိသည်။

**ဇယား ၆။ အထောက်အပံ့ဝေငှမှုပုံစံအမျိုးမျိုး**

| အဓိကဝေခြမ်းရေးစနစ် | ကျေးရွာအရေအတွက် |
|---|---|
| ၁။ ထောက်ပံ့သူမှ ကော်မတီ ထိုမှ ရွာသားများသို့ပေးဝေ | ၁၁ |
| ၂။ ထောက်ပံ့သူမှ ကော်မတီသို့ ကျေးရွာခေါင်းဆောင်မှ တဆင့်ပေး ထိုမှ ရွာသားများသို့ပေးဝေ | ၁၀ |
| ၃။ ထောက်ပံ့သူမှ ကျေးရွာခေါင်းဆောင် ထိုမှ ရွာသားများသို့ပေးဝေ | ၆ |
| ၄။ ထောက်ပံ့သူမှ ရပ်မိရပ်ဖများနှင့် ဘာသာရေးခေါင်းဆောင် ထိုမှ ရွာသားများသို့ပေးဝေ | ၄ |
| ၅။ ထောက်ပံ့သူမှ ကော်မတီသို့ ကျေးရွာအုပ်စုခေါင်းဆောင်မှတဆင့်ပေး ထိုမှ ရွာသားများသို့ပေးဝေ | ၂ |
| ၆။ ထောက်ပံ့သူမှ ဘာသာရေးခေါင်းဆောင် ထိုမှ ရွာသားများသို့ပေးဝေ | ၂ |
| ၇။ ထောက်ပံ့သူမှ ကော်မတီသို့ ဘာသာရေးခေါင်းဆောင်မှတဆင့် ထိုမှ ရွာသားများသို့ပေးဝေ | ၁ |
| ၈။ ပုံစံ ၁ နှင့် ပုံစံ ၄ | ၃ |
| ၉။ သက်ဆိုင်မှုမရှိ (မုန်တိုင်းဒဏ်မသင့်သောကျေးရွာ) (Not applicable) | ၁ |

ဝေခြမ်းရေးကော်မတီများနှင့် ကျေးရွာခေါင်းဆောင်များ၏ ဆက်ဆံရေးပုံသဏ္ဌာန်မှာ တစ်ရွာနှင့်တစ်ရွာ ကွဲပြားခြားနားလျက်ရှိသည်ကိုတွေ့ရသည်။ အချို့ကျေးရွာများတွင် ကျေးရွာခေါင်းဆောင်များက ဝေခြမ်းရေး ကော်မတီ၏အထက်မှနေ၍ ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ကြသည်။ ဝေခြမ်းရေးကော်မတီနှင့် ကျေးရွာ ခေါင်းဆောင်များ စုပေါင်းဆုံးဖြတ်တာဝန်ယူဆောင်ရွက်ကြသည်ကိုလည်း ကျေးရွာအချို့တွင်တွေ့ရသည်။ အချို့ရွာများတွင် ကျေးရွာခေါင်းဆောင်များက ဝေခြမ်းရေးပစ္စည်းများကို ထောက်ပံ့ရေးအဖွဲ့များထံမှလက်ခံရယူ၍ ဝေခြမ်းရေးကော်မတီသို့ လွှဲအပ်ပေးကာ ကော်မတီကတစ်ဆင့် ရွာသားများသို့ဖြန့်ဝေပေးသည်။ ကျေးရွာ ခေါင်းဆောင် (ဝေခြမ်းရေးကော်မတီကိုဦးစီးလေ့ရှိသူ) က ဝေခြမ်းရေးကိစ္စအဝဝကို ကော်မတီကိုသာလွှဲအပ် ဆောင်ရွက်စေသောပုံစံကိုလည်း အချို့ရွာများတွင်တွေ့ရသည်။ ကျေးရွာခေါင်းဆောင်များကသာ ဝေခြမ်းရေး ကိစ္စရပ်အားလုံးလိုလိုကို စီမံဆောင်ရွက်သည်ကိုလည်း အချို့ရွာများတွင် တွေ့ရှိရသည်။ ကျေးရွာ ၃၈ ရွာတွင် အသုံးပြုနေသော ဝေခြမ်းရေးပုံစံအမျိုးမျိုးကို ဇယား ၆ တွင် လေ့လာနိုင်ပါသည်။[၂၇]

## ထောက်ပံ့ရေးဆိုင်ရာပွင့်လင်းမှု

ဝေခြမ်းမှုစနစ်အမျိုးမျိုးအသုံးပြုနေကြခြင်းကို ယခုကဲ့သို့အရေးပေါ်ကယ်ဆယ်ရေးကာလအတွင်း ထောက်ပံ့ ရေးအမြန်ဆုံးရောက်ရှိရန်သာ အဓိကထားဆောင်ရွက်နေရသောအခြေအနေတွင် နားလည်လက်ခံနိုင်ပါသည်။ သို့သော်ထောက်ပံ့ရေးပုံစံအမျိုးမျိုးကွဲပြားနေမှုကြောင့် ကျေးရွာအတွင်း ပြဿနာအချို့ပေါ်ပေါက်လာခဲ့ရသည်။ ထောက်ပံ့ရေးစနစ်အမျိုးမျိုးကွဲပြားနေမှုက လက်ခံရရှိသူရွာသားများအား နားလည်မှု လွဲမှားခြင်းများဖြစ်စေခဲ့သည်။ ထို့အပြင် မလိုလားအပ်သော ငွေကြေးဆုံးရှုံးမှုများကိုလည်းဖြစ်စေပါသည်။ သို့သော် ထောက်ပံ့ရေးရရှိသောကျေးရွာ ၃၉ ရွာ အနက် ရွာတစ်ရွာ၌သာ စက်တပ်လှေရရန် လာဘ်ထိုးရသောအမှုမျိုးကို စုံစမ်းသိရှိရသည်။

---

၂၇။ ရွာတစ်ရွာထဲ၌ အကူအညီပေးရေးအစီအစဉ်များစွာ ဝင်ရောက်နေသည်ဖြစ်စေ၊ ကွဲပြားသောနည်းလမ်းများကို အသုံးပြုသည့် အကူအညီပေးရေးပုံစံ အမျိုးမျိုးရှိနေသည်ဖြစ်စေ၊ အများဆုံး အသုံးပြုကြသည့်နည်းများမှာ မြင်သာပါသည်။ အထက်တွင် ဖော်ပြထား သည့် သုံးသပ်ချက်ကမူ ချဉ်းကပ်ပုံမူကွဲများကို ဖော်ပြထားခြင်းဖြစ်သည်။

ထောက်ပံ့ရေးနှင့်ပတ်သတ်သော သတင်းအချက်အလက် မျှဝေသိရှိရမှုအတိုင်းအတာမှာလည်း ကျေးရွာအလိုက် အမျိုးမျိုးကွဲပြားလျှက်ရှိသည်။ ကျေးရွာ ၃၉ ရွာအနက် ၂၅ ရွာတွင်သာ ထောက်ပံ့ရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေရန်အတွက် ကျေးရွာအစည်းအဝေးများကျင်းပကြသည်။ သို့သော် သတင်းအချက်အလက်များမှာ ပြည့်စုံရှင်းလင်းခြင်းမရှိကြပါ။ ကျေးရွာ ၅ ရွာကသာ အစည်းအဝေးမှတ်တမ်းထားရှိကြောင်း တွေ့ရသည်။ ကျေးရွာ ၁၅ ရွာသာ ဝေခြမ်းရေးဆိုင်ရာမှတ်တမ်းများ ထားရှိဆောင်ရွက်ကြောင်းတွေ့ရသည်။ သို့သော် တိုးတက်မှုအခြေအနေနှင့် ရရှိသောအတွေ့အကြုံသင်ခန်းစာများကို ဆွေးနွေးမျှဝေရန်အတွက် မည်သည့်ကျေးရွာတွင်မှ အစည်းအဝေးခေါ်ယူခဲ့ခြင်းမျိုး မရှိခဲ့ပါ။

## ၄။ ထောက်ပံ့ရေးမျှတမှု

ကျေးရွာအတွင်း ထောက်ပံ့ရေးမျှတမှုအပေါ် ရွာသားများ၏အမြင်မှာ အထက်တွင် တင်ပြဆွေးနွေးခဲ့သည့်အတိုင်း လေ့လာခဲ့သောကျေးရွာများတွင် ထောက်ပံ့ရေးပစ္စည်းဝေခြမ်းမှုဆိုင်ရာ ပြဿနာရှိပါသည်။ မည်သူ့ကို ထောက်ပံ့ရမည် ဟူသောဆုံးဖြတ်ချက်ကို ချမှတ်ရန် အလွန်ခက်ခဲပါသည်။ အကြောင်းမှာ ထောက်ပံ့ရေးအမျိုးမျိုးကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပေးဝေနေခြင်းဖြစ်သကဲ့သို့ ရွာသားများကလည်း မျှတသောထောက်ပံ့ရေးပေးဝေမှုပုံစံနှင့် ပတ်သတ်၍ ကွဲပြားခြားနားသော အမြင်များရှိနေကြခြင်းကြောင့် ဖြစ်သည်။ ရံဖန်ရံခါတွင်လိုအပ်နေသော အုပ်စုတစ်စုစု (ဥပမာ – ထိခိုက်လွယ်သူများ) ကိုရည်ရွယ်၍ ထောက်ပံ့ရေး၏ ဘေးထွက်ကောင်းကျိုးများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ (ဥပမာ – မြေပိုင်ရှင်လယ်သမားများကို အကူအညီပေးခြင်းဖြင့် ကျပန်းသမားအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်)။

သို့သော်ထောက်ပံ့ရေးလျာထားမှုညီမျှမှုမရှိကြောင်း ကျေးရွာ ၃ ရွာကသာ ထုတ်ဖော်တင်ပြကြသည်။[၂၈] ၄င်းကျေးရွာများရှိ အချို့အုပ်စုများမှာ အခြားအုပ်စုများလောက် ထောက်ပံ့ရေးမရရှိသောကြောင့် ထောက်ပံ့ရေးမျှတမှု မရှိဟုထင်မြင်ယူဆနေကြသည်။ အချို့ကျေးရွာများတွင် ရွာလူထုက အလိုအပ်ဆုံးဟု ထင်မြင်ယူဆထားသူများသို့ ထောက်ပံ့ရေးပိုမိုပေးအပ်ခြင်းကို ရွာသားများက နားလည်လက်ခံကြကြောင်းတွေ့ရသည်။ တစ်ရွာလုံးအတွက် ထောက်ပံ့ရေးလျာထားပေးအပ်သော ကျေးရွာများတွင် ယေဘူယျအားဖြင့် ပြဿနာပေါ်ပေါက်မှု မရှိသလောက် နည်းပါးကြောင်း တွေ့ရသည်။ သို့သော်ထောက်ပံ့ရေးပစ္စည်းအများစုတွင် ရွာသားအားလုံးအတွက် တစ်ပြေးညီ လျာထားမှုပြုလုပ်ရန် မဖြစ်နိုင်ပေ။ ကျေးရွာအားလုံးလိုလိုတွင် ထင်ရှားသော လျာထားမှုပုံစံတစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ဝေခြမ်းရေးနှင့်ပတ်သတ်၍ ရွာသားများပါဝင်ဆွေးနွေးခွင့်ရသော ကျေးရွာများတွင် အချို့အုပ်စုများ ထောက်ပံ့ရေးပမာဏပိုမိုရရှိနေခြင်းကို နားလည်လက်ခံကြသည့်အပြင် ရံဖန်ရံခါ အနစ်နာခံမှုများပင်ရှိကြောင်း တွေ့ရသည်။ မဲစနစ်ဖြင့်ဝေငှခြင်းကို မျှတသည်ဟု ယေဘူယျအားဖြင့် ယူဆထားကြသည်။ ကျေးရွာအများစုတွင် ထောက်ပံ့ရေးမမျှတမှုများနှင့် ၄င်းတို့၏အကျိုးဆက်ပြဿနာများကို ကန့်သတ်နိုင်ရန်အလို့ငှာ ကျေးရွာသားအချင်းချင်း ပြန်လည်ဝေငှမှုများ ပြုလုပ်ခဲ့ကြသည်။ (သာဓက ၆)

၂၈။ ကျေးရွာများ၌ မကြာခဏတွေ့ရသည်မှာ ရွာသားအချို့က အထောက်အပံ့များ ဘက်မလိုက်ဘဲ ဝေငှသည်ဟု ထင်နေချိန်တွင် အခြားရွာသားများက ဘက်လိုက်သည်ဟု ထင်နေတတ်ခြင်းဖြစ်သည်။ ယခုစစ်တမ်းကောက်ယူခဲ့သည့် ကျေးရွာများတွင်မူ အထောက်အပံ့ပေးဝေမှု မမျှတဟု ယူဆကြသူများမှာ အနည်းငယ်သာရှိသည်။ မကျေနပ်သူအစုအဖွဲ့အနေနှင့်လည်း ပြောပလောက်အောင် မရှိပါ။

## သာဓက ၆။ ရပ်ရွာအလိုက်အထောက်အပံ့ ပြန်လည်ဝေငှပုံ

ငပုတောမြို့နယ်ရှိ ရွာတစ်ရွာတွင် အများစုမှာ "နွမ်းပါးသူများ" အဖြစ်သတ်မှတ်ခံရသည်။ ထိုသူများကို နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုမှ ရိက္ခာထုတ်ကတ်ပြားများ ထုတ်ပေးခဲ့သည်။ ရိက္ခာကတ်ပြား ရရှိသူသာ ထောက်ပံ့သောရိက္ခာကို ထုတ်ယူခွင့်ရှိမည်ဖြစ်သည်။ လက်တွေ့တွင် အနည်းငယ်ကွဲပြားခြားနား သော ဝေခြမ်းမှုစနစ်တစ်ရပ် ပေါ်ထွန်းလာခဲ့သည်။ ရိက္ခာကတ်ပြားရရှိသော ရွာသားများသည် ၎င်းရရှိသော ရိက္ခာကိုထုတ်ယူပြီးနောက် ဝေခြမ်းရေးအဖွဲ့ရုံးတွင် ပြန်လည်စုစည်းခဲ့ကြသည်။ ထို့နောက် ဝေခြမ်းရေး ကော်မတီက ရိက္ခာများကို ချို့တဲ့သူအားလုံးအား အညီအမျှ ပြန်လည်ခွဲဝေပေးခဲ့သည်။ ချို့တဲ့သူအချို့မှာ "နွမ်းပါးသူများ" စာရင်းတွင် ရိက္ခာကတ်ပြား ထုတ်ပေးစဉ်က မပါဝင်ကြပါ။

ထိုကဲ့သို့ ထောက်ပံ့ရေး ပြန်လည်ခွဲဝေပေးခြင်းမှာ ရွာတွင်တရားမျှတမှုကို မပျက်ပြားစေသော အစီအစဉ် ဖြစ်သောကြောင့် "နွမ်းပါးသူများ" ကပင် ကျေနပ်ကြကြောင်းဖွင့်ဟပြောဆိုကြသည်။ "ထိခိုက်လွယ်သူ" နှင့် "နွမ်းပါးသူ" စာရင်းဝင်ရွာသားများမှာ အခြားသူများထက် အကျိုးအမြတ်ရရှိမှု လျော့နည်းကြောင်း ကျေးရွာ ၂၃ ရွာရှိ ရွာသားများက ထင်မြင်ယူဆကြသည်။ မုဆိုးမများ၊ သက်ကြီးရွယ်အိုများ၊ မသန်မစွမ်းများ၊ မိဘမဲ့များ၊ နာတာရှည်ရောဂါသည်များနှင့် အချို့တဲ့ဆုံးသူများကို "ထိခိုက်လွယ်သူ" များဟု ရွာသားများက ယူဆကြသည်။ နာဂစ်ပြီးစကာလတွင် ထောက်ပံ့သူအများစုမှာ နွမ်းပါးသူများဟူ၍ ဦးစားပေးစဉ်းစားခြင်းများမရှိဘဲ အိမ်ခြေ အားလုံးအတွက်ထောက်ပံ့မှုများ လျာထားပေးခဲ့သည်။ အခြားရွာသားများက မိမိတို့ရရှိသော ရိက္ခာ၊ အမိုးအကာ၊ အလုပ်အကိုင်နှင့် လူမှုရေးစောင့်ရှောက်မှုများအားဖြင့် နွမ်းပါးသူနှင့် ထိခိုက်လွယ်သူများကို ထပ်မံပံ့ပိုးကူညီခဲ့ကြ သည်။ နောက်ပိုင်းတွင် ထိုသူများကို ဦးတည်ချက်ထားသော အကူအညီများ ပေးလာသည်ကိုတွေ့ရသည်။ သက်ကြီး ရွယ်အိုများကို နေအိမ်အသစ်များဆောက်လုပ်ပေးခြင်းနှင့် မုဆိုးမများကို ငွေသားထောက်ပံ့မှုများပေးခြင်းစသည်ဖြင့် ထိခိုက်လွယ်အုပ်စုများကို ဦးတည်ချက်ထား၍ ထောက်ပံ့မှုများပြုလုပ်ခဲ့ကြသည်။ ကျေးရွာအများစုတွင် ထိုကဲ့သို့သော ထောက်ပံ့ရေးလျာထားမှုကို အလိုအပ်ဆုံးသူများကို ထောက်ပံ့သည်ဟူသောခံယူချက်ဖြင့် နားလည်လက်ခံကြ ကြောင်း တွေ့ရသည်။

## သာဓက ၇။ ရေရာခိုင်လုံသောသတင်းရရှိရန်လိုအပ်ပုံ

လပွတ္တာမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် ၇၃ နှစ် အရွယ်ရှိ အဘွားအိုသည် မုန်တိုင်းအတွင်း သူမ၏ ခင်ပွန်းအပါအဝင် မိသားစုဝင်အားလုံးကို ဆုံးရှုံးခဲ့ရသည်။ သူမသည် "နွမ်းပါးသူ"အဖြစ် သတ်မှတ်ခံရပြီး နိုင်ငံတကာထောက်ပံ့ရေးအဖွဲ့တစ်ဖွဲ့ထံမှ ကျပ် ၄၀, ၀၀၀ ထောက်ပံ့မှုကို ရရှိခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ထိုငွေကို သူမထံမှပြန်လည်တောင်းယူခဲ့သည်။ မည်သည့်အတွက်ကြောင့် ထောက်ပံ့ငွေကို ပြန်လည်တောင်းယူ ခဲ့ကြောင်း သူမသိရှိနားလည်ခြင်း မရှိခဲ့ပါ။ နွမ်းပါးသူစာရင်းတွင် မပါဝင်သောကြောင့်သာဟု သူမသိရှိခဲ့ရ သည်။ အခြားထောက်ပံ့ရေးအစီအစဉ်တစ်ခုမှ အသက်မွေးဝမ်းကျောင်း အထောက်အပံ့အမည်ဖြင့် ငွေကျပ် ၇၀, ၀၀၀ ကို သူမထပ်မံ ရရှိခဲ့သည်။ ပြန်ဆပ်လျှင် ငွေကျပ် ၁၀၀, ၀၀၀ ကို ပြန်လည်ပေးဆပ်ရမည်ဟူသော သတ်မှတ်ချက်ဖြင့် ထောက်ပံ့ငွေပေးခဲ့ခြင်းဖြစ်သည်ဟု နောင်မှသိရသည်။ ထိုအဘွားအိုနည်းတူ ကြွေးယူထား သူအသီးသီးက ပြန်လည်ပေးအပ်သော ငွေကျပ် ၁၀၀, ၀၀၀ စီကိုစု၍ ပထမခွဲတမ်းတွင် အသက်မွေးမှု အထောက် အပံ့မရရှိသူများအတွက် ပြန်လည်ပေးဝေမည်ဟု သိရသည်။ အဘွားအိုအဆိုအရ ထိုကဲ့သို့ သောသတ်မှတ်ချက်များ ပူးတွဲပါရှိကြောင်း ၎င်းအနေဖြင့် ကြိုတင်သိရှိခဲ့ပါက ထိုထောက်ပံ့ငွေကို လက်ခံမည် မဟုတ်ကြောင်း သိရှိရသည်။ ယခုအခါ ထိုထောက်ပံ့ငွေမှာ သူမအတွက် အကြွေးဝန်တစ်ခု ထပ်တိုးလာသကဲ့ သို့ အဘွားအိုမှာ ခံစားနေရလျက် ရှိသည်။

ဘာသာခြားများနေထိုင်ရာ ကျေးရွာ ၉ ရွာအနက် ၂ ရွာ၌သာ ပဋိပက္ခများပိုမိုကြီးထွားလာနိုင်ဖွယ်ရှိသော တင်းမာမှုများကို တွေ့ရှိခဲ့ရသည်။ အဆိုပါကျေးရွာများတွင် ဘာသာရေးအဖွဲ့အစည်းများက ဘာသာတူချင်းကိုသာ ဦးစားပေး၍ ထောက်ပံ့ရေးလျာထားမှုများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ (အခန်း ၄ ပါဆွေးနွေးချက်များကို လေ့လာပါ)။ သာဓက ၇ တွင် ဖော်ပြထားသကဲ့သို့ ထောက်ပံ့ရေးလျာထားမှု သတ်မှတ်ချက်စည်းကမ်းများကို အထောက်အပံ့ရရှိသူများက သေချာသိရှိနားလည်ခြင်း မရှိသောကြောင့်ဖြစ်သည်။

## ကျေးရွာများအကြား ထောက်ပံ့ရေးမျှတမှုအပေါ် ရွာသားများအမြင်

ရွာ ၄ ရွာမှအပ ထောက်ပံ့ရေးရရှိသော ကျေးရွာများအားလုံးက ၎င်းတို့ရွာသည် အနီးအနားရှိရွာများထက် ထောက်ပံ့မှုလျော့နည်း၍ရသည်ဟု ခံစားကြရသည်။[၂၉] အချို့ရွာများကသာ ထိုအဖြစ်မျိုးနှင့်နီးစပ်သော်လည်း ထောက်ပံ့မှုလျော့ပြီးရသည်ဟု အများကခံစားနေရခြင်းက ကျေးရွာအချင်းချင်းပူးပေါင်းဆောင်ရွက်မှုကို လျော့ကျစေသည်။ အချို့ကျေးရွာများမှာ ထိခိုက်ဆုံးရှုံးမှု နည်းပါးသောကြောင့်လည်းကောင်း၊ အချို့မှာကျေးရွာအဖြစ် တရားဝင်စာရင်းသွင်းသတ်မှတ်ခြင်း မခံရသောကြောင့်လည်းကောင်း၊ အချို့မှာ အလှမ်းဝေးကွာ၍ လမ်းပန်းဆက်သွယ်မှုခက်ခဲသောကြောင့်လည်းကောင်း၊ အချို့မှာ သြဇာရှိသော ထောက်ပံ့ကူညီသည့် ဘာသာရေးအဖွဲ့အစည်း ကျောထောက်နောက်ခံမရှိသောကြောင့်လည်းကောင်း ဖြစ်သည်။ အဆိုပါအကြောင်းအမျိုးမျိုးကြောင့် ပေးအပ်သော ထောက်ပံ့ရေးပမာဏတွင် အကန့်အသတ်များ ဖြစ်စေခဲ့သည်။

သို့သော်အခြားရွာများထက် ထောက်ပံ့မှုလျော့ရသည်ဟု ထင်မြင်ယူဆကြသည့်ကျေးရွာများမှာ လက်တွေ့တွင် အခြားကျေးရွာများထက် ထောက်ပံ့ရေးပိုမိုရရှိသူများဖြစ်ကြောင်း တွေ့ခဲ့ရသည်။ အဆိုပါအဖြစ်အပျက်များတွင် ရွာသားအများစုမှာ အိမ်နီးနားချင်းကျေးရွာများ၏ ထောက်ပံ့ရေးရရှိမှုနှင့်ပတ်သက်သော သတင်းအချက်အလက်များကို တိကျစွာသိရှိရခြင်းမရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ၎င်းတို့၏ထင်မြင်ယူဆချက်များမှာလည်း လက်တွေ့အခြေအနေတစ်ရပ်နှင့် ကင်းကွာနေခြင်း ဖြစ်သည်။

## ၅။ တိုင်ကြားမှုစနစ်များ

ထောက်ပံ့ရေးရရှိသော ကျေးရွာ ၃၉ ရွာစလုံးရှိ ရွာသားများမှာ အထောက်အပံ့ပေးရေးနှင့် ပတ်သက်သော မကျေနပ်မှုအား တိုင်ကြားမှုစနစ်တစ်စုံတစ်ရာကိုမျှ သိရှိနားလည်ခြင်းမရှိကြောင်း တွေ့ရသည်။ ဤသည်ကို ထောက်ချင့်လျှင် ထောက်ပံ့ရေးနှင့်ပတ်သက်၍ မမျှတမှုများနှင့် မထိရောက်မှုများရှိသည်ဟု ယူဆပါက ထိုသူများ တိုင်ကြားမှုပြုနိုင်စေရေးအတွက် အခွင့်အလမ်း နည်းပါးလျက်ရှိကြောင်း မှန်းဆနိုင်ပါသည်။

### သာဓက ၈။ ထောက်ပံ့ရေးနှင့်ပတ်သက်၍ တိုင်ကြားအသိပေးခြင်း

ရွာတစ်ရွာတွင် ထောက်ပံ့ရေးအဖွဲ့မှ ဝေခြမ်းရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ဝေခြမ်းရေးအဖွဲ့သည် ထောက်ပံ့ရေးပစ္စည်းအချို့ကို ဝေငှခဲ့သော်လည်း၊ ပမာဏအတော်များများကို ကော်မတီဝင်များက ခွဲတမ်းချသုံးစွဲခဲ့ကြသည်။ ဤသည်ကို ရွာသားများမကျေနပ်၍ မြို့နယ်အဆင့်တပ်မတော်မှဗိုလ်မှူးနှင့် ကျေးရွာခေါင်းဆောင်များ တိုင်ပင်ညှိနှိုင်းမှုများရှိခဲ့ပြီးနောက်တွင် လူငယ်အမျိုးသား၊ အမျိုးသမီးငယ်များနှင့် ဖွဲ့စည်းထားသော ဝေခြမ်းရေးကော်မတီတစ်ရပ်ကို ထပ်မံဖွဲ့စည်းပေးခဲ့သည်။ ထောက်ပံ့ရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဝေခြမ်းမှုများကို ပွင့်လင်းစွာဆောင်ရွက်သည့်အတွက် အသစ်ဖွဲ့စည်းလိုက်သော ဝေခြမ်းရေးအဖွဲ့ကို ကျေးရွာက သဘောကျကျေနပ်လျက်ရှိကြသည်။

---

၂၉။ အနီးအနားမှရွာများက ထိုရွာနှစ်ရွာမှာ အခြားရွာနီးချုပ်စပ်များထက် အထောက်အပံ့ပိုရသည်ဟု သတင်းပေးကြသည်။ အကြောင်းရင်းမှာ ထိုနှစ်ရွာ၌နေထိုင်သော ရွာသားများ၏ ရပ်ဝေးရပ်နီး၌ အသိအကျွမ်းများမှုနှင့် ပုဂ္ဂလိကအလှူရှင်များနှင့် ရေးကပင်ခင်မင်ရင်းစွဲရှိသောကြောင့်ဟုဆိုကြသည်။

အခြားကျေးရွာတစ်ခုတွင် ကျေးရွာခေါင်းဆောင်များနှင့် ကျေးရွာဝေခြမ်းရေးကော်မတီတို့က ရွာလူထုကို အုပ်စုသုံးစုခွဲခြားသတ်မှတ်ခဲ့ကြသည်။ တတ်နိုင်သူများ၊ အသင့်အတင့်ပြေလည်သူများနှင့် ချို့တဲ့သူများ ဟူ၍ဖြစ်သည်။ ရွာသားများမှာ ဤကဲ့သို့ အုပ်စုခွဲခြင်းကို ဝေခြမ်းရေးရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟု ယူဆခဲ့ကြပြီး ချို့တဲ့သူများကိုပိုမိုထောက်ပံ့မှုပေးမည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် ကော်မတီက ဝေခြမ်းမှုပြုသောအခါ အုပ်စုအလိုက် သတ်မှတ်ပေးဝေခြင်းမျိုး မပြုလုပ်ခဲ့ပါ။ ထောက်ပံ့ရေးပစ္စည်းမှာ လုံလောက်မှုမရှိသောကြောင့် မဲစနစ်ကို သုံးခဲ့သည်။ ရွာရှိအချို့တဲ့ဆုံးရွာသားများက စီစဉ်ထားသည့် အတိုင်း အုပ်စုလိုက်ထောက်ပံ့ခြင်း မပြုလုပ်သည့်အတွက်မကျေနပ်၍ ကန့်ကွက်ကြရာ ကျေးရွာခေါင်းဆောင်ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

ဒေးဒရဲမြို့နယ်ရှိ ကျေးရွာတွင်လည်း အလားတူပြဿနာတစ်ရပ်ကို ပုံစံတစ်မျိုးဖြင့် လေ့လာတွေ့ရှိရသည်။ နိုင်ငံတကာထောက်ပံ့ရေးအဖွဲ့နှစ်ခုက ရွာလူထုကိုအုပ်စုသုံးခု သတ်မှတ်ခွဲခြားပေးရန် ဝေခြမ်းရေး ကော်မတီသို့ တောင်းဆိုသည်။ ဝေခြမ်းရေးကော်မတီက ထိုသို့ပြုလုပ်ရန် ငြင်းဆန်ခဲ့သည့်အတွက် ထောက်ပံ့ ရေးမရရှိဘဲ ဖြစ်နေခဲ့သည်။ ဤသည်ကို ရွာရှိကျပန်းသမားများက သည်းမခံနိုင် ဖြစ်လာခဲ့ပြီး ယခုအခါ နိုင်ငံတကာထောက်ပံ့ရေးအဖွဲ့များ ရွာသို့ထပ်မံရောက်ရှိလာပါက ၎င်းတို့ကိုယ်တိုင်တွေ့ဆုံလျက် အုပ်စု သတ်မှတ်ခွဲခြားရေးကိုလည်း ၎င်းတို့ပင်တာဝန်ယူဆောင်ရွက်တော့မည်ဟု လေ့လာရေးအဖွဲ့ထံ ထုတ်ဖော် ပြောကြားခဲ့သည်။

ထောက်ပံ့ရေးအဖွဲ့အစည်းမှဝန်ထမ်းက ကယ်ဆယ်ရေးကာလအတွင်း၌ ထောက်ပံ့ရေးဆိုင်ရာ တိုင်ကြားချက်များကို ဖြေရှင်းရန်အချိန်မရှိကြောင်း ရွာသားများကိုပြောကြားခဲ့သည်ဟု အကြိုကွင်းဆင်း လေ့လာစဉ်က ရောက်ရှိခဲ့သောကျေးရွာနှစ်ရွာရှိ ရွာသားများ၏ပြောပြချက်အရ သိရှိရသည်။ ရွာသားများက တိုင်ကြားမှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့လျှင် ထောက်ပံ့ရေးစာရင်းဝင်ရွာအဖြစ်မှ ပယ်ဖျက်ပစ်မည်ဟု ထိုဝန်ထမ်း က ချိန်းခြောက်ခဲ့သည်။ ထို့ကြောင့် ရွာသားများက တိုင်ကြားခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။

ထောက်ပံ့ရေးဝေငှမှုနှင့်ပတ်သက်၍ မမျှတမှုများကို ရွာသားများ ကြုံတွေ့ခဲ့ရသည်။ အချို့သည် အခြားသူ များထက် ထောက်ပံ့ရေးပိုကြသည်။ အချို့မှာ ဒေသလိုအပ်ချက်နှင့်ကိုက်ညီမှုမရှိသောကြောင့် အချို့ကူညီထောက်ပံ့မှု များမှာ မထိရောက်ခဲ့ပေ။ မည်သို့ပင်ရှိစေ ရွာသားများမှာ သက်ဆိုင်ရာသို့ တိုင်ကြားမှု ပြုလုပ်ခဲ့ကြခြင်း မရှိခဲ့ပါ။ သို့မဟုတ် မည်သို့တိုင်ကြားမှု ပြုလုပ်ရမည်ကို မသိနားမလည်ကြခြင်းဖြစ်သည်။

ချွင်းချက်များလည်းရှိကြောင်း လေ့လာခဲ့သောရွာများတွင် တွေ့ရှိရသည်။ သာဓက ၈ မှာ ထောက်ပံ့ရေး လျာထားမှု၊ ဝေငှမှုနှင့်ပတ်သက်၍ ဒေသခံများက တိုင်ကြားမှုပြုကြပုံ ၄ မျိုးကို ရလဒ်အမျိုးမျိုးနှင့် ယှဉ်တွဲဖော်ပြ ထားခြင်းဖြစ်သည်။

အထက်ပါအဖြစ်အပျက်များကို ထောက်ရှုခြင်းဖြင့် ထောက်ပံ့ရေးကို မှန်ကန်ပွင့်လင်းစွာပေးနိုင်စေရေး အတွက် ကျေးရွာအတွင်း ထိန်းညှိဆောင်ရွက်မှုစနစ်များရှိကြောင်း သိရှိနိုင်ပါသည်။ ရံဖန်ရံခါတွင် တိုင်ကြားမှုများမှာ ထိရောက်မှုမရှိခဲ့သော်လည်း ထောက်ပံ့ရေးဆိုင်ရာ အပြောင်းအလဲများဖြစ်စေခဲ့သော တိုင်ကြားမှုများလည်းရှိခဲ့သည်။ အထက်ပါအဖြစ်အပျက်များက ပြဆိုသည့် ထိရောက်သော တိုင်ကြားမှုစနစ်မရှိခြင်းသည် ထောက်ပံ့ရေးထိရောက်စွာ ပေးနိုင်မှုကို အားနည်းစေသည်ဆိုသည့်အချက်ပင်ဖြစ်သည်။ ကျေးရွာပြင်ပရှိ ထောက်ပံ့ရေးအဖွဲ့အစည်းထံ အသိပေး တိုင်ကြားမှုပြုရန်မှာလည်း လက်တွေ့တွင် ခက်ခဲလှပါကြောင်း အဆိုပါအဖြစ်အပျက်များအရ သိရှိနိုင်ပါသည်။

## အခန်း (၃)

## လူမှုစီးပွားဘဝအပေါ် သက်ရောက်မှုများ

လူမှုဘဝအားသက်ရောက်မှု စောင့်ကြည့်လေ့လာရေးအဖွဲ့များ လေ့လာခဲ့သော ကျေးရွာများ၌ အလုပ်အကိုင်အမျိုးအစားများစွာရှိသည်ကို တွေ့ရပါသည်။ ကျေးရွာများ၏ထက်ဝက်ခန့်တွင် စိုက်ပျိုးရေးလုပ်ငန်းမှာ ရွာသားအများစုလုပ်ကိုင်ကြသည့် အလုပ်အကိုင်ဖြစ်ပြီး ရွာများ၏လေးပုံတစ်ပုံမှာ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသည်။ သို့သော် ကျေးရွာတိုင်းလိုလိုတွင် စိုက်ပျိုးရေးလုပ်သူနှင့် ငါးဖမ်းသူများကိုတွေ့ရသည်။ မြေယာမပိုင်ဆိုင်သော ကျပန်းအလုပ်သမားများပါဝင်မှုအချိုးမှာ မြင့်မားသည်ဟုယူဆရသည်။ လေ့လာခဲ့သောကျေးရွာများ၏ ၅၅%တွင် ကျေးရွာလူထု၏ထက်ဝက်ခန့်မှာ မြေယာမဲ့များဖြစ်ကြပြီး ကျေးရွာငါးခုခန့်၌ မြေယာမပိုင်ဆိုင်သူမှာ စုစုပေါင်းလူဦးရေ၏ ၇၀% ခန့် ရှိသည်။[၂၀]

စစ်တမ်းကောက်ယူရေးအဖွဲ့များအနေဖြင့် မြစ်ဝကျွန်းပေါ်ကျေးရွာများ၌ မုန်တိုင်းကြောင့် လူမှုစီးပွားဘဝများအပေါ် ကြီးစွာသောဆိုးကျိုးသက်ရောက်ခဲ့သည်ကို တွေ့ရသည်။ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် ကျေးရွာများ၏ သုံးပုံနှစ်ပုံမှာ အခြေအနေအလွန်ဆိုးရွားပြီး စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများအားလုံးတွင် သေဆုံးခဲ့သော လူဦးရေစုစုပေါင်း၏ ငါးပုံလေးပုံနီးပါးမှာ ဤရွာများမှ ဖြစ်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာများမှာမူ တံငါရွာများနှင့်မတူဘဲ သုံးပုံတစ်ပုံသောရွာများကသာ မုန်တိုင်းဒဏ်အလွန်ခံရသော (သို့) အသင့်အတင့်ခံရသော ရွာများတွင်ပါဝင်သည်။ (ဇယား ၇ ကိုကြည့်ပါ။)

**ဇယား ၇။ အဓိကအသက်မွေးမှုလုပ်ငန်းအလိုက် ပျက်စီးဆုံးရှုံးမှုအခြေအနေ**

| | ပျက်စီးဆုံးရှုံးမှုပမာဏ | | | |
|---|---|---|---|---|
| | မြင့် | အလယ်အလတ် | နိမ့် | မဆိုသလောက် |
| လယ်လုပ်ငန်း | ၂ | ၃ | ၄ | ၇ |
| ရေလုပ်ငန်း | ၇ | ၂ | ၁ | ၁ |
| မြို့ဆင်ခြေဖုံး | ၀ | ၁ | ၆ | ၁ |
| အထိန်း | ၀ | ၀ | ၃ | ၁ |

မည်သည့်အသက်မွေးမှုလုပ်ငန်းကို အဓိကလုပ်သည့်ကျေးရွာဖြစ်စေ၊ တံငါများ၊ လယ်သမားများနှင့် အလုပ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ဆိုးဆိုးရွားရွား ပျက်စီးခဲ့သည်။ ရရှိသော အကူအညီပမာဏမှာ ထိုကျေးရွာလူထု၏ဘဝများ ပြန်လည်ထူထောင်ရန် လုံလောက်ခြင်းမရှိပါ။ ရွာသားများစွာမှာ အကြွေးနွံ၌ ပိတ်မိနေပြီး ထိုအကြွေးက စီးပွားရေးနှင့် လူမှုရေးတို့ကိုပါ ထိခိုက်စေပြန်သည်။ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သော ကျေးရွာများ၌ ရွာသားများနေရပ်ကို စွန့်ခွာသွားသည့် အဖြစ်အပျက်များ အစပျိုးနေကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။

### ၁။ လယ်သမားများကို ထိခိုက်စေမှု

နာဂစ်မတိုင်မီက မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာများ၌ရှိသောအိမ်ထောင်စုများ၏ ၅၀% မှ ၆၀% မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေရရှိကြသည်။[၂၁] ရွာတစ်ရွာမှအပ အခြားကျေးရွာအားလုံး (မြို့နှင့်နီးကပ်သော

၂၀။ တစ်ရွာချင်းစီ၏ ကဏ္ဍအလိုက်ကွဲပြားမှုကို သိရှိလိုပါက နောက်ဆက်တွဲ (ခ) ကိုကြည့်ပါ။ အချို့ရွာများတွင် ငါးဖမ်းခြင်းက အဓိကအလုပ်အကိုင်ဖြစ်ရာ ရွာသားများ၏ မြေပိုင်ခြင်းမပိုင်ခြင်းက လုပ်ငန်းကိုင်ငန်းအတွက် အရေးမပါလှပါ။ သို့သော်မြေမှာ အပေါင်ပစ္စည်းအဖြစ်ထား၍ ငွေချေးယူနိုင်ခြင်းနှင့် ရွာသားများ (တံငါများ၊ လယ်သမားများ) ၏ စုဆောင်းမှုတစ်ခုအနေဖြင့် ထားရှိခြင်းတို့အတွက်ကြောင့်သာ အရေးပါနေရခြင်းဖြစ်သည်။

၂၁။ ၂၀၀၇ခုနှစ်ထုတ်ဝေသော Integrated Household Living Conditions Survey and Myanmar, Poverty Profile

ကျေးရွာနှင့် ရေလုပ်ငန်းကို ဦးစားပေးလုပ်သောကျေးရွာများအပါအဝင်) တွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝင်ငွေရှာသူများကိုတွေ့ရသည်။ နာဂစ်ကြောင့် မြစ်ဝကျွန်းပေါ်ရှိ စိုက်ပျိုးရေးလုပ်ငန်းများ မည်မျှထိခိုက်ခဲ့မည်ကို မှန်းဆနိုင်ပါသည်။

## နာဂစ်မတိုင်မီက စိုက်ပျိုးရေးလုပ်ငန်းများအခြေအနေ

မြန်မာနိုင်ငံတွင် မြေယာများကို အစိုးရက ပိုင်ဆိုင်ပါသည်။ လယ်သမားများမှာ ယခင်နှစ် သီးထပ် အောင်မြင်မှုကိုမူတည်၍ နှစ်စဉ်လယ်ငှားခွင့်ကို သက်တမ်းတိုးနိုင်ပါသည်။ စပါးမှာ မြစ်ဝကျွန်းပေါ်၏အဓိက စိုက်ပျိုးရေးထွက်ကုန်ဖြစ်ပြီး ပုံမှန်အားဖြင့်တနှစ်လျှင် နှစ်သီးစိုက်ပျိုးနိုင်ပါသည်။ မိုးဦးကျရေပြည့်နေသောကွင်းများ၌ စပါးကိုစတင်မျိုးကြဲပြီး ဇူလိုင်လတွင် စိုက်ပျိုးကာ ဒီဇင်ဘာလတွင် ရိတ်သိမ်းပါသည်။ နွေစပါးမှာ ဒီဇင်ဘာလ လယ်တွင် စိုက်ပျိုးလေ့ရှိကြပြီး ဧပြီတွင်ရိတ်သိမ်းသည်။ မိုးစပါးအထွက်နှုန်းမှာ နွေစပါးအထွက်နှုန်းထက် ၂၀–၂၅% ခန့် လျော့နည်းပါသည်။ သို့သော် နွေစပါးမှာ လူအင်အားပိုသုံးရန်၊ လယ်ရေသွင်းရန်၊ ထွန်ယက်ရန်၊ မြေဩဇာသုံးရန်နှင့် ပိုးသတ်ဆေးသုံးရန် ကုန်ကျစရိတ်ပိုများပါသည်။ ထိုစရိတ်များကြောင့် လယ်သမား အသားတင် ဝင်ငွေမှာ အထွက်နှုန်း ပိုပင်ပိုသော်လည်း ကွာခြားသွားခြင်းမရှိပေ။ PONJA အစီရင်ခံစာက မုန်တိုင်းဒဏ်ခံရ သောမြို့နယ် ၁၃ မြို့နယ်တွင် မိုးစပါးမက်ထရစ်တန် ၃.၃ သန်းခန့်နှင့် နွေစပါးတန်ချိန် ၁ သန်း ထွက်ခဲ့သည်ဟု ဆိုသည်။[၃၂]

လယ်သမားများမှာ ခိုင်းကျွဲနွားများ၊ လက်တွန်းလယ်ထွန်စက်များကိုသုံး၍ မြေပြုပြင်ခြင်းကို ဇွန်လတွင် စတင်ဆောင်ရွက်လေ့ရှိသည်။ စပါးစိုက်ပျိုးရာတွင်မူ နည်းလမ်းနှစ်ခုကို သုံးစွဲခဲ့ကြပါသည်။ တိုက်ရိုက်မျိုးစေ့ချခြင်း (အထူးသဖြင့် သဲဆန်သောနုန်းမြေများတွင်ဖြစ်သည်) နှင့် ပျိုးပင်များကိုရွှေ့ပြောင်းစိုက်ခြင်း (နုန်းမြေများတွင်ဖြစ်သည်) တို့ ဖြစ်ကြသည်။ တိုက်ရိုက်မျိုးစေ့ချနည်းမှာ မျိုးစေ့ကို ရွှေ့ပြောင်းစိုက်စရာမလိုအောင် အစေ့ကြဲချခြင်းဖြစ်သည်။ ဤနည်းတွင် မျိုးစပါးသုံးစွဲရမှုပမာဏ ပို၍များပြားသော်လည်း လုပ်အားခစရိတ်သက်သာသည်။ ပျိုးခင်းမှ စိုက်ခင်းသို့ ပြောင်းစိုက်သောစနစ်တွင် ပျိုးခင်းကိုပြင်ရခြင်း၊ ကန်သင်းရိုးများအားကာရံခြင်း၊ ပျိုးကြဲရခြင်း အစရှိသည့်လုပ်ငန်းများကြောင့် ပြင်ဆင်ချိန်ပိုလိုအပ်သည်။ ပျိုးခင်းထဲမှပျိုးပင်များကို သက်တမ်း ရက် ၃၀ မှ ၄၀ ကြားတွင် စိုက်ခင်းထဲသို့ ပြောင်းရွှေ့စိုက်ပျိုးနိုင်သည်။ ကောက်စိုက်သမများမှာ ပျိုးခင်းမှလယ်ထဲသို့ စိုက်ပျိုးခြင်း လုပ်ငန်းကို အဓိကလုပ်ဆောင်သူများဖြစ်သည်။[၃၃] ငါးဖမ်းလုပ်ငန်းထက်စာလျှင် လယ်လုပ်ငန်းမှာ အမျိုးသမီး၊ အမျိုးသား လုပ်သားပေါင်းများစွာကို အလုပ်အကိုင်ရရှိစေသည်။

## စိုက်ပျိုးရေးလုပ်ငန်းများ နာဂစ်ကြောင့်ထိခိုက်ရခြင်း

ကွင်းဆင်းလေ့လာမှုများအရ နာဂစ်မုန်တိုင်းကြောင့် လယ်မြေများအထွက်နှုန်း သိသိသာသာ ကျဆင်းသွား ခြင်းနှင့် စိုက်ပျိုးနိုင်သည့်မြေဧကများ လျော့နည်းသွားခြင်းကို တွေ့ရသည်။ စစ်တမ်းကောက်ယူခဲ့သော ဒေသများရှိ မုန်တိုင်းသင့်ကျေးရွာ ၃၉ ရွာအနက် ၃၁ ရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်သောအချက်အလက်များ ရရှိခဲ့သည်။ ထိုကျေးရွာများအနက် ကျေးရွာတစ်ရွာမှလယ်သမားများသာလျှင် အထွက်နှုန်းအပြောင်းအလဲမရှိ ပုံမှန်ဖြစ်မည်ဟု ခန့်မှန်းသည်။ ကျေးရွာ ၇ ရွာမှာမူ အထွက်နှုန်းတိုးမည်ဟုခန့်မှန်း၍ ကျေးရွာများ၏လေးပုံသုံးပုံခန့်မှာ

၃၂။ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ (၂၀၀၈) စာမျက်နှာ ၈၃

၃၃။ နာဂစ်ဖြစ်ပွားချိန်တွင် စပါးစိုက်သည့်ရာသီမှာ အချိန်လင့်နေပြီဖြစ်သောကြောင့် စပါးမျိုးများကို ပျိုးခင်းမှတစ်ဆင့် လယ်ထဲတွင် ပြန်ချစိုက်သောစနစ်အစား တိုက်ရိုက်မျိုးစေ့ကျဲသည့်စနစ်ကို သုံးစွဲခဲ့ကြသည်။ ပျိုးပင်ကို လယ်ထဲတွင်ပြန်စိုက်ခြင်းများမှာ အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းကို နှစ်စဉ်ဖန်တီးပေးရာ ယခုစပါးစိုက်ရာသီတွင်မူ ကျဲစိုက်သည့်စနစ်ကြောင့် အမျိုးသမီးများဝင်ငွေ မရတော့ပေ။

၃၄။ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုအစီရင်ခံစာအဖွဲ့များက တခြားရွာတစ်ခုမှ ကြားသိရသည်မှာ စပါးအထွက်နှုန်း ကျဆင်းသွားသည်နှင့်အတူ လဲရာသူခိုးထောင်းဆိုသကဲ့သို့ ဒေသခံများကို ဆန်ပေးဝေနေဆဲဖြစ်သောကြောင့် ဤမိုး၌ စပါးစိုက်ပျိုးနိုင်ခဲ့ သောလယ်သမားများမှာလည်း ထွက်သောစပါးကို မရောင်းရဟူ၍ဖြစ်၏။

စပါးအထွက်နှုန်းကျသွားမည်ဟု ခန့်မှန်းကြသည်။ ကျေးရွာများ၏ ၄၅% ခန့်မှာ အထွက်နှုန်း ၁၃–၄၀% ခန့် ကျဆင်းသွားမည်ဟုယူဆကြပြီး ကျေးရွာအများစုကမူ အထွက်နှုန်းကျဆင်းမည်ကိုသိသော်လည်း အတိအကျမခန့်မှန်း နိုင်ကြောင်းတင်ပြသည်။ (ဇယား ၈ ကို ကြည့်ပါ) ဘိုကလေးမြို့နယ်အတွင်းရှိအပျက်အစီးများသော ကျေးရွာ တစ်ခုကမူ အထွက်နှုန်း ၆၀% ခန့် ကျသွားမည်ဟုဆိုသည်။ စစ်တမ်းကောက်ယူခဲ့သောရွာများအနက် ၁၃ ရွာမှာ မိုးစပါးတစ်သီးထဲသာလျှင် စိုက်ပျိုးကြသည်။[၃၄]

**ဇယား ၈။ စပါးအထွက်နှုန်းကျဆင်းမှု**

| စဉ် | ခန့်မှန်းအထွက်လျော့နိုင်ချေ | (ယခင်နှစ်နှင့်နှိုင်းယှဉ်ရန်) ရာခိုင်နှုန်း | ကျေးရွာများ |
|---|---|---|---|
| ၁ | ယခင်အတိုင်း | ၆ | ၁၉.၄% |
| ၂ | ၁၃–၂၅%လျော့နိုင် | ၇ | ၂၂.၆% |
| ၃ | ၃၀–၄၀%လျော့နိုင် | ၇ | ၂၂.၆% |
| ၄ | ၄၁–၅၀%လျော့နိုင် | ၁ | ၃.၂% |
| ၅ | ၅၀–၆၀%လျော့နိုင် | ၁ | ၃.၂% |
| ၆ | အထွက်နှုန်းလျော့နိုင်သည် (အတိအကျမခန့်မှန်းတတ်) | ၉ | ၂၉.၀၀% |
| | **စုစုပေါင်း** | **၃၁** | **၁၀၀.၀%** |

စပါးအထွက်နှုန်းကျဆင်းရသည့် အကြောင်းအရာများစွာရှိပါသည်။ တချို့သောအကြောင်းအရင်းများကို PONJA က ခန့်မှန်းခဲ့ပြီးဖြစ်သည်။ လယ်မြေဧကများစွာကို ဆားငန်ရေ ဝင်ရောက်သွားသော်လည်း မုတ်သုန်မိုးက လယ်မြေများစွာကို ဆေးကြောပစ်လိုက်ချိန်တွင် ဆားငန်ဓာတ်အနည်းငယ်လျော့သွားပါသည်။ သို့သော် နောက်ထပ် ပေါ်လာသော ပြဿနာသစ်တစ်ခုမှာ ဂဏန်းများနှင့် ခရုများ လယ်မြေအတွင်း တိုးပွားလာလျက် ပျိုးပင်များကို ဖျက်ဆီးစားသောက်ခဲ့ကြခြင်းဖြစ်သည်။ ပိုဆိုးသည်မှာဆုံးရှုံးသွားသော ခိုင်းကျွဲနွား၊ စက်ကိရိယာနှင့် မျိုးစေ့များ အစရှိသည့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပြန်လည်အစားထိုးရန်မတတ်နိုင်ခြင်း (လုံလောက်အောင် မဖြည့် ဆည်းနိုင်ခြင်း) ဖြစ်သည်။

စစ်တမ်းကောက်ယူခဲ့သောကျေးရွာများ၌ မုန်တိုင်းအတွင်း ခိုင်းကျွဲ၊ ခိုင်းနွားများ သေဆုံးမှုပမာဏကြီးမားလှ ကြောင်းတွေ့ရသည်။ အချို့ကျေးရွာများတွင် ကျွဲနွားတစ်ကောင်မှ မကျန်အောင် သေဆုံးသွားကြသည်။ ကျန်ရစ် ခဲ့သော ကျွဲ၊ နွားများတွင်လည်း စိတ်ထောင်းကိုယ်ကြေလက္ခဏာများ တွေ့ရခြင်း၊ အားနည်းခြင်း၊ ရောဂါစွဲကပ်နေ ခြင်းနှင့် အလုပ်မလုပ်နိုင်တော့ခြင်း အစရှိသော ဒဏ်ရာဒဏ်ချက်များခံစားရသည်။ နာဂစ်မတိုင်မီက မြစ်ဝကျွန်းပေါ် တွင် ထွန်ယက်ရန်အတွက် ထွန်စက်သုံးစွဲသော လယ်သမားများများစားစားမရှိလှပါ။ လယ်သမားများသည် မိရိုးဖလာဓလေ့အတိုင်း လာမည့်နှစ်တွင် စိုက်ပျိုးရန်မျိုးစပါးကို ယခုနှစ်ကတည်းက ချန်လုပ်ထားလေ့ရှိပြီး နောက်ထပ်မျိုးသစ်ကို ပြောင်းစိုက်ရန် အစီအစဉ်မရှိ၍ မျိုးအသစ်ဝယ်ရန်မလိုပါ။ မုန်တိုင်းဒဏ်ခံခဲ့ရသော စပါးစိုက် ကျေးရွာအများစုတွင် မျိုးစပါးသိုလှောင်သည့် စပါးကျီများ၊ ပုပ်များမှာ နာဂစ်ကြောင့် အနည်းနှင့်အများ ပျက်စီးခဲ့ရ သည်။ မိုးရွာသောအခါ မျိုးစပါးများရေစိုကာ အညှောင့်များပေါက်လာကြသည်။ ထို့ကြောင့် မိုးဦးကျ စပါးစိုက် ရာသီတွင် သုံးစွဲနိုင်သော မျိုးစပါးပမာဏမှာ သိသိသာသာပင် လျော့ကျသွားခဲ့သည်။

## ကူညီထောက်ပံ့မှုများ၏ လယ်သမားများအပေါ် အကျိုးသက်ရောက်မှုများ

ပျက်စီးဆုံးရှုံးသွားသော စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပြန်လည်ဖြည့်ဆည်းပေးခြင်းမှာ နာဂစ်အပြီး တစ်လအကြာတွင် ပေးအပ်ခဲ့ကြသော အကူအညီများ၏ကြီးမားသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ထို့နောက်တွင် လယ်ယာစိုက်ပျိုးရေး အကူအညီများက ပို၍အရေးပါလာခဲ့ပြီး ရိက္ခာထောက်ပံ့ရေးအပါအဝင် အခြားအကူအညီများ ပေးအပ်မှုက လျော့ကျသွားခဲ့သည်။ (အပိုင်း ၂ ကို ကြည့်ပါ)။ အသေးစိတ်ကျကျ လေ့လာခဲ့သော လူမှုဘဝအားသက်ရောက်မှု အစီရင်ခံစာက ထိုအကူအညီများ၏ ထိရောက်မှုအတိုင်းအတာကို ပုံစံအမျိုးမျိုးဖြင့် တွေ့မြင်ခဲ့ရပါသည်။

လေ့လာခဲ့သောကျေးရွာများ၏ မျိုးစပါးများ၊ လယ်ထွန်စက်များ ထောက်ပံ့ခြင်း၏ နောက်ဆက်တွဲ အဖြစ်အပျက်များကို အဆိုးအကောင်းရောလျက် မြင်တွေ့ရပါသည်။ ပေးအပ်လိုက်သော မျိုးစပါးအချို့မှာ မြစ်ဝကျွန်းပေါ်၏ ရေမြေသဘာဝနှင့် မကိုက်ညီခြင်းများရှိသလို ရောထွေးနေသောမျိုးများကလည်း မြစ်ဝကျွန်းပေါ်တွင် စိုက်ပျိုးနေကျ စပါးမျိုးများ မဟုတ်ပေ။ ဒေသနှင့် ကိုက်ညီခြင်းမရှိသော လယ်ထွန်စက်အမျိုးအစားများလည်း မကြာခဏ ပါရှိတတ်သည်။ (ဥပမာ မြစ်ဝကျွန်းပေါ်ဒေသ၏ ရွှံ့စေးဆန်သောနုန်းမြေများပေါ်တွင် မောင်းနှင်ရန် မဖြစ်နိုင်သောဘီးများ တပ်ဆင်ထားသည့် လယ်ထွန်စက်များ ပါရှိတတ်ခြင်းဖြစ်သည်။) လယ်သမားများတွင် လောင်စာဆီမရှိခြင်းကလည်း အခက်အခဲတစ်ခုဖြစ်သည်။ လေ့လာခဲ့သောကျေးရွာအချို့တွင် လောင်စာဆီမရှိသောကြောင့် လယ်ထွန်စက်ကဲ့သို့ လယ်ယာသုံးစက်ပစ္စည်းများမှာ အသုံးမပြုနိုင်ဘဲ ထိန်းသိမ်းထားရသည့်အနေအထားတွင် တွေ့ရှိရသည်။ အချို့ကျေးရွာများတွင်တွေ့ရသော အခြားပြဿနာတစ်ခုမှာ လယ်သမားအုပ်စုလိုက် ထောက်ပံ့ပေးသော လယ်ယာသုံးပစ္စည်းများ၊ ခိုင်းကျွဲနွားများ၊ စက်ကိရိယာများကို ခွဲဝေသုံးစွဲခြင်းနှင့် သက်ဆိုင်သည်။ အချို့သော ကျေးရွာများတွင် ယခင်က ဖွဲ့ထားသော လယ်သမားအစုအဖွဲ့များမရှိသောကြောင့် လယ်ယာသုံးပစ္စည်းများကို အလှည့်ကျ ခွဲဝေသုံးစွဲရာတွင် ပြဿနာများစွာ ကြုံတွေ့ရသည်။ အချို့ရွာများတွင် လယ်ယာသုံးပစ္စည်းများကို ငွေကြေးတတ်နိုင်သော ရွာမျက်နှာဖုံး လယ်သမားများက ဆင်းရဲသောလယ်သမားများထက် စောစောစီးစီး သုံးစွဲခွင့်ရကြလျက် ဆင်းရဲသောလယ်သမားများကမူ ၎င်းတို့အလှည့်ရောက်ရန် အချိန်အတန်ကြာ စောင့်ဆိုင်းကြရသည်။

လေ့လာခဲ့သော ကျေးရွာများ၌ ဝေခြမ်းပေးသွားသော အခြားဒေသမှလာသည့် နွားများမှာခရီးပန်းလာခြင်း၊ စားကျက်မရှိခြင်းနှင့် ရာသီဥတုအပြောင်းအလဲကို မခံနိုင်ခြင်းတို့ကြောင့် လယ်သမားများလက်ဝယ်သို့ ရောက်အပြီး ရက်အနည်းငယ်အကြာတွင် သေဆုံးသွားကြသည်။

## နောက်ထပ်ပေါ်ထွက်လာသောအရေးကိစ္စများ

စပါးအထွက်လျော့ခြင်းမှာ လယ်သမားများကို လောလောဆယ်အကျိုးယုတ်စေသည်သာမကဘဲ မုန်တိုင်းအတွင်း၌ ငွေသားနှင့်အခြားပိုင်ဆိုင်မှုများ ဆုံးရှုံးရခြင်း၊ မုန်တိုင်းအပြီး စိုက်ပျိုးသောမိုးစပါးအထွက်လျော့၍ ဝင်ငွေနည်းပါးခြင်းတို့ကရေရှည်တွင် အခက်အခဲများစွာ ဖြစ်ပေါ်စေပါသည်။ လယ်သမားများမှာ လာမည့်နှစ်တွင် ယခင်ကြွေးဟောင်းများကို ပြန်မဆပ်နိုင်ပါက ကြွေးသစ်ချေးယူရန် ခက်ခဲသွားမည်ကိုလည်းကောင်း၊ ကြွေးမဆပ်နိုင်သဖြင့် ကြွေးရှင်က လယ်ကို ကြွေးဖြင့်သိမ်းယူမည်ကိုလည်းကောင်း၊ ကြောင့်ကြနေရသည်။ ဤသို့ အကြွေးသံသရာတွင် နစ်မွန်းနေပြီး တစ်ရာသီခြင်းတင်သောအကြွေးကို ပြန်မဆပ်နိုင်ပါက လယ်မြေများဖြင့်အကြွေးကို ဖြေရှင်းရန် အလားအလာရှိပြီး လယ်သမားလက်မှလယ်ဧကမှာ တစစလျော့သွားဖွယ်ရှိရာ ၎င်းတို့မိသားစုသည်လည်းကောင်း၊ ၎င်းအပေါ်တွင် မှီခိုနေရသော လယ်လုပ်သားများအတွက်လည်းကောင်း ရင်လေးဖွယ်ရာဖြစ်ပါသည်။

---

၃၅။ စစ်တမ်းကောက်ယူခဲ့သာရွာများ၏ ၃၆ ရာခိုင်နှုန်းအတွင်း လယ်သမားများမှ လယ်မြေများတွင် အပြည့်အဝ စိုက်ပျိုးနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ အပြည့်ပြန်စိုက်ပျိုးနိုင်သောနေရာများတွင်ပင် ယခုအခန်းတွင် တင်ပြခဲ့သည့် အကြောင်းရင်းများကြောင့် အထွက်နှုန်းမှာ နည်းလှသည်။

စပါးစိုက်သောရာသီရောက်တိုင်း လယ်သမားများမှာ မြို့ပေါ်ရှိ ငွေတိုးချသူများထံမှ ငွေချေးယူလေ့ရှိပြီး စပါးပေါ်ချိန်တွင် ကြွေးကိုပြန်ဆပ်ကြရသည်။ အတိုးနှုန်းမှာ အများအားဖြင့် တစ်လလျှင် ၅% မှ ၁၀% အထိ ဖြစ်ပြီးအချို့ကျေးရွာများတွင်မူ ၂၀% အထိရှိနေကြောင်း တွေ့ရသည်။ နာဂစ်မုန်တိုင်းမှာ နွေစပါးရိတ်သိမ်းပြီးကာစ တွင် ဝင်ရောက်လာခြင်းဖြစ်ရာ ရိတ်သိမ်းပြီးစပါးအများစုမှာ ပျက်စီးသွားကြသည်။ စပါးမရှိသောလယ်သမားများမှာ ယခင်နှစ်ကယူထားသော ကြွေးဟောင်းကို ပြန်ဆပ်နိုင်ဖွယ်မရှိသောကြောင့် ကြွေးသစ်ကိုထပ်မံချေးယူရန် အခက်အခဲ တွေ့ခဲ့ကြသည်။

ဤသို့ လယ်သမားများလက်ဝယ်တွင် ငွေအရင်းအနှီးမရှိခြင်းက စိုက်ပျိုးနိုင်သော လယ်ဧက တော်တော်များများတွင် စပါးမစိုက်နိုင်တော့သည့်အဖြစ်သို့ ရောက်ရှိသွားနိုင်သည်။[၂၉] လယ်သမားများမှာ လယ်ဧက ပိုင်ဆိုင်မှုများလေလေ လိုအပ်သောအရင်းအနှီးများလေလေဖြစ်၍ ထိုသူတို့မှာ ငွေချေးယူရန် ရာခိုင်နှုန်း ပိုများသူ များဖြစ်ကြသည်။ အထူးသဖြင့် နာဂစ်နောက်ပိုင်း လယ်ဧကများစွာစိုက်ပျိုးသော လယ်သမားများကို အထောက်အပံ့ အနည်းအကျဉ်းသာပေးသောအခြေအနေတွင် လယ်ဧကအနည်းငယ်သာပိုင်ဆိုင်သူများထက်စာလျှင် လယ်ဧက ပေါင်းများစွာပိုင်ဆိုင်သောလယ်သမားကြီးများက ပို၍ အထိနာဖွယ်ရှိသည်။

ထိုစပါးအထွက်ကျဆင်းမှုသည် စပါးဈေးကွက်တစ်ခုလုံးကို ထိခိုက်ဖွယ်ရှိသည်။ ကျေးရွာများမှ စပါးကောက်သူနှင့် ပွဲစားများလည်း လုပ်ငန်းပြန်မစနိုင်ဖြစ်နေရသည်။ ဆန်စက်နှင့် ဂိုဒေါင်အများစုမှာလည်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးထိခိုက်မှုများရှိနေသည့်အပြင် ပေးထားသောအကြွေးများလည်း ပြန်လည် ကောက်ယူ၍ မရဖြစ်နေသည်။ (အကြွေးကိစ္စအသေးစိတ်ကို အကြွေးသံသရာခေါင်းစဉ်အောက်တွင် ကြည့်ရှုပါရန်။)

## ၂။ ရေလုပ်ငန်းအပေါ်ထိခိုက်မှု

ကျေးရွာ ၁၂ ရွာများမှအပ သုတေသနပြုခဲ့သော ကျန်ကျေးရွာအားလုံးတွင် ရေလုပ်ငန်းလုပ်သူတောင်သူများ နေထိုင်ကြသည်။ စိုက်ပျိုးရေးကို အဓိကလုပ်သော ကျေးရွာများတွင်ပင် ရေလုပ်ငန်းလုပ်သူအများအပြားကို တွေ့နိုင်သည်။

## မုန်တိုင်းမတိုင်မီက ရေလုပ်ငန်းအခြေအနေ

မြစ်ဝကျွန်းပေါ်ရှိရေလုပ်ငန်းတွင် အဖွဲ့အစည်းအသီးသီးမှ ဆိုင်ရာကဏ္ဍအလိုက် အရေးပါသည်ကိုတွေ့ရ သည်။ ၎င်းတို့သည် ရေလုပ်ငန်းဈေးကွက်မှ တစ်နည်းမဟုတ်တစ်နည်း အကျိုးအမြတ်ရနေသူများဖြစ်ကြသည်။ ပထမအုပ်စုမှာ ငါးဖမ်းခွင့်လိုင်စင်ပိုင်ဆိုင်သော မြို့ပေါ်နေတင်ဒါသမားများ ဖြစ်ကြသည်။ ဒုတိယအုပ်စုမှာ ၎င်းတို့မှ တစ်ဆင့် ယုံကြည်စိတ်ချရသူများကို ကျေးရွာအဆင့်တွင် ငါးဖမ်းခွင့် ပြန်လည်ချထားပေးပြီး ရွာအဆင့်ငါးအဝယ် ဒိုင်များဖွင့်ထားသည့် ကျေးရွာနေပွဲစားများ ဖြစ်ကြသည်။ တတိယအဆင့်မှာ ကျေးရွာနေသာမန်ငါးဖမ်းလုပ်သား များ ဖြစ်ကြသည်။ မြစ်၊ ချောင်းနှင့် ရိုးများတွင် ငါးဖမ်းခွင့်ကို ငါးလုပ်ငန်းဦးစီးဌာနမှတစ်ဆင့် တင်ဒါစနစ်ဖြင့် ချထားပေးသည်။ တင်ဒါဆွဲသူက စိတ်ချရသောကျေးရွာနေငါးဖမ်းသမားတစ်ဦးကို လူယုံအဖြစ်ထားရှိပြီး ငွေထုတ် ပေးထားသည်။ ထိုငွေကို ငါးဖမ်းသမားများအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန်ချေးပေးသည်။ ငါးဖမ်း သမားများသည် နေ့စဉ်ရရှိသော ဖမ်းမိငါးများကို ကျေးရွာငါးဒိုင်သို့ ရောင်းချသည်။ ထိုသို့ရောင်းချလျှင် ရောင်းရငွေ၏ တစ်ဝက်ကို အကြွေးထဲမှခုနှိမ်၍ ကျန်တစ်ဝက်ကို ငါးဖမ်းသူအား ပေးချေသည်။ စတုတ္ထအုပ်စုမှာ ငါးဖမ်းလုပ်ငန်းကို အထောက်အကူပြုသော ပိုက်ယက်ခြင်း၊ ပိုက်ပြင်ဆင်ခြင်း၊ ငါးရွေးခြင်း စသည့်အလုပ်များလုပ်သော အမျိုးသမီး အဖွဲ့ဖြစ်သည်။

ငါးလုပ်ငန်းသည် ပုံမှန်အားဖြင့် မိုးဦးကျဇွန်လတွင်စတင်၍ ဖေဖော်ဝါရီလတွင် ပြီးဆုံးပါသည်။ မိုးဦးကျ ပထမ (၃) လမှာ ငါးတက်သောရာသီဖြစ်သည်။ နောက်ပိုင်းတွင် တဖြည်းဖြည်း ငါးအမိနည်းလာသည်။ လစဉ် ဒီရေတက်သော (၁၅) ရက်အတွင်း ငါးအမိများ၍ လစဉ်ဒီရေကျသော (၁၅) ရက်တွင် ငါးအမိနည်းလေ့ရှိသည်။

## မုန်တိုင်းကြောင့် ရေလုပ်ငန်းအပေါ်ရိုက်ခတ်မှု

နာဂစ်မုန်တိုင်းသည် ရေလုပ်ငန်းကို နည်းမျိုးစုံဖြင့် ရိုက်ခတ်ခဲ့သည်။ မုန်တိုင်းပြီးနောက် ငါးလုပ်ငန်း ဦးစီးဌာနမှ တင်ဒါချပေးသည့်လုပ်ငန်းကို ဩဂုတ်၊ ၂၀၀၈ အကုန်အထိ ရွှေ့ဆိုင်းခဲ့သည်။ ဤရွှေ့ဆိုင်းမှုကြောင့် ရေလုပ်ငန်းသမားများအနေဖြင့် ၎င်းတို့နှင့်နီးစပ်နေရာများတွင် ငါးဖမ်းလုပ်ငန်းကို ငါးဖမ်းရာသီ၏ ပထမ (၃) လတွင် လွတ်လပ်စွာလုပ်ခွင့်ရခဲ့သည်။

မုန်တိုင်းပြီးနောက် တင်ဒါအုံနာများသည် လိုအပ်သောအရင်းအနှီးကို ငါးဖမ်းလုပ်သားများသို့ မပေးနိုင် (သို့) မပေးချင်ဖြစ်ခဲ့သည်။ ပုံမှန်အားဖြင့် အဆိုပါရင်းနှီးငွေကို ငါးဖမ်းကိရိယာများ ဝယ်ယူဖြည့်ဆည်းရန်နှင့် ပြင်ဆင်ရန် ငါးဖမ်းသမားများက အသုံးပြုလေ့ရှိသည်။ ပဏာမစာရင်းကောက်ယူသော ၈ ရွာ၏တွေ့ရှိချက်များအရ ငါးဖမ်းသမားများသည် ပုံမှန်ရရှိသောငါးအရေအတွက်၏ ၂၀–၃၀ % ဖမ်းမိကြသည်။ ၎င်းပမာဏသည် စားသောက်ရန်လုံလောက်ရုံမျှသာ ဖြစ်သည်။ (စာရင်းကောက်ယူသောရွာအားလုံး၏ ဖမ်းမိသောငါးအရေအတွက်၏ ကိန်းဂဏန်းကို ဖော်ပြနိုင်ခြင်း မရှိပါ။)

ငါးဖမ်းသမားများများမရှိသော စာရင်းကောက်ကျေးရွာများ၏ သုံးပုံတစ်ပုံတွင် ငါးဖမ်းသမားများမှာ ပြန်လည်နာလန်ထူနိုင်ခဲ့ကြောင်း တွေ့ရသည်။ ဤသုံးပုံတစ်ပုံသော ကျေးရွာများတွင် ငါးဖမ်းသမားအချို့သာ ငါးဖမ်းလုပ်ငန်းကို ပြန်လည်စတင်နိုင်ခဲ့သည်။ ငါးဖမ်းလုပ်ငန်းကို တစ်ပိုင်းတစ်စသာစတင်နိုင်သောရွာများတွင်မူ ငါးဖမ်းကိရိယာအထောက်အပံ့များ ထပ်မံရရှိရန် ခက်ခဲနေသည်။

**ဇယား ၉။ ငါးဖမ်းကိရိယာများပေးဝေမှု**

| အသက်မွေးမှုလုပ်ငန်း ပြန်လည်စတင်ခြင်း | ကျေးရွာ အရေအတွက် | ရရှိသောကိရိယာ အရေတွက် | မရရှိသောကိရိယာ အရေအတွက် |
|---|---|---|---|
| အပြည့်အဝရရှိ | ၈ | ၅ | ၃ |
| တစ်စိတ်တစ်ပိုင်းရရှိ | ၁၁ | ၃ | ၅ |
| လူအနည်းငယ်သာပြန်လည်စတင်နိုင် | ၇ | ၅ | ၅ |
| စုစုပေါင်း | ၂၆ | ၁၃ | ၁၃ |

တံငါသည်အချို့မှာ ဖြစ်သည့်နည်းဖြင့် ငါးဖမ်းဆီးမှုပြုနေကြပြီး အချို့မှာ ကျပန်းလုပ်သားများအဖြစ် ပြောင်းလဲလုပ်ကိုင်ကြသည်။ (သာဓက–၉)

**သာဓက ၉။ ရေလုပ်ငန်းပြန်လည်ထူထောင်ရာတွင် ကြုံတွေ့ရသောအခက်အခဲများ**

နာဂစ်မတိုင်မီက ရေလုပ်ငန်းနှင့် လယ်ယာလုပ်ငန်း တွဲ၍လုပ်ကိုင်သောအိမ်ခြေ ၅၉ ဦး နေထိုင်ရာကျေးရွာတခုကို ဒေးဒရဲမြို့နယ်တွင် တွေ့ရသည်။ နာဂစ်ဖြစ်ပြီးချိန်မှစ၍ တံငါသည် ၁၅ ယောက်မှာ ရေလုပ်ငန်းသုံးပစ္စည်းများမရှိသောကြောင့် ရေလုပ်ငန်းလုပ်ကိုင်ခြင်း မရှိတော့ပေ။ အခြားတံငါသည် ၄၄ ဦးမှာအခက်အခဲမြောက်များစွာဖြင့် ရေလုပ်ငန်းကို ပြန်လည်စတင်နေကြပြီ ဖြစ်သည်။ ထိုတံငါသည်များမှာ လှေများနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်အတွက် ကျပ် ၆၀၀, ၀၀၀ မှ ၇၀၀, ၀၀၀ အထိ ချေးယူရန် လိုအပ်နေသည်။ လုပ်ငန်းများအဆင်မပြေသောကြောင့် ငါးဖမ်းရာသီ မကုန်ဆုံးမီ အကြွေးများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိလျှင် ၎င်းတို့ပိုင်ဆိုင်သော ငါးဖမ်းကိရိယာများကိုရောင်း၍ ပြန်လည်ပေးဆပ်ရလိမ့်မည်ဖြစ်သည်။

ငွေအရင်းအနှီးမရှိခြင်းနှင့် ချေးငွေမရရှိခြင်းတို့ကြောင့် တံငါသည်များစွာ လှေ၊ ပိုက်နှင့် အခြားကိရိယာများ ဝယ်ယူနိုင်ခြင်းမရှိကြပါ။ (သာဓက ၁၀) ထို့ကြောင့် တံငါသည်အများစုမှာ ပင်လယ်ပြင်နှင့် မြစ်များအတွင်း ငါးဖမ်းခြင်းမပြုလုပ်နိုင်ကြတော့ဘဲ အရင်းအနှီးနည်းသော ပုဇွန်ဖမ်းခြင်းလုပ်ငန်းကို ရွာအနီးအနားရှိ ရေကန်များတွင်သာ ပြုလုပ်နေကြသည်။ တံငါသည်အသေးစားတို့မှာ ပိုက်များဖြင့် ငါးဖမ်းမည့်အစား အကုန်အကျမများသော ဝါးထောင်ချောက်များဖြင့်သာ ဂဏန်းထောင်သောအလုပ်ကို လုပ်ကိုင်နေကြသည်။ ဤတံငါလုပ်ငန်းများမှာ အကျိုးအမြတ်အလွန်နည်းသောလုပ်ငန်းများဖြစ်ကြသည်။ အချို့တံငါသည်များမှာလည်း မြန်မာနိုင်ငံအရှေ့တောင်ဘက်ရှိ တနင်္သာရီဒေသသို့ ဝမ်းစာအတွက် ရွှေ့ပြောင်းနေထိုင်ခဲ့ကြောင်း သိခဲ့ရသည်။

**သာဓက ၁၀။ ငွေအရင်းအနှီးမဲ့သော မုဆိုးမတစ်ဦး ပြန်လည်ထူထောင်နိုင်ရန်ခက်ခဲပုံ**

ဖျာပုံမြို့နယ်ရှိ ရေလုပ်ငန်းလုပ်ကိုင်သောကျေးရွာတစ်ရွာတွင် နေထိုင်သော အသက် ၄၅ နှစ် အရွယ် ကလေးခြောက်ယောက်အမေတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ ၎င်းတို့တွင် မိသားစုပိုင် မော်တော်ယာဉ်နှစ်စင်းရှိခဲ့ပြီး နာဂစ်အတွင်း ပျက်စီးသွားခဲ့သည်။ ဆိုင်ကလုန်းအတွင်း နေအိမ်နှင့် ငါးဖမ်းပိုက်များ ပျက်စီးသွားခဲ့သည်။ နာဂစ်ဖြစ်ပြီး ရက်အနည်းငယ်အကြာတွင် ခင်ပွန်းသည်ဆုံးပါးသွားခဲ့သည်။ လှေများ ပြုပြင်ရန်နှင့် လိုအပ်သောငါးဖမ်းကိရိယာများဝယ်ယူရန် ငွေအရင်းအနှီးမရှိသောကြောင့် ငါးဖမ်းလုပ်ငန်း ပြန်လည်စတင်နိုင်ရန် ခက်ခဲလျက်ရှိသည်။ သူမမှာ မိသားစုစီးပွားရေးလုပ်ငန်းကို ပြန်လည်စတင်နိုင်ခြင်းမရှိသေးသည့်အပြင် မိမိသားသမီးများကိုကျွေးမွေးရန်ပင် အခက်အခဲ ကြုံတွေ့နေရသည်။

နာဂစ်ကြောင့် စီးပွားရေးအကျိုးဆက်များ ပေါ်ထွက်လာသည့်အချိန်မှစ၍ ရေလုပ်ငန်း၌လည်း ကျဆင်းမှုများကို တွေ့မြင်လာရသည်။ ငါးပိ၊ ငံပြာရည်၊ ငါးခြောက်ထုတ်လုပ်သော လုပ်ငန်းကြီး၊ လုပ်ငန်းငယ်များကိုပါ ထိခိုက်ခဲ့သည်။ အမျိုးသမီးများအပါအဝင် ကျွမ်းကျင်လုပ်သားအများစုမှာ ၎င်းလုပ်ငန်းများမှဝင်ငွေ အခွင့်အလမ်းပျောက်ဆုံး၍ အလုပ်လက်မဲ့များဖြစ်ခဲ့ကြသည်။

## ၃။ ကျပန်းသမားများအပေါ် အကျိုးသက်ရောက်မှုများ

နာဂစ်သည်မြေယာပိုင်ဆိုင်သူများထက် မြေယာမဲ့လက်လုပ်လက်စားများအပေါ် ပိုမိုပြင်းထန်သော အကျိုးဆက်များ ခံစားရဖွယ်ရှိသည်ဟု PONJA အစီရင်ခံစာတွင် ခန့်မှန်းဖော်ပြခဲ့သည်။[၃၆] ခြောက်လအကြာတွင် ဤခန့်မှန်းမှု မှန်ကန်လာနိုင်ဖွယ်ရှိသောအခြေအနေများကို တွေ့မြင်ရသည်။ လေ့လာခဲ့သော ကျေးရွာတိုင်းတွင် ကျေးရွာလူဦးရေ၏အများစုဖြစ်သော မြေယာမဲ့များအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ လျော့နည်းသွားကြောင်း တွေ့ရသည်။ သာမန်ကျပန်းသမားများအတွက် အသက်မွေးမှုအထောက်အပံ့မှာ အခြားအဓိက အသက်မွေးမှုလုပ်ငန်း လုပ်ကိုင်သူများထက် လျော့နည်း၍ရနိုင်ဖွယ်ရာရှိသည်ဟု PONJA အစီရင်ခံစာတွင် ကောက်ချက်ချခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ အခြားအဓိကအသက်မွေးမှုလုပ်ငန်းများကို ထောက်ပံ့ခြင်းက အလုပ်အကိုင်များစွာ ပြန်လည်ဖန်တီးပေးနိုင်လိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။ ဤဖြစ်စဉ်မှာ ဆက်လက်တည်ရှိနေခဲ့သည်။ ပြန်လည်ထူထောင်နိုင်မှု အတိုင်းအတာမြင့်မားလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာနိုင်ဖွယ်ရှိသည်ဟု PONJA အစီရင်ခံစာက ဟောကိန်းထုတ်ခဲ့သည်။ သို့သော်ကျေးရွာစီးပွားရေး နလန်ထမှုနှေးကွေးနေခြင်းကြောင့် ဟောကိန်းထုတ်ထားသောအခြေအနေတစ်ရပ်ကိုရရှိရန် အလှမ်းကွာဝေးနေဆဲဖြစ်သည်။

---

၃၆။ သုံးပွင့်ဆိုင်ဇဟိုအဖွဲ့ (၂၀၀၈) စာမျက်နှာ ၁၀၅

၃၇။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (၂၀၀၇)

## နာဂစ်မတိုင်မီ ကျပန်းသမားများ၏အခန်းကဏ္ဍ

မုန်တိုင်းမတိုင်မီက မုန်တိုင်းသင့်ဒေသများရှိ လူဦးရေအများစုမှာ ကျပန်းသမားများ ဖြစ်ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့နယ်လေးခုအတွက် ၂၀၀၇ ခုနှစ် ဆန်းစစ်ချက်များအရ ၅၁ မှ ၇၁ ရာခိုင်နှုန်းသော အိမ်ခြေမှာ မြေယာမဲ့မိသားစုများဖြစ်ကြသည်။[၃၇] လေ့လာခဲ့သောကျေးရွာများရှိ မြေယာမဲ့ကျပန်းသမားဦးရေ အချိုးအစားမှာ လပွတ္တာရှိကျေးရွာတစ်ရွာ၌ ၁၆ ရာခိုင်နှုန်းရှိ၍ ငပုတောမြို့နယ်ရှိ ကျေးရွာ၌ ၈၈ ရာခိုင်နှုန်းထိ ရှိသည်။ လေ့လာခဲ့သောရွာများ၏ ထက်ဝက်ကျော်တွင် ရွာလူဦးရေ၏ ၅၀ % ကျော်မှာ မြေယာမဲ့ကျပန်းသမားများ ဖြစ်ကြသည်။

နာဂစ်မတိုင်မီကကျပန်းသမားများသည် လုပ်ငန်းမျိုးစုံကို ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။ အချို့မှာငါးဖမ်း လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အချိန်ပြည့်လုပ်ကိုင်ကြသည်။ ရေလုပ်ငန်းတွင် အမျိုးသားကျပန်းသမား များမှာ အချိန်ပြည့်လုပ်သားများအဖြစ်လည်းကောင်း၊ အမျိုးသမီးကျပန်းသမားများမှာ အချိန်ပိုင်းအလုပ်သမား အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့ကြသည်။ အမျိုးသမီးများမှာ ငါးရွေး၊ ပိုက်ပြင်လုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။ အချို့သူဆင်းရဲ အမျိုးသမီးများမှာ ရွာရှိငါးဒိုင် (ကြားလူ) မှ ငါးများကို အကြွေးယူ၍ အိမ်နီးချင်းရွာများ၌ သွားရောက် ရောင်းချကြပြီး မိမိအတွက် အမြတ်ငွေအနည်းငယ်သာချန်၍ ငါးဒိုင်သို့ ပြန်ဆပ်ရသည်။ လယ်ယာကဏ္ဍတွင်မူ ပျိုးကျဲ၊ ကောက်စိုက်၊ ပေါင်းနှုတ်၊ ကောက်ရိတ် စသည့်အလုပ်များကို ကျပန်းသမားများ ဝင်ရောက်လုပ်ကိုင်ကြသည်။ ကျပန်းသမားအများစုမှာ ရာသီအလိုက် ငါးပတ်၊ ဂဏန်းထောင်၊ ဓနိယက်၊[၃၈] သစ်ခုတ်၊ မီးသွေးဖုတ်၊ ဖျာ၊ တောင်း ယက်လုပ်ငန်းများဖြင့်လည်း ဝင်ငွေရှာကြရသည်။

## ကျပန်းသမားများအပေါ် နာဂစ်မုန်တိုင်းဒဏ်သက်ရောက်မှု

ကျပန်းသမားများသည် နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးဝါးစွာခံစားခဲ့ရသည်။ လူမှုအဖွဲ့အစည်း၏ ဆင်းရဲသား လူတန်းစားများဖြစ်သည့်အားလျော်စွာ ကျပန်းသမားများသည် နေအိမ်များကို အပေါ့စားဝါးများဖြင့်သာ ဆောက်လုပ်ထားသဖြင့် ၎င်းတို့နေအိမ်များသည် မုန်တိုင်းအတွင်း ပိုမိုပျက်စီးဆုံးရှုံးခဲ့ဖွယ်ရာရှိသည်။ ကျပန်းသမား များသည် အခြားရွာသားများနည်းတူ ၎င်းတို့ပိုင်ဆိုင်သည့်ယာခင်းများ၊ မွေးမြူထားသော ကြက်၊ ဘဲ စသည့် သတ္တဝါငယ်များနှင့် ၎င်းတို့၏မိသားစုဝင်များကို မုန်တိုင်းအတွင်း ဆုံးရှုံးခဲ့ရသည်။

နာဂစ်မုန်တိုင်းမတိုင်မီက ကျပန်းသမားများသည် ငါးဖမ်းပိုက်ကွန်နှင့် လှေငယ်များ ပိုင်ဆိုင်ခဲ့ကြပြီး လင်ကိုယ်မယားနှစ်ဦးပေါင်း၍ ဝမ်းစာအတွက် ငါးဖမ်းခြင်းကို လုပ်ကိုင်ခဲ့ကြသည်။ မုန်တိုင်းကြောင့် ဆုံးရှုံးခဲ့ သောလှေများနှင့် ငါးဖမ်းကိရိယာများအတွက် အစားထိုးပံ့ပိုးမှုများ မရရှိသေးပေ။ သို့ဖြစ်၍ ၎င်းတို့သည် ပို၍ ကျပ်တည်းစွာ ရှင်သန်ရပ်တည်နေရသည်။

ကျပန်းသမားများသည် မုန်တိုင်း၏သွယ်ဝိုက်သော အကျိုးဆက်များကိုလည်း ခံစားရသည်။ မုန်တိုင်း ကြောင့် ကျပန်းသမားများအတွက် နေ့စားအလုပ်အကိုင်အခွင့်အလမ်းများ သိသိသာသာ လျော့သွားသည်။ မြေပိုင်ရှင်လယ်သမားများသည် မုန်တိုင်းမတိုင်မီကလောက် ကျပန်းသမားများကို ငှားရမ်းလုပ်ကိုင်ရန် မတတ်နိုင် ကြတော့ပေ။ ထွန်ယက်စိုက်ပျိုးခြင်းနည်းပါးသွားခြင်းသည် အငှားလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း နည်းသွားခြင်းပင် ဖြစ်သည်။ ယခုလေ့လာမှုအတွင်း သွားရောက်ခဲ့သောကျေးရွာများတွင် လယ်သမား များသည် မုန်တိုင်းမတိုင်မီ ငှားရမ်းလုပ်ကိုင်ခဲ့သော ကျပန်းအလုပ်သမားအင်အား၏ သုံးပုံတစ်ပုံ ကိုသာ ငှားရမ်းလုပ်ကိုင်နိုင်တော့ကြောင်း တွေ့ရှိခဲ့ရသည်။

မုန်တိုင်းကြောင့် ငါးဖမ်းလုပ်ငန်းကျဆင်းသွားခြင်းကလည်း အငှားအလုပ်သမား လိုအပ်ချက်ကို လျော့ပါး စေခဲ့သည်။ ငါးဖမ်းလုပ်သားများ လုပ်ငန်းပြန်လည်မစတင်နိုင်ခြင်းကြောင့် အဓိကလုပ်ကိုင်သော ငါးဖမ်းခြင်း၊

---

၃၈။ အိမ်မိုးရာတွင်သုံးသောဓနိဖက်

အမျိုးသမီးများနှင့် မိသားစုဝင်များဖြင့်သာ လည်ပတ်သော တစ်နိုင်တစ်ပိုင်လုပ်ငန်းငယ်များ၊ ပိုက်ကွန်ယက်ခြင်းနှင့် ပိုက်ဆင်ခြင်းစသည့်လုပ်ငန်းများမှာလည်း ရပ်တန့်သွားခဲ့သည်။ ငါးရွေးခြင်း၊ ထုတ်ပိုးခြင်း၊ ပို့ဆောင်ဖြန့်ဖြူးခြင်းနှင့် ဈေးကွက်တင်ခြင်း စသည့်အမျိုးသမီးများ၊ မုဆိုးမများနှင့် ရပ်ရွာ၏အဆင်းရဲဆုံးသောလူတန်းစားများ လုပ်ကိုင်လေ့ရှိသည့် အချိန်ပိုင်းအလုပ်အကိုင်များလည်း ငါးဖမ်းလုပ်ငန်းကျဆင်းခြင်းနှင့်အတူ လျော့ပါးကျဆင်းသွားခဲ့ကြသည်။ ဤသို့အားဖြင့် ကျပန်းလူတန်းစားများသည် အခြေခံဘဝရပ်တည်မှုအတွက် ရှာဖွေလုပ်ကိုင်နိုင်သော အလုပ်အကိုင်အခွင့်အလမ်းများ အကြီးအကျယ်လျော့ပါးမှုနှင့် ကြုံတွေ့နေရသည်။

## ထောက်ပံ့မှု၏ အကျိုးသက်ရောက်မှုများ

အခြားလူတန်းစားအုပ်စုများနှင့် နှိုင်းယှဉ်လျှင် ကျပန်းအလုပ်သမားများသည် ပြန်လည်ထူထောင်ရေးအထောက်အပံ့၏အကျိုးကျေးဇူးများကိုရရှိခြင်း နည်းပါးလှသည်။ အဘယ်ကြောင့်ဆိုသော် ထောက်ပံ့မှုအများစုသည် အသေးစားနှင့်အလတ်စားငါးဖမ်းလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းလုပ်ကိုင်သူများအတွက် အဓိကဦးတည်ထားခြင်းကြောင့်ဖြစ်သည်။ ၎င်းလူတန်းစားအုပ်စုများသည် ကျပန်းသမားများထက် စီးပွားရေးအခြေအနေသာလွန်ကောင်းမွန်ကြသည်။ ထောက်ပံ့ကူညီမှုများသည် တစ်စိတ်တစ်ဒေသအားဖြင့် ကျပန်းသမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ သို့သော် ထောက်ပံ့ကူညီမှုများသည် အရေအတွက်နှင့် အရည်အချင်းနှစ်မျိုးစလုံးအနေဖြင့် ဒေသ၏အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးပေ။

သို့ဖြစ်၍ အကျိုးကျေးဇူးမှာ မှန်းသလောက်မဖြစ်ထွန်းပေ။ အကျိုးဆက်အားဖြင့် စိုက်ပျိုးမှုများနောက်ကျ၍ ထုတ်လုပ်မှုများ မျှော်မှန်းထားသည့်ကာလတွင် ပြန်လည်မစတင်နိုင်ခဲ့ပေ။ ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများစွာဖန်တီးပေးလေ့ရှိသော လုပ်ငန်းကြီးလယ်သမားများသည် ထောက်ပံ့ကူညီမှုများကို အသေးစားလယ်သမားများလောက် မရရှိခဲ့ပေ။ ရလဒ်မှာ လေ့လာခဲ့သောကျေးရွာများအားလုံးတွင် လယ်ယာနှင့်ရေလုပ်ငန်းများယခုထက်တိုင် ပြန်လည်ထူထောင်နိုင်မှုမရှိသေးသည့်အပြင် လယ်သမားများနှင့် ရေလုပ်ငန်းရှင်များ ကိုယ်တိုင်ရပ်တည်မှုအတွက် ရုန်းကန်နေရပြီး ကျပန်းသမားများအဖို့ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်းကြောင့် ပိုမိုကျပ်တည်းလျက်ရှိကြသည်။

## ၄။ ကြွေးမြီတင်ရှိမှု

သွားရောက်လေ့လာခဲ့သောရွာအားလုံး၏ ယနေ့လတ်တလောရင်ဆိုင်နေရသော ပြဿနာတစ်ခုမှာ ကြွေးမြီးပြဿနာပင်ဖြစ်သည်။ (ဇယား–၁၀)။ အကြွေးသံသရာရှည်မည့်အလားအလာများကို မြင်တွေ့နေရသည်။ နာဂစ်မတိုင်မီက ကြွေးဟောင်းများပေးဆပ်ရန်ပင် ကျန်ရှိနေသောကြောင့် ကြွေးသစ်ယူရန်မလွယ်ကူပါ။ ကြွေးသစ်မရရှိသောကြောင့် (ပြန်လည်ထူထောင်ရေး အထောက်အပံ့များလည်း မရရှိခဲ့လျှင်) လယ်သမားများနှင့် တံငါသည်များမှာ လုပ်ငန်းသုံးပစ္စည်းများ မဝယ်ယူနိုင်ခြင်း၊ လုပ်ငန်းများသို့ငွေအရင်းအနှီးမထည့်နိုင်ခြင်း သို့မဟုတ် အလုပ်သမားများ ငှားရမ်းအသုံးမပြုနိုင်ခြင်း စသည့်အခက်အခဲများကို ရင်ဆိုင်ကြုံတွေနေရသည်။ အကျိုးဆက်မှာ ထုတ်လုပ်မှုများ ကျဆင်းလာခြင်းနှင့်အတူ ဝင်ငွေကျဆင်းလာပြီး ချေးငွေများပြန်လည်ပေးဆပ်နိုင်ရန် ပိုမိုခက်ခဲလာခြင်းဖြစ်သည်။ ဤကဲ့သို့ မြစ်ဝကျွန်းပေါ်ဒေသ၏ စီးပွားရေးကျဆင်းမှု ဆက်လက်သက်ဆိုးရှည်နေခဲ့ပြီး ကျေးရွာများ၏စီးပွားရေးကို ထောက်ပံ့ငွေများဖြင့် ပံ့ပိုးပေးနိုင်ခြင်း မရှိခဲ့ပါလျှင် ရေရှည်စီးပွားရေးနှင့် လူမှုရေးဆိုးကျိုးများကို ဒေသခံများ ကြုံတွေ့ခံစားရဖွယ်ရှိသည်။

**ဇယား ၁၀။ အဓိကကြွေးမြီပြဿနာများ**

| ပြဿနာ | |
|---|---|
| လယ်သမားများ ပျမ်းမျှကြွေးမြီးတင်ရှိမှု(တစ်ဧက) | ကျပ် ၇၀, ၀၀၀–၁၀၀, ၀၀၀ |
| လစဉ်အတိုးနှုန်း(အပေါင်ပစ္စည်းဖြင့်) | ၅–၁၀ ရာခိုင်နှုန်း |
| လစဉ်အတိုးနှုန်း(အပေါင်ပစ္စည်းမတင်နိုင်သူများ) | ၁၀–၂၀ ရာခိုင်နှုန်း |

## နာဂစ်မတိုင်မီနှင့် နာဂစ်အပြီး ငွေချေးငှားမှု

ဆိုင်ကလုန်းမတိုင်မီကပင် ကြွေးမြီထူထပ်မှုများရှိနေသည်။ ၂၀၀၅ ခုနှစ် မိုးရာသီအတွင်း တိုင်းတာမှုများအရ မြစ်ဝကျွန်းပေါ်ဒေသနေမိသားစုများ၏ ကြွေးမြီတင်ရှိမှုမှာ ၄၃ ရာခိုင်နှုန်း ရှိခဲ့သည်။ ထိုအချိန်က တစ်နိုင်ငံလုံး ပျမ်းမျှကြွေးမြီတင်ရှိမှုမှာ ၃၃ ရာခိုင်နှုန်းသာရှိသည်။[၃၉] မြစ်ဝကျွန်းပေါ် စီးပွားရေးသည် ကြွေးမြီနှင့်မောင်းနှင်မှုပြုနေသည်ဟု ဆိုနိုင်သည်။ လယ်သမားကြီးများ၊ တံငါသည်ကြီးများမှာ နီးစပ်ရာမြို့ပေါ်ရှိ ငွေတိုးချေးသူများထံမှ ငါးကျပ်တိုး၊ တစ်ဆယ်တိုးဖြင့် ငွေချေးယူကြသည်။ ချေးငွေကို ငွေသားဖြင့်လည်းကောင်း၊ ကုန်ပစ္စည်းဖြင့်လည်းကောင်း ပြန်လည်ပေးဆပ်ကြသည်။ တံငါသည်များမှာ ကျေးရွာ (သို့) မြို့နယ်ရှိ ငါးဒိုင်များမှ ပိုက်ဆံချေးငှားကြသည်။ အတိုးနှုန်းအနေဖြင့် သတ်သတ်မှတ်မှတ်မထားရှိသော်လည်း ဖမ်းဆီးရမိသောငါးအားလုံးကို ကြွေးရှင်ငါးဒိုင်သို့ ပေါက်ဈေးထက်လျော့၍ ပေးသွင်းရန် တံငါသည်များက ကတိခံရခြင်းများရှိသည်။ နွမ်းပါးသောလယ်သမားများနှင့် တံငါသည်များမှာ တစ်ရွာတည်းနေ (သို့) အိမ်နီးနားချင်းရွာနေ ချမ်းသာသောရွာသားများထံမှ ၁၀ (သို့) ၂၀ ကျပ်တိုးဖြင့် ငွေချေးငှားလေ့ရှိကြသည်။ မြို့ပြအချက်အချာနှင့် ဝေးလေလေ အတိုးနှုန်းမြင့်လေလေဖြစ်သည်ကို တွေ့ရှိရသည်။ အကြောင်းမှာ ဝေးလံခေါင်ပါးသောဒေသများ၌ ငွေချေးပေးနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ငွေတိုးချေးသူများ ရှားပါးသောကြောင့် ချေးငွေဈေးကွက်တွင် ပြိုင်ဆိုင်မှုများမရှိသောကြောင့်ဖြစ်သည်။[၄၀]

အတိုးနှုန်းများမြင့်မား၍ ကြွေးရှင်များသာအကျိုးအမြတ်ဖြစ်ထွန်းမှုများရှိခဲ့သော်လည်း နာဂစ်မတိုင်မီက ချေးငွေပြန်လည်ပေးဆပ်ရန် ယေဘုယျအားဖြင့် ပြဿနာမရှိခဲ့ဟု PONJA လေ့လာရေးကွင်းဆင်းစဉ်က တွေ့ဆုံမေးမြန်းမှုများအရ သိရှိရသည်။ (သို့သော်ဤအခြေအနေမှာ ငွေအရင်းအနှီးစုဆောင်းမှုအတွက် အကန့်အသတ်ဖြစ်စေခဲ့ပြီး ဖွံ့ဖြိုးမှုအတွက် အဟန့်အတားတစ်ခုဖြစ်စေမည်ဖြစ်သည်။)

နာဂစ်သည် ချေးငွေစနစ်တစ်ခုလုံးကို အကြီးအကျယ်ဂယက်ရိုက်ခဲ့သည်။ နာဂစ်အတွင်း ပိုင်ဆိုင်သမျှပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအပြင် လယ်ယာထွက်ကုန်နှင့် ငါးဖမ်းဆီးရရှိမှု များစွာလျော့နည်းသွားခြင်းတို့ကြောင့် ကြွေးဟောင်းပြန်လည်ပေးဆပ်နိုင်ရန် ဝင်ငွေမရှိဘဲ ဖြစ်နေခဲ့ကြသည်။ ကြွေးဟောင်းဆပ်နိုင်ခြင်းမရှိသောကြောင့် ကြွေးသစ်ယူရန်လည်း အခက်အခဲရှိလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ငွေသားထောက်ပံ့မှုမရှိသောကြောင့် ဆုံးရှုံးသွားသော အခြေခံလိုအပ်ချက်များကို ပြန်လည်ဖြည့်တင်းနိုင်ရန်၊ အိမ်ယာပြုပြင်ရန်၊ လိုအပ်ချက်များ မြင့်တက်လျက်ရှိသည်။ စုစုပေါင်းကြွေးမြီမှာ အချိန်နှင့်အမျှ မြင့်တက်လျက်ရှိသည်။

လေ့လာခဲ့သောကျေးရွာအားလုံးတွင် ရွာသားအများစုမှာ ကြွေးပူမိနေသည်ကိုတွေ့ရှိခဲ့ရသည်။ ကျေးရွာသားများမှာ ချေးယူထားသောငွေများ ပြန်ဆပ်ရန်နှင့် စားသုံးရန်တို့အတွက် ကြောင့်ကြနေရပြီး ၄င်းအခြေအနေသည်

၃၉။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (၂၀၀၇)

၄၀။ အစွန်အဖျားကျသောရွာများတွင် ငွေချေးသည့်အတိုးနှုန်းတစ်ရပ်မှာ ရွာများဖြစ်ပျက်နေသောအခြေအနေကို အဝေးမှငွေရှင်ကြေးရှင်များက မပျက်စောင့်ကြည့်နိုင်ခြင်း မရှိသောကြောင့်ဖြစ်သည်။ ငွေတိုးချသူများသည် စပါးပေါ်ချိန် အထူးသဖြင့် စပါးပေါ်သော်လည်း ငွေချေးသူတို့က အကြွေးပြန်မဆပ်နိုင်သောအချိန်မျိုးမှာသာ ရွာသို့လာ၍ အခြေအနေကို အကဲခတ်တတ်ကြောင်း ရွာသားများက ပြောကြားသည်။ သို့သော်ရွာများမှာ ၄င်းတို့နှင့် အလှမ်းဝေးလွန်းသောကြောင့် မကြာခဏလာရောက်လေ့မရှိကြပါ။

နောင်လာမည့်နှစ်များအထိ တည်ရှိနေမည်ဖြစ်သည်။ မိမိတို့အသက်မွေးမှုလုပ်ငန်းများမှ အကြွေးဆပ်နိုင်လောက်သော အကျိုးအမြတ်များ ဖြစ်ထွန်းခဲ့မည်ဆိုလျှင်ပင် ယခုနေ့စဉ်စားသုံးမှုအတွက် ငွေချေးရန်လိုအပ်မည်ဖြစ်ရာ အကြွေးနှင့်ကင်းနိုင်ဦးမည် မဟုတ်ပေ။ ရုတ်တရက်မြင့်တက်လာသောကြွေးမြီပြဿနာကို ဖြေရှင်းနိုင်ရန် ရွာသားများမှာ မျှော်လင့်ချက်နည်းပါးလျက်ရှိသည်။

## လူတွေအကြွေးမည်မျှတင်ရှိနေကြသလဲ။

လက်တွေ့ကွင်းဆင်းမှုများအရ မြေပိုင်ရှင်[၄၁] လယ်သမားများမှာ လယ်တစ်ဧက စိုက်ပျိုးနိုင်ရန်အတွက် ငွေကျပ် ၇၀, ၀၀၀ မှ ၁၀၀, ၀၀၀ ထိ ချေးယူကြသည်ကိုတွေ့ရသည်။ ၎င်းအပြင် နာဂစ်ပြီးပြီးချင်းကာလ၌ နိုင်ငံတော်အစိုးရက ချေးငွေပုံစံဖြင့် ထောက်ပံ့ပေးထားသော မျိုးစပါး၊ ဒီဇယ်နှင့် လယ်ထွန်စက်များအတွက် ပြန်ဆပ်ရန် လိုနေဦးမည်ဖြစ်သည်။ ထိုကြွေးမြီစုစုပေါင်း၏ပမာဏမှာ အလွန်မြင့်မားလှပြီး သီးနှံအထွက်နှုန်း ကျဆင်းမှုကြောင့် လယ်သမားအများစုအဖို့ အထက်ပါကြွေးမြီကို ပေးဆပ်နိုင်ရန် ဖြစ်နိုင်ချေမရှိသလောက်ပင်ဖြစ်သည်။

တံငါသည်များမှာ ငါးဖမ်းကိရိယာများဝယ်ယူရန်အတွက် ယခင်က ငွေချေးခဲ့ကြခြင်း ဖြစ်သည်။ ရင်းနှီးငွေတန်ဖိုးမှာ ငါးဖမ်းလုပ်ငန်းအမျိုးအစားအပေါ်လိုက်၍ အမျိုးမျိုးကွဲပြားလျက် ရှိသည်။ နာဂစ်နောက်ပိုင်းကာလတွင် လှေအသစ်နှင့် ငါးဖမ်းကိရိယာများ ဝယ်ယူရန်မှာ ငွေကျပ် ၇၀၀, ၀၀၀ မှ ၁, ၁၀၀, ၀၀၀ အထိကုန်ကျမည်ဖြစ်သည်။ လှေတစ်စင်းအတွက် ကုန်ကျစရိတ်မှာ အရည်အသွေးကိုလိုက်၍ ငွေကျပ် ၂၀၀, ၀၀၀ မှ ၃၀၀, ၀၀၀ အထိ ကုန်ကျနိုင်သည်။ တံငါသည်များမှာ ငါးအမျိုးအစားအလိုက်၊ ငါးဖမ်းရာသီအလိုက်၊ ငါးဖမ်းပိုက်အမျိုးမျိုး လိုအပ်သည်။ အသေးစားတံငါသည်များအဖို့ ပိုက်တစ်စုံအတွက် ငွေကျပ် ၅၀၀, ၀၀၀ မှ ၈၀၀, ၀၀၀ ထိ ကုန်ကျနိုင်သည်။ ငွေချေးရန်အတွက် ပိုက်နှင့်လှေများကို အပေါင်အဖြစ်သုံးနိုင်ခြေရှိသည်။

## ဖြစ်လာနိုင်ဖွယ်ရှိသော ဂယက်ရိုက်မှုများ

အကြွေးသံသရာ၏ ဖြစ်လာနိုင်ဖွယ်ရှိသောဂယက်ရိုက်မှုများမှာ ကြီးမားလှသည်။ (၁) စုစုပေါင်းကြွေးမြီပမာဏ မြင့်တက်လာနိုင်သည်။ (၂) ဒေသခံများကြွေးသစ်ယူရန် ခက်ခဲသွားလိမ့်မည်။ (၃) ကျေးရွာစီးပွားရေးဆက်လက်ကျဆင်းနေပြီး ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း ကျဆင်းသွားခြင်း၏ အကျိုးဆက်ကြောင့် အလုပ်အကိုင်ရရှိရေးအတွက် ရွှေ့ပြောင်းအခြေချမှုများ တိုးမြင့်လာနိုင်သည်။ (၄) လယ်သမားများနှင့် တံငါသည်များ မိမိတို့ပိုင်ဆိုင်မှုပစ္စည်းများ၊ လုပ်ငန်းသုံးကိရိယာများ၊ မြေယာလုပ်ပိုင်ခွင့်နှင့် ငါးဖမ်းခွင့်စသည်များမှာ ငွေတိုးချေးသူများ၏လက်၌ ဆုံးရှုံးနိုင်ဖွယ်ရှိပြီး ထိုသူများမှာ သူရင်းငှားများဖြစ်လာနိုင်ဖွယ်ရှိသည်။[၄၂] သာဓက (၁၁) သည် အကြွေးသံသရာ၏ပထမအဆင့်အတွက် နမူနာပေးထားခြင်းဖြစ်သည်။

၄၁။ မြန်မာနိုင်ငံတွင်လယ်မြေအားလုံးမှာ ဥပဒေကြောင်းအရနိုင်ငံပိုင်ဖြစ်ပြီး လယ်လုပ်သူများမှာ လယ်လုပ်ခွင့်ကိုသာ ပိုင်ဆိုင်ခွင့်ရှိပါသည်။ ဤအစီရင်ခံစာတွင် ညွှန်းဆိုထားသော လယ်ပိုင်ဟူသော စကားလုံးမှာ ထိုလယ်လုပ်ခွင့်ရရှိထားသူများကို ရည်ညွှန်းလိုခြင်းဖြစ်ပါသည်။

၄၂။ လက်ခစားလုပ်သား (Indentured) ဟု ညွှန်းဆိုရာတွင် ကြွေးရှင်ကို ကာလတစ်ခုအတွင်း ကြွေးကြေအောင် ပြန်ဆပ်ရန် စာချုပ်ချုပ်ဆိုထားသူများဖြစ်ကြပြီး စာချုပ်သက်တမ်းအတွင်း အစားအသောက်၊ အနေအထိုင် ၊ အဝတ်အထည်မှလွဲ၍ လုပ်ခလစာမရဘဲ အလုပ်လုပ်ပေးကြရသည်။

**သာဓက (၁၁) လိုအပ်ချက်များမပြည့်စုံနိုင်သောအခါ**

ဒေးဒရဲမြို့နယ်ရှိ ရွာတစ်ရွာတွင် နေထိုင်သောရွာသားတစ်ဦးမှာ စပါးစိုက်ရန်နှင့် ဘဲမွေးရန် ငွေကျပ် ၅၀၀, ၀၀၀ ချေးယူခဲ့သည်။ လစဉ် ငွေကျပ် ၅၀, ၀၀၀ ကို အတိုးအဖြစ် ပေးရမည်ဖြစ်သည်။ သို့သော်ထိုသူမှာ လစဉ်ကျပ် ၅, ၀၀၀ သာ အတိုးပေးနိုင်သဖြင့် ကျပ် ၄၅, ၀၀၀ မှာ အကြွေးစာရင်းတွင် လစဉ်ထပ်တိုးပါဝင်သွားသည်။ ထိုသူသည် ဇန်နဝါရီ ၂၀၀၉ ရိတ်သိမ်းရာသီအပြီးတွင် အကြွေးရောအတိုးပါပေးရမည် ဖြစ်သည်။ မည်သို့ရှေ့ဆက်ရမည်ကို ထိုသူမှာ မစဉ်းစားတတ်အောင်ရှိနေသည်။ အကြွေးကို အချိန်မှီပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက ကြွေးရှင်က အရင်းရောအတိုးပမာဏနှင့်ညီမျှသော စပါးများကိုသိမ်းဆည်းသွားနိုင်ဖွယ်ရာရှိနေသည်။ ထို့ပြင် ထိုလယ်သမားမှာ အိမ်နီးချင်းလယ်သမားထံမှ မျိုးစပါး ၁၀ တင်းကို ချေးယူထားရာ ရိတ်သိမ်းချိန်အပြီးတွင် မျိုးစပါးတင်း ၂၀ ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

ပထမဦးစွာ နာဂစ်မတိုင်မီ အကြွေးများနှင့် ထိုအကြွေးများမှ တင်လာသောအတိုးများကို ဆပ်ရန်မတတ်နိုင်သော သူတို့၏ စုစုပေါင်းအကြွေးများမြင့်လာမည်ဖြစ်ပြီး အကြွေးဆပ်ရန် ပို၍ပို၍ခက်လာမည်ဖြစ်သည်။ နာဂစ်ကြိုကာလမှ စပါးပေးငွေယူ–စပါးပေါ်–ပြန်ဆပ်သောပုံမှန် လုပ်ထုံးလုပ်နည်းမှာလည်း ပုံမှန်ဖြစ်နိုင်တော့မည်မဟုတ်ပေ။ စုစုပေါင်းကြွေးများ တစစမြင့်လာခြင်းသည်လည်း ပုံမှန်ကြွေးဟောင်းပေးကြွေးသစ်ယူသံသရာကို ပြန်လည်ပတ်ရန် အခက်အခဲ ဖြစ်သည်။ ဤအခက်အခဲသည် ဆန်ထုတ်လုပ်ရေးနှင့်ဆန်ဈေးကွက်ကို အကျိုးသက်ရောက်မှု ရှိမည်။ ပုံမှန်အားဖြင့် လယ်သမားများသည် ဒီဇင်ဘာလရိတ်သိမ်းရာသီအလွန်တွင် အကြွေးပြန်ဆပ်လေ့ရှိပြီး ဆောင်းနှင့်နွေသီးနှံများအတွက် အကြွေးသစ်ယူလေ့ရှိသည်။ နှစ်စဉ်နှစ်တိုင်း စပါးအဝယ်ပွဲစားများက ကြိုတင်ပေးစနစ်ဖြင့် ရွာထဲဆင်းစပါးဝယ်လေ့ရှိသည်။ သို့သော်ယခုနှစ်တွင်မူ လယ်သမားများက စပါးပွဲစားများကို လိုက်၍ရှာရမည်ဟု မျှော်လင့်ရမည်။

တံငါသည်များ၏ကိစ္စတွင်မူ ပွဲစား (ငါးအဝယ်ဒိုင်များက) ယခင်ကကဲ့သို့ အကြွေးတစ်ဝက်ကို ပြန်လည်ရယူနိုင်ခြင်းရှိမည်မဟုတ်ဘဲ တင်ဒါပိုင်ရှင်များကို ပြန်၍ပေးနိုင်မည်မဟုတ်ပါ။ သုတေသီများကို တံငါသည်များကိုယ်တိုင်ပြောပြချက်အရဆိုလျှင် ဤရာသီနှောင်းပိုင်း ငါးဖမ်းရမှုလျှော့လာသည်နှင့်အမျှ ၎င်းတို့၏အကြွေးများ အကြွေပြန်ဆပ်ရန် ဖြစ်နိုင်မည်မဟုတ်ပေ။ အကျိုးဆက်အားဖြင့် နောင်နှစ်တွင် ငါးရာစားခွင့်လည်း ရမည်မဟုတ်။

ဒုတိယအချက်မှာ ဒုက္ခသည်များ၏ကြွေးပြန်မဆပ်နိုင်မှုကြောင့် ၎င်းတို့၏ အနာဂတ်အကြွေး ရရှိနိုင်မှုလည်း ပိုမို၍ ခက်ခဲသွားမည်။ မုန်တိုင်းဖြစ်ပြီးချိန်မှစ၍ ရွာသားများ အကြွေးရယူရန် ပို၍ခက်ခဲသွားသည်ဟုဆိုကြသည်။ အတိုးနှုန်းအကြီးအကျယ် မပြောင်းလဲသော်လည်း ငွေရှင်များပေးသောချေးငွေပမာဏ ကျဆင်းသွားသည်။ ၎င်းတို့ကိုယ်၌လည်း ငွေချေးမည့်သူဦးရေပိုများလာပြီး ပြန်ဆပ်နိုင်ခြေလည်း များစွာနည်းသွားသည့် ပြဿနာနှင့် ရင်ဆိုင်နေရသည်။ အချို့သောသူများသည် ချေးငွေကိုနေရာမျိုးစုံမှ ချေးနိုင်သော်လည်း အများအားဖြင့် လုပ်ငန်းသစ်စတင်ရန် ချေးငွေရရှိနိုင်မှုမှာ မဖြစ်နိုင်သလောက်ပင်ဖြစ်သည်။

လယ်သမားများ၊ တံငါသည်များနှင့် အတန်အသင့်ပြေလည်သူရွာသားများ၏ကြွေးမြီ ပြန်မဆပ်နိုင်မှုနှင့် အရင်းအနှီးမရရှိနိုင်မှုသည် ဆင်းရဲသူများနှင့် မြေယာမဲ့သူတို့၏ကြွေးမြီရနိုင်မှုကိုလည်း လျော့နည်းစေသည်။ ပုံမှန်အားဖြင့် အတိုးနှုန်းမြင့်သော်လည်း (၂၀ ရာခိုင်နှုန်း လစဉ်တိုး) မြေယာမဲ့မိသားစုများသည် အတန်အသင့်ပြေလည်သူလယ်သမားများထံမှ အကြွေးအနည်းငယ်ရယူလေ့ရှိသည်။ လယ်ယာမဲ့အလုပ်သမားများသည် ၎င်းတို့လုပ်ခ၏ ၅၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းထိကို ကြိုတင်ထုတ်လေ့ရှိသည်။ ယခုကဲ့သို့ အလုပ်ပါးချိန်တွင် ငွေရရှိမှုလည်း ခမ်းခြောက်လာခဲ့သည်။ ငွေကြေးအလုံအလောက်မရှိချိန်တွင် အချို့အလုပ်သမားများသည် မရှိမဖြစ်လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ရွာရှိကုန်စုံဆိုင်တွင် အကြွေးဝယ်လေ့ရှိသည်။ သို့သော် ၄င်းစားသောက်ကုန်ကြွေးများ ပြန်မပေးနိုင်သည့်အလျောက် နောက်ထပ်ကြွေးယူစားရန်လည်း မဖြစ်နိုင်တော့ပေ။

တတိယအချက်မှာ လယ်သမားများနှင့် တံငါများ၏ကြွေးမြီမရရှိနိုင်မှုသည် ထိုသူတို့၏ စားဝတ်နေမှုကို ထိခိုက်ရုံသာမက ၎င်းတို့က ငှားရမ်းထားသောဆင်းရဲသားနှင့် မြေယာမဲ့များကိုပါ ထိခိုက်စေသည်။ မြစ်ဝကျွန်းပေါ်ရှိ ရွာများတွင် လက်လုပ်လက်စားများသည့်အလျောက် လူဦးရေအများအပြားမှာ ဤကဲ့သို့အလုပ်ရှားပါးမှုပြဿနာနှင့် ရင်ဆိုင်ရဖွယ်ရှိပြီး အလုပ်ရှိရာအခြားဒေသများသို့ အလုပ်အကိုင်အတွက် ပြောင်းရွှေ့သွားဖွယ်ရာ ရှိသည်။

## သာဓက ၁၂။ ကြွေးနွံနစ်သူ

ဘိုကလေးမြို့နယ်ရှိ အပျက်အစီးများသော ရွာတစ်ရွာတွင်နေထိုင်သော အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးသည် နာဂစ်အတွင်း၌ ၎င်း၏ဇနီးသည်နှင့် သမီးနှစ်ဦးကို ဆုံးရှုံးခဲ့ပြီး သမီးတစ်ယောက်သား သုံးယောက်သာကျန်ခဲ့သည်။ မုန်တိုင်းအပြီးတွင် ဘိုကလေးမြို့ပေါ်သို့တက်၍ ရွာအတွက်အကူအညီတောင်းခံ ခဲ့ရာ နိုင်ငံတကာအထောက်အကူပြုအဖွဲ့တစ်ခုမှ လှူဒါန်းသောဆန်စပါးအိတ်ငါးဆယ်ကို လက်ခံရရှိခဲ့ပါ သည်။ ရွာသားများအနေဖြင့် အခြားအဖွဲ့အစည်းတစ်ခုမှ လာရောက်လှူဒါန်းသောအခါတွင်လည်း ၎င်းကိုရွာ၏ အထောက်အပံ့ပစ္စည်းဝေငှရေးတာဝန်ခံအဖြစ် ရွေးချယ်ခဲ့သည်။ ထိုရွာသားသည်အလှူရှင်များမှ ပေးဝေသော အထောက်အပံ့ပစ္စည်းများရရှိသော်လည်း ၎င်း၏မိသားစု ဆက်လက်ရပ်တည်နိုင်ရေးအတွက် ကြိုးစားရုန်းကန်ရသည်။ မုန်တိုင်းအတွင်း ဆန်စပါးနှင့်သီးနှံများအားလုံး ဆုံးရှုံးသွားသောကြောင့် အကြွေး များကိုမဆပ်နိုင်သေးပေ။ ထို့ကြောင့် ငွေချေးသူများထံမှ ချေးငွေသစ်ကိုမရနိုင်သေးပေ။ ကလေး ၄ ယောက် ဖခင်တစ်ဦးအနေဖြင့် ၎င်းသည် မိခင်တစ်ဦး၏တာဝန်များကိုလည်း ထမ်းဆောင်ရသေးသည်။ ယခုအခါ သူသည် လယ်ယာလုပ်ငန်းတွင် နေ့စားလုပ်၍ အကြွေးများပြန်ဆပ်ရန် ကြိုးစားနေပြီး တစ်ချိန်တည်းမှာပင် မိသားစုရပ်တည်ရေးအတွက် ရုန်းကန်နေရသည်။ သို့သော် အလုပ်အကိုင်အခွင့်အလမ်းမှာ နည်းပါးလှသည်။

နောက်ဆုံးတွင် ယခုတင်ပြခဲ့သောလစ်ဟင်းချက်များ ဆက်လက်တည်ရှိနေပါက တောင်သူများ၊ တံငါသည် များမှာ ပုတ်ပြတ်လုပ်သားများအဆင့်သို့ ရောက်ရှိသွားနိုင်သည်။ သို့ဆိုလျှင် အလုပ်ကြမ်းသမားအရေအတွက် ပိုတိုးလာနိုင်ပြီး ချမ်းသာသူလူနည်းစုတွင်သာ ပိုင်ဆိုင်မှုများ ပြန်စုသွားနိုင်သည့် အနေအထားသို့ ဦးတည်သွား နိုင်သည်။ တံငါလုပ်ကိုင်သူ အတော်များများမှာ ငါးဖမ်းလုပ်ငန်းတွင် ၎င်းတို့၏အထက်ရှိငါးဖမ်းလုပ်ငန်းရှင်ကြီး များထံမှ ယူထားသောအကြွေးများကို ပြန်မဆပ်နိုင်ပါက နောက်ထပ်ငါးဖမ်းခွင့်လိုင်စင်မရတော့မည်ကို စိုးရိမ်လျက်ရှိကြသည်။ လယ်သမားများမှာလည်းထိုနည်းတူပင် ကြွေးကြောင့်လယ်ဆုံးရှုံးရမည်ကို စိုးရိမ်နေကြသည်။

ဤအစီရင်ခံစာတွင်ဖော်ပြလိုက်သောအခြေအနေမှာ PONJA က တင်ပြခဲ့ပုံနှင့် အတန်ငယ် ကွာခြားပါ လိမ့်မည်။ PONJA ကနာဂစ်ကြောင့် လယ်မြေပိုင်ဆိုင်မှုအပြောင်းအလဲရှိနိုင်ကြောင်း တင်ပြရာတွင် လယ်သမား တို့၏နှစ်စဉ်လယ်ငှားပိုင်ခွင့်ကို ထောက်၍ပြသွားသည်။ ယမန်နှစ်က သီးထွက်အောင်မြင်ခဲ့သော လယ်သမား တစ်ဦးမှာ ယခုနှစ်တွင် လယ်ကိုဆက်လက်ငှားရမ်းခွင့်ရှိရာ လယ်သမားများနေဖြင့် နာဂစ်၏ဖျက်ဆီးမှုကြောင့် သီးထွက်မအောင်မြင်ဖွယ်ရာရှိရာ ထိုမူဝါဒမှာ လယ်သမားများမြေပိုင်ဆိုင်မှုကို အလျော့အတင်းလုပ်သည့်အရာ ဖြစ်သွားနိုင်ကြောင်း PONJA ကတင်ပြသွားသည်။

လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုအစီရင်ခံစာကမူ ကွဲပြားသော အနေအထားတစ်ခုကို တွေ့ရှိခဲ့ပါသည်။ ထိုတွေ့ရှိချက်မှာလည်း လယ်သမားအများအပြားနှင့်အကျုံးဝင်ပါသည်။ သုတေသနပြုလုပ်ခဲ့ချိန် တွင် ရွာသူရွာသားများက ၎င်းတို့၏မြေယာပိုင်ဆိုင်မှု အပြောင်းအလဲကိုလည်းကောင်း၊ လယ်လုပ်ခွင့်၊ ငါးဖမ်းခွင့် စသည့် အခွင့်အရေးများဆုံးရှုံးသွားခြင်းကိုလည်းကောင်း မတင်ပြခဲ့ကြပါ။ လယ်သမားများအများစု၏လယ်မြေမှာ ဘိုးဘွားစဉ်ဆက်အမည်ပေါက်ဖြင့် မှတ်ပုံတင်ထားခြင်းဖြစ်ပြီး ထိုဓလေ့အရ လယ်သမားတစ်ဦးသေဆုံးသွားလျှင် ကျန်ရစ်သူမိသားစုက မြေကိုလွယ်လင့်တကူ ဆက်လက်လုပ်ကိုင်နိုင်သည်။ လယ်သမားများကို ငွေချေးယူကြသည့် စနစ်တွင်လည်း ငွေရှင်နှင့်ချေးယူသူလယ်သမားကြား လယ်လုပ်ပိုင်ခွင့်ကို အပေါင်ခံပစ္စည်းအဖြစ် ထားကြခြင်းမျိုး မဟုတ်ဘဲ အလွတ်သဘောဖြင့် ချေးငှားကြခြင်းဖြစ်သည်။ ကာလကြာမြင့်စွာကပင် တည်ရှိခဲ့သော လုပ်ထုံး လုပ်နည်းများ၏ထုံးစံမှာ မဖြစ်သေးသော အကျိုးစီးပွားများကို ကြိုတင်မျှော်မှန်း၍ ချေးငှားကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ လယ်သမားတို့မှာ အစိုးရအသိအမှတ်ပြု တရားဝင်လယ်လုပ်ပိုင်ခွင့်ဆုံးရှုံးမည်ကို ကြောက်ရွံ့သည် မဟုတ်ပါ။ ငွေတိုးချသူများက အစိုးရအသိအမှတ်ပြု တရားဝင်လယ်လုပ်ပိုင်ခွင့်ကို မရနိုင်သည့်တိုင်အောင် ၎င်းတို့၏ လယ်မြေများကို ကြွေးဖြင့်သိမ်းယူသွားမည်ကို ကြောက်ရွံ့ကြခြင်း ဖြစ်သည်။ ငွေတိုးချသူက အလွန်ဝေးကွာသော နေရာတွင်ရှိနေသည့် အနေအထားမျိုးမှာ ပင်လယ်သမားများအနေဖြင့် ကြောက်ရွံ့တတ်ကြသည်မှာ ၎င်းတို့၏လယ်မှ ရသမျှအကျိုးအမြတ်အားလုံး ကြွေးဆပ်ရင်းကုန်သွားပြီး ကြွေးသံသရာမှ မလွတ်မြောက်နိုင်တော့မည့်အဖြစ်ကိုဖြစ် သည်။

## ၅။ ရွှေ့ပြောင်းအခြေချမှု

လေ့လာခဲ့သည့်ရွာပေါင်း ၃၉ ရွာအနက် ၁၄ ရွာတွင် ပြင်ပသို့အလုပ်အကိုင်ရှာဖွေရန် သွားရောက်နေသူများ ရှိကြသည်။ ယခုအချိန်ထိ ပြင်ပသို့ထွက်ခွာသွားသူအရေအတွက် နည်းပါးနေသေးသော်လည်း ဒေသ၏စီးပွားရေး အခြေအနေ ဆက်လက်ဆိုးရွားနေမည်ဆိုပါက နောင်တွင် မြစ်ဝကျွန်းပေါ်ကို စွန့်ခွာသွားရသူ များပြားလာနိုင်သည်။

### ဒေသခံများမှ ရွာကိုမည်မျှကြာကြာစွန့်ခွာသွားလေ့ရှိသနည်း။

မုန်တိုင်းတိုက်ခတ်သွားသောဧရိယာများတွင် တစ်ခါတစ်ရံ စိတ်ပျက်စရာကောင်းသောအခြေအနေများကို ကြုံတွေ့နေရသော်လည်း မုန်တိုင်းသင့်ကျေးရွာများမှ ပြင်ပသို့ရွှေ့ပြောင်းသည့်နှုန်း အလွန်နှေးရသည့်အကြောင်းရင်း မှာ အခြားမြစ်ဝကျွန်းပေါ်ရှိကျေးရွာများနှင့် မြို့ကြီးမြို့ငယ်များတွင် အလုပ်ရှားပါးပြီး ခရီးမှာလည်း အလှမ်းဝေးသော ကြောင့်ဖြစ်သည်။ အစီရင်ခံစာတွင်ပါဝင်သည့် အချို့ကျေးရွာများတွင် ရန်ကုန်နှင့် အခြားမြို့ကြီးများသို့ထွက်ခွာ၍ အလုပ်ရှာဖွေခဲ့ကြသူများရှိသည်။ သို့သော် ၎င်းတို့မှာ သင့်တော်သောအလုပ် ရှာမတွေ့သောကြောင့် ရွာမှထွက်ခွာပြီး မကြာခင်တွင် ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

**သာဓက ၁၃။ ဘိုကလေးမြို့နယ်ရှိရွာတစ်ရွာမှ ရန်ကုန်သို့အလုပ်ရှာရန် ရွှေ့ပြောင်းသူအမျိုးသမီးများ**

အမျိုးသမီးခြောက်ဦးမှာ နာဂစ်ဖြစ်ပွားပြီးမကြာမီ ရန်ကုန်ရှိအထည်ချုပ်စက်ရုံတစ်ခုသို့ အလုပ် လုပ်ရန် သွားရောက်ခဲ့ကြသည်။ သွားရောက်ရသည့်အကြောင်းပြချက်မှာ နှစ်ခုရှိသည်။ နံပါတ်တစ် အကြောင်းပြချက်မှာ ၎င်းတို့သည် နောက်ထပ် နာဂစ်ကဲ့သို့သော အဖြစ်ဆိုးမျိုးကြုံရမည်ကို ကြောက်ရွံ့သော ကြောင့်ဖြစ်သည်။ နံပါတ်နှစ်မှာ ၎င်းတို့၏ရွာတွင် နာဂစ်က ဆိုးရွားစွာဖျက်ဆီးသွားသောကြောင့် အလုပ် မရှိ၍ ဖြစ်သည်။ ရန်ကုန်သို့သွားရောက်ကြသော်လည်း ရရှိခဲ့သောအလုပ်မှာ တွက်ခြေကိုက်သော အလုပ် မဟုတ်ပါ။ ၎င်းတို့မှာ တစ်လလျှင် ကျပ်သုံးသောင်းခန့် လစာအဖြစ်ရရှိပြီး ကျပ်နှစ်သောင်းကို စားစရိတ် အဖြစ်ဖယ်ရပြီး ၆၀၀၀ ခန့်ကို လမ်းစရိတ်အဖြစ်သုံးရသည်။ နောက်ဆုံးတွင် ၎င်းတို့အားလုံးမှာ အလုပ်မှ နုတ်ထွက်၍ ရွာပြန်ရန် ဆုံးဖြတ်လိုက်ကြသည်။ သုတေသနအဖွဲ့များ ရွာသို့ရောက်ရှိသည့်အချိန်တွင် ၎င်းတို့ အနက်မှ သုံးဦးပြန်ရောက်နေပြီ ဖြစ်သည်။

သို့သော် အချိန်ကြာလာသည်နှင့်အမျှ နေရပ်မှထွက်၍ ပြောင်းရွှေ့ကြသူများ ပိုများလာခဲ့သည်။ အထူး သဖြင့် အလုပ်လက်မဲ့များ အများအပြား စတင်ပြောင်းရွှေ့သွားကြသည်။ ၎င်းတို့အနက်မှ အချို့မှာ ရာသီပေါ် အလုပ်များကိုလုပ်ကိုင်ရန် ရွှေ့ပြောင်းကြခြင်းဖြစ်သည်။ နာဂစ်မတိုင်မီကပင် ကာလတိုပြောင်းရွှေ့လေ့ရှိကြသော မြေယာမဲ့အလုပ်သမားများမှာ အများအားဖြင့် စပါးစိုက်ရန်၊ ငါးလှေလိုက်ရန်နှင့် ဆားကျင်းများတွင် ဝင်ရောက် လုပ်ကိုင်ရန်ပြောင်းရွှေ့ကြသည်။ နာဂစ်အပြီးတွင်မူ စပါးရိတ်ချိန်၌ ကာလတိုရွှေ့ပြောင်းလုပ်သားအရေအတွက် ပိုများသည်ကိုတွေ့နိုင်သည်။ အများစုမှာ အလုပ်အကိုင်နေရာပိုများသည့် မုန်တိုင်းဒဏ်များစွာမခံခဲ့ရသော နေရာများသို့ သွားရောက်ကြသည်။ ရွာသားများက ယခုနှစ်တွင် ဆားကျင်းများ၌ အလုပ်လုပ်သူများအပါအဝင် ကာလတိုရွှေ့ပြောင်းလုပ်သားအရေအတွက်မှာ ယခင်နှစ်များကထက် ပိုများမည်ဟု ခန့်မှန်းကြသည်။

ထို့ပြင် ရေရှည်အလုပ်အကိုင်များ ရှာဖွေရန်အတွက် ရွာမှထွက်ခွာသူများလည်း ပိုများလာခဲ့သည်။ ဤအချက်က ရွာအတော်များများမှာ ၎င်းတို့၏ဒေသကို မကြာမီအခြေအနေ ပြန်ကောင်းလာမည်ဟု မယုံကြည်ကြကြောင်း ပြသလျက်ရှိသည်။ ခြုံကြည့်လျှင်မူ ရွာသားများ၏အချိုးအဆနှင့်နှိုင်းစာလျှင် မြစ်ဝကျွန်းပေါ်ရွာများမှ ထွက်ခွာသွားသူအရေအတွက်မှာ မပြောပလောက်ပေ။ သို့သော် ဒေသစီးပွားရေးမှာ အခြေအနေဆိုးမြဲဆိုးနေလျှင် စားနပ်ရိက္ခာနှင့် ရေလုံလောက်မှုမရှိလျှင် နေရပ်မှပြောင်းရွှေ့ကြသည့် လူအရေအတွက်များလာနိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသ၏ ကျေးရွာလူနေမှုဘဝကို ရေရှည်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။

## အခြားလူဦးရေအပြောင်းအရွှေ့များ

နာဂစ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ပြီး အဝေးသို့လွင့်သွားသူအချို့မှာ နေရပ်သို့ပြန်မရောက်နိုင်ကြသေးပါ။[၄၃] ဤသို့ ပြန်မရောက်ခြင်းကြောင့် တစ်ခါတရံတွင်လည်း ၎င်းတို့ကိုလက်ခံလိုက်ရသော ရပ်ရွာတွင် လူမှုရေးပြဿနာများ ပေါ်ပေါက်စေသည်ဟု ကြားသိခဲ့ရပါသည်။

> **သာဓက ၁၄။ ဌာနေပြန်မရောက်သေးသော ရေမျောကမ်းတင်များ**
>
> ဘိုကလေးရှိရွာတစ်ရွာမှာ နာဂစ်ဒဏ်ကြောင့် အခြားရွာများလောက် အပျက်အစီးသိပ်မများရာ မုန်တိုင်းအပြီးတွင် အနီးပတ်ဝန်းကျင်မှ ရွာများမှရွာသားများ ပြောင်းရွှေ့ဝင်ရောက်လာကြသည်။ ထိုသို့ပြောင်းရွှေ့လာသူတို့မှာ ယခုအချိန်အထိ နေရပ်သို့ပြန်မသွားကြသေးပေ။ ထိုသို့ပြောင်းရွှေ့လာသူများကို လက်ခံရန် မြေနေရာရှာဖွေရခြင်းကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ နောက်ဆုံးတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က ရွာသားတစ်ဦး၏မြေကိုသိမ်းယူ၍ အသစ်ဝင်လာသူများကို ပိုင်ရှင်၏သဘောတူညီမှုမပါဘဲ ခွဲဝေပေးလိုက်သည်။ ဤအမှုက မကျေနပ်မှုများကို ဆွပေးခဲ့သည်။

စစ်တမ်းကောက်ယူခဲ့သော ရွာအတော်များများ၏ လက်ရှိလူဦးရေမှာ နာဂစ်မဖြစ်မီက လူဦးရေထက် ပိုများလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နာဂစ်ဖြစ်ပြီးနောက် ရွာလယ်ကွင်းများထဲ၌ နေထိုင်သူများ ရွာထဲသို့ ရွှေ့ဝင်လာသောကြောင့်ဖြစ်သည်။ (သာဓက ၁၅)။ ထိုသူများအနက်မှ အချို့မှာ ရွာထဲ၌ရှိသောအိမ်၌ မိဘညီအစ်ကိုမောင်နှမများနှင့် ပေါင်းနေခြင်းဖြင့်လည်းကောင်း၊ အချို့မှာ ဆွေမျိုးများ၏အိမ်ဘေးတွင် အိမ်အသစ်ဆောက်၍လည်းကောင်း နေထိုင်လျက်ရှိကြသည်။

> **သာဓက ၁၅။ ဒေသတွင်းရွှေ့ပြောင်းနေထိုင်ခြင်း**
>
> ဘိုကလေးတွင်ရှိသော ရွာတစ်ရွာ၌ နာဂစ်မတိုင်မီက အိမ်ထောင်စုနှစ်မျိုးနှစ်စားရှိကြောင်း ရွာသားများက ပြောပြကြသည်။ တစ်မျိုးမှာ ရွာထဲ၌နေကြသူများဖြစ်ပြီး နောက်တစ်မျိုးမှာ လယ်ထဲ၌နေထိုင်ကြသော လယ်သမားမိသားစုများဖြစ်ကြသည်။ လယ်ထဲ၌နေထိုင်သူများ၏အိမ်များမှာ ရွာထဲမှအိမ်များကဲ့သို့ ခိုင်ခံ့ခြင်းမရှိဘဲ လေဘေးမှကာကွယ်ပေးမည့် သစ်ပင်များလည်း မရှိကြပါ။ မုန်တိုင်းတိုက်ခတ်စဉ် ထိုလယ်သမားအများအပြား သေဆုံးခဲ့ရသည်။ နာဂစ်အပြီးတွင် လယ်ထဲ၌ အသက်မသေဘဲ ကျန်ရစ်သူများမှာ ထောက်ပံ့ရေးအစီအစဉ်များရရှိရန်အတွက်လည်းကောင်း၊ ပို၍ဘေးကင်းရာအရပ်တွင် ဆွေမျိုးများနှင့်အတူတကွနေထိုင်ရန်အတွက်လည်းကောင်း ရွာသို့ပြန်လာကြသည်။

---

၄၃။ နာဂစ်မတိုင်မီ ရေးကပင် အတည်တကျဖြစ်ခဲ့သော ကျေးရွာများဖြစ်သောကြောင့် သုတေသနပြုလုပ်ခဲ့သည့်ဒေသများတွင် စစ်တမ်းကောက်ယူရေးအဖွဲ့များက နေရပ်မှအဝေးသို့ လွင့်ထွက်သွားရခြင်းမျိုး အလုံးအရင်းနှင့် ဖြစ်ပွားခြင်းကို မတွေ့ခဲ့ရပါ။

# အခန်း (၄)

## လူမှုဘဝအပေါ်သက်ရောက်မှုများ

လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်ရေးအစီရင်ခံစာက မုန်တိုင်းသင့်ကျေးရွာများရှိ လူမှုဆက်ဆံရေးနှင့် စည်းလုံးမှုတို့အပေါ် နာဂစ်၏အားသက်ရောက်မှုနှင့် အထောက်အပံ့တို့၏ အားသက်ရောက်မှုများကို လေ့လာသုံးသပ်ခဲ့ပါသည်။ ထိုကျေးရွာများတွင် လူမှုအင်အားစုများ ကြီးထွားခိုင်မာလာပြီး စုပေါင်းဆောင်ရွက်မှုလည်း တိုးတက်လာခဲ့ပါသည်။ တွေ့ကြုံနေရသော အခက်အခဲများကို ဝိုင်းဝန်းစုပေါင်းဖြေရှင်းခဲ့ကြခြင်းဖြစ်၍ သက်ကြီးနှင့် သက်ငယ်အမျိုးသားနှင့် အမျိုးသမီးအကြား ဆက်ဆံရေးများပိုမိုကောင်းမွန်လာခဲ့ပါသည်။ အချို့နေရာများတွင် ဘာသာရေးအဖွဲ့အစည်း၏ ခွဲခြားထောက်ပံ့မှုများကြောင့် မကျေနပ်မှုများပေါ်ထွက်ခဲ့သော်လည်း ဘာသာကွဲ လူမျိုးကွဲတို့ကြားဆက်ဆံရေးမှာ အခြေအနေကောင်းနေဆဲဖြစ်သည်။ နာဂစ်အလွန်တွင် ရင်ဆိုင်ရသောပြဿနာများစွာအတွက် ကျေးရွာရှိအုပ်ချုပ်ရေးပိုင်းခေါင်းဆောင်များနှင့် အုပ်ချုပ်ရေးပိုင်းမဟုတ်သော ခေါင်းဆောင်များသည်လည်းကောင်း၊ ဒေသခံများနှင့်ပူးပေါင်း၍ အခက်အခဲများစွာကျော်လွှားရန် ကြိုးစားခဲ့ပါသည်။ ထိုကဲ့သို့ ပေါင်းစည်းအင်အားကို တွေ့ရသည့်နေရာများတွင် ပြန်လည်ထူထောင်ရေးမှာ လျင်မြန်စွာတိုးတက်လာခဲ့သည်ကို တွေ့ရသည်။

### ၁။ လူမှုအင်အားစုများ၊ စုပေါင်းဆောင်ရွက်ခြင်းနှင့် ပဋိပက္ခများ

နာဂစ်မတိုင်မီကပင် မြစ်ဝကျွန်းပေါ်ရှိ ကျေးရွာများတွင် လူမှုရေးအင်အားတောင့်တင်း၍ စည်းလုံးမှုလည်း အားကောင်းခဲ့ပါသည်။ ပြင်ပမှဖွံ့ဖြိုးရေးအထောက်အကူရှားပါးခြင်း၊ အထက်မှဌာနဆိုင်ရာနှင့် အစိုးရအဆင့်သို့ မပေါက်ရောက်ခြင်းတို့ကြောင့် ရပ်ရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ရန်နှင့် ပြည်သူ့ပိုင်ပစ္စည်းများကို ထိန်းသိမ်းရန်ကိစ္စတို့ကို မိမိတို့ဘာသာစုပေါင်း၍ နည်းလမ်းရှာဆောင်ရွက်ကြရသည်ကို တွေ့ရသည်။[၄၄] ဒေသခံတို့မှာ မုန်တိုင်းပြန်လည်ထူထောင်ရေးကာလအတွက် အခက်အခဲများကို အတူစုပေါင်းရင်ဆိုင်ရသောကြောင့် အနည်းဆုံးကာလတိုတစ်ခုအတွက်ဖြစ်စေ လူမှုအင်အားစုများ နာဂစ်ကြောင့် ဖြစ်ပေါ်လာမည်ဟု PONJA က မျှော်လင့်ခဲ့သည်။[၄၅]

ကျေးရွာအများစုတွင် လူမှုရေးအင်အားစုများ ကြီးထွားဖွံ့ဖြိုးလာနေကြောင်းကို တွေ့ရသောအခါ ဤအစီရင်ခံစာက PONJA ၏ယူဆချက်မှန်ကန်ကြောင်း အတည်ပြုပေးလိုက်သည်။ လေ့လာခဲ့သော ကျေးရွာအများစုတွင် ရွာသူရွာသားများမှာ နာဂစ်အပြီး ပေါ်ပေါက်လာသော အရေးပေါ်ပြဿနာများကို ကျော်လွှားရန်အတူရင်ဆိုင်လုပ်ရှားကြရပြီး စုပေါင်းလုပ်ဆောင်မှုများ၊ ပြဿနာဖြေရှင်းနည်းအဖုံဖုံပါဝင်သော အသက်ရှင်နေထိုင်ရေး မဟာဗျူဟာများ ရှာဖွေချမှတ်ခဲ့ရသည်။ အောင်မြင်စွာ စုပေါင်းဆောင်ရွက်နိုင်ခဲ့သည့်နမူနာများလည်း ရှိခဲ့ပါသည်။ ရွာအတော်များများတွင် ရွာသားများသည် အပျက်အစီးနည်းသောအိမ်များကို ပြန်ပြင်၍ အတူတကွစုပေါင်းနေထိုင်ခဲ့ကြရသည်။ ထို့နောက် ပျက်စီးသွားသောအိမ်များကို တစ်လုံးပြီးတစ်လုံး စုပေါင်းအားဖြင့် အလှည့်ကျဆောက်လုပ်ပေးခဲ့ကြသည်။ ထို့ပြင်အများပိုင် (ကျေးရွာပိုင်) ပစ္စည်းများကိုလည်း စုပေါင်း၍ ပြန်လည်ထိန်းသိမ်းရသည်။ အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊လူငယ်အစုံပါဝင်သော ရွာသူရွာသားများက လမ်းပြင်ရာ၊ ကျောင်းဆောက်ရာ၊ အပျက်အစီးများ ရှင်းလင်းရာ၊ ရေကန်များပြန်ပြင်ရာနှင့် သောက်သုံးရေသန့်များ ပြန်လည်ရရှိအောင် ကြိုးပမ်းရာတွင် အတူလုပ်ရှားခဲ့ကြသည်။ ရွာအများစုတွင် စစ်တမ်းကို ဖြေဆိုခဲ့သူများက ပြန်လည်ပြောကြားသည်မှာ ကွဲပြားသောရွာသားများ အစုအဖွဲ့အသီးသီးကြား၌ ဆက်ဆံရေးမှာကောင်းမွန်ပြီး နာဂစ်မဖြစ်ပွားမီကာလနှင့် နှိုင်းယှဉ်ပါက ပို၍ခိုင်မြဲလာသောစည်းလုံးမှုကြောင့် ရပ်ရွာအတွင်းမှ အခြေအနေပိုကောင်းသူများ၊ အပျက်အစီးနည်းသူများက မုန်တိုင်းဒဏ်ဆိုးဆိုးရွားရွား ခံစားခဲ့ရသော ပို၍ဒုက္ခရောက်သောရွာသားများနှင့် အပယ်ခံဖြစ်သော ရွာသားများကို စောင့်ရှောက်ခဲ့ကြသည်။ (သာဓက ၁၆)

---

၄၄။ နာဂစ်မတိုင်မီ လူမှုဆက်ဆံရေးအခြေအနေများကို သိလိုလျှင် PONJA တွင်ပါရှိသော ဆွေးနွေးချက်များကို ကြည့်ရှုနိုင်ပါသည်။ Tripartite Core Group (2008a), op.cit.,pp. 2-3

၄၅။ Tripartite Core Group (2008a), op.cit.,pp. 152

လယ်ပိုင်ရှင်အများအပြားမှာ မြေယာမဲ့ရွာသားများကို ငွေကြေးနှင့်စားသောက်စရာများ ပေးကမ်းခြင်း ရှိခဲ့သည့်အပြင် ထိုအကူအညီကို လက်ခံရရှိသောရွာသားများမှာလည်း ရှိသမျှပစ္စည်းကလေးများကို အခြားရွာသားများ နှင့် ခွဲဝေစားသုံးခဲ့ကြသည်။ ရွာလူကြီးများမှာ မုဆိုးမများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် စိတ်မနှံ့သူများကို အကူအညီများပေးခဲ့ကြသည်။ အင်အားချိနဲ့သော၊ အပယ်ခံဖြစ်သော ရွာသူရွာသားအချို့အတွက်လည်း အခြားရွာသားများက အိမ်များဆောက်လုပ်ပေးခြင်း၊ အသုဘရှိလျှင် စရိတ်ကူပေးခြင်း၊ ဆွေမျိုးမရှိသော သက်ကြီးရွယ်အိုများအတွက် အိမ်ဆောက်ပေးခြင်းတို့ဖြင့် ကူညီခဲ့ကြသည်။

အချို့သောရပ်ရွာများတွင် ရွာလူကြီးများနှင့် ရွာသူရွာသားများအားလုံးသည် အကူအညီပေးသည့် အဖွဲ့ အစည်းများက ၎င်းတို့သတ်မှတ်ချက်ဘောင်ဝင်သူများကိုသာ ပေးအပ်ခဲ့သော အကူအညီများကို ရွာသားများ အားလုံးအတွက် အညီအမျှပြန်လည်ခွဲဝေရန် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်ကို တွေ့ရသည်။ ရည်ရွယ် ချက်မှာ ရပ်ရွာစည်းလုံးမှုမပြိုကွဲစေရန် ဖြစ်သည်။ ကျေးရွာတစ်ခုတွင် ကယ်ဆယ်ရေးအဖွဲ့အစည်းတစ်ခုက ထောက်ပံ့ ရေးပစ္စည်းများကို အင်အားအချိနဲ့ဆုံးပုဂ္ဂိုလ်များနှင့် အပယ်ခံပုဂ္ဂိုလ်များဟု ယူဆရသူအတွက်သာ သတ်မှတ်ပေး အပ်ခဲ့ရာ ထိုကျေးရွာ၏အရေးပေါ်ကော်မတီက ရွာသားများခွဲဝေသုံးစွဲနိုင်ရန် ထောက်ပံ့ရေးပစ္စည်းများကို ပြန်လည် နေရာချထားပေးခဲ့သည်။ ရွာသားများက ၎င်းတို့ဤသို့လုပ်ဆောင်ခဲ့ခြင်းကြောင့် ရွာ၌တစ်စိတ်တစ်ဝမ်းတည်းဖြစ်မှုကို ထိန်းထားနိုင်သည်ဟု ဆိုသည်။

**သာဓက ၁၆။ အထောက်အပံ့များကိုမျှဝေသုံးစွဲကြပုံ**

နာဂစ်ပြီးလျှင်ပြီးခြင်း အကူအညီများရောက်မလာသေးမီအချိန်တွင် အများကလေးစားရသော ရွာသား တစ်ဦးက ၎င်း၏အစ်ကိုတစ်ဦးထံမှရရှိခဲ့သောဆန်များကို တစ်ရွာလုံးသို့ ခွဲဝေပေးခဲ့သည်။ ၎င်း၏အစ်ကိုမှာ မုန်တိုင်းဖြစ်ပြီးနောက် ရွာသို့လာရောက်စဉ် ဆန် ၁၅ အိတ်ဝယ်ပေးခဲ့သည်။ ထိုပုဂ္ဂိုလ်လာရောက်ခဲ့စဉ်က တစ်ရွာလုံးမှာ ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့နေရသောကြောင့် ရွာထဲရှိအိမ်ထောင်စုများအတွက် တစ်အိမ်ထောင် လျှင် ဆန်ခုနစ်ပြည်နှုန်း[46] ထပ်မံလှူဒါန်းသွားခဲ့သည်။ တစ်ရွာလုံးမှာ ကျေးဇူးတင်မဆုံးဖြစ်ကြရပြီး ထိုရွာသားကြီး၏မိသားစုဝင်များ စိတ်ကောင်းရှိပုံကို ယနေ့ထိတိုင် မပြတ်အောက်မေ့နေကြသည်။

## အချို့ကျေးရွာများတွင် လူမှုအင်အားစုများ အဘယ့်ကြောင့် အားနည်းရသနည်း။

စုပေါင်းဆောင်ရွက်မှု အားကောင်းခိုင်မာလာကြောင်းပြောဆိုရာတွင် အချို့သောရွာများအတွက်မူ ခြွင်းချက်အဖြစ် ထားရှိရပါမည်။ ရွာသားများက ၎င်းတို့မှာ အထောက်အပံ့များကို မျှမျှတတခွဲဝေရရှိနေသည်ဟု မခံစားရလျှင် အချို့ကအခွင့်အရေးပိုရပြီး အချို့ကအခွင့်အရေးမရဟု ယူဆကြလျှင် ထိုရွာမျိုးတွင် လူမှုအင်အားစုများ မခိုင်မာလာကြောင်း ဥပမာများစွာကိုကြည့်၍ သိနိုင်သည်။ အချို့နေရာများတွင် (အောက်တွင်ဖော်ပြထားသော ကွဲပြားသောဘာသာများအကြားဆက်ဆံရေးကို သုံးသပ်ချက်တွင် ရေးသားထားသည့်အတိုင်း) ဘာသာရေးအဖွဲ့အချို့ မှာ ၎င်းတို့၏ဘာသာကို သက်ဝင်ယုံကြည်သူများကိုသာ အထောက်အပံ့ပေးဝေခဲ့ကြသည်။ ဤသို့ဘာသာရေးကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်းမှာ ခြွင်းချက်တစ်ခုဖြစ်သော်လည်း ရပ်ရွာလူထုကြားတွင် မကျေနပ်မှုများဖြစ်စေ သည်ကို တွေ့ရသည်။

အချို့သောကျေးရွာများတွင်မူ မကျေနပ်မှုများမှာ အနွမ်းပါးဆုံး၊ အင်အားအချိနဲ့ဆုံး ပုဂ္ဂိုလ်များကိုသာ အိမ်များပြန်ဆောက်ပေးရန်အတွက် ရွေးချယ်လိုက်ရာမှ ပေါ်ထွက်လာသည်။ ဤအခြေအနေတွင် ပွင့်လင်းမြင်သာမှု မရှိခြင်းနှင့် အကူအညီများကို ဖြန့်ဖြူးခွဲဝေရာတွင် ရသင့်ရထိုက်သူကို မည်သို့မည်ပုံ ရွေးချယ်ကြောင်း အများ ပြည်သူထံ မတင်ပြခြင်းတို့က ရွာရှိထောက်ပံ့ရေးကော်မတီနှင့် ရွာသားများအကြားတွင်လည်းကောင်း၊ ရွာသားများ အချင်းချင်းသော်လည်းကောင်း တစ်ဦးနှင့်တစ်ဦး သံသယများကြီးထွားစေပါသည်။

---

၄၆။ တစ်ပြည်မှာ ၂ ကီလိုဂရမ်နှင့် ညီမျှသည်။ ဆန်တစ်ပြည်တွင် နို့ဆီဘူး (၈) လုံး ပမာဏရှိသောဆန်အလေးချိန် ပါဝင်သည်။

နောက်ဆုံးတွင်ပေးမည်ဟု ကတိပေးထားသော အထောက်အပံ့များ ရောက်မလာသောအခါနှင့် ရွာသား တစ်ဦးက အခြားတစ်ဦးကို ခေါင်းပုံဖြတ်နေသည်ဟု ခံစားရသောအခါ လူမှုရေးအင်အားစုများ ပြိုကွဲသွားစေပါသည်။ (သာဓက ၁၇)

**သာဓက ၁၇။ မညီမျှသောအထောက်အပံ့များကြောင့်ညီညွတ်မှုပျက်ခြင်း**

ဒေးဒရဲမြို့နယ်အတွင်းရှိ မုန်တိုင်းသင့်ကျေးရွာတစ်ရွာတွင် နယ်မြေနှစ်ခုပါရှိသည်။ ရွာအတွင်းပိုင်း တွင် လက်လုပ်လက်စား ပျံကျအလုပ်သမားများနေထိုင်၍ ရွာစွန်ပိုင်းတွင် လယ်သမားများ နေထိုင်သည်။ မုန်တိုင်းတိုက်ခတ်ပြီး နှစ်ပတ်အကြာတွင် တိုင်းရင်းသား အဖွဲ့အစည်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦးက ရွာအတွင်းပိုင်း တွင်နေသူ လုပ်သားတစ်ဦးနှင့် ခင်မင်နေခြင်းကို အကြောင်းပြု၍ ရောက်ရှိလာသည်။ ထိုသူက ရွာရှိအိမ်များ အားလုံးကို အိမ်မိုးသွပ် ၁၇ ချပ်မှ ၂၄ ချပ်အထိ ပေးအပ်မည်ဟု ကတိပြုသောအခါ ရွာသားများအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြသည်။ သို့သော် လက်တွေ့တွင် ရွာအတွင်းပိုင်းရှိ အိမ်ထောင်စု ၄၈ စုကသာ အိမ်မိုးသွပ်များရလျက် ထိုအကူအညီကို မျှော်လင့်နေကြသော ရွာစွန်ပိုင်းရှိ အိမ်ထောင်စုများအတွက် မပါဝင် ခဲ့ပေ။ ရွာစွန်ပိုင်းတွင်နေထိုင်သူများက အလှူရှင်ပုဂ္ဂိုလ်ကို အိမ်မိုးသွပ်များ ၎င်းတို့အတွက်ပါ အကူအညီပေးရန် တောင်းဆိုထားရာ စစ်တမ်းကောက်ယူသည့်အဖွဲ့ဝင်များ ရွာသို့ရောက်ရှိသည့်အချိန်အထိ အကူအညီမှာ ရောက်မလာသေးကြောင်းသိရသည်။ ဤအဖြစ်အပျက်က မကျေမချမ်းဖြစ်မှုနှင့် စိတ်ဝမ်းကွဲမှုများသို့ ဦးတည် သွားသည်။ လူကြီးများ၏ စိတ်ဝမ်းကွဲမှုများ ကလေးများအပေါ်တွင်ပါ သက်ရောက်သွားပြီး ရွာအတွင်းပိုင်းမှ ကလေးများသည် ရွာအစွန်ပိုင်းမှ ကလေးများကိုတွေ့လျှင် အချင်းချင်း မကျေနပ်မှုကြောင့် ခဲနှင့်ပစ်ပေါက်ကြ ကြောင်း ရွာသားများက ပြောကြားသည်။ ဤသို့ အထောက်အပံ့များသာတူညီမျှပေးဝေခြင်းမရှိသောကြောင့် ရွာ၏စည်းလုံးညီညွတ်မှုကို ပျက်ပြားစေ၍ အုပ်စုကွဲများပေါ်ထွန်းလာစေသည်။

## နာဂစ်ဖြစ်ပွားပြီးနောက်ပိုင်း ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုများ မည်မျှဖြစ်ပွားခဲ့သနည်း။

ရွာ ၄ ရွာမှအပ လေ့လာခဲ့သောရွာများအားလုံးတွင် နာဂစ်ဖြစ်ပွားပြီးနောက် ရာဇဝတ်မှုဖြစ်ပွားနှုန်း မြင့်မားလာခြင်းမရှိကြောင်း ဖေါ်ပြကြသည်။ စစ်တမ်းကောက်ယူရေးအဖွဲ့များမှာ အခန်း (၂) တွင် ဖော်ပြခဲ့သော ပရိဒေဝမီးကိုအခြေခံသည့်အကြမ်းဖက်မှုအပြင် အချို့မြေယာပိုင်ဆိုင်ရေး အငြင်းပွားမှုများကို ကြားသိခဲ့ရသည်။ မြေယာပိုင်ဆိုင်ရေး အငြင်းပွားမှုတစ်ရပ်မှာ သွေးထွက်သံယို ဖြစ်သည်အထိပြင်းထန်ခဲ့သည်။ (သာဓက ၁၈) အချို့သောရာဇဝတ်မှုများမှာမူ အိမ်တွင်းရေးအနိုင်ကျင့်မှုများဖြစ်သည်။ (လာမည့်အခန်းတွင်လေ့လာပါ။)

နာဂစ်ဖြစ်ပြီးနောက်ပိုင်း အချို့သောဒေသခံများမှာ ၎င်းတို့နှင့်မသက်ဆိုင်သော ကျွဲနွားတိရစ္ဆာန်များ၊ ပစ္စည်းများကို ဆွဲယူထားကြကြောင်းကိုလည်း တွေ့ရသည်။ ဤသို့ဆွဲယူထားခြင်းမှာလည်း မကျေနပ်မှုများ ဖြစ်ပေါ်စေခဲ့သည်။ သို့သော်အများအားဖြင့်မူ စည်းလုံးညီညွတ်မှုရှိခြင်းက ပွဲလန့်တုန်းဖျာခင်းခြင်းကိုအခြေခံသည့် ရာဇဝတ်မှုများဖြစ်ပွားခြင်းထက် ပို၍အလေးသာပါသည်။


**သာဓက ၁၈။ လူသေခဲ့သည့်မြေပိုင်ဆိုင်မှုအငြင်းအခုံ**

ကျိုက်လတ်မြို့နယ်အတွင်းရှိရွာတစ်ရွာတွင် သမီးယောက်ဖနှစ်ဦးမှာ လယ်နီးချင်းများအဖြစ် ကပ်လျက်နေထိုင်ကြပြီး နှစ်ပေါင်းများစွာ အတူလယ်လုပ်ခဲ့ကြသည်။ နာဂစ်အပြီးတွင်မူ မထင်ရှားတော့သော လယ်ကွက်များ၏ နယ်ခြားမျဉ်းကို ပြန်လည်သတ်မှတ်ရေးနှင့်ပတ်သက်၍ အငြင်းပွား ကြသည်။ နှစ်ဦးစလုံး ဒေါသကြီးလာသောအခါ တစ်ဦးက စိတ်မထိန်းနိုင်တော့ဘဲ ယောက်ဖလုပ်သူကို ဓားဖြင့်ထိုးရာ ထိုသူမှာ ဓားဒဏ်ရာဖြင့် ကွယ်လွန်ခဲ့သည်။

## ကျားမဆက်ဆံရေးနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ

ယေဘုယျအားဖြင့် အမျိုးသမီးနှင့် အမျိုးသားကြားဆက်ဆံရေးမှာ ယခင်အတိုင်း (သို့) ပိုမို၍ ကောင်းမွန်ခဲ့ပါသည် (ပုံ ၅ကိုကြည့်ပါ)။ မုန်တိုင်းက အမျိုးသမီးနှင့် အမျိုးသားများ ဆက်ဆံရေးကောင်းမွန်မှုနှင့်ပတ်သက်ပြီး ကျေးရွာသားများ၏ယေဘုယျအမြင်ကို များစွာမပြောင်းလဲစေခဲ့သော်လည်း ရပ်ရွာအတွင်း အမျိုးသမီးနှင့် အမျိုးသားများ ပါဝင်မှုအချိုးအစားကို များစွာပြောင်းလဲပစ်ခဲ့ပါသည်။

### ပုံ (၅)။ အမျိုးသားနှင့် အမျိုးသမီးများအကြားဆက်ဆံရေး




အမျိုးသမီးများမှာ အမျိုးသားများထက်ပို၍ မုန်တိုင်းမိစဉ် သေဆုံးရန်အလားအလာများသည်။ လေ့လာခဲ့သော ရွာပေါင်း ၄၀ အနက် ၃၈ ရွာတွင် အမျိုးသမီး ၃၉၆ ဦးနှင့် အမျိုးသား ၃၃၈ ဦးတို့ မုန်တိုင်းဖြစ်ပွားစဉ် ကွယ်လွန်ခဲ့သည်။[၄၇] ဤသို့သေဆုံးခဲ့ခြင်းကြောင့် ကျားမအလိုက် အလုပ်တာဝန်ခွဲဝေမှုများ အပြောင်းအလဲဖြစ်ခဲ့ပြီး ရပ်ရွာတွင် အင်အားအနည်းဆုံးအုပ်စုတွင်ပါဝင်သည်ဟု သတ်မှတ်ခံကြရသော မုဆိုးဖို၊ မုဆိုးမများအတွက် အိမ်ထောင့်တာဝန်များ နှစ်ထပ်ကွမ်းဖြစ်လာကြောင်း သတိချပ်မိခဲ့သည်။

ကျား၊ မအချိုးမညီခြင်းမှာ အလုပ်အကိုင်များအပေါ် များစွာအကျိုးသက်ရောက်ခဲ့သည်။ နာဂစ်မတိုင်မီက မြစ်ဝကျွန်းပေါ်ကျေးရွာများတွင် အမျိုးသားနှင့်အမျိုးသမီးများအတွက် သီးသန့်တာဝန်သတ်မှတ်ခွဲဝေခြင်းများရှိခဲ့သည်။ အထက်တွင်ဖော်ပြခဲ့သောလယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းတာဝန်များအပြင် အမျိုးသမီးများမှာ အချက်အပြုတ်၊ အလျှော်အဖွတ်၊ ကလေးထိန်းနှင့် အိမ်သန့်ရှင်းရေးအစရှိသည့် နေ့စဉ်အိမ်မှုကိစ္စများကို ဆောင်ရွက်ရပါသည်။ မိသားစုတွင်စားနပ်ရိက္ခာအလုံအလောက်ရှိနေရန်၊ အိမ်တွင်သောက်ရေရှိရန်၊ ချက်ပြုတ်စရာထင်းရှိရန် ဂရုစိုက်ကြရသည်။ ထို့အပြင် အမျိုးသမီးအချို့မှာ ဝင်ငွေရရှိသောအလုပ်များဖြစ်သည့် ကျွဲ၊ နွားကျောင်းခြင်း၊ အရောင်းအဝယ်လုပ်ခြင်း၊ အသေးစားအိမ်တွင်းလုပ်ငန်းများလုပ်ခြင်းကိုလည်း လုပ်ကိုင်ကြပါသည်။ အမျိုးသားများမှာ ဝင်ငွေရှာဖွေပေးခြင်း၊ ရွာလမ်းပြင်ခြင်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း ပြုပြင်ဆောက်လုပ်ခြင်း၊ ရပ်ရွာထဲမှ အစည်းအဝေးများတက်ခြင်း အစရှိသည့် ရပ်ရေးရွာရေးကိစ္စရပ်များတွင် ပါဝင်ရသောကြောင့် မိမိအိမ်၏ပြင်ပရှိ စီးပွားရေးလူမှုရေးလုပ်ငန်းများအတွက် တာဝန်ပိုရှိသူများဟု ဆိုရမည်။

---

၄၇။ ထိုရွာနှစ်ရွာတွင် စုစုပေါင်း လူအသေအပျောက် ၈၄၇ ဦးခန့်ရှိပြီး သေဆုံးသူစာရင်းကို ကျား၊ မခွဲခြား၍ မရရှိခဲ့ပါ။ ဆိုးဆိုးရွားရွားထိခိုက်ခဲ့သော ရွာ ၇ ရွာအနက် ၅ ရွာတွင်သာ သေဆုံးသူစာရင်းကို ရရှိခဲ့ပြီး အရေအတွက်အရ အမျိုးသမီး ၂၉၀ ဦးနှင့် အမျိုးသား ၁၆၆ ဦး ဖြစ်ရာ အမျိုးသမီးများ သေဆုံးမှုပိုများကြောင်း တွေ့ရသည်။

နာဂစ်က ထိုအစဉ်အလာများကို အတိုင်းအတာတစ်ခုအထိ ပြောင်းလဲပစ်လိုက်သည်။ အမျိုးသားများထက် အမျိုးသမီးများက အဆများစွာပို၍ သေဆုံးခဲ့သောရွာမျိုးတွင် အမျိုးသားများမှာ ဇနီးမယားများမရှိတော့သောကြောင့် ချက်ပြုတ်ခြင်း၊ ကလေးထိန်းရခြင်းအစရှိသော ယခင်က ဇနီးသည်များယူခဲ့ရသောတာဝန်များမှာ ၎င်းတို့၏ပုခုံးပေါ်သို့ ကျရောက်လာသည်။ တစ်ချိန်တည်းမှာပင် ခင်ပွန်းသည်များဆုံးရှုံးခဲ့ရသော အမျိုးသမီးတို့မှာ အိမ်ထောင်ဦးစီးများဖြစ်လာကြပြီး အိမ်ထောင့်တာဝန်များအပြင် ဝင်ငွေရှာရခြင်းတည်းဟူသောတာဝန်ကိုပါ ထပ်ဆောင်းယူကြရသည်။ ဤသို့တာဝန်များစွာ ခေါင်းပေါ်ပုံကျနေသူများအတွက် ရပ်ရေးရွာရေးတွင် ပါဝင်ဆောင်ရွက်ရန် မလွယ်လှပါ။

**သာဓက ၁၉။ မိသားစုဝင်များဆုံးရှုံးမှုကြောင့် အိမ်ထောင်တာဝန်များပြောင်းလဲလာခြင်း**

နာဂစ်မတိုင်မီ ငါးလခန့်က လက်ထပ်ခဲ့ကြသော ညီအစ်မဝမ်းကွဲနှစ်ဦးမှာ နာဂစ်ဖြစ်သောအခါ ခင်ပွန်းသည်များ ကိုယ်စီဆုံးရှုံးခဲ့ကြပြီး ကိုယ်ဝန်များနှင့်ကျန်ရစ်ကြသည်။ နာဂစ်ဖြစ်ပြီးနောက် ထိုညီအစ်မများအနက်တစ်ဦးမှာ တူ၊ တူမများနှင့် အဘွားဖြစ်သူကို ကြည့်ရှုစောင့်ရှောက်ခအဖြစ်ရရှိသော ငွေတစ်သောင်းဖြင့် အိမ်ဆိုင်ငယ်လေးတစ်ခုကို စတင်ဖွင့်လှစ်ခဲ့သည်။ သူမမှာ ယခုအခါ ဝါးကြမ်းခင်းထားသော မိသားစုခြောက်ယောက်ဖြင့် ပြည့်သိပ်နေသော အိမ်ကလေး၏အိမ်ထောင်ဦးစီးဖြစ်လာသည်။ အိမ်ဆိုင်ကိုအရင်းဖြည့်တင်းရန်အတွက်လည်း ငွေစအချို့ကိုလည်း သူမက ချေးယူခဲ့ရသည်။ အခြားညီအစ်မတစ်ဦးမှာ မုန်တိုင်းအတွင်းက မိဘနှစ်ပါး၊ ခင်ပွန်းသည်နှင့် ညီမငယ်တို့ကို ဆုံးရှုံးခဲ့ရသည်။ သူမမှာ ယခုအခါ သူမကမွေးဖွားခဲ့သောကလေးငယ်၊ မသန်စွမ်းသော ညီမငယ်တစ်ဦး၊ မောင်ငယ်တစ်ဦး၊ အခြားညီမငယ် တစ်ဦးတို့ပါဝင်သော အိမ်ထောင်ကို ဦးစီးနေရသည်။ ကလေးနှင့်မောင်ငယ်ညီမငယ်များကို စောင့်ရှောက်ရသောကြောင့် သူမမှာ လယ်ထဲမဆင်းနိုင်သဖြင့် မိသားစုပိုင်လယ်ကို ဦးလေးအား အငှားချထားရသည်။

အချို့ကျေးရွာများတွင် မုဆိုးဖိုနှင့်မုဆိုးမများနောက်အိမ်ထောင်ခြင်းများ စတင်ပေါ်ပေါက်နေပြီဖြစ်သည်။ လေ့လာခဲ့သောရွာများအနက် ရွာ ၅ ရွာတွင် အနည်းဆုံး မုဆိုးဖိုမုဆိုးမ ၁၇ ဦးခန့် လက်ထပ်ခဲ့ကြသည်ကို တွေ့ရသည်။ အများအားဖြင့် ၎င်းတို့လက်ထပ်လိုက်သူများမှာ ရွာ၏ပြင်ပမှဖြစ်ကြ၏။[၄၈]

အမျိုးသမီးများမှာ ထောက်ပံ့ရေးအစီအစဉ်များဖြန့်ဖြူးရာ၊ စီမံခန့်ခွဲရာတွင် အဓိကပါဝင်လှုပ်ရှားသူများမဟုတ်ကြပါ။ ကျေးရွာ၏အရေးပေါ်ကော်မတီအဖွဲ့ဝင်များမှာ အမြဲတမ်းလိုလို အမျိုးသားများဖြင့်ဖွဲ့စည်းထားသည်။ အမျိုးသမီးများပါဝင်သောအခါ၌လည်း ဆုံးဖြတ်ချက်ချရသည့်ကိစ္စမျိုးတွင် မပါဝင်ကြရဘဲ လိုအပ်သည်များကို ကူညီပံ့ပိုးပေးသည့် အခန်းကဏ္ဍမှသာဖြစ်သည်။ ဥပမာ–အကူအညီပေးသူများ ရွာသို့ရောက်လာချိန်တွင် ထမင်းကျွေးရန်ပြင်ဆင်ပေးခြင်း၊ အလည်ရောက်လာသူများကို ဧည့်ဝတ်ပြုခြင်း သို့မဟုတ် အမျိုးသမီးများ၊ ကလေးများနှင့်သက်ဆိုင်သောကိစ္စများအတွက် အကူအညီပေးနေသူများက သိရှိလိုသောမေးခွန်းများကို ဖြေကြားပေးခြင်းတို့ကို တာဝန်ယူကြသည်။

စစ်တမ်းကောက်ယူသူတို့မှာ နာဂစ်နှင့်ပတ်သက်သော အိမ်တွင်းအကြမ်းဖက်မှု အနည်းငယ်ကိုသာ ကြားသိခဲ့ရသည်။ (သာဓက ၂၀ တွင်ဖော်ပြထားပါသည်။) သို့သော် ဤအချက်ကိုထောက်၍ အိမ်တွင်းအကြမ်းဖက်မှုများ တိုးပွားလာသည်ဟု ကောက်ချက်ချရန် ခက်ခဲပါသည်။[၄၉]

၄၈။ အချို့ရွာများတွင် နောက်အိမ်ထောင်ပြုသူအရေအတွက်ကို တိတိကျကျမရခဲ့ပါ။ အမှန်တကယ် နောက်အိမ်ထောင်ပြုကြသည့်နှုန်းမှာ ယခုထက်ပို၍ မြင့်မားကောင်းမြင့်မားနိုင်ပါသည်။

### သာဓက ၂၀။ လိင်အကြမ်းဖက်မှုများနှင့် အိမ်ထောင်စုပုံစံအပြောင်းအလဲများ

ဘိုကလေးရှိရွာတစ်ရွာမှ ကျန်းမာသန်စွမ်းသော ရွာသားတစ်ဦးမှာ မုန်တိုင်းအတွင်း ဇနီးသည်နှင့် ကလေးခြောက်ဦးကို ဆုံးရှုံးခဲ့ရသည်။ ထိုအချိန်မှစ၍သူသည်လောကဓံကို ခါးစည်းခံနိုင်ရန် အရက်ကို အားပြုခဲ့သည်။ ၎င်းနှင့်တစ်ရွာတည်းတွင်၌ အသက် ၂၁ နှစ်၊ ၁၈ နှစ်၊ ၇ နှစ် အသီးသီးရှိသော ညီအစ်မ သုံးဦးနေထိုင်သော အိမ်ထောင်စုတစ်စုရှိသည်။ ထိုအိမ်ထောင်စုမှာလည်း မိဘနှစ်ပါးနှင့်အတူ အခြား မွေးချင်းလေးဦး မုန်တိုင်းတိုက်ခတ်စဉ် သေဆုံးသွားခဲ့သည်။ မိဘများသေဆုံးသွားပြီးနောက် ထိုညီအစ်မ သုံးဦးမှာ ၎င်းတို့၏မူလနေအိမ်၌ပင် အုပ်ထိန်းသူမရှိဘဲ နေထိုင်ခဲ့ကြသည်။ အထက်ဖော်ပြပါဇနီးသည် ဆုံးရှုံးခဲ့သော အမျိုးသားမှာ ထိုညီအစ်မများအနက်မှ အကြီးဆုံးကို စိတ်ဝင်စားပြီးပိုးပန်းရာ မအောင်မမြင် ဖြစ်ခဲ့သည်။ တစ်ညတွင် ညီအစ်မအငယ်နှစ်ဦး အိမ်တွင်မရှိခိုက် အုပ်ထိန်းသူမရှိသော အိမ်တွင်ကျန်ရှိသည့် အစ်မကြီးဖြစ်သူကို အဓမ္မကျင့်ရန် ကြိုးစားခဲ့သည်။ ထိုအချိန်တွင် အိမ်နီးနားချင်းများက မအိပ်ဘဲနိုးနေသော ကြောင့် ၎င်း၏ကြိုးပမ်းမှုမှာ မအောင်မမြင်ဖြစ်ခဲ့ရသည်။ နောင်တွင် ကျေးရွာလူကြီးများက ရွာဥက္ကဋ္ဌ၏ အိမ်အနီးတွင် ထိုမိန်းမပျိုကလေးများအတွက် လုံခြုံသောနေရာတစ်ခုကို စီစဉ်ပေးခဲ့သည်။

## မျိုးဆက်တစ်ခုနှင့်တစ်ခုကြားဆက်ဆံရေး

နာဂစ်နောက်ပိုင်း အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ငယ်ရွယ်သော အမျိုးသားအမျိုးသမီးများက တက်ကြွစွာပါဝင်လုပ်ရှားခဲ့သည်ကို စစ်တမ်းကောက်ယူခဲ့သော ကျေးရွာ ၃၉ ခုတွင် တွေ့မြင်ခဲ့ရသည်။ ယခင်ကထက်စာလျှင် နာဂစ်ကြောင့် ၎င်းတို့မှာရပ်ရေးရွာရေးကိစ္စများတွင် ပို၍စိတ်အားထက်သန်စွာ လှုပ်ရှားလာနိုင်ခဲ့သည်။ အချို့သောလူငယ်များမှာ ကျေးရွာ၏ဝေခြမ်းရေးကော်မတီအဖွဲ့ဝင်များဖြစ်လာကြသည်။ ၎င်းတို့မှာ ထောက်ပံ့ရေးအစီအစဉ်များဖြန့်ဖြူးရန်၊ စီမံခန့်ခွဲရန်နှင့် အခြားရွာများနှင့် ချိတ်ဆက်လှုပ်ရှားရာတွင် ကူညီခဲ့ကြသည်။


လူငယ်များ၏အခန်းကဏ္ဍ ပို၍ကျယ်ပြန့်လာခြင်းမှာ ၎င်းတို့၏ကာယလုပ်အားလိုအပ်သော စာသင်ကျောင်းနှင့်ဘုန်းကြီးကျောင်းများ ပြန်လည်မွမ်းမံခြင်း၊ ရေကန်သန့်ရှင်းခြင်း၊ လမ်းပြင်ခြင်း၊ ကျေးရွာသန့်ရှင်းခြင်း အစရှိသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြောင့်သာမက မုန်တိုင်းတိုက်ခတ်စဉ်က အသက်ကြီးသူများက ငယ်ရွယ်သူများထက်စာလျှင် သေဆုံးမှုပိုများခဲ့သောကြောင့်လည်း ဖြစ်သည်။ အကျိုးဆက်မှာ မုန်တိုင်းသင့်ကျေးရွာအတော်များများ၏လူကြီးလူငယ်အချိုးအစားမှာ ယခင်နှင့်မတူ ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။ မုန်တိုင်းမဖြစ်မီက အစဉ်အလာအရ တည်ရှိခဲ့သော လူကြီးသူမများ၏အခန်းကဏ္ဍနှင့် နာဂစ်ဖြစ်ပြီးနောက် ဝေခြမ်းရေးကော်မတီများတွင် ရပ်ကျိုးရွာကျိုးအတွက် ဝင်ရောက်လှုပ်ရှားရသောလူငယ်များ၏ကဏ္ဍမှာ ကွာခြားလာခဲ့ပါသည်။ သို့သော် လက်ရှိလူငယ်များချဲ့ထွင်ထားခဲ့သော ၎င်းတို့၏အခန်းကဏ္ဍများမှာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပြီးစီးသွားချိန်နောက်ပိုင်းအထိ ဆက်လက်တည်ရှိမည်၊ မရှိမည်မှာ မသေချာလှပါ။

နေရာအများစုတွင် လူငယ်များရပ်ရေးရွာရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်လာခြင်းကို ကျေးရွာသားများက ကျေနပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ လူကြီးနှင့်လူငယ်ကြား ပြဿနာအချို့ရှိသည်ကို ကြားသိရသည်မှအပ မျိုးဆက်တစ်ခုနှင့်တစ်ခုကြား ဆက်ဆံရေးမှာ ယေဘုယျအားဖြင့် တိုးတက်လာသည်ဟု ရွာသားများက ယူဆနေကြသည်။

---

၄၉။ မည်သည့်နေရာတွင်မဆို အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပျက်နေသည့်အတိုင်းအဆကို တိတိကျကျ ဖော်ပြနိုင်ခြင်းမျိုးကို ကြားသိရန် ခက်ခဲပါသည်။ အိမ်တွင်း၌ဖြစ်ခြင်းကြောင့် ဖုံးကွယ်ထားလေ့ရှိပြီး အနိုင်ကျင့်ခံရသူအပါအဝင် ရွာသူရွာသားများမှာ အပြင်လူကို ထုတ်ပြောရန် ဝန်လေးကြပါသည်။ သို့သော် သုတေသနအဖွဲ့များအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှုပြဿနာမှာ မြစ်ဝကျွန်းပေါ်ဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေခြင်းမရှိဟု သုံးသပ်ရပါသည်။

### ပုံ ၆။ လူကြီးနှင့်လူငယ်ဆက်ဆံရေး




နာဂစ်မှာရပ်ရွာရှိလူကြီးများကို လူငယ်များထက် စိတ်ဒဏ်ရာအဆများစွာ ပိုပေးခဲ့ပုံရသည်။ ရပ်ရေးရွာရေး ကိစ္စများတွင် ဦးမဆောင်နိုင်ခြင်းနှင့် ကာယလုပ်အားသုံးရသော မုန်တိုင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မပါဝင်နိုင်ခြင်းကြောင့် လူကြီးများမှာ မိမိတို့ကိုယ်ကိုအသုံးမကျ၊ မသန်စွမ်းဟု ခံစားလေ့ရှိကြသည်။

## ဘာသာကွဲနှင့် လူမျိုးကွဲများကြားဆက်ဆံရေး

မြစ်ဝကျွန်းပေါ်မှာ လူမျိုးဘာသာပေါင်းစုံနေထိုင်သော အရပ်တစ်ခုဖြစ်သည်။ လူဦးရေအများဆုံးဖြစ်သော ဗမာနှင့်အတူ ကရင်၊ ရခိုင်၊ အိန္ဒိယ အနွယ်များလည်းရှိသည်။ ဗုဒ္ဓဘာသာမှာ အများစုကိုးကွယ်သည့်ဘာသာဖြစ်ပြီး ကက်သလစ်၊ ပရိုတက်စတင့်ခရစ်ယာန်များ၊ မွတ်ဆလင်များနှင့် ဟိန္ဒူများလည်း ရှိသည်။ စစ်တမ်းကောက်ယူခဲ့သော ရွာလေးဆယ်တွင် ထိုလူမျိုးဘာသာအားလုံးကို တွေ့ရသည်။ ရွာ ၄၀ အနက် ၃၁ ရွာမှဘာသာတစ်မျိုးတည်းကိုသာ ကိုးကွယ်ပြီး ကျန် ၉ ရွာတွင် ဘာသာကွဲများ စုပေါင်းနေထိုင်ကြသည်။ ထိုနည်းတူပင် ရွာ ၃၁ ရွာမှာ လူမျိုးရေး မကွဲပြားသော ရွာဖြစ်ပြီး ကျန် ၉ ရွာမှာ လူမျိုးကွဲများ အတူနေထိုင်ကြသည်။

### ဇယား ၁၁။ ကျေးရွာအလိုက်လူမျိုးဘာသာတွေ့ရှိရမှု

| **ကျေးရွာအလိုက်လူမျိုးဘာသာတွေ့ရှိရမှု** | | | |
|---|---|---|---|
| | လူမျိုးတူ | လူမျိုးကွဲ | ပေါင်း |
| ဘာသာတူ | ၂၈ | ၃ | ၃၁ |
| ဘာသာမတူ | ၃ | ၆ | ၉ |
| **ပေါင်း** | **၃၁** | **၉** | **၄၀** |

ဘာသာကွဲများ၊ လူမျိုးကွဲများပါဝင်သော ကျေးရွာအရေအတွက်မှာ နည်းလွန်းသည့်အတွက် နာဂစ်ဖြစ်ပွားပြီးသည့် နောက်ပိုင်းတွင်ရှိသော ဘာသာခြားနှင့် လူမျိုးခြားတို့၏ ဆက်ဆံရေးအခြေအနေကို ကောက်ချက်ဆွဲနိုင်ရန်မလွယ်လှပါ။ လူမျိုးစုံ၊ ဘာသာစုံပါဝင်နေသောကျေးရွာများတွင် လူမျိုးကွဲ၊ ဘာသာကွဲများကြား ဆက်ဆံရေးမှာ အားကောင်းနေဆဲဖြစ်သည်ကို တွေ့ရပါသည်။ နာဂစ်မတိုင်မီနှင့် နာဂစ်နောက်ပိုင်းတွင် လူမျိုးကွဲ အချင်းချင်းကြားကောင်းမွန်ပြီး ပုံမှန်ဖြစ်သောဆက်ဆံရေးများရှိခဲ့ကြကြောင်း လူမျိုးကွဲများပါဝင်နေထိုင်သော ကျေးရွာကိုးခုက ပြောကြားခဲ့ပါသည်။ ဘာသာကွဲများနေထိုင်ကြသော ကျေးရွာကိုးရွာမှ ရွာသားများကမူ ၎င်းတို့

ဘာသာကွဲအချင်းချင်းအကြား ဆက်ဆံရေးမှာ ပုံမှန် သို့မဟုတ် ကောင်းမွန်နေဆဲဟုဆိုပါသည်။ ကျေးရွာနှစ်ရွာတွင် လူမျိုးကွဲများကြားဆက်ဆံရေးမှာ ပိုဆိုးသွားပြီး အခြေအနေကောင်းနေရာမှ အချင်းချင်းအနေစိမ်းသွားကြောင်း တင်ပြသည်။

ဘာသာကွဲများကြား၌ဖြစ်သော တင်းမာမှု၏အရင်းခံမှာ အဆိုပါကျေးရွာနှစ်ခုတွင် အကူအညီများ လာရောက်ပေးကမ်းကြသော လူနည်းစုဘာသာကိုးကွယ်သည့် ဘာသာရေးအဖွဲ့အစည်းများက ၎င်းတို့၏ဘာသာကို ယုံကြည်သက်ဝင်သူကိုသာ အထောက်အပံ့များပေးပြီး အခြားဘာသာဝင်များကို လျစ်လျူရှုသောကြောင့်ဖြစ်သည်။ ထိုအခါ သိသာသောဘက်လိုက်မှုများကို ထိတွေ့မြင်ရသူများကြားတွင် ဆက်ဆံရေးပိုဆိုးသွားသည်ကို တွေ့ရပါသည်။ ဥပမာ–ရွာတစ်ရွာတွင် ဘာသာကွဲအချင်းချင်းဆက်ဆံရေးမှာ နာဂစ်မုန်တိုင်းအပြီးတွင် ပိုဆိုးလာကြောင်း တွေ့ရသည်။ အကြောင်းရင်းတစ်ရပ်မှာ ထိုရွာသို့ဝင်ရောက်လာသော ဘာသာရေးအဖွဲ့အစည်းတစ်ခုက ဘာသာရေးကျောင်းတစ်ခုကို ထူထောင်ရန်စီစဉ်ခြင်းနှင့် ၎င်းတို့၏ဘာသာဝင်များကိုသာ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းတို့ကြောင့်ဖြစ်သည်။

သို့သော် အခြားရွာများတွင် ဘာသာရေးအဖွဲ့အစည်းများသည် အထောက်အပံ့ပေးရာ၌ ဘာသာရေးအရ ခွဲခြားမှုမရှိကြောင်း တွေ့ရပါသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်သောရွာနှစ်ရွာမှ ရွာသားများသည် မွတ်ဆလင်အဖွဲ့အစည်းများမှလည်းကောင်း၊ ခရစ်ယာန်အဖွဲ့အစည်းများမှလည်းကောင်း၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းများမှလည်းကောင်း အကူအညီရရှိခဲ့ကြသည်။ ထိုကဲ့သို့သောရွာများတွင် ဘာသာခြားများကို အကောင်းဘက်မှ ရှုမြင်ကြပါသည်။ အထက်ပါဥပမာများက လူမျိုးဘာသာကိုလိုက်၍ အကူအညီပေး၊ မပေးဆုံးဖြတ်ခြင်းမှာ အကူအညီကိုရယူရသည့် ကျေးရွာများ၏လူမှုရေးစည်းလုံးမှုကို ပျက်ပြားစေနိုင်သည့် အန္တရာယ်တစ်ခုဖြစ်ကြောင်းနှင့် ဘာသာလူမျိုးမခွဲခြားခြင်းက အချင်းချင်းကြား ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် အခွင့်အလမ်းရှိကြောင်း ပြသနေသည်။

ရပ်မိရပ်ဖများ၊ ကျေးရွာ၏ဝေခြမ်းရေးကော်မတီများထက်စာလျှင် ဘာသာရေးခေါင်းဆောင်များမှ ထောက်ပံ့ရေးလုပ်ငန်းများကို စီမံခန့်ခွဲရာတွင် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြပါသည်။ ယခုလေ့လာခဲ့သော ရွာပေါင်း ၄၀ တွင် အများစုမှာ ရပ်မိရပ်ဖများ၊ အရေးပေါ်ကော်မတီများက အထောက်အပံ့ရရှိမှုများကို စီမံခန့်ခွဲကြပြီး ကျေးရွာကိုးခုတွင် ဘာသာရေးခေါင်းဆောင်များက စီမံခန့်ခွဲကြပါသည်။ (အထက်တွင်ပါရှိသောပုံ (၄) နှင့် သာဓက ၂၁ ကိုကြည့်ပါ။)

### သာဓက ၂၁။ ရွာခံရဟန်းတစ်ပါး၏ ရပ်ကျိုးရွာကျိုးသယ်ပိုးပုံ

နာဂစ်အပြီးတွင် ရဟန်းတစ်ပါးမှာ စာပေပရိယတ္တိသင်ယူရာ၊ တရားအားထုတ်ရာမြို့မှ ဇာတိရပ်ရွာသို့ပြန်လာခဲ့သည်။ ကျေးရွာ၏ဥက္ကဋ္ဌမှာ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်စဉ်က ကွယ်လွန်သွားသောကြောင့် မိခင်အရပ်သို့ပြန်လာသောထိုရဟန်းမှာ ရွာမိရွာဖတာဝန်ကို ယူခဲ့ရသည်။ ရွာသို့ရောက်လျှင်ရောက်ချင်း မုန်တိုင်းအတွင်း ဒဏ်ရာရထားသူများကိုစု၍ အနီးအနားရှိမြို့မှဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ မုန်တိုင်းဘေးမှ အသက်ချမ်းသာရာရသူတို့ကိုလည်း ဒုက္ခသည်စခန်းများသို့ ပို့ဆောင်ပေးခဲ့သည်။ မြို့ခံအဖွဲ့အစည်းများမှ အလှူငွေများကောက်ခံ၍ ဆေးကုသမှုကိုတာဝန်ယူခဲ့သည်။ သို့သော် အလှူခံရရှိသောငွေမှာ မလုံလောက်သောကြောင့် ရန်ကုန်သို့တက်၍အလှူခံရာ ဆန်နှင့်အခြားစားစရာများ၊ အဝတ်အထည်များ ရရှိသည်။ အဆိုပါရဟန်းမှာ ရန်ကုန်ဆိပ်ကမ်းတွင် အမျိုးသားတစ်ဦးနှင့်ဆုံတွေ့စဉ်က ၎င်းအား ရွာလိပ်စာကို ပေးထားခဲ့သည်။ အံ့သြစရာပင်ဖြစ်သည်။ ထိုအမျိုးသားမှာ ရွာသို့ နောက်တစ်နေ့မနက်တွင်ပေါက်ချလာပြီး စားစရာနှင့် အဝတ်အထည်များကို ရွာသားများသို့ ဝေပေးခဲ့သည်။ ထိုရဟန်းမှာ ရွာသားများကို စာသင်ကျောင်းပြန်ဆောက်ပေးခြင်း၊ ဓမ္မာရုံဆောက်ပေးခြင်း၊ လမ်းပြုပြင်ခြင်းနှင့် ရေသိုလှောင်ကန်များ တည်ဆောက်ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။ ထို့ပြင် တရားဟောခြင်း၊ စိတ်သက်သာရန်နည်းလမ်းများကို ပြသပေးခြင်းဖြင့် မိမိတို့၏ မိသားစုဝင်များ၊ ဆွေမျိုးများဆုံးရှုံးခဲ့ရသူများကို ကူညီပေးခဲ့သည်။ ရွာသားတို့မှာ ထိုရဟန်းကို အလွန်ပင်

ကြည်ညိုလျက် ၎င်း၏ဦးဆောင်ဦးရွက်ပြုမှုကို အသင့်နာခံကြသည်။ ထိုရဟန်းက မိမိမှာ ပရိယတ္တိကျမ်းဂန်များကို အတော်အတန်သင်ကြားပြီးပြီဖြစ်သော်လည်း ရပ်ကျိုးရွာကျိုးကိုမူ ကောင်းစွာမသယ်ပိုးရသေးကြောင်း၊ ထို့ကြောင့် ရွာသားများကို တတ်စွမ်းသမျှ ကူညီလိုကြောင်းပြောကြားသည်။ သုတေသနအဖွဲ့များနှင့် တွေ့ဆုံချိန်တွင် ရပ်ရွာပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးဆုံးလုနီးပြီဖြစ်၍ ၎င်းမှာမြို့သို့ပြန်၍ ဗုဒ္ဓစာပေများ ဆက်လက်ဆည်းပူးရန် စီစဉ်လျက်ရှိသည်။

## ၂။ ကျေးရွာအချင်းချင်းဆက်ဆံရေး

နာဂစ်မှာ ရွာအချင်းချင်းကြား ဆက်ဆံရေးကို အဆိုးရောအကောင်းပါဖြစ်စေသည်။ နာဂစ်ဖြစ်ပြီးစ အရေးပေါ်ကာလတွင် ကျေးရွာတစ်ခုနှင့်တစ်ခုကြား ဆက်ဆံရေးများ ပို၍ကောင်းမွန်လာခဲ့သည်။ ဒေသတစ်ခုလုံး ခြုံကြည့်လျှင် အကြီးအကျယ်ပြောင်းလဲခြင်းမရှိခဲ့သော်လည်း ရွာအချင်းချင်းကြား၌ အပြန်အလှန်အမှီသဟဲပြုမှု တိုးတက်လာခဲ့သည်။ သို့သော် ပြန်လည်ထူထောင်ရေးအထောက်အပံ့များ ညီညီမျှမျှမခွဲဝေခြင်းက ရွာအချင်းချင်းကြား၌ ဆက်ဆံရေးတင်းမာမှုများဆီသို့ ဦးတည်သွားနိုင်သည်။

နာဂစ်မတိုင်မီ ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိရွာများမှာ သဘာဝသယံဇာတများနှင့် လုပ်သားများကို ခွဲဝေသုံးစွဲကြရာ၌လည်းကောင်း၊ ငွေကြေးချေးငှားမှုကို အကြောင်းပြု၍လည်းကောင်း၊ ဝင်ငွေရှာရသောစီးပွားရေးအလုပ်အကိုင်များကြောင့်လည်းကောင်း အချင်းချင်းအနည်းနှင့်အများဆိုသလို အမှီအခိုပြုကြရသည်။ အများပိုင်သယံဇာတများဖြစ်ကြသော ရေအရင်းအမြစ်၊ ငါး၊ လောင်စာ၊ ထင်းနှင့်ဆောက်လုပ်ရေးပစ္စည်းများကို ရွာအသီးသီးက မှီခိုခဲ့ကြရပြီး ထိုသယံဇာတများကို စီမံခန့်ခွဲရန်နည်းလမ်းများ ရှာဖွေသုံးစွဲခဲ့ကြသည်။ စီးပွားရေးအရလည်းကောင်း၊ သွေးသားတော်စပ်မှုအရလည်းကောင်း ရွာအချင်းချင်းကြားတွင် ရင်းနှီးခင်မင်စွာနေထိုင်ခဲ့ကြသည်။

နာဂစ်သည် ကျေးရွာများကြားဆက်ဆံရေးကို ပြောပလောက်သည့် ကြီးမားသောအပြောင်းအလဲ မဖြစ်စေသော်လည်း သုတေသနတွေ့ရှိချက်များအရ အချို့ရွာများတွင် ရွာအချင်းချင်းဆက်ဆံရေးမှာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကို တွေ့ရပါသည်။ မုန်တိုင်းဒဏ်ခံရသောရွာများအနက်မှ အချို့သာလျှင် ပြင်ပအကူအညီမယူဘဲ လက်ဝယ်ရှိ မိမိတို့၏ပိုင်ဆိုင်မှုများဖြင့် နာလန်ပြန်ထူနိုင်ခဲ့ပါသည်။ ရွာသိမ်ရွာငယ်များမှာမူ အစားအသောက်၊ ငွေကြေး အစရှိသည်တို့ကို မိမိတို့ထက် အခြေအနေပိုကောင်းသောအနီးအနားရွာများသို့ သွားရောက်ချေးငှားတောင်းရမ်းရပါသည်။ အထူးသဖြင့် ပြင်ပအကူအညီများ ၎င်းတို့ထံ ရောက်မလာသေးသည့်အချိန်တွင် ဖြစ်သည်။ သုတေသနအဖွဲ့များမှာ မုန်တိုင်းဒဏ်ခံရသည့်ရွာများတွင် အခြေအနေပိုကောင်းသောရွာက ပို၍အခြေအနေဆိုးသောရွာများကို ကြည့်ရှုစောင့်ရှောက်ခြင်းကို လေ့လာတွေ့ရှိခဲ့ရသည်။

### သာဓက ၂၂။ အနီးအနားရွာအားကူညီခြင်း

သုတေသနအဖွဲ့များ ရောက်ရှိခဲ့သောရွာတစ်ရွာမှာ ၎င်း၏အိမ်နီးချင်းရွာမှ အကူအညီအမြောက်အမြားရရှိခဲ့သည်ကိုတွေ့ရသည်။ ကူညီသောရွာမှာ ခရစ်ယာန်ဘာသာဝင်များသာ နေထိုင်သောရွာဖြစ်သည်။ ထိုရွာမှာ မုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွားမခံလိုက်ရသောရွာဖြစ်ရာ အခြားအထိအခိုက်များသောရွာများကို ကူညီကြရန် ရွာသားများက ဆုံးဖြတ်ခဲ့ကြသည်။ မုန်တိုင်းပြီးလျှင်ပြီးချင်း ရွာသားများစုစည်း၍ အခြေအနေဆိုးသောရွာများမှ ဒုက္ခရောက်နေသူများကိုကယ်ဆယ်ရန် ပြင်ဆင်ခဲ့ကြသည်။ ရွာသားများမှာမုန်တိုင်းဘေးမှ လွတ်မြောက်ခဲ့သူများကို ကျေးရွာအုပ်စုအတွင်းရှိရွာများ၌ ပြန်လည်နေရာချထားပေးခြင်း၊ စားစရာဝေငှခြင်း၊ အိမ်အသုံးအဆောင်များပေးအပ်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ အချို့ရွာသားများမှာ အိမ်မဲ့ယာမဲ့များအတွက် မြေလှူဒါန်းခြင်းမျိုးပင် ရှိခဲ့သည်။ အချို့ကမူ လှေနှင့်ငါးဖမ်းပိုက်များ လှူဒါန်းခဲ့ကြသည်။ အထောက်အပံ့အများစုမှာ မြို့နယ်ခရစ်ယာန်ဘုရားကျောင်းမှ လာရောက်ခြင်းဟု သိရသည်။

ရွာသားများကပြောကြားသည်မှာ ရွာအချင်းချင်းကြား နာဂစ်အပြီးတွင် ပို၍ရင်းနှီးလာသည် ဟူ၍ဖြစ်၏။ သုတေသနအဖွဲ့များအနေဖြင့် ရွာများအချင်းချင်းသဘာဝသယံဇာတကို အကြောင်းပြု၍ အချင်းများရန်စောင်ခြင်းကို မတွေ့ရဘဲ အတူဝေမျှသုံးစွဲရန်အတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်သာဓကများကို တွေ့ရှိခဲ့ရသည်။

**သာဓက ၂၃။ ဘုံအရင်းအမြစ်များကိုမျှဝေသုံးစွဲကြခြင်း**

နာဂစ်မတိုင်မီက ဒေးဒရဲရှိရွာတစ်ရွာမှာ အခြားအိမ်နီးချင်းရွာတစ်ရွာနှင့် ရေခွဲဝေသုံးစွဲရာတွင် အချင်းများခဲ့ခြင်းများ ရှိခဲ့သည်။ ကျွဲ၊ နွားများကျောင်းရန် စားကျက်ကိစ္စ၊ လောင်စာထင်းကိစ္စ၊ ငါးဖမ်းသည့် နေရာကိစ္စနှင့်ပတ်သက်၍ ရွာသားများအချင်းချင်း ရန်ဖြစ်ခဲ့ကြသည့်အခါများပင် ရှိခဲ့သည်။ နာဂစ်အပြီးတွင်မူ အခြေအနေမှာ ပြောင်းလဲသွားခဲ့သည်။ ရွာသားများမှာ ဒုက္ခသည်စခန်းများ၌ အတူခိုလှုံခဲ့ရခြင်းကြောင့် မိသားစုများသဖွယ် ခင်မင်လာကြသည်။ နာဂစ်အပြီးတွင် အသက်ရှင်ကျန်ကြသူများအချင်းချင်း နားလည်မှု ပိုမိုရရှိလာပြီး ပို၍ကူညီလာကြသည်။ ထောက်ပံ့ရေးပစ္စည်းများ ဝေငှသောအခါ တစ်ဦးနှင့်တစ်ဦးစိတ်ရှည်စွာ အလှည့်ပေးစောင့်ဆိုင်းယူကြပြီး အချင်းချင်းရန်စောင်မှုများ မရှိတော့ပေ။

သို့သော် ရွာများအချင်းချင်းကြား၌ မိမိတို့ရွာထက် အခြားရွာများက အထောက်အပံ့များ ပိုမိုရရှိနေသည်ဟု အမြင်မှားတတ်ခြင်းကို နေရာအတော်များများ တွေ့ရှိခဲ့ရသည်။ သို့သော် မိမိတို့၏လေ့လာရေးအဖွဲ့အနေဖြင့် ထိုရွာများကြား အပြန်အလှန်လေ့လာကြည့်သောအခါ ၎င်းတို့၏အထင်မှားခြင်းသာဖြစ်ကြောင်းတွေ့ရှိရသည်။ ဤသို့ အထင်မှားခြင်းမျိုးကို ရွာလေးရွာမှအပ အခြားရွာအားလုံးတွင် တွေ့ရှိခဲ့ရသည်။

ရန်ပွဲများအထိဖြစ်မသွားနိုင်သော်လည်း ဤသို့အထင်လွဲခြင်းများကို မဖျောက်ဖျက်နိုင်လျှင် သို့မဟုတ် ရွာအချင်းချင်းကြား အကူအညီခွဲဝေပေးမှုနှင့် ပတ်သက်၍ ရွာသားများကို ပွင့်လင်းစွာအသိပေးခြင်းမရှိလျှင် ရွာသားများကြား၌ တင်းမာမှုများ၊ မနာလိုစိတ်များ ပို၍တိုးလာစရာရှိသည်။

## ၃။ ရွာသားများနှင့် ရွာလူကြီးများကြားဆက်ဆံရေး

ကျေးရွာအတော်များများတွင် ရွာလူထုက စုပေါင်းဦးဆောင်သော စနစ်တစ်ရပ်အဖြစ် ကျေးရွာအရေးပေါ်ကော်မတီများ ပေါ်ပေါက်လာပါသည်။ နာဂစ်ဖြစ်ပြီးနောက် လူကြီးလူငယ်များ၊ ရဟန်းသံဃာများနှင့် အမျိုးသမီးများမှာ ရပ်ရွာပြန်လည်ထူထောင်ရေးအတွက် ဆိုင်ရာဆိုင်ရာတာဝန်များ ယူခဲ့ကြသည်။ ထိုသူများအားလုံးမှာ ၎င်းတို့၏ရပ်ရွာများတွင် တည်ထောင်ခဲ့သော ဝေခြမ်းရေးကော်မတီများ၏အဖွဲ့ဝင်များဖြစ်လာကြပြီး ဒေသခံများအား စုစည်းခြင်း၊ ပစ္စည်းများစုဆောင်းခြင်း၊ ပြန်လည်ထူထောင်ရေးအစီအစဉ်များဆောင်ရွက်ခြင်း၊ ထောက်ပံ့ရေးပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေပေးခြင်း အစရှိသည့်နည်းအမျိုးမျိုး သယ်ပိုးခဲ့ကြသည်။

နာဂစ်မတိုင်မီက ထုံးတမ်းစဉ်လာအရထမ်းဆောင်ခဲ့ကြသော ရပ်ရွာခေါင်းဆောင်တာဝန်ရှိပုဂ္ဂိုလ်များမှာ ရွာ၏နေ့စဉ်လုပ်ငန်းဆောင်တာများနှင့် သာရေးနာရေးကိစ္စများအပါအဝင် ရွာအုပ်ချုပ်ရေးလုပ်ငန်းများကို တာဝန်ယူခဲ့ကြသည်။ နာဂစ်ပြန်လည်ထူထောင်ရေးကာလတွင် ကျေးရွာများ၌ လုပ်ငန်းအသစ်များ၊ တာဝန်အသစ်များ ပေါ်ပေါက်လာကြရာ အုပ်ချုပ်ရေးပိုင်းမဟုတ်သော ရပ်ရွာအသိအမှတ်ပြုခေါင်းဆောင်အင်အားစုများက ဤတာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။ ကျေးရွာဝေခြမ်းရေးကော်မတီများ၏ အဖွဲ့ဝင်များဖြစ်လာကြသော အုပ်ချုပ်ရေးခေါင်းဆောင်များနှင့် ရပ်ရွာအသိအမှတ်ပြုခေါင်းဆောင်များမှာ ယခင်ကထက်စာလျှင် ပို၍ပူးပေါင်းဆောင်ရွက်လာကြသည်။

လေ့လာခဲ့သောရွာများအနက် တစ်ဝက်ခန့်တွင် ရွာသားများနှင့် ရပ်ရွာအသိအမှတ်ပြုခေါင်းဆောင်၊ အုပ်ချုပ်ရေးပိုင်းခေါင်းဆောင်များကြား၌ သိသာသောဆက်ဆံရေးအပြောင်းအလဲ မရှိပါ။ ရွာများ၏သုံးပုံတစ်ပုံတွင် ၎င်းတို့အချင်းချင်း၏ဆက်ဆံရေး ပို၍တိုးတက်လာခဲ့သည်။ ရွာအနည်းစုတွင်သာ အထောက်အပံ့ပစ္စည်းများခွဲဝေမှုနှင့်

ပတ်သက်၍ အုပ်ချုပ်ရေးခေါင်းဆောင်အပေါ် မကျေနပ်မှုဖြစ်သည်ကို တွေ့ရသည်။ ထိုရွာမျိုးတွင် အုပ်ချုပ်ရေးခေါင်ဆောင်များ အရေးပေါ်ကော်မတီတွင်ပါဝင်ခြင်းကို သံသယဖြစ်ပြီး ရပ်ရွာက အယုံအကြည်နည်းကြသည်။

ရွာလူကြီးများနှင့် ရွာသားများကြားဆက်ဆံရေးတွင် အခြေအနေအလွန်ဆိုးနေသောအနေအထားကို ရွာတစ်ရွာတည်းတွင်သာတွေ့ရသည်။ ထိုရွာတွင် ရွာလူကြီးများမှာ ရွာသားများ အစားရေစာမငတ်ပြတ်ရေးကို ဂရုတစိုက်မဆောင်ရွက်ဟု ယူဆကြသောကြောင့်ဖြစ်သည်။ နာဂစ်ဖြစ်ပြီးနောက် ပုံမှန်အချိန်ထက် သြဇာပိုမိုကြီးထွားလာခဲ့သော ဘာသာရေးခေါင်းဆောင်နှင့်ပတ်သက်၍ မကျေမနပ်ဖြစ်ခြင်းကို ရွာတစ်ရွာတွင် တွေ့ရှိခဲ့ရသည်။ ထိုရွာတွင်ရွာသားများက ၎င်းတို့ကိုပေးနေသောအကူအညီကိစ္စ၊ ရပ်ရွာနှင့်သက်ဆိုင်သောကိစ္စအဝဝတွင် အသိပေးတိုင်ပင်ခြင်းမရှိဟု ခံစားရပြီး ဘာသာရေးခေါင်းဆောင်၏လွှမ်းမိုးလွန်းခြင်းကို မကျေမနပ်ပြောဆိုကြသည်။ ထူးခြားချက်မှာ ထိုရွာတွင်အုပ်ချုပ်ရေးပိုင်းခေါင်းဆောင်များနှင့် အုပ်ချုပ်ရေးပိုင်းမဟုတ်သော ရပ်ရွာအသိအမှတ်ပြုခေါင်းဆောင်များ၏ဆက်ဆံရေးမှာ နာဂစ်မတိုင်မီကတည်းက အားနည်းခဲ့သည်။

## ဇယား ၁၂။ မုန်တိုင်းသင့်ဒေသရှိ ရွာလူထုနှင့်ရွာလူကြီးများအကြားဆက်ဆံရေး

| ရွာလူကြီးနှင့်ရွာလူထုကြားဆက်ဆံရေးများ | တိုးတက်သွား | မထူးခြား | ပိုဆိုးသွား |
|---|---|---|---|
| ရွာသားများနှင့် ရွာအုပ်ချုပ်ရေးခေါင်းဆောင်များကြား | ၁၃ | ၂၀ | ၆ |
| ရွာသားများနှင့် ဘာသာရေးခေါင်းဆောင်များကြား | ၈ | ၂၂ | ၃ |
| ရွာသားများနှင့် ရပ်မိရပ်ဖများကြား | ၁၈ | ၂၀ | ၁ |

ကျေးရွာခြောက်ရွာတွင် ရွာသားများနှင့် ဘာသာရေးခေါင်းဆောင်များကြား ဆက်ဆံရေးနှင့်ပတ်သက်သည့် အချက်အလက်များ မရရှိခဲ့ပါ။

သို့သော်ခြုံကြည့်လျှင် ယခင်ရွာအုပ်ချုပ်ရေးပိုင်းခေါင်းဆောင်များနှင့် ခေါင်းဆောင်သစ်များကြား ဆက်ဆံရေးမှာ တိုးတက်လာသည်ဟု ဆိုရမည်။ ဤသို့ ခေါင်းဆောင်အသစ်၊ အဟောင်းများ ညီညွတ်ကြသောနေရာမျိုးတွင် မုန်တိုင်းသင့်ရွာသူရွာသားများအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးကြရာ၌ တစ်ဦးနှင့်တစ်ဦး ကြားယုံကြည်မှုအဆင့် ပို၍မြင့်မားပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အခြားနေရာများထက် ပို၍မြန်မြန် ဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။

# အခန်း (၅)

## သုံးသပ်ချက်

ဤအစီရင်ခံစာမှာ ရွာပေါင်း ၄၀ ခန့်တွင် နာဂစ်မုန်တိုင်းကြောင့်ဖြစ်ခဲ့ရသော နောက်ဆက်တွဲများနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကျိုးဆက်ကို သုံးသပ်ထားခြင်းဖြစ်သည်။ မုန်တိုင်းသင့်ဒေသသို့ ပေးအပ်ခဲ့သောအကူအညီများသည် ဝေးလံလှသောရွာများသို့ပင် ရောက်ရှိခဲ့ကြပြီး ဒေသခံများကို ကူညီနိုင်ခဲ့ကြသော်လည်း ပြင်းထန်လှသော ဆိုင်ကလုန်းနာဂစ်မှာ ၎င်းတို့၏ လူမှုစီးပွားဘဝအဖုံဖုံကို ထိခိုက်စေမှုများရှိခဲ့ကြောင်း ဤအစီရင်ခံစာက ဖော်ပြထားသည်။ ကျေးရွာများ ရေရှည်ဘဝရပ်တည်နိုင်သောနည်းလမ်းများဖြင့် ပြန်လည်နာလန်ထူလာရန်အတွက် အကူအညီများနောက်ထပ် အများအပြားလိုအပ်နေပါသေးသည်။ ဥပမာ– ငွေသားပေးအပ်ခြင်းမျိုး ဖြစ်သည်။ ရပ်ရွာရှိအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးအခြေအနေများ မကြာမီပြန်လည်ဦးမော့မလာနိုင်ခဲ့လျှင် ရပ်ရွာလူမှုအဖွဲ့အစည်းမှာ မည်မျှပင်အားကောင်းသည်ဆိုသော်ငြားလည်း ရေရှည်တွင် ရွာသူရွာသားများ မိမိတို့နေရပ်မြစ်ဝကျွန်းပေါ်ကိုစွန့်ခွာ၍ အခြားအရပ်သို့ ပြောင်းရွှေ့သွားရခြင်း၊ လူမှုအဆောက်အအုံ ယိုယွင်းခြင်းများဖြစ်လာနိုင်ပါသည်။ နာဂစ်မတိုင်မီနှင့်နာဂစ်ဖြစ်ပွားပြီးနောက် တင်ကျန်ရစ်သောအကြွေးများကို ဆပ်နိုင်သည့်နည်းလမ်းကို မရှာဖွေနိုင်ပါက လူလက်တစ်ဆုပ်စာမှ လူအများသို့ခွဲဝေမှုများပျံ့နှံ့အောင် ပြန်လုပ်ရာတွင် အခက်အခဲများရှိပါမည်။

အထောက်အပံ့များကို ညီတူညီမျှရရှိအောင် မည်သို့မည်ပုံ ပေးအပ်မည်ဆိုသည်ကလည်း အရေးကြီးပါသည်။ အထောက်အပံ့များကို မုန်တိုင်းသင့်ကျေးရွာများ၏ အင်အားနှင့် ကြံ့ကြံ့ခံနိုင်မှုတို့အပေါ် ချိန်ဆ၍ပေးရပါမည်။ မုန်တိုင်းဒဏ်သင့်ကျေးရွာများမှ ရွာသူရွာသားများသည် မည်သည့်အရာများလိုအပ်နေသည်ကို ကောင်းစွာသိရှိကြပြီး၊ ၎င်းတို့ကိုပေးအပ်သောအကူအညီများအတွက်လည်း ကျေးဇူးတင်အသိအမှတ်ပြုကြသည်။ သို့သော် ယခုအချိန်အထိ အကူအညီများနှင့်ပတ်သက်၍ ၎င်းတို့၏ ပြောရေးဆိုခွင့်များမှာ နည်းပါးလှသည်။ သို့ဖြစ်ရာ မြစ်ဝကျွန်းပေါ်ရှိ ဒေသခံများ၏ လိုအပ်ချက်နှင့်မကိုက်ညီသော အထောက်အပံ့ပစ္စည်းများ ဝေငှမိသည့်အဖြစ်သို့ ရောက်နိုင်ပါသည်။ အချို့နေရာများတွင် အထောက်အပံ့များကို ရွာသားများအားလုံးသို့ အညီအမျှဝေငှခြင်းမဟုတ်ဘဲ မိမိတို့ပစ်မှတ်ထားရာအုပ်စုများကိုသာ ဝေငှခြင်း၊ အကူအညီနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းများက ဒေသခံအချင်းချင်းကြား လူမှုရေးမပြေလည်မှုများ ဖြစ်စေပါသည်။ နောင်တွင်ဒေသခံများအနေဖြင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခွင့်ရှိသော၊ သတင်းအချက်အလက်များ အလုံအလောက်ပံ့ပိုးပေးနိုင်သော၊ ရွာခံများမှ မကျေနပ်ချက်များကို ဖွင့်အံလာလျှင် ဖြေရှင်းပေးသည့်စနစ်ရှိသော၊ ရွာခံများအနေဖြင့် မိမိတို့၏ လိုအပ်ချက်များကို အကူအညီပေးရေးအဖွဲ့များထံ ဖွင့်ဟတောင်းဆိုသော အကူအညီပေးရေးနည်းလမ်းများ လိုအပ်လာနေကြောင်း ဤအချက်ကထောက်ပြလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် ယခုအစီရင်ခံစာမှာ သုတေသနအဖွဲ့၏ အဓိကတွေ့ရှိချက်များနှင့် ယင်းတွေ့ရှိချက်များမှာ အကူအညီပေးရေးလုပ်ငန်းများနှင့် မည်သို့မည်ပုံပတ်သက်နေသည်ကို အလေးပေးတင်ပြထားခြင်းဖြစ်သည်။

### ၁။ အထောက်အပံ့များ

အကူအညီများမှာ ယခုလေ့လာခဲ့သည့်မုန်တိုင်းသင့်ရွာများအားလုံးသို့ ရောက်ရှိခဲ့သည်။ မိုးများသည်းထန်၍ အခြေအနေအရပ်ရပ်မှာ ဆိုးရွားနေသော်လည်း ၄၀ ရာခိုင်နှုန်းခန့်သော ကျေးရွာများမှာ ဆိုင်ကလုန်းဖြစ်ပွားပြီး နှစ်ပတ်အတွင်း အကူအညီများရရှိကြပြီး ၈၀ ရာခိုင်နှုန်းခန့်က တစ်လအတွင်းအကူအညီများရရှိကြသည်။ အဓိကပါဝင်သော ထောက်ပံ့ရေးပစ္စည်းများမှာ အစားအသောက်၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ အမိုးအကာနှင့် လယ်ယာစိုက်ပျိုးရေး အထောက်အကူပစ္စည်းများဖြစ်ကြသည်။ မုန်တိုင်းသင့်ကျေးရွာများအားလုံး ရိက္ခာအထောက်အပံ့ရရှိကြသည်။ နေအိမ်၊ အမိုးအကာနှင့်အိမ်အသုံးအဆောင်များဝေငှရာတွင်မူ ရွာအားလုံးအနက် တစ်ရွာသာမရဘဲ

ကျန်ရှိခဲ့သည်။ ရွာများအားလုံးရှိ လယ်ယာဖြင့်အသက်မွေးဝမ်းကျောင်းပြုသူများအားလုံး စိုက်ပျိုးရေးအထောက် အပံ့များ ရရှိကြခဲ့သည်။

## သို့သော် အကူအညီလိုအပ်မှုမှာ ကြီးမားနေဆဲဖြစ်ခြင်း

အကူအညီများမှာ ယခုလေ့လာခဲ့သော မုန်တိုင်းသင့်ရွာများအားလုံးသို့ ရောက်ရှိခဲ့ပါသည်။ သို့သော် အရေးပေါ်အထောက်အပံ့နှင့် အသက်မွေးဝမ်းကျောင်းအကူအညီများ လိုအပ်ချက်မှာ အလွန်ကြီးမားနေသေးသည်။ ရိက္ခာမဖူလုံမှုမှာ ကြုံတွေ့နေရဆဲဖြစ်ပြီး အဆင်းရဲဆုံးရွာသားများ၏အခြေအနေက ပိုဆိုးသည်။ အရေးပေါ် အကူအညီပေးရေးအဆင့်နှင့် ပြန်လည်ထူထောင်ရေးအဆင့်တို့မှာ အချင်းချင်းဆက်စပ်နေကြသည်။ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် နှေးကွေးနေခြင်းသည် တစ်နည်းအားဖြင့် ရွာသားများမှာ အစားအသောက်ဝယ်ယူရန်ပင် ငွေအလုံအလောက်မရှိကြောင်း ပြသလျက်ရှိသည်။ ဒေသတွင်းဈေးကွက်ပုံမပျက် စေရန်နှင့် အထောက်အပံ့အပေါ် မှီခိုလွန်းခြင်းမျိုး မဖြစ်စေရန်အတွက် အရေးပေါ်ကယ်ဆယ်ရေးကာလမှ ပြန်လည် ထူထောင်ရေးကာလသို့ အချိန်မဆွဲဘဲကူးပြောင်းရန်လိုအပ်သော်လည်း ဒေသခံများအနေဖြင့် ၎င်းတို့၏အသက်မွေး ဝမ်းကျောင်းလုပ်ငန်းခွင်များမစတင်နိုင်မီ ကယ်ဆယ်ရေးအကူအညီများ ရပ်ပစ်လိုက်လျှင် ရွာသားအတော်များများမှာ ရိက္ခာပြတ်လပ်ခြင်းမျိုးနှင့် ကြုံကောင်းကြုံနိုင်ပါသည်။ မုန်တိုင်းပြီးပြီးချင်း အရေးပေါ်ကယ်ဆယ်ရေးအဆင့်တွင် ကျေးရွာအတော်များများတွင်ရှိခဲ့သည့် အတွေ့အကြုံများအရ လိုအပ်နေသူများကို ငွေကြေးအထောက်အပံ့ပေးခြင်း သည် အစာရေစာမဖူလုံခြင်းကိုလျှော့ချပစ်ရန် အထိရောက်ဆုံးအစီအစဉ်ဖြစ်ပြီး ဒေသတွင်းတောင်သူများကို စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ရန်အတွက် မက်လုံးများလည်း ဖြစ်ပါသည်။

## ဒေသစီးပွားရေးမှာ နာလန်ပြန်မထူနိုင်သေးဘဲဒေသခံများမှာ အသက်မွေးဝမ်းကျောင်းရာတွင် ရေရှည် မိမိဘာသာရပ်တည်နိုင်သောအဆင့်သို့ ပြန်မရောက်သေးခြင်း

မုန်တိုင်းဒဏ်ကို အလူးအလိမ့်ခံစားရခဲ့သော မြစ်ဝကျွန်းပေါ်ရှိကျေးရွာများ၏စီးပွားရေးမှာ နာလန်ပြန်မထူ နိုင်သေးပါ။ ကျေးရွာပေါင်းများစွာတွင် ရွာသားတို့မှာ ပိုင်ဆိုင်မှုများဆုံးရှုံးခဲ့ရသည်။ မုန်တိုင်းပြီး၍ ခြောက်လခန့် အကြာတွင်ပင် မုန်တိုင်းကချန်ရစ်ခဲ့သော အပျက်အစီးက ကြီးမားလွန်း၍သော်လည်းကောင်း၊ ပေးသောအကူအညီက မလုံလောက်၍ (တစ်နည်းမသင့်လျော်၍) သော်လည်းကောင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည် ထူထောင်ရေးမှာ နှေးကွေးနေသေးသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံအထွက်နှုန်းမှာ သိသိသာသာကျဆင်း သွားပြီး ငါးဖမ်းလုပ်ငန်းတစ်ခုလုံးမှာလည်း တန်ဖိုးများပြောင်းလဲသွားမှုကြောင့် အပျက်အစီးများစွာဖြင့် တည်ရှိနေဆဲ ဖြစ်သည်။ အထူးသဖြင့်မြေယာမဲ့လယ်လုပ်သားများမှာ စီးပွားပျက်ခြင်းဒဏ်ကို အလူးအလိမ့်ခံခဲ့ရသည်။ ပစ္စည်း ဥစ္စာများဆုံးရှုံးခဲ့ရသည့် လယ်ရှင်များမှာလည်း ယခင်ပုံမှန်အခြေအနေသို့ ပြန်မရောက်နိုင်သေးသောကြောင့် ၎င်းတို့ လယ်များတွင်အသုံးပြုရန် အလုပ်သမားကိုလျှော့ချခဲ့ရာ နာဂစ်မတိုင်မီက ငှားသောအရေအတွက်၏သုံးပုံတစ်ပုံခန့် အထိ လျှော့ချငှားရမ်းခဲ့ရသည်။

## ကြွေးမြီထူပြောခြင်းနှင့် ကြွေးထပ်ယူရန်ခက်ခဲခြင်း

ကျေးရွာအများစုတွင် ရွာသားများအကြွေးနွံတွင်း၌ ပိတ်မိနေခြင်းကိုတွေ့ရသည်။ ချေးယူထားသည့် အကြွေးပမာဏများပြားလာချိန်တွင် နောက်ထပ်ငွေချေးနိုင်သည့်အနေအထားလည်း မရှိတော့ပါ။ ဒေသခံများမှာ စီးပွားရေးပြန်လည်ထူထောင်ရန် အရင်းအနှီးအတွက်သာမက အိမ်စရိတ်ရရန်အတွက်ပါ ပူပန်နေကြရသည်။ ရွာသားများ၏အကြွေးမှာ ယခင်မုန်တိုင်းမဖြစ်မီကပင်ရှိသောအကြွေးများ ဖြစ်ကြသော်လည်း မုန်တိုင်းက ၎င်းတို့ ၏ပစ္စည်းဥစ္စာများကို ဖျက်ဆီးသွားခဲ့ရာ အကြွေးပြန်ဆပ်နိုင်သည့်အနေအထားမျိုးမရှိတော့ဘဲ ကြွေးဟောင်းဆပ်၍ ကြွေးသစ်ယူရသော လုပ်ငန်းလည်ပတ်မှုကြီးမှာ မချောမွေ့နိုင်တော့ပေ။

## ရွာသားများကိုနေရပ်မှခွာ၍ အခြားသို့ရွှေ့ပြောင်းရန်လိုလာခြင်း၊ လူမှုဘဝများ တစ်စုတစ်စည်းဖြစ်မှု ဖြိုခွဲခံရခြင်း

အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသွားခြင်း၊ အသက်မွေးမှုအခြေအနေမကောင်းခြင်းက ကျေးရွာများ၏လူမှုစီးပွားစနစ်ထိခိုက်စေ၍ လူမှုပြဿနာများ ဖြစ်ပေါ်စေပါသည်။ မြစ်ဝကျွန်းပေါ် ရွာများ၌ နေရပ်ကိုခွာ၍ ပြင်ပသို့ပြောင်းရွှေ့ခြင်းများ သိပ်မများဟုဆိုရမည်ဖြစ်သော်လည်း ယခင်ကထက်စာလျှင် ပြောင်းရွှေ့သူဦးရေ ပိုတိုးလာခဲ့သည်။ နေရင်းဒေသတွင် ပြန်လည်ထူထောင်ရန် အခွင့်အလမ်းနည်းပါးခြင်းက ယခင်က တစ်စုတစ်စည်းတည်း ဖြစ်ခဲ့သော လူမှုဘဝပေါင်းစည်းမှုနှင့် စုပေါင်းဆောင်ရွက်နိုင်မှုစွမ်းရည်ကို ခြိမ်းခြောက်လျက်ရှိသည်။ အသက်မွေးဝမ်းကျောင်းစီးပွားရေးလုပ်ငန်းများမရှိခြင်းက ကျေးရွာများ၌ လူငယ်လူရွယ်များ အလုပ်လက်မဲ့ဖြစ်ခြင်းကို ပြဆိုနေပေသည်။

## ဒေသခံများမှာ အထူးသဖြင့်ငွေကြေးအထောက်အပံ့အပါအဝင် အသက်မွေးမှုပြန်လည်ထူထောင်ရေး အကူအညီများလိုအပ်ခြင်း

အသက်မွေးဝမ်းကျောင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရန်အကူအညီရရေးမှာ ပထမဦးစားပေးဖြစ်သည်ဟု ရွာသားများက ထပ်ခါတလဲလဲ အတည်ပြုကြပါသည်။ လယ်သမားများက စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများလိုအပ်ပြီး ရေလုပ်သားများက ငါးဖမ်းပိုက်နှင့် လှေများလိုအပ်ပါသည်။ သို့သော် နေရာတိုင်း၌ ထပ်ဖန်တလဲလဲမှတ်သားခဲ့ရသည်မှာ ရွာသားများက ငွေသားအကူအညီမှာ ၎င်းတို့အလိုလားဆုံးအကူအညီဖြစ်ကြောင်း တင်ပြကြခြင်းဖြစ်၏။ အကူအညီကို ငွေသားပုံစံဖြင့်ပေးသည်ဖြစ်စေ၊ ပစ္စည်းကိရိယာများထောက်ပံ့ပေးသည်ဖြစ်စေ၊ အသက်မွေးမှုပြန်လည်ထူထောင်နိုင်လောက်အောင် ကြီးမားသည့် ပမာဏမျိုးမဟုတ်ခဲ့လျှင် ပြန်လည်ထူထောင်ရေးမှာ နှေးကွေးနေဦးမည်ဖြစ်သည်။

မုန်တိုင်းသင့်ကျေးရွာများမှာ ငွေသားအရင်းအနှီးတစ်လုံးတစ်ခဲရရန် လိုအပ်ပါသည်။ ငွေသားအထောက်အပံ့မှာ အကျိုးများသောကြောင့် ရွာသားများက နှစ်သက်ကြသည်။ ငွေသားရှိနေခြင်းဖြင့် မိသားစုများ ၎င်းတို့၏လိုအပ်ချက်များကို လက်ဝယ်ရှိငွေဖြင့် မည်သို့မည်ပုံဖြည့်ဆည်းမည်ဟု တိုင်းဆနိုင်သည်၊ ချိန်၍သုံးနိုင်သည်။ သို့သော်လည်း ငွေသားလွှဲပြောင်းပေးရာတွင် ဒေသခံများမှာ မူလကပင် ကြွေးမကင်းသူများဖြစ်သောကြောင့် အသေးစားငွေချေးလုပ်ငန်းများ၊ အခြားချေးငွေပုံစံများဖြင့် လွှဲပြောင်းပေးခြင်းထက် ငွေသားထောက်အပံ့အနေဖြင့် လုံးလုံးလွှဲပြောင်းပေးခြင်းသာ ဖြစ်သင့်ပါသည်။

## လူအများစုကြွေးတင်ခြင်းကြောင့် ငွေတိုးချေးစားသူ ပုဂ္ဂလိကငွေရှင်ကြေးရှင်လူနည်းစုသာ ပို၍ချမ်းသာလာမည့် အဖြစ်ကိုရှောင်နိုင်ရန် ကြွေးပြဿနာအတွက်အဖြေရှိသင့်ခြင်း

တစ်ချိန်တည်းမှာပင် အကြွေးပြဿနာပိုကြီးလာခြင်းကိုလျှော့ချရန် နည်းလမ်းများ လိုအပ်လာပါသည်။ ဤနည်းလမ်းများမရှိလျှင် ရေလုပ်သားတို့၏ငါးဖမ်းခွင့်များဆုံးရှုံးခြင်း၊ တောင်သူများ၏မြေယာဆုံးရှုံးမှုများ၊ အကြွေးရှင်ထံတွင် အောက်ကျို့၍ အလုပ်ဝင်လုပ်ရခြင်းများ ဖြစ်လာနိုင်သည်။ ထိုအခါပမာဏကြီးမားသောငွေကြေးဥစ္စာခနေများသည် ဆင်းရဲသူလူများစု၏လက်တွင်းမှ ကြွယ်ဝသူအနည်းစုသို့သာ ပြန်လည်ရောက်ရှိသွားသည့် အန္တရာယ်မျိုး ရှိလာနိုင်ပါသည်။

## ၂။ အထောက်အပံ့ပေးပုံပေးနည်းများ

### လူမှုအင်အားစုများအားကောင်းနေဆဲ…ဤအင်အားစုများက ပြန်လည်ထူထောင်ရေးအတွက် အခြေခံတစ်ခုဖြစ်ခြင်း

နာဂစ်ဖြစ်ပြီးနောက်ပိုင်း အကူအညီပေးရေးအဖွဲ့များနှင့် ရပ်ရွာများမှာဒေသ၏လိုအပ်ချက်များ ဖြည့်ဆည်းရေးအတွက် အတူတကွလှုပ်ရှားခဲ့ကြသည်။ အကူအညီပေးရေးအစီအစဉ်များအနေဖြင့် ရွာခံများနှင့်လူမှုရေးအရ ရှေ့လျှောက်ချိတ်ဆက်ထားခြင်း၊ ရွာသားများ၏စုပေါင်းအင်အားကို ဖော်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်လျှင် လက်ရှိတွဲထားသောလက်များ၏အင်အားစုကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရန် အသုံးချနိုင်မည် ဖြစ်သည်။

### သို့သော်ရွာသားများမှာ အထောက်အပံ့နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရာတွင် ပြောရေးဆိုခွင့်ရခဲ့သည့် အနေအထား မရှိခဲ့ပါ။

ကျေးရွာအသီးသီးမှာ ၎င်းတို့တွင် မည်သည့်လိုအပ်ချက်ရှိသည်ကိုလည်းကောင်း၊ မည်ကဲ့သို့သောအကူအညီများကိုဦးစားပေးရန်လိုသည်ကိုလည်းကောင်း ကောင်းစွာသိရှိ ထုတ်ဖော်နိုင်သူများ ဖြစ်၏။ သို့သော် အကူအညီပေးသူများမှာ လက်ရှိအချိန်အထိ ရွာသားများကို ၎င်းတို့ရနေသော အထောက်အပံ့များနှင့်ပတ်သက်၍ ပြောရေးဆိုခွင့်များစွာမပေးခဲ့ပါ။ အကူအညီပေးသူများမှာ ရွာသို့မလာရောက်မီကပင် ရွာသားများ၏လိုအပ်ချက်ကို ၎င်းတို့ဘာသာ သတ်မှတ်ခဲ့ကြပြီး မည်သူမည်ဝါကိုပေးမည်ဖြစ်ကြောင်း ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှိပြီးဖြစ်ကြ၏။ ပေးလိုက်သော အကူအညီနှင့်ပတ်သက်၍လည်းကောင်း၊ ပေးရမည့်သူများကို သတ်မှတ်ရာတွင်လည်းကောင်း ရွာသားများကို တကယ်ဆုံးဖြတ်ချက်ချနိုင်သည့်အခွင့်အရေး မပေးခဲ့ကြပါ။

အများအားဖြင့် မည်သူက အထောက်အပံ့ရထိုက်ကြောင်း၊ အထောက်အပံ့ရမည့်သူများကို မည်သို့မည်ပုံ လျာထားရွေးချယ်ကြောင်း၊ ပေးလိုက်သောအထောက်အပံ့အမျိုးအစားနှင့် အထောက်အပံ့ပမာဏကို မည်သို့ဆုံးဖြတ်ကြောင်း ရွာသားများကိုအသိပေးလေ့မရှိပါ။ ရွာရှိအရေးပေါ်ကော်မတီများသည် အများအားဖြင့် အထက်ပါဆုံးဖြတ်ချက်များကိုဆောင်ရွက်ရာတွင် တရားဝင်လုပ်ထုံးလုပ်နည်းအတိုင်း မှတ်တမ်းတင်ခြင်း (သို့) အများပြည်သူသို့ ရှင်းလင်းတင်ပြခြင်း မလုပ်ခဲ့ကြပါ။

### ထိုသို့မဆောင်ရွက်ခြင်းက အကူအညီများနေရာတိုင်းတွင် ထိရောက်အောင်မပေးနိုင်ခြင်းနှင့် လူမှုရေးပြဿနာများ ဖြစ်စေခြင်း

ကျေးရွာလူထုက ဝင်ရောက်ပတ်သက်ခွင့်မရှိသော အထောက်အပံ့ပေးရေးအစီအစဉ်များကြောင့် အကူအညီများ မထိရောက်ဘဲဖြစ်သွားခဲ့သည်။ ရွာသားများမှာ အထောက်အပံ့များရရှိသောကြောင့် ပျော်ရွှင်ခဲ့ကြသော်လည်း အမှန်တကယ်တွင် ၎င်းတို့၏အဆုံးအဖြတ်မပါသောထောက်ပံ့နည်းများမှာ တကယ့်လိုအပ်ချက်နှင့်လွဲ၍ မသင့်လျော်ကြောင်းတွေ့ရှိရသည်။ ဥပမာ – အချို့သောအကူအညီပေးရေးအဖွဲ့အစည်းများမှ ပေးအပ်သော လယ်ယာသုံးပစ္စည်းများမှာ မြစ်ဝကျွန်းပေါ်ဒေသ၏အခြေအနေနှင့် ကိုက်ညီမှုမရှိရာအကူအညီများ ထိရောက်သင့်သလောက် မထိရောက်ခဲ့ပေ။

အချို့နေရာများတွင် အထောက်အပံ့ရရှိသင့်သူများကို ကြိုတင်လျာထားသတ်မှတ်လာသောနည်းလမ်းများကိုသုံးခဲ့ရာ တကယ်လိုအပ်ချက်ရှိသူများကို ချန်လုပ်ထားခဲ့ခြင်းမျိုးလည်း တွေ့ရသည်။ ပျံကျလုပ်သားများမှာ အခြားသူများထက် စီးပွားရေးပြန်လည်ထူထောင်ရန် အထောက်အပံ့လျော့၍ ရရှိသူများဖြစ်ကြသည်။ အလုပ်ရှားပါးနေချိန်တွင် ၎င်းတို့ကိုအခြားအလုပ်အကိုင်များရရှိသွားအောင် အရင်းအနှီးများဖန်တီးပေးရန်လိုအပ်နေသည်။ ဤသို့ဖြည့်ဆည်းပေးမှသာ ၎င်းတို့အနေဖြင့် လာမည့်နှစ်တွင် အခြေခံအိမ်စရိတ်ကိုဖန်တီးနိုင်မည်။ ထို့ပြင်လယ်ဧကပေါင်းများစွာပိုင်ဆိုင်သော လယ်သမားကြီးများမှာလည်း ချန်လုပ်ခံရသည့်အုပ်စုများတွင် ပါဝင်ခဲ့ကြသည်။ ကျေးရွာ

အများစုတွင် ၎င်းတို့မှာ ပို၍အခြေအနေကောင်းသည်ဟု ယူဆခြင်း၊ အကူအညီမလိုဟု ယူဆခြင်းကြောင့် အကူအညီပေးရေးအဖွဲ့များက ထည့်မစဉ်းစားခဲ့ကြပါ။

သို့သော်နာဂစ်မတိုင်မီကရှိခဲ့သော မည်သူကပို၍အားနည်းသည်၊ မည်သူကအခြေအနေပိုကောင်းသည်ဟု ပုံသေနည်းဖြင့် ထိခိုက်လွယ်အုပ်စုကို ခွဲခြားသတ်မှတ်ခြင်းပုံစံမှာ ပြောင်းလဲခဲ့ပြီဖြစ်သည်။ မုန်တိုင်းဒဏ် အကြီးအကျယ်ခံရသောဒေသများတွင် လယ်သမားကြီးများမှာလည်း ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ကြသူများဖြစ်ကြသည်။ သို့သော် ၎င်းတို့၏ပြောကြားချက်အရ အခြားမြေမပိုင်သောရွာသားများနှင့် ၎င်းတို့ကြား ခွဲခြားဆက်ဆံရခြင်းအကြောင်းရင်းမှာ ယခင်ကဲ့သို့ အပြည့်အဝအသုံးမချနိုင်တော့သော ၎င်းတို့၏လယ်မြေပိုင်ဆိုင်မှုကြောင့် ဖြစ်သည်ဆို၏။ ထိုသူတို့လက်ထဲသို့ အရင်းအနှီးပြန်မထည့်နိုင်သောအခါ ၎င်းတို့ကိုမှီခိုနေရသော လယ်လုပ်သားများမှာလည်း အလုပ်လက်မဲ့ဖြစ်ကြရ၏။

ဤသို့အကူအညီပေးမှုများ မမျှတသောကြောင့် အချို့နေရာများတွင် လူမှုရေးပြဿနာများ ပေါ်ပေါက်လာကြသည်။ အထူးသဖြင့် အကူအညီများကို ဘာသာရေးဖြင့်ခွဲခြား၍ပေးခြင်းနှင့် အထောက်အပံ့ခွဲဝေရာတွင် ဆုံးဖြတ်ချက်များမည်သို့ချမှတ်ကြောင်း ရပ်ရွာကိုပွင့်ပွင့်လင်းလင်းအသိမပေးခြင်းက ရွာသားများတစ်ဦးနှင့်တစ်ဦးအကြား သံသယများတိုးပွားလာပြီး အထောက်အပံ့များပေးဝေမှုမှာ မတရားသောနည်းဖြင့် ဆောင်ရွက်နေသည်ဟု ထင်စရာဖြစ်သည်။ ရွာသားများကို ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခွင့်ပေးခြင်းနှင့် သတင်းအချက်အလက်များ ပွင့်လင်းစွာ ဖြန့်ချိခြင်းတို့က အရေးပါကြောင်း ဤအချက်က ပြသနေပါသည်။

## ထောက်ပံ့ရေးအစီအစဉ်များရေးဆွဲခြင်းနှင့် ဦးစားပေးရမည့်အရာများ သတ်မှတ်ခြင်းတွင် ရွာသားများပါဝင်ဆောင်ရွက်နိုင်ခြင်းမှာလိုအပ်လျက်ရှိ၊ ထိရောက်သောသတင်းအချက်အလက်များ ပြန်ကြားရေးတွင်လည်း ထောက်ပံ့ရေးလျာထားမှုစနစ်များ၊ မကျေနပ်မှုများ တိုင်ကြားရေးစနစ်များ လိုအပ်လျက်ရှိခြင်း

အစစအရာရာရှားပါးသော ပတ်ဝန်းကျင်တွင် ဒေသခံများအနေဖြင့်ရရှိသော အထောက်အပံ့များ မည်သည့်နည်းလမ်းဖြင့်သုံးစွဲရမည်ဟု သတ်မှတ်ရာတွင် အမှန်တကယ် ဆုံးဖြတ်ပိုင်ခွင့်ရှိရန်လိုပါသည်။ အဖွဲ့အစည်းများက ပုံစံချပေးသော ချဉ်းကပ်ပုံမျိုးကိုရှောင်၍ ကျေးရွာလူထုအနေဖြင့် မည်သည့်အကူအညီကို လက်ခံရယူမည်၊ မည်သို့သုံးစွဲမည်ဟူ၍ ဆုံးဖြတ်ခွင့်ပေးထားသောနည်းကို သုံးသင့်ပြီဖြစ်သည်။ အထူးသဖြင့် အရေးပေါ်ကယ်ဆယ်ရေးအဆင့်မှ ပြန်လည်ထူထောင်ရေးအဆင့်သို့ ကူးပြောင်းလာချိန်တွင် ရွာသားများအနေဖြင့် ထောက်ပံ့ရေးအစီအစဉ်ဆွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့တွင် တက်ကြွစွာပါဝင်နိုင်သော၊ အကူအညီပေးရေးအဖွဲ့အစည်းများအနေဖြင့်လည်း ၎င်းတို့၏ပါဝင်မှုကို ဆွဲခေါ်ယူသောမှုများကို လက်စွဲကျင့်သုံးသင့်ပါသည်။

ဤသို့ရပ်ရွာနှင့် တိုင်ပင်ညှိနှိုင်းခြင်းကို ရွာအကြောင်းကိုလေ့လာသုံးသပ်ခြင်း လုပ်ချိန်တစ်ခုတည်း၌သာမဟုတ်ဘဲ စီမံကိန်းတစ်လျှောက်လုံးတွင် အစီအစဉ်ကျကျထည့်သွင်းရေးဆွဲ၍ ဆောင်ရွက်သွားရပါမည်။ သတင်းအချက်အလက်များကိုလည်း မြန်မာဘာသာဖြင့် ရှင်းလင်းလွယ်ကူစွာရေးသား၍ ရွာသားများလက်လှမ်းမီအောင် ဖြန့်ချိသင့်ပါသည်။ မကျေမနပ်တိုင်တန်းချက်များကိုဖြေရှင်းရန် ရှင်းလင်းလွယ်ကူသောစနစ်တစ်ရပ်မှာလည်း လိုအပ်လျက်ရှိပါသည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကိုယ်စီကိုယ်စီပါဝင်နိုင်သောစနစ်ကို ကျေးရွာအတွင်းရှိ အသစ်ပေါ်ထွက်လာသော ထိခိုက်လွယ်အုပ်စုများနှင့်တကွ လူမှုအဆောက်အအုံအသီးသီး၊ အလွှာအသီးသီးနှင့် ပူးပေါင်း၍ တွင်တွင်ကျယ်ကျယ်ဆောင်ရွက်သင့်ပါသည်။[၅၀]

---

၅၀။ The Post-Nargis Recovery and Preparedness Plan (Tripartite Care Group (၂၀၀၈ c)) ကရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးအတွက် ကျောရိုးအစီအစဉ်တစ်ရပ် ဖော်ထုတ်ပေးခဲ့သည်။

၅၁။ နာဂစ်ဖြစ်ပွားပြီးနောက်ပိုင်း အခြေအနေများကိုသုံးသပ်သည့် အခြား qualitative စစ်တမ်းများမှာ အများအားဖြင့် ၂၀၀၅ ခုနှစ် ဆူနာမီအလွန် အိန္ဒိယ၊ ၂၀၀၅ အလွန်ပါကစ္စတန်နှင့် ၂၀၀၇ ခုနှစ်မုန်တိုင်းအလွန် ဘင်္ဂလားဒေ့ရှ်ကဲ့သို့ပင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့်တကွ အင်အားနည်းသော ထိလွယ်ခိုက်လွယ် အစုအဖွဲ့များအကြောင်းနှင့် ရပ်ရွာမှ ပါဝင်လှုပ်ရှားမှုတို့ကို အသားပေးဖော်ပြခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ယနေ့တွေ့ရှိရသော မုန်တိုင်းနောက်ပိုင်း အကျိုးဆက်များမှာ အခြားသောဘေးအန္တရာယ်ကျရောက်ခဲ့သောနေရာများတွင် တွေ့ရသည်များနှင့် မကွာခြားလှပါ။

## နောက်ဆက်တွဲ (က)

## လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု၏သုတေသနပြုနည်းနာများ

လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု၏ပထမအဆင့်ကို သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ခြုံငုံလေ့လာစောင့်ကြည့်ခြင်း မဟာဗျူဟာ၏အစိတ်အပိုင်းတစ်ခုအဖြစ် ၂၀၀၈ အောက်တိုဘာလကုန်ပိုင်းနှင့် နိုဝင်ဘာလကုန်ပိုင်းအကြား လေးပတ်ကာလတွင် စတင်ပြုလုပ်ခဲ့သည်။ ကူညီထောက်ပံ့ရေးအစီအစဉ်၏ ထိရောက်မှုနှင့် သဘာဝကပ်ဘေးကြောင့် လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများကို Qualitative method ဖြင့်လေ့လာဆန်းစစ်အကဲဖြတ်မှုများသည် (လုပ်ဖြစ်ခဲ့လျှင်သော်မှ) နောက်ပိုင်းပြန်လည်ထူထောင်ရေးကာလတွင်သာ လုပ်ဆောင်ကြလေ့ရှိသည်။[၅၂] သဘာဝကပ်ဘေးများ၊ အထောက်အပံ့ပေးရေးနှင့် ဒေသခံများ၏ဆောင်ရွက်မှုများသည် ကျေးရွာများ၏လူနေမှုဘဝနှင့်ဆက်ဆံရေးများအပေါ် ကျယ်ကျယ်ပြန့်ပြန့်သက်ရောက်မှုများကို ခြုံငုံလေ့လာသုံးသပ်ရာတွင် သွတ်သွင်းလေ့မရှိသလောက်ပင် ဖြစ်သည်။ ပိုမိုပြည့်စုံသော လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်ခြင်းကို ၂၀၀၈ နိုဝင်ဘာ ၃ မှ ၁၁ အတွင်း၊ ထို့နောက် နိုဝင်ဘာ ၁၆ မှ ၂၄ အတွင်း လက်တွေ့ကွင်းဆင်းမှုနှစ်ကြိမ်ပြုလုပ်ခဲ့သည်။ သဘာဝကပ်ဘေးအပြီး ပျက်စီးဆုံးရှုံးမှုလေ့လာရေးနှင့် သမားရိုးကျလေ့လာစောင့်ကြည့်ခြင်းစနစ်အတွင်း အဓိကအပိုင်းတစ်ပိုင်းအဖြစ် ပထမဆုံးအကြိမ် ထည့်သွင်းခဲ့သည်။

Myanmar Egress သည် ကမ္ဘာ့ဘဏ်၏နည်းပညာအကူအညီဖြင့် လက်တွေ့ကွင်းဆင်းသုတေသနကို ဆောင်ရွက်ခဲ့သည်။ TCG သုံးပွင့်ဆိုင်ဗဟိုမှ အဖွဲ့ဝင်များနှင့် လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သည့် အကြံပေးအဖွဲ့သည် အဆင့်အသီးသီးတွင် ပြန်လှန်သုံးသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

### ၁။ လက်တွေ့ကွင်းဆင်းသုတေသနပြုခြင်း

နည်းစနစ်များနှင့် သုတေသနကိရိယာများ အကြိုစမ်းသပ်မှုကို ကျေးရွာ ၈ ရွာတွင် အောက်တိုဘာ ၂၇ နှင့် ၃၁ အကြားတွင် ပြုလုပ်ခဲ့သည်။ အဖွဲ့တစ်ဖွဲ့စီတွင် အုပ်ချုပ်ရေးမှူးတစ်ဦး၊ အကြီးတန်းသုတေသနသမားတစ်ဦးနှင့် သုတေသနသမား ၂ ဦးတို့ပါဝင်သော သုတေသနအဖွဲ့ ၄ ဖွဲ့သည် တစ်ဖွဲ့လျှင်ကျေးရွာ ၂ ရွာနှုန်းဖြင့် ဝင်ရောက်ခဲ့သည်။ (ကျေးရွာရွေးချယ်ပုံကို အောက်တွင် ဖတ်ရှုနိုင်သည်။) ကျေးရွာတစ်ရွာတွင် ၂ ရက်နှင့် ၁ ည အချိန်ယူခဲ့ကြသည်။ ရွာတစ်ရွာပြီးတိုင်း သုတေသနအဖွဲ့များသည် ယင်းတို့၏တွေ့ရှိချက်များ၊ အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ကြသည်။ ဆွေးနွေးကြရာတွင် စစ်တမ်းကောက်ယူနည်းစနစ်များ၊ ကွင်းဆင်းသုတေသနဗျူဟာများ၊ အချိန်စီမံခန့်ခွဲမှုနှင့် စုဆောင်းရရှိသောသတင်းအချက်အလက်များ၏စိတ်ချရမှုတို့ ပါဝင်သည်။ ထိုသို့ဆွေးနွေးရင်းဖြင့် နည်းစနစ်ကိုအနည်းငယ် ညှိနှိုင်းပြင်ဆင်နိုင်ခဲ့သည်။ စုဆောင်းရရှိသော အချက်အလက်များသည် အရည်အသွေးကောင်းမွန်သည့်အတွက် ယခုအစီရင်ခံစာတွင်အကြိုစမ်းသပ်သည့် ကျေးရွာများမှတွေ့ရှိချက်အချို့ကို ထည့်သွင်းအသုံးချခဲ့သည်။

နောက်တစ်ကြိမ်တစ်ဖွဲ့လျှင် အကြီးတန်းသုတေသနတစ်ဦးနှင့် သုတေသနသမားနှစ်ဦးပါဝင်သော အဖွဲ့လေးဖွဲ့ဖြင့် ကွင်းဆင်းခဲ့ကြပြန်သည်။ စုစုပေါင်းကျေးရွာ ၃၂ ရွာကို သုတေသန ပြုလုပ်ခဲ့ကြသည်။ အဖွဲ့တစ်ဖွဲ့လျှင် ခရီးသွားချိန်များမပါဘဲ ရွာတစ်ရွာကို နှစ်ရက်အပြည့်နှင့် တစ်ည သို့ နှစ်ည အချိန်ယူခဲ့ပါသည်။

သုတေသနသမားများနှင့် အကြီးတန်းသုတေသနများအားလုံးသည် မြန်မာလူမှုအဖွဲ့စည်းမှဖြစ်ပြီး လူမှုဘဝဆိုင်ရာဆန်းစစ်ချက်များ ကောက်ခံခြင်းနှင့် ဝေးလံသီခေါင်သောကျေးရွာများတွင် အလုပ်လုပ်ကိုင်ခဲ့ကြသည့် အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားသူများဖြစ်ကြသည်။ သုတေသနအဖွဲ့ဝင်များတွင် မြန်မာနိုင်ငံ၏လူမျိုးပေါင်းစုံ၊

၅၂။ စစ်တမ်းကောက်ယူရေးအဖွဲ့များက သွားရောက်ခဲ့သော ရွာများအားလုံးမှာ အများအားဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ နာဂစ်ကြောင့်ဖြစ်ပွားခဲ့သော ဒဏ်ရာဒဏ်ချက်များမှာ ကျေးရွာသုံးခုတွင် ဆိုးဆိုးရွားရွား ကျန်ရစ်နေဆဲ ဖြစ်သော်လည်း တခြားရွာများထက်စာလျှင် ၄င်းတို့၏အခြေအနေပိုကောင်းသည်ကို တွေ့ရသည်။

ဘာသာပေါင်းစုံတို့ပါဝင်သည်။ အဖွဲ့ဝင်၏ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်သည်။ သုတေသနကို မြစ်ဝကျွန်းပေါ် ဒေသတွင်းသုံးစွဲနေသော ဒေသခံဘာသာစကားများဖြင့် ပြုလုပ်ခဲ့ကြသည်။

## ၂။ ကိုယ်စားပြုကျေးရွာသတ်မှတ်ရွေးချယ်ခြင်း

လူမှုဘဝသက်ရောက်မှုများလေ့လာဆန်းစစ်ခြင်း၏ ပထမအဆင့်ကို ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ကျေးရွာလေးဆယ်တွင် ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ရာတွင် အပြည့်အဝသုတေသနပြုလုပ်သည့် ကျေးရွာ ၃၂ ရွာနှင့် နည်းစနစ်များ အကြိုစမ်းသပ်သည့် ကျေးရွာ ၈ ရွာပါဝင်ခဲ့သည်။ အပြည့်အဝသုတေသနပြုလုပ်သည့် ကျေးရွာ ၃၂ ရွာတွင် ၂၈ ရွာသည် နာဂစ်ရိုက်ခတ်မှုကို ခံခဲ့ရပြီး (ရိုက်ခတ်မှုအတိုင်းအတာမှာ ကွာခြားသည်။) နာဂစ်ရိုက်ခတ်မှုသက်သာသည့် ၄ ရွာကို အထိန်းအနေဖြင့် (နှိုင်းယှဉ်မှုပြုရန်ကျေးရွာများ) ရွေးချယ်ခဲ့သည်။[၅၂] အောက်ပါဇယားများသည် လေ့လာခဲ့သောကျေးရွာများကို စုစည်းဖော်ပြထားပြီး မြေပုံသည်ထိုရွာများ၏တည်နေရာကို ဖော်ပြထားသည်။ (ယခုနောက်ဆက်တွဲ၏အဆုံးကိုကြည့်ပါ။)

## သုတေသနအပြည့်အဝပြုလုပ်ရန် ကျေးရွာရွေးချယ်ခြင်း

နာဂစ်ရိုက်ခတ်မှုကြောင့် နယ်ပယ်စုံခံစားရမှုများကိုရရှိနိုင်ရန် ရည်ရွယ်သည့်စံသတ်မှတ်ချက်များဖြင့် ကျေးရွာများကို ရွေးချယ်ထားခြင်းဖြစ်သည်။

**ပထမ ။** ။ မုန်တိုင်းကြောင့် အဆိုးရွားဆုံးထိခိုက်ခဲ့သည့် မြို့နယ်များဟု PONJA အစီရင်ခံစာက ဖော်ထုတ်ခဲ့သည့် မြို့နယ်များအနက်၊ ရှစ်မြို့နယ်မှ ကျေးရွာများကို ရွေးချယ်ခဲ့သည်။ မြို့နယ်တစ်မြို့နယ်အတွင်းရှိ ကျေးရွာအရေအတွက်သည် ပျက်စီးဆုံးရှုံးမှုအတိုင်းအတာနှင့် ယေဘုယျအားဖြင့် တိုင်ရိုက်အချိုးကျသည်။ ထို့ကြောင့် ရွေးချယ်ခံရသည့်အထဲတွင် မုန်တိုင်းဒဏ်ကြောင့် အများဆုံးပျက်စီးဆုံးရှုံးခဲ့သည့် လပွတ္တာနှင့်ဘိုကလေးမြို့နယ်များမှ ကျေးရွာများအများဆုံးပါဝင်ခဲ့သည်။

**ဒုတိယ ။** ။ မြို့နယ်တစ်မြို့နယ်အတွင်းနှင့် ရွေးချယ်ထားသော ရွာများအားလုံးကို အခြေခံအသက်မွေးမှု (ရေလုပ်ငန်းနှင့်လယ်ယာ)၊ မြို့ဆင်ခြေဖုံး (အရောင်းအဝယ်ကဲ့သို့သော အသက်မွေးမှုများ ပိုမိုပြုလုပ်) ဟုအမျိုးအစားခွဲခြားထားပါသည်။[၅၃] ပြန်လည်ထူထောင်ရေးတွင် အဓိကစိန်ခေါ်မှုတစ်ရပ်မှာ အသက်မွေးဝမ်းကျောင်းအလုပ်များ ပြန်လည်တည်ဆောက်ရန်ဖြစ်သည်။ သို့သော် သီးခြားရင်ဆိုင်ရသည့် အခက်အခဲများမှာမူ ရေလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် ဆင်ခြေဖုံးကျေးရွာများအကြား သိသိသာသာကွာခြားလိမ့်မည်။ ရေလုပ်ငန်းဖြင့်အသက်မွေးသည့်ကျေးရွာများသည် ငါးဖမ်းလှေများ၊ ပိုက်ကွန်များ၊ အင်းအိုင်များ ဆိုးဆိုးရွားရွားဆုံးရှုံးသည်သာမက ထိခိုက်ကြသည်။ စီးပွားရေးဆောင်ရွက်မှုများကို ရိုက်ခတ်မည့် မြေအင်န်ဓာတ်ပြောင်းလဲမှုများလည်း ရင်ဆိုင်ရသည်။ ထို့ပြင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသည့်ကျေးရွာများမှာ လုပ်ငန်းခွင်သုံးတိရစ္ဆာန်များဆုံးရှုံးသည့်အပြင် ယင်းတို့၏ထုတ်ကုန်များ ဈေးကွက်တင်ခြင်းအပေါ် အကျိုးသက်ရောက်စေမည့် ရေထွက်ကုန်များသိုမှီးရန်နှင့် သယ်ယူပို့ဆောင်ရေးအခက်အခဲများကိုလည်းရင်ဆိုင်ရသည်။ လယ်ယာမြေသုံးစွဲမှုရပိုင်ခွင့်နှင့် လယ်ယာလုပ်သား ရှာဖွေစုဆောင်းခြင်းဆိုင်ရာပြဿနာများ ကြုံတွေ့ခဲ့ရသည်။ မြို့ဆင်ခြေဖုံးနှင့် မြို့ပြဒေသများတွင် ရေလွှမ်းမိုးမှုထက်စာလျှင် လေကြောင့်ထိခိုက်ဆုံးရှုံးမှုက ပိုမိုများပြားသည်။ ထို့ကြောင့် အခြေခံအဆောက်အဦးထိခိုက်မှုသည် အခြားဒေသများ

---

၅၃။ ရွာများကိုရွေးချယ်ရာတွင် လူမှုဘဝအားသက်ရောက်မှုစောင့်ကြည့်လေ့လာရေးအဖွဲ့များက အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက် များကို သုံးစွဲခဲ့ပါသည်။ (က) တံငါရွာဟုဆိုရာတွင် ငါးဖမ်းသည့်လုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် အိမ်ထောင်အများစုက လုပ်ကိုင်ကြသောရွာကိုဆိုလိုပါသည်။ (သို့ဖြစ်ရာ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလည်း ထိုရွာတွင်ရှိနေသေးသည်ဟု ဆိုလိုသည်။) (ခ)လယ်သမားရွာဟုဆိုရာ၌လည်း အိမ်ထောင်အများစုမှာ လယ်ယာလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြသည်ဟု ဆိုလိုသည်။) (ဂ) မြို့ပေါ်ကျေးရွာများဟုဆိုရာ၌ မြို့အဝန်းအဝိုင်း၌ဖြစ်စေ၊ မြို့စွန်၌ဖြစ်စေ တည်ရှိသောရွာများဖြစ်ပြီး ထိုနေရာများတွင် ငါးဖမ်းခြင်းနှင့် လယ်လုပ်ခြင်းကို အဓိကထား မလုပ်ကိုင်သူများဖြစ်ကြသည်။ (C) Control Villages ဟုဆိုရာတွင် နာဂစ်ကြောင့်ဖြစ်သောအပျက်အစီး သိသိသာသာနည်းသောရွာများကို ဆိုလိုသည်။

ထက်စာလျှင် သက်သာသည်။ သို့ရာတွင် ထိုဒေသများ၏စီးပွားရေးလုပ်ငန်းအများအပြားသည် ပိုမိုထိခိုက်ပျက်စီးသည့်ဒေသများမှ ကုန်ကြမ်းပစ္စည်းများကိုမှီခိုနေရသောကြောင့် သူတို့၏အသက်မွေးမှုများလည်း အန္တရာယ်နှင့်ရင်ဆိုင်နေရသည်။ စိန်ခေါ်မှုများနှင့်သက်ရောက်မှုများ အမျိုးမျိုးကွဲပြားနေသည့်အတွက် ကျေးရွာများ၏ ကိုယ်စားပြုသည့်အချက်အလက်များပါဝင်အောင် သုတေသနပြုနမူနာပုံစံများကို ရေးဆွဲထားခဲ့ရသည်။ နာဂစ်ကြောင့် ထိခိုက်ခဲ့သည့်ကျေးရွာများတွင် လယ်ယာဖြင့်အသက်မွေးသည့်ရွာများ ပိုမိုများပြားသည့်အတွက် ထိုရွာများကို ကိုယ်စားပြုနမူနာများ ပိုမိုပါဝင်နေပါသည်။

**တတိယ။** ။ နမူနာကောက်ယူမှုတစ်ခုလုံးတွင်လည်း (မြို့နယ်တစ်ခုချင်းစီတွင် ကောက်ယူရမည်ဟု မဆိုလို) ထိခိုက်မှုရေချိန်အနိမ့်အမြင့်မျိုးစုံတို့ပါဝင်စေရန် ပြဋ္ဌာန်းထားသည်။ ထိခိုက်သည့်နေရာများနှင့် ထိခိုက်မှုလျော့ပါးသည့်နေရာများအကြား နှိုင်းယှဉ်မှုပြုလုပ်နိုင်ရန် အထိန်း (နှိုင်းယှဉ်မှုပြုရန်) ကျေးရွာလေးရွာကို ထည့်သွင်းထားသည်။ ထိခိုက်သည့် ၂၈ ရွာနှင့် ကြိုတင်စမ်းသပ်မှုပြုလုပ်ခဲ့သည့် ရွာ ၈ ရွာတို့တွင် အချိုးအစားတစ်ခုသည် ထိခိုက်မှုလျော့သည်။ (နောက်ဆက်တွဲ ခ တွင်ရှု) ဤသို့ဖြင့် ဆိုင်ကလုန်းဒဏ်ကို ခံစားရပုံမတူညီသည့်နေရာများအကြား နှိုင်းယှဉ်မှုများကို ပြုလုပ်နိုင်ခဲ့သည်။

နောက်ဆုံးအချက်အနေဖြင့် သုတေသနပြုရန် ရွေးချယ်ထားသောရွာများမှာ Periodic Review 1 တွင် ကျေးရွာအခြေအနေ၊ အကူအညီအထောက်အပံ့များအားထုတ်မှုနှင့် ကိန်းဂဏန်း အချက်အလက်များကို ကောက်ယူခဲ့သောရွာများနှင့် တစ်ထပ်တည်းဖြစ်အောင် ကြိုးစားရွေးချယ်ထားပါသည်။ ကျေးရွာအတူတူတွင် လေ့လာမှုပြုခဲ့သည်ဖြစ်၍ အချက်အလက်များကို နှိုင်းယှဉ်သုံးသပ်နိုင်ရန် အခွင့်အလမ်း ရခဲ့ပါသည်။ Periodic Review 1 တွင် ရွေးချယ်ခဲ့သောကျေးရွာများမှာ ကျပန်းစနစ်ကိုအခြေခံ၍ ရွေးချယ်ခဲ့ခြင်းဖြစ်၍ မြစ်ဝကျွန်းပေါ်တစ်ခုလုံး၏ အခြေအနေကို ကိုယ်စားပြုနိုင်ပါသည်။ ထိုသုတေသနမှ ရွေးချယ်ခဲ့သောကျေးရွာအများစုကို ဆက်လက်ရွေးချယ်ခဲ့ခြင်းဖြစ်၍ မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံးကို ကိုယ်စားပြုနိုင်ပါသည်။ သုတေသနပြုခဲ့သော ကျေးရွာစုစုပေါင်း၏ တဝက်ခန့်မှာ Periodic Review 1 မှရွေးချယ်ခဲ့သောကျေးရွာများ ဖြစ်ပါသည်။

## အကြိုစမ်းသပ်မှုအတွက်ကျေးရွာရွေးချယ်ခြင်း

အကြိုစမ်းသပ်မှုအတွက် ကျေးရွာရွေးချယ်ရာတွင် သတ်မှတ်ချက်အချို့အပေါ် အခြေခံသည်။ ပထမအချက်အနေဖြင့် ရွေးချယ်သောကျေးရွာများ၏ထက်ဝက်သည် PONJA ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ၂၀၀၈ ဇွန်တွင် လူမှုဘဝအကျိုးဆက်များလေ့လာဆန်းစစ်ရေး ကနဦးအစီအစဉ်တွင် သွားရောက်လေ့လာခဲ့ပြီးဖြစ်သည်။[၅၅] အထက်ပါကျေးရွာများကိုပင် ပြန်လည်ရွေးချယ်ခြင်းကြောင့် ကြိုတင်ယူဆချက်များနှင့် မေးခွန်းများမှန်ကန်ကြောင်း စမ်းသပ်ခွင့်ရခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် တိုးတက်မှုအပေါ်ကျယ်ပြန့်သည့်သုံးသပ်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ဒုတိယအနေဖြင့် အချိန်အကန့်အသတ် ရှိနေသည့်အတွက် နာဂစ်ဒဏ်ကြောင့် ပြင်းထန်စွာထိခိုက်ခဲ့သည့် မြို့နယ်များမှရွာများကို ရွေးချယ်ခဲ့သော်လည်းသွားရောက်ရန် လွယ်ကူသည့်ရွာများဖြစ်နေသည်။ လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုကို အပြည့်အဝပြုလုပ်သည့်အခါတွင် ပါဝင်မည့် အဓိကအသက်မွေးမှုလုပ်ငန်းအမျိုးအစားများပါဝင်စေရန် ကျေးရွာရွေးချယ်ရာတွင် သတိပြုဆောင်ရွက်ခဲ့သည်။

---

၅၄။ သုံးပွင့်ဆိုင်ဖဟိုအဖွဲ့ (၂၀၀၈ a) နောက်ဆက်တွဲ ၁၅

၅၅။ သုံးပွင့်ဆိုင်ဖဟိုအဖွဲ့ (၂၀၀၈ a) စာမျက်နှာ ၂၇-၂၈

## ၃။ သုတေသနမေးခွန်းများနှင့် အကြောင်းအရာအပေါ်ခြုံငုံသုံးသပ်ချက်

ပဓာနထားရမည့်အကြောင်းအရာများနှင့် မေးခွန်းမေးရမည့်အကြောင်းအရာများသည် လူမှုဘဝအကျိုးဆက်များ လေ့လာဆန်းစစ်ရေးကနဦးအစီအစဉ်တွင် PONJA ၏ အစိတ်အပိုင်းအဖြစ် ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ ထို PONJA အစီရင်ခံစာသည် နာဂစ်အလွန်ကာလတွင် ပေါ်ပေါက်လာမည့် လူမှုဘဝအကျိုးဆက်ပုံစံများကို အဆိုကြမ်းအဖြစ်ဖော်ထုတ်ခဲ့သည်။ ထို့အပြင် အကူအညီ၏ထိရောက်မှုကို အထူးအလေးထားခဲ့သည်။ PONJA အစီရင်ခံစာက[၅၅] အထောက်အပံ့ဖြန့်ဝေရာတွင် အခြေခံရမည့်လမ်းညွှန်ချက်လေးခုကို တွေ့ရှိခဲ့သည်။ (၁) ထိရောက်မှု၊ မြင်သာထင်သာရှိမှုနှင့်တာဝန်ယူမှု၊ (၂) လွတ်လပ်မှု၊ ကိုယ့်ခွန်ကိုယ့်အားဖြင့်ဆောင်ရွက်နိုင်မှုနှင့် စွမ်းရည်တိုးမြှင့်ရေး၊ (၃) ထိခိုက်မှုအလွယ်ဆုံး၊ အားအနည်းဆုံးအုပ်စုများအပေါ်ပဓာနထားမှုနှင့် (၄) ရပ်ရွာလူထုများ ကောင်းစေရန်ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

လေ့လာခဲ့သည့်အကြောင်းအရာ ၃ ခုအတွက် သီးသန့်မေးခွန်းထုတ်ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါ သည်။

### အထောက်အပံ့များ၏ထိရောက်မှု

၁။ ထောက်ပံ့ရေး – လိုအပ်ချက်များနှင့်ကွာဟချက်များ၊ အထောက်အပံ့အပေါ်မှီခိုမှုနှင့် ဝန်ထုတ်ဝန်ပိုး၊ နောင်တွင် ထိခိုက်လွယ်မှုအားလျှော့ချခြင်း၊ အသေးစိတ်ပြဿနာများ။
၂။ အထောက်အပံ့လျာထားခြင်း – အထောက်အပံ့လျာထားခြင်းဆိုင်ရာစနစ်များ၊ အထောက်အပံ့ လျာထားရာတွင် မျှတမှု၊ ရွာများသို့ အထောက်အပံ့များပေးဝေခြင်း၊ အပယ်ခံအုပ်စုများ။
၃။ အထောက်အပံ့ပေးပို့သည့် အစီအစဉ် – ပါဝင်ဆောင်ရွက်သူများ၊ ပွင့်လင်းမြင်သာမှု၊ ဆုံးဖြတ်ချက်ချခြင်း၊ မကျေနပ်မှုများကိုဖွင့်ဟခြင်းနှင့် တိုင်ကြားခြင်း၊ တာဝန်ယူမှု၊ ယဉ်ကျေးမှု၊ အစဉ်အလာတို့နှင့်ကိုက်ညီမှု။

### လူမှုစီးပွားဆိုင်ရာ အကျိုးသက်ရောက်မှုများ

၁။ ဒေသစီးပွားရေးအခြေအနေ – လုပ်ငန်းအခွင့်အလမ်းပြောင်းလဲမှု၊ ဈေးကွက်နှင့်ကျွမ်းကျင်မှုအပေါ် သက်ရောက်မှုများ၊ အိမ်တွင်းရှိမိသားစုပုံစံနှင့် အခန်းကဏ္ဍများပြောင်းလဲမှု၊ လုပ်သားလိုအပ်ချက်နှင့် ရရှိနိုင်မှု။
၂။ မြေယာ – စိုက်ပျိုးမြေအခြေအနေနှင့်ထွက်နှုန်းများ၊ မြေယာအသုံးချခွင့်အပြောင်းအလဲနှင့် မြေယာအငြင်းပွားမှုများ။
၃။ အကြွေးသံသရာ
၄။ ရွှေ့ပြောင်းလုပ်သားနှင့် ပြောင်းရွှေ့အခြေချမှု – ပြောင်းရွှေ့အခြေချမှု၊ လုပ်သားရွှေ့ပြောင်းမှုပုံစံ၊ ရွှေ့ပြောင်းလုပ်သားဖြစ်စဉ်၏လူမှုရေးအပေါ် အကျိုးသက်ရောက်မှုများ။

### လူမှုရေးဆိုင်ရာသက်ရောက်မှုများ

၁။ ယောကျ်ားမိန်းမဆက်ဆံရေး – အလုပ်အတွင်း သက်ဆိုင်ရာအခန်းကဏ္ဍများတွင် ပြောင်းလဲမှုများ၊ အိမ်ထောင်ပြုမှုပုံစံအပြောင်းအလဲများ၊ မိသားစုအတွင်းအကြမ်းဖက်မှု။
၂။ မျိုးဆက်အချင်းချင်းဆက်ဆံရေးတွင် ပြောင်းလဲမှုများ။
၃။ ရွာအချင်းချင်းဆက်ဆံရေး – ဆက်ဆံရေးတွင်ပြောင်းလဲမှုများ၊ ဆိုင်ကလုန်းဒဏ်၏အကျိုးဆက်ကွဲပြားမှုများနှင့် ရွာအချင်းချင်းဆက်ဆံရေးအပေါ်ရိုက်ခတ်မှု၊ ရွာအချင်းချင်းတင်းမာမှုများနှင့် ပဋိပက္ခများ။
၄။ ဘာသာများလူမျိုးစုများအကြား ဆက်ဆံရေးတွင် အပြောင်းအလဲများ၊ ဘာသာရေးနှင့် လူမျိုးစုခေါင်းဆောင်များ၏အခန်းကဏ္ဍ။

၅။ ရွာတွင်းဆက်ဆံရေးများနှင့် လူမှုအင်အားစုများ – နာဂစ်အပြီးကတည်းက လူမှုအင်အားစုများ ခိုင်မာခြင်း၊ ယုတ်လျော့ခြင်းပြဿနာများနှင့် တင်းမာမှုများဖြေရှင်းခဲ့ပုံ၊ နာဂစ်အပြီး ရပ်ရွာတွင်း ပူးပေါင်းဆောင်ရွက်နိုင်မှု ပုံစံသစ်များ။

၆။ ရွာသားများနှင့် အုပ်ချုပ်ရေးပိုင်းခေါင်းဆောင်များ၊ အုပ်ချုပ်ရေးပိုင်းမဟုတ်သော ရပ်ရွာအသိအမှတ်ပြု ခေါင်းဆောင်များအကြားဆက်ဆံရေး၊ အုပ်ချုပ်ရေးပိုင်းခေါင်းဆောင်များ၏အခန်းကဏ္ဍ၊ အုပ်ချုပ်ရေးပိုင်း မဟုတ်သော ရပ်ရွာအသိအမှတ်ပြုခေါင်းဆောင်များ၏အခန်းကဏ္ဍ။ (ပါဝင်လှုပ်ရှားသူများကို ခွဲခြားစေခဲ့ပါ သည်။)

## ၄။ ပါဝင်ဖြေကြားသတင်းအချက်အလက်ပေးသူများ

ရွာအတွင်းရှိ ပါဝင်ဖြေကြားသူများကို သမရိုးကျရွေးချယ်ခဲ့ခြင်းမဟုတ်ပါ။ သုတေသနအဖွဲ့များသည် ရပ်ရွာရှိလူစုံ၊ အလွှာစုံ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်အောင်သာ တွေ့ဆုံမေးမြန်းခဲ့ခြင်း ဖြစ်သည်။ တွေ့ဆုံမေးမြန်းသူများတွင် ရွာသူကြီး သို့ ရွာဥက္ကဋ္ဌနှင့် တရားဝင်ခန့်အပ်ထားသည့် အခြားကျေးရွာခေါင်းဆောင်များ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များ၊ အထောက်အပံ့များကို ရွာတွင်းဖြန့်ဝေရာတွင် ပါဝင်ဆောင်ရွက်ဆုံးဖြတ်တတ်သူများ၊ လယ်သမားများ၊ ရေလုပ်သားများ၊ ကာယလုပ်သားများနှင့် အခြားအသက်မွေးဝမ်းကြောင်းလုပ်ကိုင်သူများ၊ အလွယ်တကူထိခိုက်နိုင်သည့်အားနည်းသူများ (ထိုအုပ်စုတွင် မိခင်ဦးဆောင်သည့် မိသားစုများ၊ မသန်စွမ်းသူများ၊ ဒုက္ခသည်အနာတရဖြစ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ လူငယ်ယောကျ်ားလေး၊ မိန်းကလေးများ) ပါဝင်သည်။ စုစုပေါင်းအနေဖြင့် သုတေသနအဖွဲ့များသည် ရွာပေါင်းလေးဆယ်တွင် ခန့်မှန်းခြေ ၁၅၃၉ ဦး၊ တစ်ရွာလျှင် ပျမ်းမျှ ၄၀ ဦးကို မေးမြန်းနိုင်ခဲ့သည်။

## ၅။ သုတေသနပြုရာတွင် အသုံးပြုသောအထောက်အကူပစ္စည်းများ

## သုတေသနပြုရာတွင် အသုံးပြုသောအထောက်အကူပစ္စည်းများ သုံးမျိုးသုံးစွဲခဲ့သည်။

၁။ စေ့စေ့စပ်စပ်နက်နက်ရှိုင်းရှိုင်းမေးမြန်းသည့် အင်တာဗျူးများသည် ဩဇာရှိသောရွာသားများ၊ ဩဇာမရှိသောရွာသားများနှင့် ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခဲ့သည်။ အင်တာဗျူးများသည် တစ်ဝက်တပျက် (သို့) လုံးဝကြိုတင်တည်ဆောက်မထားသည့် အင်တာဗျူးများဖြစ်ပြီး ဖြေဆိုသူသိရှိသည့် အကြောင်းအရာများကို အဓိကထားမေးမြန်းနိုင်ရန်နှင့် စိတ်ဝင်စားစရာအချက်များပေါ်လာလျှင် ထိုအချက်များကို မေးခွန်းထပ်မံထုတ်နိုင်ရန် လွပ်လပ်ခွင့်ပေးထားခြင်းဖြစ်သည်။ သုတေသနသမားများ၊ အင်တာဗျူးများတွင် အာရုံစိုက်နိုင်ရန် လမ်းညွှန်မေးခွန်းများကို ပေးအပ်ထားသော်လည်း သုတေသနသမားများသည် လိုအပ်လျှင်လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်သည်။ ဒေသဆိုင်ရာအခြေအနေနှင့် အံဝင်စေရန်ဖြစ်သည်။ စုစုပေါင်း စေ့စေ့စပ်စပ်မေးမြန်းသည့် အင်တာဗျူး ၂၂၂ ခုပြုလုပ်ခဲ့သည်။

၂။ ဝိုင်းဖွဲ့ပြီးအကြောင်းအရာတစ်ခုကို ဆွေးနွေးသည့်စကားဝိုင်းများကို ကျေးရွာတွင်းရှိ အုပ်စုအသီးသီးနှင့် ပြုလုပ်ခဲ့သည်။ စကားဝိုင်းတစ်ခုစီတွင် ပါဝင်ဆွေးနွေးသူ ၆ ယောက်မှ ၈ ယောက် အထိအင်တာဗျူးပြုလုပ်ခဲ့သည်။ စရိုက်လက္ခဏာတူညီသူများဖြင့် (ဥပမာကျေးရွာခေါင်းဆောင်များ၊ အမျိုးသမီးသမီးငယ်များ စသည်ဖြင့်) စကားဝိုင်းများကို ဖွဲ့စည်းထားသည်။ ထိုနည်းဖြင့် စကားဝိုင်းများ၏ပွင့်လင်းမှုကို တည်ရှိစေသည်။ ပျမ်းမျှအားဖြင့် ကျေးရွာတစ်ခုလျှင် စကားဝိုင်းလေးခု ပြုလုပ်ခဲ့ပြီး စုစုပေါင်း ၁၅၉ ခု ပြုလုပ်ခဲ့သည်။


၃။ သုတေသနသမားများသည် အလွတ်သဘောဆွေးနွေးမှုများနှင့် လေ့လာစောင့်ကြည့်အကဲခတ်မှုများကို လည်း ပြုလုပ်ခဲ့သေးသည်။ သုတေသနအဖွဲ့တည်းခိုနေထိုင်သည့်အိမ်များမှ သူများနှင့် ညဥ့်နက်ပိုင်းအထိ ကြာရှည်သွားခဲ့သည့်စကားဝိုင်းများ၊ လူတစ်ဦးချင်းစီနှင့် အဖွဲ့လိုက်စားသောက်ရင်းပြောဆိုသည့်စကားဝိုင်းများ ပါရှိသည်။ အလွတ်သဘောဆွေးနွေးမှုများ ၁၀၂ ခု ပြုလုပ်ခဲ့သည်။ ရွာသူရွာသားများ၏လှုပ်ရှားဆောင်ရွက်နေမှုများနှင့် အကျိုးဆက်များကို တိုက်ရိုက်လေ့လာအကဲခတ်မှုများကြောင့် ရွာများမည်သို့လည်ပတ်နေသည်ကို ကောင်းစွာသိရှိနိုင်စေသည်။

## နောက်ဆက်တွဲ (ခ) အချက်အလက်ပြဇယားများ

### ဇယား (က–၁) လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုတွင် ပါဝင်ခဲ့သည့်ကျေးရွာများ

| | လပွတ္တာ | ဘိုကလေး | မော်လမြိုင်ကျွန်း | ပေုတော | ဖျာပုံ | ဒေးဒရဲ | ကျိုက်လတ် | ကွမ်းခြံကုန်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှု အပြည့်အစုံဆောင်ရွက်ခြင်း | | | | | | | | | |
| အထိန်း | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁ | ၄ |
| ရေလုပ်ငန်း | ၂ | ၂ | ၁ | ၁ | ၁ | ၁ | ၀ | ၀ | ၈ |
| လယ်ယာ | ၂ | ၁ | ၂ | ၂ | ၁ | ၁ | ၂ | ၁ | ၁၂ |
| မြို့ဆင်ခြေဖုံး | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၈ |
| ပေါင်းလဒ် | ၅ | ၅ | ၄ | ၄ | ၁ | ၁ | ၃ | ၃ | ၃၂ |
| ပဏာမလေ့လာခြင်း | ၀ | ၄ | ၀ | ၀ | ၀ | ၀ | ၂ | ၂ | ၈ |
| စုစုပေါင်း | ၅ | ၉ | ၄ | ၄ | ၄ | ၄ | ၅ | ၅ | ၄၀ |

လူမှုဘဝသက်ရောက်မှုများ လေ့လာဆန်းစစ်မှုအတွင်း လေ့လာခဲ့သော ကျေးရွာများ၏ တည်နေရာပြမြေပုံ



## ဇယား (၈–၁) အလုပ်အကိုင်များရောနှောမှုနှင့် ဘာသာနှင့် လူမျိုးစုကွဲပြားပုံ

| ကျေးရွာ | မြို့နယ် | အမျိုးအစား | လယ်ယာအိမ်ထောင်စု | ရေလုပ်ငန်း | ကျပန်း | အခြား | လူမျိုးရောနှောမှု | ဘာသာကွဲပြားမှု |
|---|---|---|---|---|---|---|---|---|
| ၁ | ဒေးဒရဲ | လယ်ယာ | ၄၁% | ၀% | ၅၉% | ၀% | မဟုတ် | မဟုတ် |
| ၂ | ဘိုကလေး | ရေလုပ်ငန်း | ၃၅% | ၆၅% | ၀% | ၀% | မဟုတ် | မဟုတ် |
| ၃ | လပွတ္တာ | ရေလုပ်ငန်း | ၉% | ၇၅% | ၁၆% | ၀% | မဟုတ် | မဟုတ် |
| ၄ | လပွတ္တာ | မြို့ဆင်ခြေဖုံး | ၈% | ၁၅% | ၇၇% | ၀% | မဟုတ် | မဟုတ် |
| ၅ | ငပုတော | မြို့ဆင်ခြေဖုံး | ၀% | ၁၈% | ၇၂% | ၁၀% | မဟုတ် | မဟုတ် |
| ၆ | လပွတ္တာ | ရေလုပ်ငန်း | ၂၂% | ၄၅% | ၂၇% | ၆% | မဟုတ် | မဟုတ် |
| ၇ | ဖျာပုံ | အထိန်း | ၂၅% | ၅% | ၆၆% | ၄% | မဟုတ် | မဟုတ် |
| ၈ | ဖျာပုံ | လယ်ယာ | ၃၅% | ၀% | ၆၄% | ၁% | မဟုတ် | မဟုတ် |
| ၉ | ဒေးဒရဲ | လယ်ယာ | ၄၄% | ၀% | ၅၅% | ၁% | မဟုတ် | မဟုတ် |
| ၁၀ | ကျိုက်လတ် | မြို့ဆင်ခြေဖုံး | ၂၄% | ၀% | ၇၆% | ၀% | မဟုတ် | မဟုတ် |
| ၁၁ | ဒေးဒရဲ | ရေလုပ်ငန်း | ၁၉% | ၁၄% | ၆၆% | ၁% | မဟုတ် | မဟုတ် |
| ၁၂ | ဒေးဒရဲ | အထိန်း | ၂၀% | ၀% | ၈၀% | ၀% | မဟုတ် | ဟုတ် |
| ၁၃ | ကွမ်းခြံကုန်း | မြို့ဆင်ခြေဖုံး | ၃၃% | ၀% | ၆၇% | ၀% | မဟုတ် | မဟုတ် |
| ၁၄ | ဘိုကလေး | အထိန်း | ၄၆% | ၀% | ၅၁% | ၃% | မဟုတ် | မဟုတ် |

၅၆။ ဤဇယားတွင်ဖော်ပြထားသော တံငါအိမ်ထောင်စုများနှင့် လယ်သမားအိမ်ထောင်စုများမှာ ငါးဖမ်းလယ်လုပ်ကျသည့်အပြင် ငါးဖမ်းရန်ကိရိယာတန်ဆာပလာနှင့် လယ်လုပ်ရန် လယ်ပိုင်ရှိကြသည်။ ရွာအမှတ် ၁၁ နှင့် ရွာအမှတ် ၃၁ တို့မှာ တံငါမိသားစုထက် လယ်သမားမိသားစုက အရေအတွက်ပွတ်ကာသီကာ ပိုများသော်လည်း ၎င်းတို့ကိုတံငါရွာအဖြစ်သာ သတ်မှတ်ထားပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုရွာများတွင် မြေမပိုင်ကြသော လယ်လုပ်သားများမှာ ငါးဖမ်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြသောကြောင့်ဖြစ်သည်။

| ကျေးရွာ | မြို့နယ် | အမျိုးအစား | လယ်ယာအိမ်ထောင်စု | ရေလုပ်ငန်း | ကျပန်း | အခြား | လူမျိုးရောနှောမှု | ဘာသာကွဲပြားမှု |
|---|---|---|---|---|---|---|---|---|
| ၁၅ | ဘိုကလေး | လယ်ယာ | ၃၁% | ၁၁% | ၅၈% | ၃% | မဟုတ် | ဟုတ် |
| ၁၆ | မော်လမြိုင်ကျွန်း | လယ်ယာ | ၅၃% | ၀% | ၄၇% | ၀% | မဟုတ် | မဟုတ် |
| ၁၇ | မော်လမြိုင်ကျွန်း | လယ်ယာ | ၄၅% | ၂၇% | ၂၇% | ၁% | ဟုတ် | မဟုတ် |
| ၁၈ | ကျိုက်လတ် | လယ်ယာ | ၂၅% | ၂၅% | ၃၅% | ၁၅% | မဟုတ် | မဟုတ် |
| ၁၉ | ဘိုကလေး | ရေလုပ်ငန်း | ၃၀% | ၃၅% | ၃၀% | ၅% | ဟုတ် | ဟုတ် |
| ၂၀ | ဖျာပုံ | ရေလုပ်ငန်း | ၃၀% | ၃၅% | ၃၀% | ၅% | မဟုတ် | မဟုတ် |
| ၂၁ | ဒေးဒရဲ | မြို့ဆင်ခြေဖုံး | ၅၅% | ၁၂% | ၃၀% | ၃% | မဟုတ် | မဟုတ် |
| ၂၂ | ဖျာပုံ | မြို့ဆင်ခြေဖုံး | ၃၁% | ၀% | ၆၉% | ၀% | မဟုတ် | မဟုတ် |
| ၂၃ | ဘိုကလေး | မြို့ဆင်ခြေဖုံး | ၃၃% | ၈% | ၅၉% | ၀% | မဟုတ် | မဟုတ် |
| ၂၄ | လပွတ္တာ | လယ်ယာ | ၃၃% | ၂% | ၆၅% | ၀% | မဟုတ် | မဟုတ် |
| ၂၅ | လပွတ္တာ | လယ်ယာ | ၂၄% | ၅% | ၇၁% | ၀% | မဟုတ် | မဟုတ် |
| ၂၆ | ငပုတော | လယ်ယာ | ၄၃% | ၁% | ၅၆% | ၀% | ဟုတ် | ဟုတ် |
| ၂၇ | ငပုတော | လယ်ယာ | ၂၅% | ၈% | ၅၅% | ၁၂% | ဟုတ် | ဟုတ် |
| ၂၈ | ငပုတော | လယ်ယာ | ၁၂% | ၀% | ၈၈% | ၀% | မဟုတ် | မဟုတ် |
| ၂၉ | ဖျာပုံ | လယ်ယာ | ၄၀% | ၃၃% | ၂၇% | ၀% | မဟုတ် | မဟုတ် |
| ၃၀ | ဘိုကလေး | ရေလုပ်ငန်း | ၁၄% | ၂၄% | ၆၁% | ၁% | မဟုတ် | မဟုတ် |
| ၃၁ | ဒေးဒရဲ | ရေလုပ်ငန်း | ၄၇% | ၃၅% | ၁၇% | ၁% | မဟုတ် | မဟုတ် |

| ကျေးရွာ | မြို့နယ် | အမျိုးအစား | လယ်ယာအိမ်ထောင်စု | ရေလုပ်ငန်း | ကျပန်း | အခြား | လူမျိုးရောနှောမှု | ဘာသာကွဲပြားမှု |
|---|---|---|---|---|---|---|---|---|
| ၃၂ | ဘိုကလေး | လယ်ယာ | ၄၅% | ၃၇% | ၁၈% | ၀% | မဟုတ် | မဟုတ် |
| ၃၃ | ဘိုကလေး | ရေလုပ်ငန်း | ၃၅% | ၄၁% | ၁၈% | ၆% | ဟုတ် | ဟုတ် |
| ၃၄ | ဘိုကလေး | ရေလုပ်ငန်း | ၁၇% | ၂၂% | ၆၁% | ၀% | ဟုတ် | ဟုတ် |
| ၃၅ | မော်လမြိုင်ကျွန်း | မြို့ဆင်ခြေဖုံး | ၂၅% | ၄၈% | ၂၇% | ၀% | မဟုတ် | မဟုတ် |
| ၃၆ | မော်လမြိုင်ကျွန်း | ရေလုပ်ငန်း | ၃၄% | ၅၀% | ၁၆% | ၀% | မဟုတ် | ဟုတ် |
| ၃၇ | ကွမ်းခြံကုန်း | လယ်ယာ | ၄၁% | ၁% | ၄၈% | ၁၀% | မဟုတ် | မဟုတ် |
| ၃၈ | ကွမ်းခြံကုန်း | အထိန်း | ၅၄% | ၀% | ၃၂% | ၁၄% | ဟုတ် | မဟုတ် |
| ၃၉ | ကျိုက်လတ် | လယ်ယာ | ၃၇% | ၀% | ၆၃% | ၀% | ဟုတ် | မဟုတ် |
| ၄၀ | ကျိုက်လတ် | လယ်ယာ | ၅၁% | ၀% | ၄၄% | ၅% | ဟုတ် | ဟုတ် |

## ဇယား ခ (၂) ဆိုင်ကလုန်းကြောင့်ထိခိုက်ဆုံးရှုံးမှုနှင့်အထောက်အပံ့ပေးမှုပုံစံများ

| ကျေးရွာ | မြို့နယ် | အမျိုးအစား | ဆိုင်ကလုန်း ဒဏ်ခံရမှုအဆင့် | သေဆုံးသူ အမျိုးသမီး | သေဆုံးသူ အမျိုးသား | စုစုပေါင်း သေဆုံးမှု | သေဆုံးမှု ရာခိုင်နှုန်း | အထောက်အပံ့ရ ရှိမှုအဆင့် | အထောက်အပံ့ ဆိုက်ရောက်နှုန်း | ကွာဝေးမှု | ပြန်လည် ထူထောင်မှုနှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဒေးဒရဲ | လယ်ယာ | အလယ်အလတ် | ၄ | ၄ | ၈ | ၃% | အလယ်အလတ် | ၁–၂ပတ်အတွင်း | ဝေး | မြန် |
| ၂ | ဘိုကလေး | ရေလုပ်ငန်း | မြင့် | ၅၀ | ၃၇ | ၈၇ | ၁၇% | မြင့် | ၁ပတ် | နီး | မြန် |
| ၃ | လပွတ္တာ | ရေလုပ်ငန်း | မြင့် | | | ၂၄၂ | ၂၂% | မြင့် | ၁ပတ် | နီး | နှေး |
| ၄ | လပွတ္တာ | မြို့ဆင်ခြေဖုံး | နိမ့် | ၀ | ၁ | ၁ | ၀.၁% | အလယ်အလတ် | ၁ပတ် | နီး | မြန် |
| ၅ | ငပုတော | မြို့ဆင်ခြေဖုံး | နိမ့် | ၀ | ၁ | ၁ | ၀.၁% | မြင့် | ၁ပတ် | နီး | မြန် |
| ၆ | လပွတ္တာ | ရေလုပ်ငန်း | နိမ့် | ၀ | ၁ | ၁ | ၀.၁% | နိမ့် | ၁လအထက် | နီး | မြန် |
| ၇ | ဖျာပုံ | အထိန်း | နိမ့် | ၁ | ၀ | ၁ | ၀.၂% | အလယ်အလတ် | ၁လအထက် | ဝေး | မြန် |
| ၈ | ဖျာပုံ | လယ်ယာ | မဆိုစလောက် | ၀ | ၀ | ၀ | ၀% | မြင့် | ၁–၂ပတ်အတွင်း | နီး | မြန် |
| ၉ | ဒေးဒရဲ | လယ်ယာ | နိမ့် | ၂ | ၁ | ၃ | ၀.၃% | အလယ်အလတ် | ၁ပတ် | နီး | အလယ်အလတ် |
| ၁၀ | ကျိုက်လတ် | မြို့ဆင်ခြေဖုံး | မဆိုစလောက် | ၀ | ၀ | ၀ | ၀% | အလယ်အလတ် | ၁လအထက် | နီး | နှေး |
| ၁၁ | ဒေးဒရဲ | ရေလုပ်ငန်း | မြင့် | ၄၆ | ၂၄ | ၇၀ | ၆% | အလယ်အလတ် | ၁–၂ပတ်အတွင်း | ဝေး | အလယ်အလတ် |
| ၁၂ | ဒေးဒရဲ | အထိန်း | မဆိုစလောက် | ၀ | ၀ | ၀ | ၀% | အလယ်အလတ် | ၂–၄ပတ်အတွင်း | နီး | နှေး |
| ၁၃ | ကွမ်းခြံကုန်း | မြို့ဆင်ခြေဖုံး | အလယ်အလတ် | ၁၂ | ၁၄ | ၂၆ | ၂% | မြင့် | ၁ပတ် | နီး | အလယ်အလတ် |
| ၁၄ | ဘိုကလေး | အထိန်း | နိမ့် | ၃ | ၁ | ၄ | ၀.၀၀၅ | အလယ်အလတ် | ၁ပတ် | နီး | နှေး |
| ၁၅ | ဘိုကလေး | လယ်ယာ | အလယ်အလတ် | ၅ | ၆ | ၁၁ | ၅% | အလယ်အလတ် | ၁လအထက် | နီး | နှေး |
| ၁၆ | မော်လမြိုင်ကျွန်း | လယ်ယာ | မဆိုစလောက် | ၀ | ၀ | ၀ | ၀ | နိမ့် | ၁လအထက် | နီး | မြန် |

| ကျေးရွာ | မြို့နယ် | အမျိုးအစား | ဆိုင်ကလုန်းဒဏ် ခံရမှုအဆင့် | သေဆုံးသူ အမျိုးသမီး | သေဆုံးသူ အမျိုးသား | စုစုပေါင်း သေဆုံးမှု | သေဆုံးမှု ရာခိုင်နှုန်း | အဆောက်အအုံ့ရ ရှိမှုအဆင့် | အဆောက်အအုံ ဆိုက်ရောက်နှုန်း | ကွာဝေးမှု | ပြန်လည် ထူထောင်မှုနှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၇ | မော်လမြိုင်ကျွန်း | လယ်ယာ | အလယ်အလတ် | ၉ | ၆ | ၁၅ | ၁% | မြင့် | ၂–၄ပတ်အတွင်း | နီး | နှေး |
| ၁၈ | ကျိုက်လတ် | လယ်ယာ | မဆိုစလောက် | ၀ | ၀ | ၀ | ၀% | အလယ်အလတ် | ၂–၄ပတ်အတွင်း | နီး | နှေး |
| ၁၉ | ဘိုကလေး | ရေလုပ်ငန်း | မြင့် | | | ၀ | ၃၀% | မြင့် | ၁ပတ် | ဝေး | နှေး |
| ၂၀ | ဖျာပုံ | ရေလုပ်ငန်း | မဆိုစလောက် | ၀ | ၀ | ၀ | ၀% | နိမ့် | ၂–၄ပတ်အတွင်း | အနမ်းဝေး | အလယ်အလတ် |
| ၂၁ | ဒေးဒရဲ | မြို့ဆင်ခြေဖုံး | နိမ့် | ၁ | ၂ | ၃ | ၀.၃% | အလယ်အလတ် | ၁–၂ပတ်အတွင်း | နီး | အလယ်အလတ် |
| ၂၂ | ဖျာပုံ | မြို့ဆင်ခြေဖုံး | နိမ့် | ၃ | ၃ | ၆ | ၀.၃% | အလယ်အလတ် | ၂–၄ပတ်အတွင်း | နီး | အလယ်အလတ် |
| ၂၃ | ဘိုကလေး | မြို့ဆင်ခြေဖုံး | နိမ့် | ၂ | ၁ | ၃ | ၀.၃% | နိမ့် | ၂–၄ပတ်အတွင်း | နီး | အလယ်အလတ် |
| ၂၄ | လှပွတ္တာ | လယ်ယာ | နိမ့် | ၀ | ၁ | ၁ | ၀.၄% | အလယ်အလတ် | ၂–၄ပတ်အတွင်း | ဝေး | အလယ်အလတ် |
| ၂၅ | လှပွတ္တာ | လယ်ယာ | နိမ့် | ၁ | ၀ | ၁ | ၀.၃% | အလယ်အလတ် | ၂–၄ပတ်အတွင်း | ဝေး | အလယ်အလတ် |
| ၂၆ | ပုသိမ် | လယ်ယာ | မဆိုစလောက် | ၀ | ၀ | ၀ | ၀% | အလယ်အလတ် | ၁–၂ပတ်အတွင်း | ဝေး | မြန် |
| ၂၇ | ပုသိမ် | လယ်ယာ | မဆိုစလောက် | ၀ | ၀ | ၀ | ၀% | နိမ့် | ၁–၂ပတ်အတွင်း | နီး | နှေး |
| ၂၈ | ပုသိမ် | လယ်ယာ | မခံစားရ | ၀ | ၀ | ၀ | ၀% | မရှိ | မရှိ | နီး | |
| ၂၉ | ဖျာပုံ | လယ်ယာ | မြင့် | ၁၀၀ | ၄၇ | ၁၄၇ | ၃၂% | အလယ်အလတ် | ၂–၄ပတ်အတွင်း | ဝေး | အလယ်အလတ် |
| ၃၀ | ဘိုကလေး | ရေလုပ်ငန်း | မြင့် | ၁၀ | ၁၂ | ၂၂ | ၈% | မြင့် | ၂–၄ပတ်အတွင်း | ဝေး | အလယ်အလတ် |
| ၃၁ | ဒေးဒရဲ | ရေလုပ်ငန်း | မြင့် | ၃၃ | ၂၁ | ၅၄ | ၆% | မြင့် | ၁–၂ပတ်အတွင်း | ဝေး | အလယ်အလတ် |
| ၃၂ | ဘိုကလေး | လယ်ယာ | မြင့် | ၁၅ | ၈၁ | ၉၆ | ၁၈% | မြင့် | ၁–၂ပတ်အတွင်း | ဝေး | နှေး |
| ၃၃ | ဘိုကလေး | ရေလုပ်ငန်း | မြင့် | ၆၁ | ၃၇ | ၉၈ | ၁၄% | မြင့် | ၂–၄ပတ်အတွင်း | အနမ်းဝေး | အလယ်အလတ် |

| ကျေးရွာ | မြို့နယ် | အမျိုးအစား | ခိုင်ကလုန်းဒဏ်ခံရမှုအဆင့် | သေဆုံးသူ အမျိုးသမီး | သေဆုံးသူ အမျိုးသား | စုစုပေါင်း သေဆုံးမှု | သေဆုံးမှု ရာခိုင်နှုန်း | အဆောက်အအုံရ ရှိမှုအဆင့် | အဆောက်အအုံ ခိုက်ရောက်နှုန်း | ကွာဝေးမှု | ပြန်လည် ထူထောင်မှုနှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၃၄ | ဘိုကလေး | ရေလုပ်ငန်း | အလယ်အလတ် | ၂၆ | ၂၂ | ၄၈ | ၃% | မြင့် | ၂၀-၄၀အတွင်း | အနည်းငယ်ဝေး | နှေး |
| ၃၅ | မော်လမြိုင်ကျွန်း | မြို့ဆင်ခြေဖုံး | နိမ့် | ၂ | ၃ | ၅ | ၀.၄% | နိမ့် | ၁၀အထက် | နီး | အလယ်အလတ် |
| ၃၆ | မော်လမြိုင်ကျွန်း | ရေလုပ်ငန်း | အလယ်အလတ် | ၆ | ၁၀ | ၁၆ | ၃% | မြင့် | ၁၀-၂၀အတွင်း | ဝေး | အလယ်အလတ် |
| ၃၇ | ကွမ်းခြံကုန်း | လယ်ယာ | နိမ့် | ၃ | ၁ | ၄ | ၀.၂% | အလယ်အလတ် | ၂၀-၄၀အတွင်း | အနည်းငယ်ဝေး | အလယ်အလတ် |
| ၃၈ | ကွမ်းခြံကုန်း | အထိန်း | နိမ့် | ၁ | ၁ | ၂ | ၀.၂% | မြင့် | ၂၀-၄၀အတွင်း | နီး | မြန် |
| ၃၉ | ကျိုက်လတ် | လယ်ယာ | မရိုက်ခတ်ပါ | ၀ | ၀ | ၀ | ၀ | နိမ့် | ၂၀-၄၀အတွင်း | အနည်းငယ်ဝေး | အလယ်အလတ် |
| ၄၀ | ကျိုက်လတ် | လယ်ယာ | မရိုက်ခတ်ပါ | ၀ | ၀ | ၀ | ၀ | အလယ်အလတ် | ၁၀အထက် | အနည်းငယ်ဝေး | နှေး |

## ဇယား (ခ–၃) ရရှိသောထောက်ပံ့ရေးပစ္စည်းအမျိုးအစားများ

| ကျေးရွာ | မြို့နယ် | အမျိုးအစား | အစားအစာ | နေစရာ | ရေ/မိလ္လာ | ပညာရေး | ကျန်းမာရေး | လယ်ယာသုံး ပစ္စည်းများ | ရေလုပ်ငန်းသုံး ပစ္စည်းများ | ငွေသား/ ဈေးငွေ | အိမ်သုံး ပစ္စည်းများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဒေးဒရဲ | လယ်ယာ | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၆ |
| ၂ | ဘိုကလေး | ရေလုပ်ငန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၉ |
| ၃ | လပွတ္တာ | ရေလုပ်ငန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၉ |
| ၄ | လပွတ္တာ | မြို့ဆင်ခြေဖုံး | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ၆ |
| ၅ | ပုသိမ်... ပုဓော | မြို့ဆင်ခြေဖုံး | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၉ |
| ၆ | လပွတ္တာ | ရေလုပ်ငန်း | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ၅ |
| ၇ | ဖျာပုံ | အထိန်း | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၇ |
| ၈ | ဖျာပုံ | လယ်ယာ | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၉ |
| ၉ | ဒေးဒရဲ | လယ်ယာ | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၆ |
| ၁၀ | ကျိုက်လတ် | မြို့ဆင်ခြေဖုံး | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၇ |
| ၁၁ | ဒေးဒရဲ | ရေလုပ်ငန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ၇ |
| ၁၂ | ဒေးဒရဲ | အထိန်း | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၆ |
| ၁၃ | ကွမ်းခြံကုန်း | မြို့ဆင်ခြေဖုံး | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၈ |
| ၁၄ | ဘိုကလေး | အထိန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၇ |
| ၁၅ | ဘိုကလေး | လယ်ယာ | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၆ |
| ၁၆ | မော်လမြိုင်ကျွန်း | လယ်ယာ | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ၅ |

| ကျေးရွာ | မြို့နယ် | အမျိုးအစား | အစားအစာ | နေစရာ | ရေ/မိလ္လာ | ပညာရေး | ကျန်းမာရေး | လယ်ယာသုံး ပစ္စည်းများ | ရေလုပ်ငန်းသုံး ပစ္စည်းများ | ငွေသား/ ချေးငွေ | အိမ်သုံး ပစ္စည်းများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၇ | မော်လမြိုင်ကျွန်း | လယ်ယာ | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၈ |
| ၁၈ | ကျိုက်လတ် | လယ်ယာ | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ၆ |
| ၁၉ | ဘိုကလေး | ရေလုပ်ငန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၈ |
| ၂၀ | ဖျာပုံ | ရေလုပ်ငန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ၅ |
| ၂၁ | ဒေးဒရဲ | မြို့ဆင်ခြေဖုံး | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ၆ |
| ၂၂ | ဖျာပုံ | မြို့ဆင်ခြေဖုံး | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ၇ |
| ၂၃ | ဘိုကလေး | မြို့ဆင်ခြေဖုံး | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ၅ |
| ၂၄ | လပွတ္တာ | လယ်ယာ | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ၇ |
| ၂၅ | လပွတ္တာ | လယ်ယာ | ဟုတ် | မဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၇ |
| ၂၆ | ငပုတော | လယ်ယာ | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ၆ |
| ၂၇ | ငပုတော | လယ်ယာ | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | မဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ၄ |
| ၂၈ | ငပုတော | လယ်ယာ | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | မဟုတ် | မဟုတ် | မဟုတ် | မဟုတ် | မဟုတ် | ၀ |
| ၂၉ | ဖျာပုံ | လယ်ယာ | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၆ |
| ၃၀ | ဘိုကလေး | ရေလုပ်ငန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၈ |
| ၃၁ | ဒေးဒရဲ | ရေလုပ်ငန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၈ |
| ၃၂ | ဘိုကလေး | လယ်ယာ | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၈ |
| ၃၃ | ဘိုကလေး | ရေလုပ်ငန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၉ |

| ကျေးရွာ | မြို့နယ် | အမျိုးအစား | အစားအစာ | နေစရာ | ရေ/မိလ္လာ | ပညာရေး | ကျန်းမာရေး | လယ်ယာသုံး ပစ္စည်းများ | ရေလုပ်ငန်းသုံး ပစ္စည်းများ | ငွေသား/ ချေးငွေ | အိမ်သုံး ပစ္စည်းများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၃၄ | ဘိုကလေး | ရေလုပ်ငန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ၈ |
| ၃၅ | မော်လမြိုင်ကျွန်း | မြို့ဆင်ခြေဖုံး | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၅ |
| ၃၆ | မော်လမြိုင်ကျွန်း | ရေလုပ်ငန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၈ |
| ၃၇ | ကွမ်းခြံကုန်း | လယ်ယာ | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ၆ |
| ၃၈ | ကွမ်းခြံကုန်း | အထိန်း | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၈ |
| ၃၉ | ကျိုက်လတ် | လယ်ယာ | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | ဟုတ် | ၅ |
| ၄၀ | ကျိုက်လတ် | လယ်ယာ | ဟုတ် | ဟုတ် | ဟုတ် | မဟုတ် | မဟုတ် | ဟုတ် | မဟုတ် | ဟုတ် | ဟုတ် | ၆ |

